SYNERGY
Publications

# ဆာဟာရရဲ့ပုံပြင်

နှင်းနှင်းစနေ

# The Stories of the Sahara

Sanmao



# မာတိကာ


| | | |
|---|---|---|
| ၁။ | မေမေ့ဆီက စာတစ်စောင် (အမှာစာ) | ၇ |
| ၂။ | အိမ်အပြန် အမှာစကား | ၁၃ |
| ၃။ | ဘာသာပြန်သူ အမှာစာ | ၂၂ |
| ၄။ | ကန္တာရက စားသောက်ဆိုင် | ၂၄ |
| ၅။ | လက်ထပ်ခြင်းဒိုက်ကာ | ၃၇ |
| ၆။ | အာဖရိက စုန်းမဆရာဝန် | ၅၅ |
| ၇။ | ကလေးသတို့သမီး | ၇၃ |
| ၈။ | လွင်တီးခေါင်ခေါင် ညတစ်ည | ၈၉ |
| ၉။ | ကန္တာရရေချိုးခန်း | ၁၁၄ |
| ၁၀။ | အချစ်ရှာပုံတော် | ၁၃၁ |
| ၁၁။ | အိမ်နီးနားချင်း | ၁၅၁ |
| ၁၂။ | ကန္တာရက တံငါသည် | ၁၆၉ |
| ၁၃။ | သိပ်ကြမ်းတဲ့ လက်ဖွဲ့ | ၁၉၃ |
| ၁၄။ | မိုးထိအောင် လေ့ကားထောင် | ၂၂၀ |
| ၁၅။ | သုညမှ စခဲ့သော ဘဝ | ၂၄၆ |
| | ဆာဟာရတွင် ဆမ်မောက်<br>နေထိုင်ခဲ့စဉ်က ဓာတ်ပုံအချို့ | ၃၀၂ |

## မေမေ့ဆီက စာတစ်စောင် (အမှာစာ)

ဆမ်မောက်... ချစ်ရတဲ့သမီးရေ...

ဆာဟာရသဲကန္တာရကို သမီးသွားမယ်လို့ စိတ်ဆုံးဖြတ်ပြီးတဲ့နောက်ပိုင်း မေမေတို့မှာ တစ်ရက်မှ ရတက်မအေးခဲ့ရဘူး။ သမီးပင်ပန်းမှာ၊ သမီးအထီးကျန်မှာ မေမေတို့ စိတ်ပူခဲ့ကြတယ်။ အဲဒီဒေသမှာ နေထိုင်စားသောက်ဖို့ သမီးနေသားမကျမှာ မေမေတို့ ပိုစိုးရိမ်ခဲ့ကြတယ်။ ဒါပေမဲ့ သမီးဆီက စာလာတိုင်း သမီးဟာ နတ်ပြည်ရောက်နေသလို ပျော်ရွှင်နေတာ၊ ဘဝအတွက် ယုံကြည်စိတ်ရှိတာကို တွေ့ရတယ်။ ပစ္စည်းဥစ္စာမပြည့်စုံမှု၊ ရာသီဥတုဆိုးဝါးမှုတွေက သမီးရဲ့ခံစားချက်ကို နည်းနည်းမှ မထိခိုက်ခဲ့ဘူး။ ကြည့်ရတာ သဲကန္တာရရဲ့လှပတဲ့ရှုခင်းတွေက သမီးကို နက်နက်နဲနဲ ညှို့ငင်

ထားလိုက်ပြီလို့ မေမေထင်တယ်။ နေရောင်အောက်က တံလျှပ်တွေ၊ မျက်စိတဆုံး သဲဝါဝါတွေက သမီးတောင့်တခဲ့တဲ့ အရာတွေပဲလေ။ အဲဒီအရာထဲ နစ်ဝင်သွားရင် ဘယ်သူက သမီးလို ခံစားတတ်မလဲ။

ဒါကြောင့် ဒီတစ်ခေါက် သမီး ဆာဟာရသွားမယ်ဆိုတော့ မေမေနဲ့ သမီးရဲ့ဖေဖေက သမီးကို မတားခဲ့ကြဘူး။ ခက်ခဲကြမ်းတမ်းမယ့်လမ်းဆိုတာ သိပေမယ့် သမီးရဲ့ဘဝသစ်၊ သမီးရဲ့လိုအင်ဆန္ဒအတွက် မေမေတို့မှာ မျက်ရည်ကိုထိန်းပြီး ခေါင်းညိတ်ခဲ့ကြတယ်။ သမီးရယ်… မေမေတို့ တွေဝေခဲ့၊ နာကျင်ခဲ့ပါတယ်။ ဒီကာလအတောအတွင်းမှာ မေမေ ခဏခဏစာတိုက် ပြေးခဲ့ပါတယ်။ သမီးကြိုက်တဲ့အစားအစာ၊ သမီးနှစ်သက်တဲ့အရာလေးတွေကို အကုန်လုံး သမီးဆီထည့်ပေးလိုက်ချင်တယ်။ အဲဒီလက်ဆောင်လေးတွေနဲ့ အတူ မေမေတို့ရဲ့သတိရလွမ်းဆွတ်မှုတွေကိုလည်း ထည့်ပေးလိုက်တယ်။ တစ်နေ့တော့ အိပ်မက်ထဲက အိမ်ရှေ့မင်းသားတစ်ပါးနဲ့ သမီး တွေ့ပြီလို့ ပြောတော့ မေမေတို့ဝမ်းသာပျော်ရွှင်စွာ လက်ခံခဲ့ပါတယ်။ သမီးရဲ့အထီးကျန်ဆန်တဲ့ဘဝ တစ်ခန်းရပ်ခဲ့ပြီပေါ့။ သမီးကို အဖော်ပြုသူ၊ လက်ကျန်ဘဝ လမ်းမရှည်ကို အတူလက်တွဲလျှောက်မယ့်သူ ပေါ်လာခဲ့ပြီပေါ့။ လေးလေး နက်နက်နှိုးဆော်သလို နက်နက်ရှိုင်းရှိုင်း တောင်းဆုပြုပါတယ်။ မေမေ့ သမီးလေး ထာဝရချမ်းမြေ့ပျော်ရွှင်ပါစေလို့…။

ငြိမ်းငွေ့ဖွယ်ကောင်းတဲ့ သဲကန္တာရဘဝမှာ သမီးကျင့်သားရပြီးတဲ့ နောက် ချထားတာကြာပြီဖြစ်တဲ့ ကလောင်တံကို သမီး ကောက်ကိုင်ချင် လာခဲ့တယ်။ မျက်စိရှင်တဲ့ အယ်ဒီတာတစ်ယောက်ယောက်က သမီး ဝမ်းသာ အောင် စင်တော်ကောက်ဖို့ မေမေမျှော်လင့်မိပါတယ်။ ကိုယ့်ကိုယ်ကိုယ်

ယုံကြည်စိတ်ဝင်ပြီး သမီးဆက်ရေးဖို့ပါ။ အယ်ဒီတာတစ်ယောက်ယောက်က မေမေ့သမီး ဆမ်မောက်ရေးတဲ့စာကို တွေ့မြင်ပါစေလို့ မေမေ ညတိုင်း ဘုရားမှာ ဆုတောင်းခဲ့တယ် သမီး။ တကယ်ပဲ... တစ်နေ့ မနက်မှာ သမီးရေးတဲ့ "ကန္တာရက စားသောက်ဆိုင်" ကိုစာစောင်တစ်ခုမှာ မေမေတွေ့လိုက်ရတယ်။ တစ်အိမ်သားလုံးကိုခေါ်ပြီး သမီးရဲ့ဇာတ်လမ်းကို မေမေပေးဖတ်လိုက်တယ်။ အားလုံးဝမ်းသာကြတယ်။ အိမ်မှာ ရှန်ပိန်မရှိတော့ ပဲနို့ရည်ပဲဝယ်ပြီး ပျော်ရွှင်မှုအထိမ်းအမှတ် ကျင်းပလိုက်ကြတယ်။ စိတ်ထဲမှာလည်း အဲဒီစာစောင်က အယ်ဒီတာကို ကျေးဇူးတင်နေခဲ့တယ်။ စာရေးခြင်းတံခါးကို သမီးဖွင့်ပြီးတဲ့နောက် သမီးရဲ့စာတွေက တစ်ပုဒ်ထက်တစ်ပုဒ် ပိုသွက်လက်၊ ပိုအသက်ဝင်ခဲ့တယ်။ မေမေတို့လို စာဖတ်သူတစ်ယောက်ချင်းတိုင်းကို သမီးရဲ့တွေ့ကြုံခဲ့ရတဲ့ ဘဝထဲဆီ သမီးက ဆွဲခေါ်သွားခဲ့တယ်။ သမီးရဲ့ဇာတ်လမ်းတွေက အသက်ဝင်လွန်းလို့ မေမေတို့ဘေးမှာ ဖြစ်ပျက်နေတဲ့အတိုင်းပါပဲ။ အပြုံးအရယ်ရှိသလို မျက်ရည်တွေလည်း ဝေခဲ့ရတယ်။

သမီးရဲ့ "သုညက စခဲ့သော ဘဝ" ဆိုတာကို ဖတ်မိတော့ မေမေ့မှာ ငိုလိုက်ရတာ၊ ရင်လည်းနာကျင်လို့။ သမီးရယ်... သမီးက သမီးခံရတဲ့ ဆင်းရဲဒုက္ခ၊ ပစ္စည်းဥစ္စာရဲ့ ချို့တဲ့မှု၊ ခန္ဓာကိုယ်ရဲ့ ပင်ပန်းမှုတွေကို ဘယ်တော့မှ မေမေတို့ကို သမီးမပြောပြခဲ့ဘူးနော်။ အဲဒီဒုက္ခတွေက သမီးကျန်းမာရေးကို ထိခိုက်ပြီး မကြာခဏ သမီးနေထိုင်မကောင်းဖြစ်ခဲ့တယ်နော်။ ဝေးခေါင်ပြီး လူသူကင်းမဲ့တဲ့အရပ်က အဆင်တန်ဆာမဲ့နေအိမ်ကို ဘုရင့်နန်းတော်အလား (စွန့်ပစ်ပစ္စည်းတွေ အသုံးပြုပြီး) သမီးပြင်ဆင်ခဲ့တယ်နော်။ သမီးမှာ ခံနိုင်ရည်အားရှိတယ်ဆိုတာကို မေမေယုံကြည်ပါတယ်။ သမီးရဲ့ "သုညက စခဲ့သော

ဘဝ" စာစောင်မှာပါလာပြီးတဲ့နောက်ပိုင်း သမီးကိုချစ်ခင်ကြတဲ့ လူကြီးသူမတွေ၊ သမီးကို သတိရတဲ့မိတ်ဆွေအပေါင်းအသင်းတွေ၊ သမီးရဲ့စာကို ချစ်ခင်နှစ်သက်စွာဖတ်ရှုကြတဲ့ ချစ်စရာ့လူငယ်လူရွယ်တွေဟာ လူကို သက်ဝင်ခံစားမိစေလောက်အောင် အိမ်ကိုစာတစ်တန်၊ ဖုန်းတစ်တန် ပေးပို့ခဲ့ကြတယ်။ အဲဒီစာဖော်ပြခံရပြီးတဲ့နောက် နေရာတိုင်းမှာ ဆမ်မောက်ဟာ ဘယ်လိုမိန်းကလေးဖြစ်တယ်ဆိုတာကို ပြောဆိုနေလိုက်ကြတာ သမီးအတွက် မေမေတို့ဂုဏ်ယူတယ် သမီး။ သမီးရဲ့အောင်မြင်မှုကို မေမေတို့ မျှဝေခံစားရလို့ ဒါဟာ မေမေတို့ကိုပေးတဲ့ သမီးရဲ့အကောင်းဆုံး နှစ်သိမ့်မှုတစ်ခုပဲပေါ့။ ဒါဟာ နေ့နေ့ညည နှစ်လကြာရှည်စွာ သမီးအနစ်နာခံခဲ့တဲ့ သမီးတွေ့ကြုံခံစားခဲ့ရတဲ့ ဘဝရဲ့အချိုအခါးကနေရလာတဲ့ အကျိုးရလဒ်တွေပေါ့။ သမီးရဲ့ကလောင်က အခုမှခြေလှမ်းစတယ်ဆိုပေမယ့် မေမေတို့ကတော့ ကြာရှည်ဝါရင့်နေပြီလို့ ခံစားရတယ် သမီး။

မေမေရဲ့သမီးလေး အတိတ်ဘဝမှာ ခလုတ်တံသင်းတွေများခဲ့ပေမယ့် မေမေတို့က ချစ်ခြင်းမေတ္တာဆိုတဲ့ ရွှေချည်နဲ့ သမီးရဲ့ဘဝကို တစ်ပင်ချင်း၊ တစ်ပင်ချင်းအတတ်နိုင်ဆုံး ဖာထေးခဲ့ပါတယ်။ မေမေတို့ဖာထေးလိုက်တဲ့ လက်ရာက ဘုရားသခင်ပေးခဲ့တဲ့ သမီးရဲ့နဂိုအတိုင်း ဖာထေးရာတွေမရှိတဲ့ ကျန်းမာပျော်ရွှင်တဲ့ဘဝကို ပိုင်ဆိုင်နိုင်ဖို့ မေမေတို့ မျှော်လင့်ပါတယ်။ သမီးရေ... မေမေတို့ရဲ့ကောင်းချီးမင်္ဂလာနဲ့ တောင်းဆုကို လက်ခံပါ။ ဘုရားသခင် သမီးကို စောင့်ရှောက်ပါစေကွယ်။ သမီးကားတိုက်မှု မတော်တဆဖြစ်ခဲ့တဲ့သတင်းကိုလည်း သမီး ဆေးရုံဆင်းမှ သမီးရဲ့အစ်မက မေမေတို့ကို ပြောပြတယ်။ (လျှို့ဝှက်နိုင်လိုက်တာ။) သတင်းကြားတော့ မေမေ့ဦးနောက်

ဟာလာဟင်းလင်းဖြစ်ပြီး တစ်လောကလုံး ချာလပတ်လည်ခဲ့တယ်။ မျက်ရည်တွေ ရစ်ဝဲပြီး စကားမပြောနိုင်ခဲ့ဘူး။ နလုံးသားလည်း တစ်စစီကြွေလို့… သမီးအနား မေမေကိုယ်တိုင် လာပြီး မစောင့်ရှောက်နိုင်ခဲ့ဘူး။ မေမေတို့ စိတ်ထိခိုက်မှာစိုးလို့ ကိုယ့်အစ်မကို နောက်မှ ဖြည်းဖြည်းပြောဖို့ သမီးမှာခဲ့တာ မဟုတ်လား။ ဒါတောင် မေမေတို့ ရင်နာခဲ့ရပါတယ်၊ စိုးရိမ်ခဲ့ရပါတယ်။ သမီးဆီက အသံသွင်းတိပ်ခွေနဲ့ ဓာတ်ပုံ လက်ခံရခဲ့တာတောင် မေမေတို့မှာ မဖြေနိုင်ခဲ့ပါဘူး။ ပိန်ပြီးအင်အားမဲ့နေတဲ့ သမီးပုံကိုကြည့်ပြီး ရင်ထဲအတော်ကြာ ဖြေမဆည် ဖြစ်ခဲ့ပါတယ်။ ညဥ့်နက်သန်းခေါင်ရောက်တိုင်း အိပ်မက်ထဲမှာ မေမေရဲ့တမ်းတလွမ်းဆွတ်မှုကို သမီးကြားမိရဲ့လား … ကမ္ဘာအဆုံး မိုင်ပေါင်းထောင်သောင်းမက ဝေးစေဦးတော့ မေမေတို့ရဲ့စိတ်အစဉ်က သမီးအနားမှာ အမြဲရှိနေပါတယ်။ အထူးသဖြင့် သမီးရဲ့ဖေဖေပေါ့… သူက သမီးဘဝမှာ အကြီးမားဆုံး ဒေါက်တိုင်ပဲပေါ့။ တစ်လောက သူမျက်စိရောဂါဖြစ်ပြီး အမြင်တွေ မှုန်ဝါးသွားခဲ့တယ်။ သမီးရဲ့စာမှာ မကြာခဏ ဖေဖေ့ကိုမေးတော့ စာဖတ်ပြီးတိုင်း မေမေတို့မှာ မျက်ရည်ဝဲရတယ်၊ ပိုလွမ်းဆွတ်ရတယ်။ ဒီတစ်လောလည်း စာထဲမှာ သမီးအကြောင်း သမီး ထွေထွေထူးထူး ပြောမထားပေမယ့် သမီးရဲ့စာထဲကနေ သမီးနေထိုင်မကောင်းဖြစ်နေကြောင်းကိုတော့ မေမေတို့ ရိပ်မိပါတယ် သမီး။

ဆာဟာရမှာဖြတ်သန်းနေရတဲ့ ဘဝအပိုင်းအစတစ်ခုက သမီးကို အရာရာဆုံးရှုံးနေစေခဲ့ပြီ။ ဟိုဆေးအလုပ်သစ်ရလာတဲ့အခါ နေအိမ်အတည် တကျနဲ့ အိမ်ကိုမြန်မြန်ပြန်ခဲ့ပါနော်။ မတွေ့မမြင်ရတာကြာပြီဖြစ်တဲ့သမီးကို မေမေတို့ တစ်ဝကြီးကြည့်ပါရစေ။

ညဥ့်လည်းနက်ပြီး နွေဦးရဲ့ညက အအေးဓာတ်ပါနေဆဲပဲ။ မေမေတို့အတွက် သမီးအနွေးထည်တစ်ထပ် ထပ်လိုက်ပါနော်။ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်မှု ပိုပါစေနော်။ စကားလုံးပေါင်းများစွာနဲ့လည်း မေမေတို့ရင်ထဲက စကားကို ဖော်ပြရခက်ပါတယ်။ မေမေရဲ့သမီးလေး... နေကောင်းပါစေ၊ ကျန်းမာပါစေ၊ အစစအရာရာ ငြိမ်းချမ်းပါစေ။

သမီးရဲ့မေမေ

၁၉၇၆ ခုနှစ် ဧပြီလ ၁ ရက်နေ့ ညဥ့်သန်းခေါင်

* * *

## အိမ်အပြန်အမှာစကား

ချစ်ခင်ရပါသော မိတ်ဆွေများ...

ထိုင်ပေပြန်ရောက်တာ ရက် ၂၀ ကျော် ရှိခဲ့ပါပြီ။ ဒီရက်တိုတို အတွင်းမှာ ကျွန်မနဲ့ဆက်သွယ်ခဲ့ဖူးတဲ့ စာဖတ်သူ၊ ကျွန်မစာသင်ခဲ့ဖူးတဲ့ ကျောင်းသားတွေနဲ့ စာဖတ်သူအသစ်၊ မိတ်ဆွေသစ်တွေဆီကနေ ဖုန်းတွေ၊ စာတွေ ကျွန်မလက်ခံရရှိခဲ့ပါတယ်။ ထိုင်ပေလမ်းမထက်မှာလည်း ရောင်စုံ စာအုပ်တွေကြားထဲမှာ မျက်လုံးမျက်ဆန်ပြူးပြနေတဲ့ ကျွန်မရဲ့ စာအုပ် အသစ်ကိုလည်း ကျွန်မမြင်ခဲ့ရပါတယ်။

မိတ်ဆွေတို့ကနေတစ်ဆင့် ကျွန်မဆီ အဆင့်ဆင့်ရောက်လာတဲ့ စာတွေကို ရပြီးတဲ့နောက် ဒီချစ်ခင်လေးစားစွာ ရေးထားတဲ့ စာအစောင်

စောင်တိုင်းကနေ ကျွန်မရဲ့ရုပ်ပုံလွှာကို ကျွန်မမြင်ခဲ့ရပါတယ်။ ဆမ်မောက်ကို သူမရင်းနှီးတဲ့မိတ်ဆွေအများက အားပေးနေပါလားဆိုတာကို သိမြင်လိုက်ရပါတယ်။ စာတစ်စောင်တိုင်းကို အသေးစိတ်ပြန်နိုင်ဖို့ ကျွန်မမျှော်လင့်ခဲ့ပါတယ်။ ကျွန်မဆီစာရေးပို့သူတစ်ယောက်တိုင်းက ဘောလ်ပင်ကောက်ကိုင်ပြီး ကျွန်မကိုဂရုစိုက်ကြောင်း၊ အားပေးကြောင်း စာတွေရေးဖို့ အချိန်၊ ခွန်အားတွေ ပေးဆပ်ရလို့ပါပဲ။

မိတ်ဆွေတို့ရဲ့ ချစ်ခင်လေးစားတဲ့စာကို ကျွန်မရပြီးတဲ့နောက် ကျွန်မရဲ့ပြန်စာကိုလည်း စောင့်မျှော်နေကြမယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါပေမဲ့ စာတစ်စောင်တိုင်းက ပင်လယ်ထဲကျသွားတဲ့ကျောက်တုံးလို တုံ့ပြန်မှု မရခဲ့ပါဘူး။ ကျွန်မဆီ စာအကြိမ်ကြိမ်ရေးပို့ခဲ့တဲ့ မိတ်ဆွေတွေကို နားလည်စေချင်ပါတယ်။ ဆမ်မောက်ဟာ သံယောဇဉ်မရှိတဲ့သူ၊ မယဉ်ကျေးတဲ့သူ မဟုတ်ဘူးဆိုတာကိုပါ။

အမိမြေကို ခွဲခွာခဲ့တာ တော်တော်ကြာပါပြီ။ ထိုင်ပေက မိသားစု၊ မိတ်ဆွေသူငယ်ချင်းတွေက ကျွန်မကို သိမ်းပိုက်ထားလိုက်နိုင်ခဲ့ပါပြီ။ ကျွန်မရဲ့ အချိန်တွေကို ကျွန်မကို ဂရုစိုက်တဲ့သူတစ်ယောက်တိုင်းကို ကျွန်မ အတတ်နိုင်ဆုံး ခွဲဝေပေးချင်မိပေမယ့် ကျွန်မမှာ တစ်ရက်ကို ၂၄ နာရီပဲ ရခဲ့ပါတယ်။

ဘဝက ရုတ်တရက် တစ်ဖန်လှုပ်ရှားအလုပ်များလာတာမို့ ကျွန်မ အရမ်းစိတ်လှုပ်ရှားမိပါတယ်။ ကိုယ်ခံအားတွေ ထုတ်နိုင်သမျှ ထုတ်ခဲ့သလို အေးချမ်းတည်ငြိမ်နေတဲ့စိတ်အစဉ်က မိတ်ဆွေတို့ရဲ့စစ်မှန်တဲ့ သံယောဇဉ်ကြောင့် လှိုင်းတံပိုးကြီးတွေ ထသွားခဲ့ရပါတယ်။ အမိမြေရောက်နိုက် ကျွန်မလည်မယ်ပတ်မယ်၊ မိဘ၊ ဆွေမျိုးတွေနဲ့ စကားစမြည်ပြောမယ်၊ ကျွန်မရဲ့

အားလပ်ရက်တွေကို ပြည့်ပြည့်ဝဝခံစားမယ်လို့ ကျွန်မကြိုးစားခဲ့ပေမယ့် တကယ်တမ်းမှာတော့ ကျွန်မရဲ့နေ့စဉ်ဘဝက အချိန်ရဲ့ကျေးကျွန်ဖြစ်နေခဲ့ရပါတယ်။ အချိန်နောက်ကို ကျွန်မ နေ့နေ့ညည လိုက်လံနေခဲ့ရပါတယ်။ ဒီအချိန်ရဲ့ကျေးကျွန်ဘဝကနေ ဘယ်တော့မှ ကျွန်မ အလွတ်ရုန်းထွက်လို့ မရနိုင်တော့သလိုပါပဲ။

ရှည်လျားတဲ့ သဲကန္တာရနေဘဝမှာ ကျွန်မဟာ အထီးကျန်ဆန်မှုကို အလွန်အမင်းစံစားနေတဲ့ တောသူတစ်ယောက်ဖြစ်ခဲ့ပါတယ်။ အခုအချိန်မှာတော့ စားပွဲတွေအတွက်၊ ချိန်းဆိုမှုတွေအတွက် အချိန်လုပြေးနေခဲ့ရပါတယ်။ တောသားမြို့ရောက်သလို ခေါင်းလည်းမူး၊ အတွေးတွေလည်းချောက်ချားနေခဲ့ရပါတယ်။

နေ့တိုင်းအစားကောင်း၊ အသောက်ကောင်းတွေနဲ့ မျိုမကျခဲ့ပါဘူး။ ထမင်းကြမ်း၊ ဟင်းကြမ်းတွေနဲ့ ကျင့်သားရခဲ့တဲ့ ဆမ်မောက်တစ်ယောက် မိတ်ဆွေသူငယ်ချင်းတွေ ဖိတ်ကျွေးတဲ့ ဟင်းအမျိုးအမည်မျိုးစုံတွေကို အကုန်အစုံထည့်ပြီး မြောက်အာဖရိကကို ယူပြန်သွားချင်မိတဲ့အထိ ခံစားခဲ့ရပါတယ်။ ဒါမှ လက်ကျန်ဘဝအတွက် စိတ်ပူစရာမလိုအောင်ပါ။ ဒါပေမဲ့ ဒီအာဟာရရှိတဲ့အစားအသောက်ကောင်းတွေကို နာရီအနည်းငယ်အတွင်းမှာ အကုန်စားလိုက်ရမှာမို့ ကျွန်မ ဝမ်းနည်းမိပါတယ်။

ဒီလိုပျားပန်းခပ်နေတဲ့ နေ့ရက်တွေမှာ ကျွန်မအပေါ်ထားတဲ့ မိတ်ဆွေသူငယ်ချင်းတို့ရဲ့ဂရုစိုက်ချစ်ခင်မှုကို ကျွန်မသက်ဝင်ခံစားရပေမယ့် ကျွန်မနဲ့ လူချင်းတွေ့ဆုံဖို့ စာတစ်တန်၊ ဖုန်းတစ်တန် ဆက်သွယ်လာတဲ့ မိတ်ဆွေတွေကိုတော့ ကျွန်မ ကတိမပေးနိုင်ခဲ့ပါဘူး။

ကျွန်မရဲ့အချိန်တွေကို အချိန်ဇယားချပြီး မိတ်ဆွေတစ်ယောက်ချင်းစီရဲ့နာမည်နဲ့ တွေ့ဆုံဖို့ အချိန်၊ နေရာတွေကို ရေးမှတ်ထားလိုက်ချင်ပါတယ်။ ဒါပေမဲ့ ကျွန်မအတွက် စာမူတစ်ပုဒ်ဟာ ရေးရလွယ်သလောက် ဒီလောက်များတဲ့မိတ်ဆွေတွေကို တွေ့ဖို့ကျတော့ စိတ်ရှိပေမယ့် ခန္ဓာကိုယ်က လိုက်မလုပ်နိုင်ခဲ့တာ ဝမ်းနည်းပါတယ်။

ကျွန်မကိုချစ်ခင်တဲ့ မိတ်ဆွေတွေ ကျွန်မရဲ့လက်ရှိအခြေအနေကို နားလည်ပေးနိုင်ပါစေလို့။ ကျွန်မတို့ မတွေ့ဆုံရတာဟာ နဖြောစရာ ကိစ္စရပ်လို့ မထင်လိုက်ပါနဲ့။ စာပေရဲ့နဂိုအရင်းခံက စာဖတ်သူတွေဟာ စာကိုဖတ်နေတဲ့ အချိန်မှာပဲ အဲဒီစာကနေတစ်ဆင့် နောက်အရာတစ်ခုကို ထပ်ဖန်တီးလိုက်နိုင်တာပဲဖြစ်တယ်။ မျက်မြင်ထင်ရှားရပ်တည်နေတဲ့ ဆမ်မောက်က သူနဲ့ သရုပ်သဏ္ဍာန်တူတဲ့ လူတစ်ယောက်ကို အသားပေး ဖော်ပြလိုက်တာလေးပါ။ သူ့စာဖတ်ပြီးတော့ မိတ်ဆွေတို့ စိတ်မပျက်ပါနဲ့။ သူကိုယ်တိုင်တောင် သူ့ဇာတ်လမ်းတွေကိုဖတ်ပြီး မှန်သွားကြည့်ရင် မစစ်မှန်တဲ့ သူ့ကိုယ်တိုင်ကို တွေ့ရပါတယ်။ ဒါကြောင့် မိတ်ဆွေတွေကို ကျွန်မပြောချင်ပါတယ်။ ကျွန်မရဲ့ စာတွေ စာအုပ်အဖြစ်ထွက်လာပြီဆိုရင် မိတ်ဆွေတို့နဲ့ကျွန်မဟာ အသံတိတ် ပြောဆို ဆက်ဆံလိုက်ပြီ ဆိုတာပါပဲ။

ထိုင်ပေက တွေ့ဆုံပွဲတွေမှာ အရင်က ကျွန်မ မရင်းနှီးတဲ့သူ တော်တော်များများနဲ့ ကျွန်မတွေ့ဆုံရပါတယ်။ ကျွန်မထွက်ထားတာ မကြာသေးတဲ့ "ဆာဟာရရဲ့ပုံပြင်" ဆိုတဲ့စာအုပ်ထဲက စာတစ်ပုဒ်၊ စာတစ်ပိုဒ်၊ အကြောင်းအရာတစ်ခုတိုင်း၊ စကားတစ်ခွန်းတိုင်းကိုတောင် အလွတ်ကျက်ထားသလို သူတို့ အသေးစိတ်မှတ်မိနေကြပါတယ်။

ဒီလိုအခြေအနေက အဝေးကနေပြန်လာတဲ့ လေလွင့်သူ ကျွန်မကို အံ့သြမှင်တက်စေသလို ဘာလုပ်ဘာကိုင်ရမှန်းမသိ ရှက်ရွံ့စေခဲ့မိပါတယ်။ အစအချိန်မှာတော့ ရိုးရိုးတန်းတန်း "ကျေးဇူးတင်ပါတယ်" ဆိုတဲ့ စကားတစ်ခွန်းကိုပဲ ကျွန်မပြောနိုင်ခဲ့ပေမယ့် ဒီလိုဂရုစိုက်အလေးထားမှုတွေက နောက်ပိုင်းမှာ ကျွန်မကိုစာတွေဆက်ရေးနေဖို့အင်အားတွေ ပေးနေခဲ့ပါတယ်။ ကျွန်မက သိပ်စိတ်မရှည်တတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် စာရေးစားပွဲမှာ ချည်နှောင်ထားတာမျိုးကို ကျွန်မမုန်းပါတယ်။ ဒါပေမဲ့ အမိမြေပြန်ရောက်တဲ့ နေ့မှာပဲ ကျောင်းကကျောင်းသားတော်တော်များများ တစ်တန်းလုံး၊ တစ်ခန်းလုံး ကျွန်မရဲ့စာအုပ်အသစ်ကို မှာနေကြတာကြားရတော့ ကျွန်မ ဝမ်းသာမိပါတယ်။ လူတော်တော်များများက "ဆာဟာရရဲ့ပုံပြင်" စာအုပ်အကြောင်း ပြောတော့ ကျွန်မပိုလို့အံ့သြမိပါတယ်။ လူကြီးပိုင်းတွေလောက်ပဲ ဒီစာအုပ်ကို ဖတ်မယ်လို့ ကျွန်မမျှော်လင့်ခဲ့တာပါ။ ကျွန်မတွေးထင်မထားမိတာက ကျောင်းသားလေးတွေကပါ ကျွန်မရဲ့တူ၊ တူမလေးတွေကို တောင်းပန်ပြီး ကန္တာရက အန်တီကိုကြည့်ဖို့ သူတို့ကို အိမ်အပါခေါ်ဖို့ တောင်းဆိုကြတာကိုပါပဲ။

အဲဒီအတွက် ကျွန်မဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်မကိုယ်တိုင်လည်း သူတို့လို ကလေးလေး ဆမ်မောက်ဖြစ်ချင်ခဲ့ပါတယ်။ "ဓမ္မကျမ်း" မှာ "မင်းတို့ကလေးနဲ့တူရမယ်။ ဒါမှ ကောင်းကင်ဘုံကိုရောက်မယ်။ ကောင်းကင်ဘုံက ကလေးတွေအတွက်မို့ပါ" လို့ ပြောထားလို့ပါ။ ချစ်ရတဲ့ စာဖတ်သူလေးတွေရေ... မင်းတို့ကို အန်တီ အလေးထားပါတယ်။ မင်းတို့ရဲ့ကြီးလေးလှတဲ့ကျောင်းသင်ခန်းစာအပြင် ဆမ်မောက်ရဲ့စာအုပ်က မင်းတို့ကို လွတ်လပ်

ပေါ့ပါးမှုလေးတွေ သယ်ဆောင်ပေးလာနိုင်ပါစေ။ တကယ်လို့ မိတ်ဆွေတို့က ကျွန်မနဲ့တူတဲ့ စာအုပ်ထဲက အညာတရ ဆမ်မောက်လေးကို မငြီးငွေ့ဘူးဆိုရင် စာတွေကို စဉ်ဆက်မပြတ် ကျွန်မ ရေးနေမှာပါ။ ကြီးကျယ်ခမ်းနားတာတွေကိုတော့ ကျွန်မ မပြောတတ်ပါဘူး။ ကျွန်မ ပညာတတ်မဟုတ်လို့ပါ။ ဒါပေမဲ့ နောင်ရှေ့ဆက်မယ့် လမ်းတွေမှာ ကျွန်မ မပြတ်ကြိုးစားရင်း ကျွန်မရဲ့လက်နဲ့ ကျွန်မရဲ့အပြောကို ရေးပြီး ကျွန်မရဲ့အပြောနဲ့ ကျွန်မရဲ့ရင်ဘတ်ထဲကအသံကို ထုတ်ဖော်မှာပါ။

တစ်ခါတလေတော့ စာအုပ်မထုတ်ဘဲ ကျွန်မတိတ်ဆိတ်သွားတာမျိုး ရှိတတ်ပါလိမ့်မယ်။ ကျွန်မပျင်းရိသွားတယ်လို့တော့ မထင်ကြပါနဲ့။ ငှက်တစ်ကောင်လို ဆမ်မောက် ခြေရာပျောက်သွားပြီလို့လည်း မထင်နဲ့နော်။ တကယ်လို့ ကျွန်မ ရုတ်တရက်ရပ်တန့်သွားခဲ့ရင် ကျွန်မကိုယ်ကျွန်မ ပြုစုပျိုးထောင်နေလို့၊ အနယ်ထိုင်စုဆောင်းနေလို့ပါ။ စာရေးနေဖို့က အရေးကြီးပါတယ်။ ကလောင်ကို ခဏချမရေးတာကလည်း အရေးကြီးတာပါပဲ။

အခုအချိန်ထိတော့ ကျွန်မမှာရေးဖို့စိတ်ရှိသလို ရေးဖို့ ကုန်ကြမ်းတွေလည်း ရှိပါတယ်။ ဒါကြောင့် အခုအချိန်ကစပြီး စာရေးခြင်း တာဝေးကို ကျွန်မ ဆက်လက်ပြေးနေမှာပါ။ မကြာတော့တဲ့ အချိန်ကာလအတောအတွင်းမှာ ဆမ်မောက်ရဲ့စာအုပ်သစ်တွေ ဟောတစ်အုပ်၊ ဟောတစ်အုပ်ထွက်လာတဲ့ အခါ ကျွန်မကိုချစ်ခင်တဲ့ စာဖတ်သူတွေက ကျွန်မရဲ့အသံတိတ်ကြိုးစားမှုကို တွေ့မြင်ကြရမှာပါ။

ကျွန်မရဲ့စာအုပ်က အချိန်တိုတိုတစ်လခွဲအတွင်းမှာ စတုတ္ထအကြိမ်ပုံနှိပ်လိုက်ရပါပြီ။ ကျွန်မကို ထောက်ခံအားပေးမှုအတွက် စာဖတ်သူတွေကို

ကျွန်မကျေးကျွန်းတင်ရှိပါတယ်။ ကျွန်မစာရေးရတဲ့အကြောင်းရင်းက တတိယလူအတွက်ကြောင့်မဟုတ်သလို ကျော်ကြားဖို့အတွက်လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ စာဖတ်သူတွေရဲ့ ပြင်းပြတဲ့တုံ့ပြန်မှုတွေကြောင့် ကျွန်မလို သာမန်အိမ်ထောင်ရှင်မတစ်ယောက်က သူ ရှေ့ဆက်ပြီး ကြိုးစားပြေးရမယ့်လမ်းကြောင်းကို တွေ့ရှိသွားခဲ့ပါပြီ။ ဒါဟာ ကျွန်မတစ်သက်လုံး ကျေးကျွန်းတင်နေရမယ့်အရာပါ။

နောက်လမှာ ကျွန်မရဲ့ မိသားစု၊ ကျွန်မရဲ့ ခင်ပွန်းတာဝန်တွေအတွက် ကျွန်မရဲ့နိုင်ငံ၊ ကျွန်မရဲ့ဇာတိမြေကိုခွဲပြီး မြောက်အာဖရိကကို ကျွန်မပြန်ရပါတော့မယ်။ ကျွန်မ မခွဲချင်ပါဘူး။ ကျွန်မဝမ်းနည်းမိပါတယ်။ ကျွန်မကိုချစ်ခင်တဲ့ မိတ်ဆွေတွေကို လုံလောက်တဲ့အချိန်ပေးပြီး တွေ့ဆုံပြောဆိုခွင့်မရခဲ့လို့ပါ။

နဂိုက မိတ်ဆွေတို့နဲ့ ကျွန်မ မရင်းနှီးခဲ့ပါဘူး။ အခုအချိန်မှာတော့ တွေ့ဆုံဖို့လည်း မရှိတော့ပါဘူး။ လူ့ဘဝမှာ ရင်းနှီးတိုင်း တွေ့ဆုံဖို့မလိုသလို တွေ့ဆုံတိုင်းလည်း ရင်းနှီးဖို့မလိုပါဘူး။

ကျွန်မ ထိုင်ပေကိုရောက်တော့ မိတ်ဆွေတို့နဲ့ နီးကပ်သွားတယ်လို့ ကျွန်မ မထင်သလို အာဖရိကမှာနေတော့လည်း မိတ်ဆွေတို့နဲ့ ဝေးတယ်လို့လည်း မထင်ခဲ့ပါဘူး။ အချင်းချင်း သိနေ၊ နစ်သက်နေရင် ဘယ်မှာနေနေ အိမ်နီးချင်းလိုပါပဲ။

ကျွန်မကို ချစ်ခင်ကြသူတွေကို ကျွန်မ ကျေးကျွန်းတင်ကြောင်း ထပ်ပြောပါရစေ။ ဆမ်မောက်ဟာ အညတရတစ်ယောက်ဆိုပေမယ့် ကြီးမြတ်တဲ့ ရင်ဘတ်တစ်ခုရှိပါတယ်။ သူ့ကိုချစ်ခင်တဲ့ လူတစ်ယောက်တိုင်းကို

သူ့ရင်ထဲ နလုံးထဲမှာ ထည့်ထားနိုင်တယ်ဆိုတာ မမေ့ကြပါနဲ့။ ကျွန်မကို ဘဝပေးတဲ့၊ ကျွန်မကြီးပြင်းဖို့ ပြုစုပျိုးထောင်ခဲ့တဲ့၊ ကျွန်မကို မပြောင်းလဲဘဲ ချစ်နေတဲ့ ကျွန်မရဲ့မိဘနှစ်ပါးဟာ ကျွန်မပြန်လာနိုင်ဖို့ အမြဲကြိုဆိုနေတဲ့ အိမ်တစ်လုံးကို ပေးခဲ့တယ်။ ဒီနိုလ့်ရှာအသိုက်အမြုံလေးမှာ ပြင်ပလောကမှာ မရနိုင်တဲ့ နွေးထွေးမှု၊ ချစ်ခြင်းမေတ္တာတွေကို ကျွန်မ လွတ်လွတ်လပ်လပ် အစွမ်းကုန်ခံစားနေခဲ့မိတယ်။

ဘုရားသခင်ကို ကျေးဇူးတင်တယ်။ ကျွန်မကို အခွန့်ရှည်တဲ့ ယုံကြည်ကိုးကွယ်မှုကို ပေးခဲ့လို့၊ ကျွန်မကို ဘေးရန်ကင်းစွာ ပြန်လာခွင့် ပေးခဲ့လို့၊ ပြီးတော့ ကျွန်မရဲ့ခင်ပွန်းရှိရာ မြောက်အာဖရိကဆီ ပျံသန်းခွင့်ပေးလို့။ ကျွန်မက ကံကောင်းသူပါ။ မိသားစု၊ သူငယ်ချင်းမိတ်ဆွေနဲ့ ချစ်ခင်ရသူတွေကြောင့် မပြည့်စုံတာမရှိခဲ့ပါဘူး။

ကျွန်မက ကျွန်မဘဝလေ့ငယ်လေးရဲ့ပွဲကို အမြဲဆုပ်ကိုင်ထားတယ် ဆိုပေမယ့် အမှောင်ထဲမှာ ကျွန်မကိုလမ်းပြတဲ့ကြယ်လေးက ကောင်းကင်ထက်မှာ ဆိတ်ဆိတ်ငြိမ်ငြိမ် တွယ်ချိတ်လို့၊ ဒါဟာ ကျွန်မရဲ့နတ်ဘုရားပေ့ါ။ သူက ကျွန်မကို ဘယ်သွားပါလို့ညွှန်ရင် သူညွှန်ရာဆီ ကျွန်မသွားလိုက်တယ်။ ကျွန်မရဲ့နက်ရှိုင်းတဲ့ နလုံးသားထဲမှာ ကြောက်ရွံ့ခြင်းဆိုတာ မရှိဘူး။ ဝမ်းနည်းအားငယ်ခြင်းဆိုတာ မရှိဘူး၊ ခွဲခြားခြင်းရဲ့ နမြောတသမှုသာရှိတယ်။ ဘုရားသခင်ရဲ့မပြောင်းလဲတဲ့ချစ်ခြင်းတရားက လူသားတစ်ယောက်တိုင်းကို ချစ်ခင်တတ်ဖို့ကျွန်မကိုသင်ပေးခဲ့လို့ပါ။ မြက်တစ်ပင်၊ သစ်တစ်ပင်၊ သဲတစ်ပွင့်က အစပေ့ါ။

မတွေ့ဆုံဖြစ်ခဲ့တဲ့ မိတ်ဆွေတွေကို ကျေးဇူးတင်ပါတယ်။ မိုင်ပေါင်း ထောင်သောင်းဝေးနေပါစေ။ လတစ်စင်းရဲ့အရိပ်အောက်မှာ ကျွန်မကို ချစ်ခင်နှစ်သက်သူတွေ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြပါစေလို့…။

ချစ်ခင်နှစ်သက်စွာ
ဆမ်မောက်

* * *

## ဘာသာပြန်သူ အမှာစာ

ထိုင်ဝမ်စာရေးဆရာမ ဆမ်မောက် (Sanmao) ရဲ့စာတွေကို ကျွန်မ ဘာသာပြန်မျှဝေချင်တာ ကြာပါပြီ။ ဒါပေမဲ့ အချိန်တော်တော်ကြာ အကောင်အထည်မဖော်ဖြစ်ခဲ့ပါဘူး။ ဆမ်မောက်ရဲ့စာစုတို တချို့တလေကိုတော့ ဖေ့စ်ဘွတ်ခ်ပေါ်မှာ မျှဝေခဲ့ဖူးပါတယ်။ အဲဒီကနေတစ်ဆင့် ဆမ်မောက်ကို မြန်မာစာဖတ်သူတွေနဲ့ ကျွန်မစတင်မိတ်ဆက်ပေးဖြစ်ခဲ့ပါတယ်။ ဆမ်မောက်ဟာ ၁၉၇၀ – ၈၀ ဝန်းကျင်လောက်က တရုတ်စာပေလောကမှာ လင်းလင်းထင်းထင်း တောက်ပတဲ့ ကြယ်တစ်လုံးဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ခရီးသွားစာပေတွေက ထင်ရှားကျော်ကြားလှပါတယ်။ ဒီကြယ်တစ်လုံးဟာ အရွယ်ကောင်းချိန်မှာ ကြွေလွင့်သွားခဲ့ရပေမယ့် အခုအချိန်ထိ သူ့စာ၊

သူ့နာမည်က တရုတ်စာပေလောကမှာ ထင်ထင်ရှားရှား မှတ်ကျောက်တင်ခံနေရဆဲ၊ တရုတ်စာဖတ်သူမျိုးဆက် အဆက်ဆက်တို့ရဲ့ကြိုက်နှစ်သက်မှုကို ခံနေရဆဲဖြစ်ပါတယ်။

အခု သူ့ရဲ့ ဒီ "ဆာဟာရရဲ့ပုံပြင်" က ၁၉၇၆ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ သူ့ရဲ့ပထမဆုံး လုံးချင်းစာအုပ်ဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာ သူနှစ်ကာလရှည် သွားရောက်နေထိုင်ခဲ့တဲ့ ဆာဟာရကန္တာရမှာ သူတွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေ၊ အဲဒီမှာနေထိုင်သူတွေရဲ့ဘဝတွေ၊ အခက်အခဲတွေကို သူရေးသားဖွဲ့နွဲ့ထားတာဖြစ်ပါတယ်။ သူရေးသားတဲ့ မူရင်းအတိုင်း ဖတ်ရတာအဆင်ပြေချောမွတ်အောင် ကျွန်မအကောင်းဆုံး ကြိုးစားဘာသာပြန်ထားပါတယ်။ ကျွန်မရဲ့ ဘာသာပြန်မှုအောက်ကနေ ဆမ်မောက်ရဲ့ ဘဝနေထိုင်နည်း၊ ဆမ်မောက်ရဲ့ လွတ်လပ်ပေါ့ပါးမှု၊ အခက်အခဲကို အကောင်းမြင်စိတ်နဲ့ ရင်ဆိုင်ဖြတ်သန်းခဲ့မှု၊ တစ်ယောက်တည်း မကြောက်မရွံ့ နိုင်ငံတကာ၊ နယ်တကာလှည့်လည်ခဲ့တာ၊ သဘာဝကို ဘယ်လိုချစ်မြတ်နိုးခဲ့တယ်ဆိုတာတွေကို ဖတ်ရှုခံစားမိရင်၊ သက်ဝင်ခံစားမိရင် ဒီစာအုပ်ကို ကျွန်မဘာသာပြန်ရကျိုးနပ်မှာပါ။ နောက်ပိုင်းမှာလည်း သူထွက်ရှိခဲ့သမျှ စာအုပ်တွေကို ကြိုးစားဘာသာပြန်မျှဝေပြီး မြန်မာစာဖတ်သူတွေရဲ့နှလုံးသားထဲမှာလည်း တရုတ်စာပေလောကမှာ ထွန်းတောက်ခဲ့တဲ့ကြယ်တစ်ပွင့်ကို နေရာပေး မှတ်ကျောက်တင်စေနိုင်ဖို့ မျှော်လင့်မိပါတယ်။

ချစ်ခင်လေးစားစွာဖြင့်
နိုင်းနိုင်းစနေ

* * *

## ကန္တာရက စားသောက်ဆိုင်

ကျွန်မ၏အမျိုးသားသည် နိုင်ငံခြားသားဖြစ်နေသည်ကိုက နမြောစရာပါ။ ကိုယ့်အမျိုးသားကို ဒီလိုတင်စားတော့လည်း ခွဲခြားဆက်ဆံသည့်လေသံပါသည်နှင့်တူ၏။ ဘာသာစကားနှင့် ယဉ်ကျေးမှုမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကြီးမားသည့် ကွဲပြားမှုရှိသောကြောင့် ကျွန်မတို့၏အိမ်ထောင်ရေးတွင်လည်း ပြောဆိုဆက်ဆံရခက်ခဲသော နေရာအများအပြားရှိခဲ့သည်။

ဟိုဆေး (Jose) ကိုလက်ထပ်ဖို့ ဆုံးဖြတ်ချိန်တွင် ကျွန်မတို့က နိုင်ငံမတူသည့်အပြင် အကျင့်စရိုက်ပါ မတူသည့်အတွက် လက်ထပ်ပြီးနောက် ငြင်းခုံတတ်ကြောင်း၊ ရန်ပါဖြစ်နိုင်ကြောင်း သူ့အား ကျွန်မရှင်းရှင်းလင်းလင်း ပြောပြခဲ့သည်။ သူက "နင်အကျင့်မကောင်းတာ ငါသိတယ်။ နင် စိတ်သဘော

ထားတော့ ကောင်းတယ်။ ငြင်းခုံရန်ဖြစ်တာတွေ ဖြစ်နိုင်မှာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့လက်ထပ်မယ်" ဟု ပြောခဲ့သည်။ ထို့နောက် ရင်းနှီးသိကျွမ်းပြီး ခုနစ်နှစ်အကြာတွင် ကျွန်မတို့ လက်ထပ်လိုက်ကြသည်။

ကျွန်မက အမျိုးသမီးလွတ်မြောက်ရေးလှုပ်ရှားမှုကို ထောက်ခံသူမဟုတ်ပါ။ သို့သော် အိမ်ထောင်ပြုပြီး ကိုယ့်အားကိုယ်ကိုးရပ်တည်နိုင်မှုနှင့် စိတ်လွတ်လပ်မှုတို့ ဆုံးရှုံးမည်ကိုတော့ မလိုလားခဲ့ပါ။ ထို့ကြောင့် အိမ်ထောင်ကျပြီး "ကိုယ့်နည်းကိုယ့်ဟန်" ဖြင့် နေခွင့်မရလျှင် လက်မထပ်ဟု ဆိုခဲ့သည်။ ဟိုဆေးက "ငါကလည်း နင့်ကို "နင့်နည်းနင့်ဟန်" ပဲ လိုချင်တာ။ နင့်ရဲ့အမူအကျင့်၊ နင့်ရဲ့စရိုက်လက္ခဏာတွေ ဆုံးရှုံးသွားရင် နင့်ကိုငါ ဘာဖြစ်လို့ ယူနေဦးမလဲ" ဆိုတော့ ... ကောင်းပြီ၊ ယောကျ်ားတစ်ယောက်၏စကားက ကျွန်မအား သာလွန်သောနစ်သိမ့်မှုကို ပေးနိုင်ခဲ့ပြီ။ ဟိုဆေး၏အိမ်သူဖြစ်သွားသောအခါ ဘာသာစကားကို သူ့အလို လိုက်လိုက်၏။ ထိုသနားစရာ နိုင်ငံခြားသားကား တရုတ်စာနှင့်စကားကို ဘယ်လိုသင်ပေးသင်ပေး မခွဲခြားတတ်သောကြောင့် သူ့ဘာသာစကားကိုပဲ ကျွန်မလိုက်ပြောရတော့သည်။ အဲဒီအတွက် သူ့ကိုကျွန်မက တစ်မှတ်အလျှော့ပေးလိုက်သည်။ (ကလေးရလာခဲ့လျှင်တော့ ကလေးကို တရုတ်စာ၊ တရုတ်စကား မဖြစ်မနေသင်ပေးရမည်။ ဒါကို ဟိုဆေးကလည်း သဘောတူ၏။)

အပိုစကားမပြောတော့ပါ... အိမ်ထောင်ရှင်မဖြစ်ပြီဆိုတော့ ပထမအလုပ်က မီးဖိုချောင်ဝင်ခြင်းဖြစ်သည်။ အိမ်မှုကိစ္စလုပ်ရသည်ကို ကျွန်မအမုန်းကြီးမုန်းခဲ့သော်လည်း ဟင်းချက်ရသည်ကိုတော့ ဝါသနာပါလှသည်။ ကြက်သွန်နီသုံးလေးဥ၊ အသားပြားတချို့ကို ကြော်လှော်လိုက်ရုံဖြင့် ဟင်း

တစ်ခွက်ရသည်။ အဲဒီလို အနုပညာမျိုးကို ကျွန်မ အလွန်ကြိုက်နှစ်သက်သည်။

ထိုင်ဝမ်တွင်နေထိုင်သော ကျွန်မ၏မိခင်က ကျွန်မမင်္ဂလာဆောင်ပြီးနောက် ဟိုဆေးအလုပ်ရှိရာ ခြောက်သွေ့သည့် ကန္တာရဒေသ အာဖရိကသို့ လိုက်ပါသွားတော့မည်ဆိုသည်ကို သိသည်။ မိခင်ရင်နာမိသော်လည်း ဝင်ငွေကိုဟိုဆေးကရှာဖွေပြီး ကျွန်မက ထမင်းခွက်ရှိရာနောက် လိုက်ရသောကြောင့် တခြားရွေးချယ်စရာမရှိခဲ့ပါ။ လက်ထပ်ပြီး ကိုယ်တိုင်ချက်ပြုတ်စားတော့ ကျွန်မတို့မှာ အနောက်တိုင်းအစားအစာကိုသာ စားခဲ့ရသည်။ ထို့နောက် ထိုင်ဝမ်မှ အိမ်က လေကြောင်းဖြင့် ပါဆယ်ထုပ်များ ပို့ဆောင်ပြီး ဝမ်းရေးဆက်ဖြည့်လေသောအခါ ကြာဆံ၊ ရေညှိခြောက်၊ မှိုခြောက်၊ ခေါက်ဆွဲခြောက်၊ ဝက်သားခြောက်စသော အဖိုးတန်အစားအစာများကို ကျွန်မ အများအပြားလက်ခံရရှိခဲ့သည်။ ဥရောပက သူငယ်ချင်းတစ်ယောက်ကလည်း ကျွန်မအတွက် ဆီသွတ်ဘူး၊ ငံပြာရည်များ ပေးပို့လာသောအခါ ကျွန်မ အပျော်ကြီးပျော်ခဲ့တော့သည်။ ကျွန်မ၏နေအိမ် "တရုတ်စားသောက်ဆိုင်" က ချက်ချင်းဆိုင်ဖွင့်တော့သည်။ ခက်သည်က လာစားသောက်သူ တစ်ဦးတစ်ယောက်ကမျှ ပိုက်ဆံမရှင်းကြပါ။ (နောက်ပိုင်း အစားအသောက်လာစားသည့်မိတ်ဆွေများ စီတန်းနေခဲ့တော့သည်။)

မိခင်ပေးပို့လာသည့် ပစ္စည်းများမှာ "တရုတ်စားသောက်ဆိုင်" ဖွင့်ဖို့ အမှန်တကယ် မလုံလောက်ပါ။ ကံကောင်းသည်က ဟိုဆေး ထိုင်ဝမ်မရောက်ဖူးခဲ့၍ ကိုယ့်ကိုယ်ကိုယ်စိတ်ချယုံကြည်နေသော "စားဖိုမှူးကြီး" ကျွန်မကိုကြည့်ပြီး ကျွန်မလက်ရာကိုလည်း သူယုံကြည်မှုရှိလာခဲ့သည်။

ပထမဆုံးဟင်းလျာမှာ "ကြက်သားကြာဆံချက်" ဖြစ်သည်။ ဟိုဆေးက အလုပ်မှပြန်လာတိုင်း "ထမင်းစားမယ်... ဆာလိုက်တာ" ဟု အမြဲအော်သည်။ အိမ်ပြန်ရောက်သည်နှင့် ထမင်းစားမည်ဟုသာ သိသော သူ့အား နစ်တော်တော်ကြာ ချစ်ကြိုက်မိသည်မှာ မှားသွားပြီထင်၏။ ကိုယ့်ဇနီးကို တောင် သူတည့်တည့်မကြည့်တော့။ အပြင်အဆင်ကင်းမဲ့သည့် အိမ်ရှင်မကို ကျွန်မစိတ်ချလက်ချ လုပ်နိုင်ပါပြီ။ ပထမဟင်းလျာမှာ ကြက်သားကြာဆံချက် ဟု ဆိုသော်လည်း သူသောက်ပြီး ကျွန်မကိုမေးသည်။

"ဟင်း... ဒါက ဘာလဲ... တရုတ်ခေါက်ဆွဲသေးလား"

"ဘယ်ကလာ ရှင့်ယောက္ခမက အဝေးကြီးကနေ ခေါက်ဆွဲသေးပို့လာမှာလဲ... မဟုတ်ဘူးရှင့်"

"ဒါဆို ဘာလဲ... ကိုယ့်ကိုထပ်ပေးပါဦး... သောက်လို့ ကောင်းလိုက်တာ..."

ကြာဆံတချို့ကို တူဖြင့် ကျွန်မက ကော်ပြီး...

"ဒါလေ... ဒါကို "မိုး" လို့ ခေါ်တယ်"

"မိုး..."

သူ တုံ့အသွားသည်။

ကျွန်မသည် အိမ်ထောင်ရေးလွတ်လပ်မှုကို အလိုရှိသည်ဟု ပြောခဲ့ပြီးပြီ။ ထို့ကြောင့် စကားပြောရာမှာလည်း စိတ်အလိုဆန္ဒအတိုင်း ပြောချင်ရာ ပြောဖြစ်သည်။

"ဒါက နွေဦးမှာ ပထမဆုံးရွာတဲ့မိုး၊ တောင်ပေါ်မှာ ရွာတဲ့မိုးမို့ တစ်ချောင်းချင်း၊ တစ်ချောင်းချင်း အေးခဲသွားတာ။ ဒါကို လူတွေက တောင်

အောက်ထိ ယူဆင်းလာပြီး တစ်စည်းချင်းစည်းပြီး ရောင်းတယ်။ ရတဲ့ပိုက်ဆံနဲ့ ဆန်အရက် ဝယ်သောက်ကြတယ်။ ဒါကို လွယ်လွယ်နဲ့ ဝယ်လို့မရဘူးနော်" ဟိုဆေး ကြောင်အမ်းအမ်းဖြစ်သွားသည်။ ကျွန်မကို လှေ့လာသလိုကြည့်လိုက်၊ ပန်းကန်ထဲက "မိုး" ကို ကြည့်လိုက်နှင့် ပြောသည်။

"နင်က ငါ့ကို ငတုံးလို့ထင်နေလား"

ကျွန်မ ဘာမျှထပ်မပြောဘဲ "ရှင် ယူဦးမလား... မယူတော့ဘူးလား" မေးတော့ "အာလူးဖုတ်တော်တဲ့ မိန်းမ... ငါထပ်ယူဦးမယ်" ဟု ဆိုသည်။

နောက်ပိုင်းမှာ "နွေဦးမိုး" ကို သူ မကြာခဏစားရသည်။ ယခုအချိန်ထိ ထိုအရာမှာ ဘာလဲဆိုတာကို သူ မသိချေ။ ဟိုဆေး တုံးအလိုက်တာဟု တစ်ခါတလေ စိတ်ထဲတွေးမိလေတိုင်း ကျွန်မ အနည်းငယ် ဝမ်းနည်းသွားတတ်သည်။

ဒုတိယမြောက်ကြာဆံဟင်းလျာမှာ "ပုရွက်ဆိတ်သစ်ပင်တက်" ဟု အမည်ရှိသည့် ဟင်းဖြစ်သည်။ ကြာဆံကို ဒယ်အိုးတွင် ဆီဖြင့်ကြော်ပြီး အပေါ်မှ အသားကြေနှင့် ချက်ထားသည့်အနှစ်ကို ဖြူးလိုက်ခြင်းဖြစ်သည်။ အလုပ်ကပြန်လာသည့်ဟိုဆေးမှာ ဆာတာပဲသိသည်။ ကြာဆံကိုအလုတ်ကြီးတစ်လုတ် ပါးစပ်ထဲထိုးသွင်းပြီး "ဒါက ဘာလဲ... ဖြူဖြူကြီး သိုးမွှေးစလိုလို၊ ပလတ်စတစ်လိုလိုနဲ့" "နှစ်ခုစလုံးမဟုတ်ဘူး... ဒါက ရှင်ငါးမျှားတဲ့ နိုင်လွန်ကြိုးလေ... တရုတ်တွေက အဲဒီနိုင်လွန်ကြိုးကို ဖြူဖြူပျော့ပျော့လေးဖြစ်အောင် လုပ်လိုက်တာ" သူ တစ်ဖွန်းစားပြီး ရယ်သည်။ ပါးစပ်ကလည်း "ထူးထူးဆန်းဆန်းတွေကလည်းများလိုက်တာ။ တကယ်လို့ငါတို့သာ စားသောက်ဆိုင် တကယ်ဖွင့်ရင် ဒီဟင်းက ဈေးကောင်းရမှာပဲ" ထိုနေ့က နိုင်လွန်ကြိုး ဖြူဖြူ

ပျော့ပျော့ကို သူအများကြီးစားလိုက်သည်။ တတိယမြောက် ကြာဆံဟင်းလျာမှာ တရုတ်ပြည်အရှေ့မြောက်က တရုတ်လူမျိုးတို့၏ အစာသွတ်မုန့်တစ်မျိုးဖြစ်သည်။ ဟင်းနုနယ်၊ အသားကြွေနှင့် ကြာဆံတို့ ရောနှောပါဝင်သည့် မုန့်ဖြစ်သည်။

"ဒီမုန့်ထဲမှာ နင်ငါးမန်းတောင်ပံထည့်ထားတာ မဟုတ်လား။ အဲဒီငါးမန်းတောင်ပံက ဈေးကြီးတယ်လို့ ငါကြားဖူးထားတယ်။ ဒါကြောင့် နင်နည်းနည်းပဲထည့်တာလား" ဟု ဟိုဆေးပြောတော့ မြေကြီးပေါ်လူးလိမ့်သည်အထိ ကျွန်မရယ်မိသည်။

"ဒီလောက်ဈေးကြီးတဲ့ ငါးမန်းတောင်ပံကို မဝယ်ထည့်ပေးနဲ့တော့လို့ မေမေ့ကိုပြောလိုက်ပါ။ မေမေ့ကို ကျေးဇူးတင်ကြောင်း ငါစာပို့ဦးမယ်"

"ရှင်မြန်မြန်သွားရေး၊ ကျွန်မ ဘာသာပြန်ပေးမယ်။ ဟား... ဟား..." ကျွန်မ အပျော်ကြီးပျော်ကာ ပြောဖြစ်သည်။

တစ်နေ့ ဟိုဆေးအလုပ်ဆင်းခါနီး အချိန်တွင်ဖြစ်သည်။ ဝက်သားခြောက်ကို သူ သတိထားမကြည့်မိတုန်းလေးမှာ ထိုဝက်သားခြောက်ကို ကတ်ကြေးဖြင့် သေးသေးလေးညှပ်ပြီး ပုလင်းထဲ ကျွန်မအမြန်ထည့်လိုက်၏။ ထို့နောက် ပုလင်းကို စောင်ကြားထဲ ဖွက်ထားလိုက်သည်။ တိုက်ဆိုင်စွာ ထိုနေ့က သူနာခေါင်းပိတ်နေတာကြောင့် အိပ်ချိန်တွင် စောင်ခြုံရသည်။ ကျွန်မကလည်း ပုလင်းကို စောင်ထဲဝှက်ထားတာ မေ့သွားပြီး တစ်ဖက်က အကြိမ်တစ်ထောင်မက ဖတ်ခဲ့ပြီးဖြစ်သည့် တရုတ်ဂန္ထဝင်ဝတ္ထု "Water Margin" ကို ဖတ်နေမိသည်။ သူက ခုတင်ပေါ်လှဲရင်း လက်ထဲတွင် ပုလင်း

တစ်လုံးကို ဟိုလှည့်၊ ဒီလှည့် ကြည့်နေသည်။ ကျွန်မမော့ကြည့်ပြီး ဟာ... သွားပြီ... "ဆိုလိုမွန်ဘုရင်ရဲ့ရတနာ" ကို သူရှာဖွေတွေ့သွားပြီဆိုပြီး အမြန်ထလှသည်။ ပါးစပ်ကလည်း "ဒါရှင်စားဖို့မဟုတ်ဘူး။ ဒါဆေး... တရုတ်ဆေး" ဟုအော်၏။ "ငါနာခေါင်းပိတ်နေတယ်။ တရုတ်ဆေးစားရမယ်" ပြောပြောဆိုဆို အသားခြောက်အများအပြားကို ပါးစပ်ထဲ သူထိုးသွင်းလိုက်သည်။ ကျွန်မစိတ်တို၏။ သူ့အား ပြန်ထွေးထုတ်ခိုင်းလို့လည်း မရတော့သည်မို့ ဘာမျှမပြောတော့ပါ။

"တော်တော်ချိုတယ်... ဒါ ဘာလဲ"

"လည်ချောင်းဆေး... ချောင်းဆိုးတဲ့သူတွေ ငုံရတဲ့ လည်ချောင်းဆေး" ကျွန်မစိတ်တိုတိုနှင့် ပြောမိသည်။

"အသားနဲ့လုပ်ထားတဲ့ လည်ချောင်းဆေးလား...၊ ငါ့ကို ငတုံးထင်နေလား..."

နောက်တစ်နေ့နံနက်တွင် ပုလင်းဝက်ခန့်အသားခြောက်ကို သူ့လုပ်ဖော်ကိုင်ဖက်များအတွက် သူ ခိုးယူသွားသည်ကို ကျွန်မသိလိုက်သည်။ ထိုနေ့မှစ၍ သူ့အလုပ်ဖော်များက ကျွန်မကိုမြင်တိုင်း အသားခြောက်လိမ်စားချင်သည်နှင့် ချောင်းဆိုးဟန်ပြုပြတော့သည်။ မွတ်စလင်မိတ်ဆွေများပင်ပါ၏။ (မွတ်စလင်မိတ်ဆွေများကို ကျွန်မထပ်မကျွေးခဲ့တော့ပါ။ ကျွေးလျှင် ကျွန်မကိုယ်ကျင့်တရားမဲ့ရာကျမည်။)

လင်နှင့်မယားဘဝက အမြဲစားသောက်နေသည်။ ကျန်သည့်အချိန်မှာလည်း စားသောက်ဖို့ ပိုက်ဆံရှာသည်နှင့် အလုပ်များရ၏။ အဓိပ္ပာယ်တော့ သိပ်မရှိလှပါ။ တစ်နေ့မှာ ကျွန်မ ထမင်းလိပ်လုပ်သည်။ ထမင်းလိပ်ဆိုသည်မှာ

ထမင်းကို ရေညှိဖြင့်ထုပ်ပြီး အထဲတွင် အသားမွထည့်ထားသည့် ဂျပန်လူမျိုးတို့၏ "ဆူရှီ" ဖြစ်သည်။ ဒီတစ်ကြိမ်မှာတော့ ထမင်းလိပ်ကိုစားဖို့ ဟိုဆေးငြင်းဆန်တော့သည်။

"ဒါဘာလဲ... နင်က ငါ့ကို ကော်ပီစာရွက်ပြာ၊ မိတ္တူစာရွက်တွေ ပေးစားတယ်"

"ရှင် တကယ်မစားဘူးပေါ့..." သူ့အား ကျွန်မညင်ညင်သာသာ မေးသည်။

"မစားဘူး... မစားဘူး..."

ကျွန်မပျော်ပြီး ထမင်းလိပ်အများအပြားကို စားလိုက်သည်။

"ပါးစပ်ဟကြည့်စမ်း..."

"ကြည့်ပါ... ပါးစပ်ပြာမသွားဘူးမဟုတ်လား... ကျွန်မက စက္ကူအပြာဘက်ကိုမသုံးဘဲ အဖြူဘက်ကိုသုံးထားတာ။ ပါးစပ်မပြာသွားတတ်ဘူး" ကျွန်မမှာ ဟောဟောဒိုင်းဒိုင်းပြောတတ်ဆိုတတ်တာကြောင့် မကြာခဏ ပေါက်တတ်ကရ ပြောတတ်သည်။

"နင် တကယ်ပေါက်ကရနိုင်လွန်းတယ်။ နင့်ကို ငါမုန်းတယ်။ ဒါ ဘာလဲ... အမှန်အတိုင်းပြောစမ်းပါ"

"ရှင်က တရုတ်ပြည်အကြောင်း လုံးလုံးလျားလျားမှမသိတာ။ ငါ့ယောကျ်ားကို ငါစိတ်ကုန်လိုက်တာနော်..." သူ့ကိုပြောနေရင်း ကျွန်မ ထမင်းလိပ်တစ်ခု ယူစားလိုက်ပြန်သည်။

သူစိတ်ဆိုးပြီး ထမင်းလိပ်တစ်ခုကို တူဖြင့်ညှပ်ယူလိုက်သည်။ နောင်တ မရသည့် သူရဲကောင်း၏ စိတ်ပျက်ဟန်ဖြင့် အကြာကြီးဝါးနေ

လိုက်သည်။ ထို့နောက် မျိုချပြီး "ဒါရေညှိ... ဟုတ်တယ် ရေညှိ" ဟု ဆိုသည်။ "ဟုတ်တယ်... ဟုတ်တယ်... သိပ်တော်တာပဲ" ကျွန်မ ထခုန်လိုက်သည်။ နောက်တစ်ခေါက် ထခုန်ရန် ဟန်ပြင်ချိန်၌ ခေါင်းအခေါက်ခံလိုက်ရသည်။

တရုတ်အစားအစာစားကုန်ခါနီးတွင် ကျွန်မ၏ "တရုတ်စားသောက်ဆိုင်" မှာလည်း ဟင်းအထွက် သိပ်မသွက်တော့ဘဲ အနောက်တိုင်းအစားအစာက စားပွဲပေါ်နေရာယူလာပြန်သည်။ ဟိုဆေး အလုပ်ကပြန်လာချိန် ကျွန်မ အမဲသားကင်နေသည်။ သူ အရမ်းအံ့ဩပြီး ဝမ်းသာစွာအော်သည်။

"ငါ မကျက်တကျက်စားမယ်နော်... အာလူးရော ကြော်မှာလား" သုံးရက်ဆက်တိုက် အမဲသားစားပြီးနောက် သူအစားပျက်သွားပုံရသည်။ အသားအနည်းငယ်လှီးစားပြီး မစားတော့ချေ။

"အလုပ်က အရမ်းပင်ပန်းလာလို့လား... ခဏလောက်သွားအိပ်ပြီးမှ ထလာစားလေ" ဒီမလှမပ အိမ်ရှင်မမှာလည်း နူးညံ့သိမ်မွေ့သည့်အချိန် ရှိပါသည်။

"နေမကောင်းတာ မဟုတ်ဘူး... အစားအသောက် မကောင်းတာ" ထိုစကားကြားသည်နှင့် ကျွန်မ ထိတ်ခနဲဖြစ်ပြီး ထခုန်သည်။

"အစားအသောက် မကောင်းတာ... ဟုတ်လား... အစားအသောက် မကောင်းတာ... အဲဒီ အမဲသားတစ်ပေါင် ဘယ်လောက်ပေးရသလဲ ရှင်သိလား..."

"မဟုတ်ပါဘူး... ရှင်မရယ်... "မိုး" ကို စားချင်လို့ပါ။ ယောက္ခမ ပို့လာပေးတဲ့အစားအစာပဲ ကောင်းပါတယ်"

"ကောင်းပြီလေ... တရုတ်စားသောက်ဆိုင် တစ်ပတ်မှာ နှစ်ကြိမ်

ဖွင့်မယ်... ဘယ်လိုလဲ။ ရှင်က ဘယ်လောက်အကြာမှာ "မိုး"ကို တစ်ခါ ရှာစေချင်တာလဲ"

တစ်နေ့တွင် ဟိုဆေးက အလုပ်မှပြန်လာသည်နှင့်...

"အံ့သြစရာပဲ... ဒီနေ့ သူဌေးက ကိုယ့်ကို ခေါ်တွေ့တယ်"

"လခတိုးတာလား..." ကျွန်မမျက်လုံးအရောင် လက်သွားသည်။

"မဟုတ်ဘူး..."

"မဟုတ်ဘူး... ဒါဆို သွားပြီ။ ရှင် အလုပ်ထုတ်ခံလိုက်ရပြီလား။ ဘုရားရေ...ကျွန်မတို့" သူ့ကိုကျွန်မဖမ်းဆုပ်ထားလိုက်သည်။ လက်သည်းများ သူ့အသားထဲ ထိုးဝင်သွားသည်။ "အထိတ်အလန့်နဲ့ ငါ့ကို ဆွဲဆုပ်မထားပါနဲ့။ ငါပြောတာနားထောင်။ သူဌေးက ပြောတယ်။ ငါတို့ကုမ္ပဏီကလူတွေကို ငါတို့ထမင်းစားဖိတ်ကြတယ်။ သူတို့ လင်မယားကိုပဲ ငါတို့မဖိတ်ဘူးတဲ့။ သူက နင်လုပ်မယ့် တရုတ်ဟင်းကို စားဖို့ စောင့်နေတာ"

"သူဌေးက ကျွန်မကိုဟင်းချက်ခိုင်းမယ် ဟုတ်လား။ မလုပ်ဘူး... မလုပ်ဘူး။ သူ့ကို မဖိတ်ဘူး။ လုပ်ဖော်ကိုင်ဖက်တွေကို ထမင်းစားဖိတ်ဖို့ ကျွန်မစိတ်လိုလက်ရရှိတယ်။ အထက်လူကြီးကို ဖိတ်ဖို့ကျတော့ ဘဝင် ကိုင်ချင်တယ်။ ကျွန်မက ရိုးဖြောင့်မှုကို လက်ကိုင်ထားတယ်။ ရှင်သိပါတယ်။ ကျွန်မ..."

တရုတ်လူမျိုးတို့၏ဘဝင်ကိုင်မှုကို ကျွန်မပုံကြီးချဲ့ပြောချင်သော်လည်း ရှင်းရှင်းလင်းလင်းမပြောနိုင်ခဲ့ပါ။ ဟိုဆေး၏ မျက်နှာအမူအရာကို မြင်တွေ့တော့ ထိုဘဝင်ကိုင်မှုသည်လည်း လည်ပင်းတွင် တစ်ဆို့နေခဲ့တော့သည်။

နောက်တစ်နေ့တွင် သူက ကျွန်မကိုမေးသည်။

"ဟော့... ငါတို့မှာ မျှစ်ရှိလား"

"အိမ်မှာ ဒီလောက်တူများတာ အဲဒါ မျှစ်တွေပဲလေ"

ဟိုဆေးက ကျွန်မကို မျက်ဖြူတစ်ချက် လှန်ကြည့်လေသည်။

"သူဌေးက မျှစ်ကို မှိုနဲ့ကြော်တာ စားချင်လို့တဲ့"

"အင်း... အင်း... အမြင်ကျယ်တဲ့သူဌေးပဲ။ နိုင်ငံခြားသားကို အထင်မသေးလို့မရဘူး"

"ဟုတ်ကဲ့... မနက်ဖြန်ည သူဌေးလင်မယားကို ထမင်းဖိတ်ကျွေးလိုက်မယ်။ ကိစ္စမရှိဘူး။ မျှစ်ပေါက်လာလိမ့်မှာပါ" ဟိုဆေးက အချစ်ပါသောအကြည့်ဖြင့် ကျွန်မကို တစ်ချက်ကြည့်လိုက်သည်။ အဲဒါက မင်္ဂလာဆောင်ပြီးနောက် ကျွန်မအား ချစ်သူသဖွယ် သူပထမဆုံးအကြိမ် ကြည့်ခြင်းဖြစ်၏။ ကျွန်မအဲ့ဩဝမ်းသာမြှောက်ပင့်သွားပြီး ထိုနေ့က ကျစ်ထားသည့် ဆံပင်များ လေထဲဝဲပျံကုန်ကာ သရဲမပုံ ပေါက်သွားတော့သည်။

နောက်တစ်နေ့ညဌ် ကျွန်မဟင်းသုံးမျိုးချက်ပြီး မီးအေးအေးဖြင့် အနွေးခံထားလေသည်။ ဖယောင်းတိုင်ထွန်းညှိထားသော စားပွဲခုံကို ခင်းကျင်းထားပြီး စားပွဲကို အဖြူရောင်စားပွဲခင်း ခင်းထားလိုက်သည်။ အဖြူရောင်စားပွဲခင်းပေါ်တွင် ထောင့်စောင်းခေါက်ထားသည့် အနီရောင်စားပွဲခင်းတစ်ခုထပ်ခင်းလိုက်တော့ အတော်လှသွား၏။ ထိုထမင်းတစ်နပ်က အိမ်ရှင်၊ ဧည့်သည် အဖြာဖြာကို ဝမ်းမြောက်ဝမ်းသာဖြစ်စေသည်။ ဟင်းလျာများ အနံ့အဆင်း ပြည့်စုံရုံမက ဒီအိမ်ရှင်မ ကျွန်မမှာလည်း သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ဖြီးလိမ်းပြင်ဆင်ပြီး ဂါဝန်ရှည်ကိုဝတ်ဆင်ထား၏။ ထမင်းစားပြီး

နောက် သူဌေးလင်မယားက ကားပေါ်တက်ခါနီး ကျွန်မအား... "တကယ်လို့ အများပြည်သူဆက်ဆံရေးဌာနမှာ လူလိုရင် အလုပ်လာလုပ်စေချင်ပါတယ်။ ကုမ္ပဏီရဲ့ဘက်တော်သားတစ်ဦးဖြစ်ဖို့ မျှော်လင့်ပါတယ်" ဟု ဆိုသည်။ ကျွန်မမျက်လုံးများ အရောင်လက်သွား၏။ အဲဒါက "မျှစ်နဲ့ မှိုကြော်" ၏ လုပ်အားဖြစ်သည်။

သူဌေးကိုပို့ဆောင်ပေးပြီးနောက် ညဉ့်အတော်နက်နေပြီဖြစ်သည်။ ဂါဝန်ရှည်ကို ကျွန်မအမြန်ချွတ်ပြီး ဂျင်းဘောင်းဘီလဲဝတ်လိုက်သည်။ ဆံပင်ကို သားရေကွင်းဖြင့် စုချည်ပြီး အိုးခွက်ပန်းကန်များအား ကျွန်မ အလျင်အမြန်ပင် ဆေးကြောလေတော့သည်။ စင်ဒရဲလား တစ်ဖန်ပြန်ဖြစ်ခွင့်ရ၍ ကျွန်မ စိတ်ရောကိုယ်ပါ လွတ်လပ်နေတော့သည်။

ဟိုဆေးက အားရကျေနပ်စွာဖြင့် ကျွန်မနောက်ကျောမှနေ၍ မေးသည်။ "ဟေ့... ဒီ "မျှစ်နဲ့မှိုကြော်" က သိပ်စားလို့ကောင်းတာပဲ။ မျှစ်က ဘယ်ကနေ ရလာတာလဲ"

ကျွန်မက ပန်းကန်ဆေးရင်း သူ့အားပြန်မေးလိုက်သည်။

"ဘယ်က မျှစ်လဲ... ဒီညစားတဲ့ မျှစ်ကို ပြောတာလား" ပြောရင်း ကျွန်မ တဟားဟား ရယ်လေသည်။

"ဩော်... သခွားသီးနဲ့ မှိုကြော်ကို ရှင်ပြောတာလား..."

"ဘာ... နင်... နင်... နင် ငါ့ကို လိမ်တာတောင်မကဘူး။ နင် သူဌေးကိုတောင် လိမ်ရဲတယ်"

"သူ့ကို ကျွန်မ မလိမ်ပါဘူး။ ဒါဟာ သူ့တစ်သက်မှာစားဖူးတဲ့ အကောင်းဆုံး "မျှစ်နနဲ့မှိုကြော်" လို့ သူ့ဘာသာသူ ပြောတာနော်"

ဟိုဆေးက ကျွန်မကို စွေ့ခနဲပွေ့ချီလိုက်သည်။ ဆပ်ပြာရည်များ သူ့ခေါင်းပေါ်နှင့် မုတ်ဆိတ်ပေါ်ပေကျံသွား၏။ သူ့ပါးစပ်ကလည်း "ဝမ်ဆွေ့… ဝမ်ဆွေ့…မင်းဟာ ၇၂ မျိုး ပြောင်းလဲတတ်တဲ့ ဟိုမျောက်ပဲ။ ဘာတဲ့… သူ့နာမည် ဘာခေါ်တယ်…"

"မျောက်ဘုရင် စွန်ဝူခုန်း… ဒီတစ်ခါ ရှင်မမေ့နဲ့တော့" သူ့ခေါင်းကို တစ်ချက်ပုတ်ပြီး ကျွန်မ ပြောလိုက်လေတော့သည်။

* * *

# လက်ထပ်ခြင်းဒိုင်ယာ

(၁)

မနှစ်က ဆောင်းတွင်းနံနက်ခင်းတစ်ခု၌ ဟိုဆေးနှင့် ကျွန်မတို့ Madrid က ပန်းခြံခုံတစ်ခုတွင် ထိုင်နေခဲ့သည်။ ထိုနေ့ ရာသီဥတုက အလွန်ချမ်းအေးလှ၏။ အနွေးထည်ကို မျက်စိအောက်ရောက်သည်အထိ ကျွန်မဆွဲဖုံးထားမိပြီး စာကလေးကို အစာကျွေးဖို့လောက်သာ လက်တစ်ဖက်ကို ထုတ်ထားလိုက်သည်။ ဟိုဆေးက ဂျာကင်ဟောင်းတစ်ထည်ကို ဝတ်ဆင်ထားပြီး ပင်လယ်ရေကြောင်းခရီးသွားစာအုပ်တစ်အုပ်ကို ဖတ်နေခဲ့သည်။

"ဆမ်မောက် (Sanmao) နောက်နှစ်အတွက် ဘာစီမံကိန်းတွေချထားလဲ" သူက မေးသည်။

"ထွေထွေထူးထူးတော့ မရှိပါဘူး။ အခုစတာပြီးရင်တော့ အာဖရိက သွားချင်တယ်"

"မော်ရိုကိုကိုလား… နင်သွားပြီးပြီ မဟုတ်လား…" သူ ထပ်၍ မေးပြန်သည်။

"အယ်လ်ဂျီးရီးယား (Algeria) ကိုပဲ သွားဖူးသေးတယ်။ နောက်နှစ်မှာ ဆာဟာရ သဲကန္တာရသွားချင်တယ်"

ဟိုဆေးတွင် ကောင်းကွက်ကြီးတစ်ခုရှိသည်။ ကျွန်မလုပ်သမျှ တခြားသူ၏အကြည့်တွင် ရူးသွပ်သည့်အပြုအမူများက သူ၏အကြည့်တွင် သဘာဝကျနေသည်။ ထို့ကြောင့် သူနှင့်အတူနေရသည်မှာလည်း ပျော်ရွှင်စရာကောင်းသည်။

"ရှင်ရော…" သူ့အား ကျွန်မမေးလိုက်သည်။

"နွေကျရင် ကိုယ်ပင်လယ်ထွက်မယ်။ ကျောင်းတက်၊ စစ်မှုထမ်းတဲ့ အလုပ်တော့ ခက်ခက်ခဲခဲ ပြီးသွားခဲ့ပြီ"

လက်ကို နောက်စေ့ နားက လည်ပင်းပေါ် သူမြှောက်တင်လိုက်သည်။ "သင်္ဘောကရော…" သူ သင်္ဘောသေးလေးတစ်စင်း လိုချင်နေသည်ကို ကျွန်မသိသည်။

"ဟောဆုအဖေမှာ သင်္ဘောတစ်စင်းရှိတယ်။ ငါတို့ကို ငှားပေးမယ်တဲ့။ နောက်နှစ်မှာ ဂရိက Aegean ပင်လယ်သွားပြီး ရေသွားငုပ်မယ်" ဟိုဆေးကို ကျွန်မယုံသည်။ အပြောနှင့်အညီ သူလုပ်တတ်သည်။

"ဆာဟာရမှာ ဘယ်လောက်နေမယ်စိတ်ကူးလဲ။ ဘာသွားလုပ်မှာလဲ"

"နှစ်ဝက်၊ တစ်နှစ်လောက်တော့ နေမှာပေါ့။ သဲကန္တာရနဲ့ ကျွန်မ ရင်းနှီးချင်တယ်" မူလတန်းပထဝီဝင်သင်ရပြီးကတည်းက ကျွန်မ၌ ထိုစိတ် ဆန္ဒရှိခဲ့သည်။

"ငါတို့လူခြောက်ယောက် ပင်လယ်ထွက်မယ်။ နင့်ကိုလည်း ထည့် တွက်ထားတယ်။ ရှစ်လပိုင်း အမီ ပြန်လာနိုင်လား"

အင်္ကျီကို နာခေါင်းပေါ်အောင် ကျွန်မဆွဲချလိုက်ပြီး သူ့အား စိတ် လှုပ်ရှားစွာ ကြည့်လိုက်သည်။

"သင်္ဘောပေါ်က ကိစ္စကို ကျွန်မမှနားမလည်တာ။ ကျွန်မကို ဘာ လုပ်ခိုင်းစေချင်လို့လဲ" လေသံတွင် အားရဝမ်းသာသံပါနေသည်။

"နင်က ထမင်းဟင်းချက်နဲ့ ဓာတ်ပုံရိုက်တာလုပ်ရမယ်။ ပြီးတော့ ငါ့ပိုက်ဆံကို နင်ထိန်းရမယ်။ လုပ်မှာလား"

"ကျွန်မလည်း လိုက်ချင်တယ်။ ရှစ်လပိုင်း ကန္တာရကနေ အမီ ပြန် မလာနိုင်မှာပဲ စိုးတယ်။ ဘယ်လိုလုပ်ရင် ကောင်းမလဲ… ကျွန်မ နှစ်ခုစလုံး လုပ်ချင်တယ်" အလုပ်နှစ်ခု တစ်ပြိုက်နက်တည်းလုပ်ချင်သည့် ကျွန်မကို ဟိုဆေး သိပ်မကြည်တော့ဘဲ အသံကျယ်ဖြင့်…

"နင်နဲ့သိတာ ကြာလှပြီ။ နင်က အဲဒီလိုပဲ တောင်ပြေး မြောက်ပြေးနဲ့။ ငါ ခက်ခဲခဲခဲစစ်မှုထမ်းပြီးတာတောင် နင်က တစ်ယောက်တည်း လျှောက်သွား ချင်နေသေးတယ်။ ဘယ်အချိန်ကျမှ နင်နဲ့အတူနေရမှာလဲ"

ဟိုဆေးက ကျွန်မအပေါ် မကျေမနပ်ရှိခဲ့၏။ သူ့အား ကျွန်မ ထူးဆန်းစွာ တစ်ချက်ကြည့်ရင်း ပေါင်မုန့်ကို အဝေးသို့ အားနှင့်ကြဲလိုက်သည်။ သူ့အသံကြောင့် စာကလေးများလန့်ပြီး ထပျံကုန်သည်။

"နင် တကယ်ပဲ သဲကန္တာရကို သွားမှာလား" ကျွန်မကို သူထပ်၍ မေးသည်။ ခေါင်းကို ကျွန်မ ခပ်လေးလေးညိတ်လိုက်သည်။ ကျွန်မ ဘာလုပ်မည်ဆိုသည်ကို ကျွန်မ ရှင်းရှင်းလင်းလင်းသိထားသည်။

"ကောင်းပြီ..." သူ ခပ်ဆောင့်ဆောင့်ဆိုရင်း စာအုပ်ပြန်ဖတ်နေလိုက်သည်။ ဟိုဆေးက နဂိုစကားအလွန်များသူဖြစ်သည်။ လူကို အလွန်အနှောင့်အယှက်ပေး၏။ သို့သော် စိတ်ခုလျှင် သူစကားလုံးဝမပြောတော့ပါ။ ဒီနစ် ဖေဖော်ဝါရီလအစတွင် အသံမပေးဘာမပေးနှင့် သူအလုပ်တစ်ခု ရလိုက်သည်။ (ဆာဟာရ သဲကန္တာရတစ်ဝိုက်က အလုပ်ကို သူတမင်လျှောက်ခဲ့ခြင်းဖြစ်သည်။) အိပ်ရာလိပ်၊ အဝတ်အစားများ ထုပ်သိမ်းပြီး ကျွန်မထက် အလျင် အာဖရိကကို သူထွက်သွားလိုက်သည်။

"ကျွန်မအတွက်နဲ့ ရှင် သဲကန္တာရဆီ သွားစရာမလိုပါဘူး။ သွားလိုက်ပြီဆိုရင်လည်း အချိန်အတော်များများမှာ ကျွန်မတို့ ကိုယ့်ခရီးကိုယ် သွားနေကြမှာပဲ။ ရှင်နဲ့ အမြဲတွေ့မြင်နေရမှာ မဟုတ်ပါဘူး" ဟု သူ့ဆီ ကျွန်မ စာရေးလိုက်သည်။

"ငါ သေချာစဉ်းစားပြီးပါပြီ။ နင့်ကို ငါ့နံဘေးမှာရှိစေချင်ရင် နင်နဲ့ လက်ထပ်မှပဲ ရမယ်။ ဒီလိုမှမဟုတ်ရင် ငါ့စိတ်က ဒီနာကျင်တဲ့ခံစားချက်ကို ဘယ်လိုမှပျောက်ဖျက်ပစ်နိုင်မှာ မဟုတ်ဘူး။ နွေရာသီမှာ ငါတို့ လက်ထပ်ကြရအောင်နော်" ဟိုဆေး၏ပြန်စာက ရိုးရှင်းသော်လည်း ကျွန်မ ၁၀ ခေါက်လောက် ဖတ်လိုက်မိသည်။ ထို့နောက် စာကိုဘောင်းဘီရှည်အိတ်ထဲ ထိုးထည့်လိုက်ပြီး လမ်းမပေါ် တစ်ညလုံး လမ်းသလားနေလိုက်သည်။ အိမ်ပြန်ရောက်သည်နှင့် ဆုံးဖြတ်ချက်ချလိုက်သည်။

ယခုနှစ် ဧပြီလလယ်တွင် ကျွန်မ ကိုယ့်ပစ္စည်းကိုယ်သိမ်းပြီး Madrid က အိမ်ကို ပြန်အပ်လိုက်သည်။ ထို့နောက် စပိန်ပိုင်နက် ဆာဟာရ သဲကန္တာရသို့ ရောက်လာခဲ့သည်။ ထိုညဉ့် ဟိုဆေးက သူ့ကုမ္ပဏီအဆောင် တွင် ညအိပ်သည်။ ကျွန်မက Laayoune ဟုခေါ်သည့် မြို့လေးတွင် နေ၏။ ၎င်းနှစ်နေရာမှာ အသွားအပြန် ၆၂ မိုင်ခန့် ရှိသည်။ သို့သော် ဟိုဆေးက ကျွန်မကို နေ့တိုင်းလာတွေ့ခဲ့သည်။

"ကောင်းပြီ... ငါတို့ အခုလက်ထပ်လို့ရပြီ" သူဝမ်းသာအားရ ပြောပြီး မျက်နှာရွှင်လန်းနေသည်။

"အခု မရသေးဘူး။ ကျွန်မကို သုံးလလောက် အချိန်ပေးဦး။ ကျွန်မ နေရာအနှံ့လျှောက်ကြည့်ချင်သေးတယ်။ ကျွန်မပြန်လာမှ ကျွန်မတို့လက်ထပ် ကြမယ်"

ထိုအချိန်က ဆာဟာရဝီ (Sahrawi=ဆာဟာရတွင် နေထိုင်သည့် ဒေသခံ)၏ လမ်းညွှန်မှုဖြင့် သဲကန္တာရကိုဖြတ်ပြီး မြောက်အာဖရိကသို့သွားဖို့ ကျွန်မအခွင့်အရေး ရှာနေချိန်ဖြစ်သည်။

"ဒါကို ငါခွင့်ပြုတယ်။ ဒါပေမဲ့ တရားရုံးသွားပြီး လက်ထပ်တဲ့ကိစ္စ မေးရမယ်။ ပြီးတော့ နင်နိုင်ငံသားခံယူတာ မေးရမယ်" လက်ထပ်ပြီးနောက် ကျွန်မတို့ ကိုယ့်နိုင်ငံသားကိုယ်ခံယူဖို့ ပြောပြီးသားဖြစ်သည်။

ထို့နောက် တရားရုံးတွင် မည်ကဲ့သို့လက်ထပ်နိုင်ကြောင်း ကျွန်မ တို့ အတူသွားမေးခဲ့ကြသည်။ အတွင်းရေးမှူးက တစ်ခေါင်းလုံး ဆံပင်ဖြူဖွေး နေသည့် စပိန်အဘိုးအိုတစ်ဦးဖြစ်သည်။

"လက်ထပ်ဖို့အတွက်လား။ အင်း... ကျွန်တော်တို့ မလုပ်ခဲ့ဖူးဘူး။

ဒီဒေသမှာ ဆာဟာရစီတွေက သူတို့ဓလေ့နဲ့သူတို့ လက်ထပ်ကြတာကို မင်းတို့သိတယ် မဟုတ်လား။ ကျွန်တော် ဥပဒေစာအုပ်လှန်လိုက်ကြည့်မယ်"

အဘိုးအိုမှာ တစ်ဖက်က စာအုပ်လှန်ကြည့်ရင်း တစ်ဖက်ကလည်း "တရားဝင်လက်ထပ်တာ။ ဟော... ဒီမှာ ဒါဖြစ်မယ်။ မွေးစာရင်းလိုမယ်၊ တစ်ကိုယ်ရေသမားဖြစ်တဲ့ သက်သေလိုမယ်။ တရားရုံးဆင့်ခေါ်စာလိုမယ်။ ဒီမိန်းကလေးက စာရွက်စာတမ်းတွေကို ထိုင်ဝမ်ကနေမှာပြီး ပေါ်တူဂီမှာရှိတဲ့ တရုတ်သံရုံးကနေ ဘာသာပြန် သက်သေတင်ပြရမယ်။ သက်သေတင်ပြပြီးရင် တစ်ခါ ပေါ်တူဂီက စပိန်သံရုံးကို တင်ပြရမယ်။ တစ်ဖန် စပိန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဒီဒေသအစိုးရဆီ တင်ပြပြီး စစ်ဆေးမယ်။ စစ်ဆေးပြီးနောက် ကျွန်တော်တို့ ၁၅ ရက်ကြာ ကြေညာချက်ထုတ်ပြန်မယ်။ အဲဒီနောက် မင်းတို့ အိမ်ထောင်စုရှိတဲ့ Madrid က ဒေသတရားရုံးဆီ တင်ပြမယ်"

ကျွန်မက စာရွက်စာတမ်းဖြည့်ရသည်ကို နဂိုကတည်းက မနှစ်သက်သူ ဖြစ်သည်။ အတွင်းရေးမှူး ရွတ်ဆိုပြသည်ကို နားထောင်မိသည်နှင့် စိတ်က ရှုပ်ထွေးလာခဲ့တော့သည်။

"ကြည့်စမ်း... စာရွက်စာတမ်း အမျိုးမျိုးနဲ့ ရှုပ်လိုက်တာ။ ကျွန်မတို့ လက်ထပ်ကြဦးမှာလား" ဟိုဆေးကို ကျွန်မတိုးတိုးလေး မေးလိုက်သည်။

"လက်ထပ်မှာပေါ့။ နင် အခု စကားသိပ်မပြောနဲ့" သူက စိတ်လှုပ်ရှားစွာပြောရင်း အတွင်းရေးမှူးကို ဆက်၍ပြောလိုက်သည်။

"ဘယ်လောက်ကြာမှ ကျွန်တော်တို့ လက်ထပ်လို့ရနိုင်မလဲ"

"အင်း... ဒါတော့ မင်းတို့အပေါ် မူတည်တာပေါ့။ စာရွက်စာတမ်း စုံတာနဲ့ ကြေညာချက်ထုတ်လို့ရပြီ။ ဒေသနစ်နေရာ ကြေညာချက်ထုတ်ဖို့

တင် တစ်လကြာမယ်။ နောက်ပြီး စာရွက်စာတမ်းတွေ ဟိုပို့ဒီပို့နဲ့ဆိုတော့ ကျွန်တော်ကြည့်ရတာ သုံးလလောက်ဆိုရင် ရပြီထင်တယ်" အတွင်းရေးမှူးက စာအုပ်ကို နေးနေးကွေးကွေး ပိတ်လိုက်လေသည်။

အဘိုးအိုစကားကြားသည်နှင့် ဟိုဆေးစိတ်လှုပ်ရှားတော့သည်။ သူ ချွေးသုတ်လိုက်ပြီး ထစ်အအနှင့် မေးပြန်သည်။ "ကူညီပါဗျာ။ ဒီထက် မြန်လို့မရနိုင်ဘူးလား။ ကျွန်တော်က မြန်မြန်လက်ထပ်ရလေ ကောင်းလေပါ။ ကျွန်တော်တို့ စောင့်လို့မရဘူး..."

အတွင်းရေးမှူးက စာအုပ်ကို စာအုပ်စင်ပေါ်တင်ရင်း တစ်ဖက်ကလည်း ကျွန်မခါးပိုင်းကို တစ်ချက်အမြန်ကြည့်လိုက်သည်။ ကျွန်မ အကဲဆတ်လှသည်။ ဟိုဆေး၏အပြောကို သူအထင်လွဲပုံရသောကြောင့် "ဦးရေ... ကျွန်မက မြန်မြန်နေးနေးကိစ္စမရှိဘူး။ သူကသာ အဖြစ်သည်းနေတာ" ဟု အမြန်ပြောလိုက်သည်။ ပြောပြီးသည်နှင့် ထိုစကား အနှောင့်အသွား မလွတ်သည်ကို သိလိုက်ပြီး ချက်ချင်း ပါးစပ်ပိတ်နေလိုက်တော့သည်။

ဟိုဆေးက ကျွန်မလက်ညှိုးကို အားဖြင့်ဆွဲလိမ်ရင်း "ကျေးဇူးတင်ပါတယ်...ကျေးဇူးတင်ပါတယ်...ကျွန်တော်တို့ချက်ချင်းသွားဆောင်ရွက်မှာပါ" ဟု အတွင်းရေးမှူးအား ပြောလိုက်သည်။ ပြောပြီးပြီးချင်း ကျွန်မကိုဆွဲပြီး တရားရုံးတတိယထပ်သို့ အမြန်ပြေးသွားလေတော့သည်။ ကျွန်မပြေးရင်း မနားတမ်း တခစ်ခစ်ရယ်သည်။ တရားရုံးအပြင်ရောက်မှ အပြေးရပ်လေ၏။

"ဘာ ငါအဖြစ်သည်းတာလဲ။ နင် ဘာပြောတာလဲ။ ငါကပဲ ကိုယ်ဝန်ရှိသလိုလို" ဟိုဆေး စိတ်တိုတိုအော်သည်။ ကျွန်မရယ်နေ၍ သူ့အား စကားပြန်မပြောနိုင်ခဲ့ပါ။

****

(၂)

သုံးလတာကာလက အမြန်ပြီးဆုံးသွားလေပြီ။ ထိုအတောအတွင်း ဟိုဆေး ကြိုးစားပြီး ငွေရှာသလို အိမ်ပရိဘောဂများကို ပြုလုပ်သည်။ ထို့ပြင် သူ့ပစ္စည်းများကို တစ်နေ့နည်းနည်းစီ ကျွန်မနေထိုင်ရာသို့ သယ်လာခဲ့သည်။ ကျွန်မမှာတော့ ကျောပိုးအိတ်လွယ်၊ ကင်မရာယူပြီး အိမ်ရာအတည်တကျမရှိ၊ နေရာအနှံ့ လှည့်လည်နေထိုင်သောလူမျိုးတို့၏ ရွက်ဖျင်တဲမြောက်မြားစွာသို့ ရောက်ရှိခဲ့သည်။ အရောင်စုံသည့် မတူသောရှုခင်းများစွာကို ကြည့်ခဲ့သည်။ ဒိုင်ယာရီရေးမှတ်ခဲ့သည်။ ဖလင်လိပ်များ စီစဉ်ခဲ့သည်။ ဆာဟာရဝီများစွာနှင့် မိတ်ဖွဲ့ခဲ့သည်။ အာရဗီစကားကို စတင်သင်ယူခဲ့သည်။ နေ့ရက်များမှာ အကျိုးရှိသလို ပျော်ရွှင်ခဲ့သည်။

ကျွန်မတို့အသေအချာလုပ်နေသည်ကတော့ ဦးနှောက်ခြောက်စရာ အလွန်ကောင်းသည့် လက်ထပ်ဖို့အတွက် စာရွက်စာတမ်းစုစည်း တင်ပြခြင်းပင်ဖြစ်သည်။ ယခုပြန်တွေးကြည့်လျှင်လည်း အဖျားတက်ချင်ပါသည်။

နေ့ရက်က ပူပြင်းလှသည်။ ကျွန်မနေသည့်နေရာ၌ အိမ်နံပါတ် မရှိသောကြောင့် စာတိုက်တွင် စာတိုက်ပုံးတစ်ခုငှားကာ နေ့တိုင်းတစ်နာရီ ကြာမျှ လမ်းလျှောက်ပြီး စာသွားယူရသည်။ ရောက်သည်မှာ သုံးလမျှသာ ဆိုသော်လည်း မြို့ထဲမှ လူတော်တော်များများက ကျွန်မကို မှတ်မိသွားပြီ ဖြစ်သည်။ အထူးသဖြင့် နေ့တိုင်းရောက်သည့် စာတိုက်၊ တရားရုံးက လူများနှင့် ကျွန်မ မိတ်ဆွေဖြစ်သွားခဲ့သည်။

ထိုနေ့က တရားရုံးထဲတွင် ကျွန်မထိုင်နေသည်။ လူကို မခံမရပ် နိုင်လောက်အောင် နေက မီးကဲ့သို့ပင် ပူပြင်းလွန်းလှ၏။ အတွင်းရေးမှူးက

ကျွန်မအား "အင်း... နောက်ဆုံး Madrid တရားရုံးက ကြေညာချက် ထုတ်ပြန်လိုက်ပြီ။ မင်းတို့ လက်ထပ်လို့ရပြီ" ဟု ဆိုသည်။

"တကယ်..." လူးလာခေါက်ပြန်သည့် ထိုစာရွက်စာတမ်းစစ်ပွဲကြီး ပြီးဆုံးသွားပြီကို ကျွန်မ မယုံကြည်နိုင်ဖြစ်မိသည်။ "မင်းတို့ကို နေ့ရက်ကောင်း စီစဉ်ပေးမယ်" ဟု အတွင်းရေးမှူးက ရယ်ကျဲကျဲပြောသည်။

"ဘယ်တော့လဲ..." ကျွန်မ အလောသုံးဆယ်မေးလိုက်သည်။

"မနက်ဖြန် ညနေ ၆ နာရီ"

"မနက်ဖြန် ဟုတ်လား။ ဦးပြောတာ မနက်ဖြန်လား"

ကျွန်မ၏လေသံက မယုံကြည်နိုင်စရာဖြစ်နေပြီး ပျော်ရွှင်ပုံမရသည်မို့ အတွင်းရေးမှူး စိတ်ဆိုးသွားပုံရသည်။ ကျွန်မက ကျေးဇူးတရားမသိတတ်သည့် ပုံစံမျိုးမို့ထင်သည်။

"ဟိုဆေးက မြန်လေကောင်းလေလို့ ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ မနက်ဖြန်လာပါမယ်"

ကျွန်မက အိပ်မက်ထဲလမ်းလျှောက်နေသလို အောက်ထပ်ဆင်းခဲ့သည်။ စာတိုက်အဆင်း လှေကားထစ်တွင် ထိုင်ပြီး သဲကန္တာရကို ငေးစိုက်ကြည့်နေခဲ့တော့သည်။

ထိုအချိန်၌ ဟိုဆေးတို့ကုမ္ပဏီက ကားဆရာ၏ ဂျစ်ကား ဖြတ်သွားသည်ကို တွေ့လိုက်သည်။ ကားဆရာကို ကျွန်မ အမြန်လိုက်ခေါ်ပြီး "မိုဟာမက်ဇာရီ... ကုမ္ပဏီကို သွားမှာလား။ ဟိုဆေးကို စကားပါးချင်လို့ပါ။ ဟိုဆေးကိုပြောပေးပါ။ မနက်ဖြန် ကျွန်မတို့လက်ထပ်မယ်လို့ မြို့ထဲကို လာခဲ့ပါလို့"

"ဟိုဆေးက မနက်ဖြန် သူလက်ထပ်မယ်ဆိုတာကို မသိဘူးလား" မိုဟာမက်ဇာရီက ခေါင်းကုတ်ရင်း ထူးဆန်းစွာမေးသည်။

"သူမသိဘူး။ ကျွန်မလည်းမသိဘူး" ကျွန်မ အော်ပြောတော့ ကျွန်မ ပုံစံကိုကြည့်ပြီး ကားဆရာက ကြောက်လန့်သွားဟန်ဖြင့် ကားကို ယိုင်တိယိုင်တိုင် မောင်းနှင်ထွက်ခွာသွားတော့သည်။ ကျွန်မ စကားပြောမှားသွားပြီဆိုသည်ကို ကျွန်မသတိထားမိလိုက်၏။ လက်ထပ်ဖို့ ကျွန်မရူးမတတ်စောင့်နေရသည်ဟု သူထင်သွားပြီထင်ပါသည်။ ရုံးဆင်းချိန်တောင် မရောက်သေးခင် ဟိုဆေးရောက်လာခဲ့သည်။

"တကယ်ပဲ မနက်ဖြန်လား" အိမ်ထဲဝင်ရင်း သူ မယုံကြည်နိုင်စွာမေးသည်။ "တကယ်ပေါ့တယ်။ လာ... ကျွန်မတို့ အိမ်ကိုဖုန်းဆက်ကြစို့" သူ့အားဆွဲပြီး အိမ်ပြင်ထွက်လာခဲ့သည်။

"အခုမှ အကြောင်းကြားမိတာ တောင်းပန်ပါတယ်။ ကျွန်တော်တို့လည်း မနက်ဖြန်လက်ထပ်မယ်ဆိုတာကို ကြိုမသိခဲ့လို့ပါ။ ခွင့်လွှတ်ပါ" ဟိုဆေး၏ကြေးနန်းက စာရေးသလို ရှည်လှသည်။

ကျွန်မက မိဘနာမည်ဖြင့်ကြေးနန်းချိတ်ပြီး "မနက်ဖြန် လက်ထပ်မယ်...ဆမ်မောက်" ဟုသာ ရေးလိုက်သည်။ ကြေးနန်းရလျှင် အဖေနှင့်အမေ မည်မျှပျော်ရွှင်စိတ်ချမည်ဆိုသည်ကို ကျွန်မသိသည်။ နှစ်တော်တော်များများမှာ သူတို့ကို စိတ်ပူစေသောသူသည် နေရာအနှံ့ လေလွင့်နေသည့် ကျွန်မဖြစ်သောကြောင့်ဖြစ်သည်။ သူတို့ကိုလည်း ကျွန်မအားနာလှပြီ။

"ဟော့... မနက်ဖြန် နင်ဘာဝတ်မှာလဲ"

ဟိုဆေးက မေးသည်။

"မသိသေးဘူး။ တွေ့ရာဝတ်တာပေါ့"

"ငါ ခွင့်တိုင်ဖို့ မေ့သွားတယ်။ မနက်ဖြန် အလုပ်သွားရဦးမယ်" ဟိုဆေး၏စကားသံတွင် စိတ်ရှုပ်သံပါနေသည်။

"သွားလေ။ ညနေ ၆ နာရီမှ လက်ထပ်တာပဲ။ အလုပ်ကို တစ်နာရီစောဆင်းပြီး အမြန်ပြန်လာခဲ့ပေါ့" ဒီနေ့လက်ထပ်လည်း ဒီနေ့အလုပ်သွားနိုင်သည်ဟု ကျွန်မတွေးလိုက်သည်။

"အခု ငါတို့ ဘာလုပ်မှာလဲ။ ကြေးနန်းပို့လိုက်ပြီ" ထိုနေ့က ဟိုဆေးကြောင်တောင်တောင် ဖြစ်နေသည်။

"အိမ်ပြန်ပြီး ပရိဘောဂသွားလုပ်မယ်။ စားပွဲခုံ သံမရိုက်ရသေးဘူး။ ကျွန်မရဲ့ပြတင်းလိုက်ကာလည်း တစ်ဝက်လိုသေးတယ်" ဟိုဆေး ဘာဖြစ်လို့ ခါတိုင်းနှင့်မတူဘဲ ကြောင်တောင်တောင်ဖြစ်နေသည်ကို ကျွန်မစဉ်းစားမရပါ။

"လက်မထပ်ခင် တစ်ညမှာလည်း အလုပ်လုပ်ရမှာလား" ကြည့်ရသည်မှာ သူကြိုပြီး အခမ်းအနားကျင်းပချင်ပုံပေါ်၏။ အချောင်ခိုချင်သည်ကိုး...

"ဒါဆို ရှင်ဘာလုပ်ချင်လဲ" သူ့အား ကျွန်မမေးလိုက်သည်။

"နင့်ကိုခေါ်ပြီး ရုပ်ရှင်သွားကြည့်ချင်တယ်။ မနက်ဖြန်ကစ နင်ဟာ ငါ့ချစ်သူမဟုတ်တော့ဘူး" ဤသို့နှင့် သဲကန္တာရရှိတစ်ခုတည်းသော ရုပ်ရှင်ရုံတွင် "Zorba the Greek (1964)" ကားကောင်းတစ်ကားကို ကျွန်မတို့သွားကြည့်သည်။ တစ်ကိုယ်ရေဘဝကို ကျောခိုင်းသည့် အထိမ်းအမှတ်အဖြစ်နဲ့ပေါ့။

****

(၃)

နောက်တစ်နေ့ ဟိုဆေးတံခါးလာခေါက်ချိန်တွင် ကျွန်မ နေ့လယ်တရေးတမောအိပ်နေချိန်ဖြစ်သည်။ ရေချိုးပုံးကြီးတစ်ပုံးကို အသွားအပြန်သယ်ပြီးနောက် မောပန်းလွန်းသောကြောင့်ဖြစ်သည်။ ညနေ ၅ နာရီပင်ထိုးနေခဲ့ပြီ။ သူက အိမ်ထဲဝင်ဝင်ချင်း "မြန်မြန်ထ... နင့်ကို ငါပေးစရာရှိတယ်" ဟုစိတ်လှုပ်ရှားဝမ်းသာသည့်အသံဖြင့်အော်သည်။ လက်ထဲမှာလည်း ဘူးကြီးတစ်ဘူးကိုင်ထား၏။ ကျွန်မခြေပစ်လာနင့် အမြန်ထပြီး ဘူးကိုသွားလုရင်းပါးစပ်ကလည်း "ပန်းပဲဖြစ်ရမယ်" ဆိုသည်။

"သဲကန္တာရမှာ ဘယ်ကလာ ပန်းပွင့်မှာလဲ။ တကယ်ပဲ" ကျွန်မခန့်မှန်းချက်မှားသွားသည်ကို သူ အနည်းငယ် စိတ်ပျက်သွားပုံရသည်။

ဘူးကို ကျွန်မအမြန်ဖွင့်ကြည့်ပြီး ရှုပ်ယှက်ခတ်စွာပတ်ထားသည့်စက္ကူစုတ်တွေကို ခွာလိုက်သည်။ ဟာ... ဦးခေါင်းခွံတစ်ခုမှ မျက်လုံးနှစ်လုံးဘွားခနဲပေါ်လာသည်။ မထင်မှတ်သည့် ထိုလက်ဆောင်ကို ကျွန်မ အားနင့်ဆွဲထုတ်လိုက်ပြီး သေချာကြည့်လိုက်တော့ ကုလားအုတ်၏ ဦးခေါင်းခွံဖြစ်နေသည်။ ဖြူဆွတ်သည့်အရိုးများ မကွဲမအက် ပြည့်ပြည့်စုံစုံ ဆက်ထားသည်။ ခပ်ဟဟပါးစပ်ထဲက သွားတန်းကြီးတစ်ခုက ကျွန်မရှေ့တည့်တည့်တွင်၊ မျက်လုံးက တွင်းမည်းနှစ်ခုအဖြစ် ဟောက်ပက်ဖြစ်နေသည်။ ကျွန်မ အရမ်းဝမ်းသာမိ၏။ ထိုလက်ဆောင်က ကျွန်မနှလုံးသားထဲအထိဝင်ရောက်သွားခဲ့ပြီဖြစ်သည်။ ဦးခေါင်းခွံကိုစာအုပ်စင်ပေါ်ကျွန်မတင်လိုက်ရင်းပါးစပ်ကလည်း "ဟာ... သိပ်ခမ်းနားတာပဲ။ သိပ်ခမ်းနားတာပဲ" ဟု မနားတမ်းရွတ်နေမိသည်။ ကျွန်မနင့် ရင်ဘတ်ချင်းတူသည့် ဟိုဆေးပင်...။

"ဘယ်က ရလာတာလဲ..." ကျွန်မ မေးလိုက်သည်။

"သွားရှာတာပေါ့။ ကန္တာရထဲ သွားရှာရတာ လမ်းလျှောက်ရလွန်းလို့ သေတော့မယ်။ မပျက်မစီးတစ်ခုရတော့ နင်ကြိုက်မယ်ဆိုတာကို ငါသိတယ်လေ" သူ ကျေနပ်စွာပြောသည်။ အဲဒါက အကောင်းဆုံး မင်္ဂလာလက်ဆောင်ဖြစ်သည်။

"အဝတ်အစားမြန်မြန်သွားလဲ။ အချိန်မရှိတော့ဘူး" ဟိုဆေးက နာရီကြည့်ပြီး ကျွန်မကို အလောတကြီး ပြောလိုက်သည်။

ကျွန်မမှာ ခါတိုင်းသိပ်မဝတ်ဖြစ်သော ကြည့်ကောင်းသည့် အဝတ်အစား တော်တော်များများရှိသည်။ ဟိုဆေးကို ကျွန်မခေါင်းပြူပြီး တစ်ချက်ကြည့်လိုက်သည်။ သူက အပြာရင့်ရောင် ရှပ်အင်္ကျီတစ်ထည်ကို ဝတ်ထားသည်။ မုတ်ဆိတ်မွေးကိုလည်း နည်းနည်းညှပ်လိုက်သည်။ ကောင်းပြီ။ ကျွန်မလည်း အပြာရောင်ဝတ်မည်။ အပြာနုရောင် လီနင်သား ဂါဝန်ရှည်ကို ရှာလိုက်သည်။ ဂါဝန်က အသစ်မဟုတ်သော်လည်း ရိုးရှင်းကျက်သရေရှိသည့် စတိုင်လ်တစ်မျိုးရှိသည်။ ဖိနပ်က ဖိနပ်ပါးတစ်ရံဖြစ်သည်။ ဆံပင်ကို ချလိုက်ပြီး မြက်ဦးထုပ်ဝိုင်းကြီးတစ်ခုကို ဆောင်းလိုက်သည်။ ပန်းမရှိသောကြောင့် မီးဖိုထဲမှ တရုတ်နံနံတစ်ပင်ကိုယူပြီး ဦးထုပ်ပေါ်ထိုးလိုက်သည်။ လက်ကိုင်အိတ်မသုံးသောကြောင့် လက်နစ်ဖက်က လွတ်နေသည်။ ဟိုဆေးက ကျွန်မကို တစ်ချက်အကဲခတ်ပြီး "သိပ်ကောင်းတယ်။ လယ်တောသူမစတိုင်လ်၊ ရိုးရှင်းပေမယ့် အရမ်းလှတယ်" ဟု ပြောသည်။ ထို့နောက် အိမ်သော့ခတ်ပြီး သဲကန္တာရထဲ ကျွန်မတို့ လျှောက်လှမ်းဝင်ရောက်သွားတော့သည်။

ကျွန်မနေသည့်နေရာကနေ မြို့လေးဆီ မိနစ် ၄၀ ခန့် သွားရသည်။

ကားမရှိသောကြောင့် လမ်းလျှောက်သွားရသည်။ အဆုံးအစမဲ့သည့် မိုးကောင်းကင် သဲဝါဝါအောက်တွင် ကျွန်မတို့နှစ်ဦး၏ သေးငယ်သော အရိပ်နှစ်ခုသာ လျှောက်လှမ်းနေသည်။ ဝန်းကျင်တစ်ခုလုံး အထီးကျန်ဆန်လှ၏။ ယခုလိုအချိန်မျိုးတွင် သဲကန္တာရက တကယ်လှပလွန်းနေတော့သည်။

"လမ်းလျှောက်မင်္ဂလာဆောင်တဲ့သူတို့သမီးမှာ နင်က ပထမဆုံးတစ်ယောက်ဖြစ်လိမ့်မယ်" ဟိုဆေးက ပြောသည်။

"ကျွန်မကတော့ ကုလားအုတ်တစ်ကောင်စီးပြီး မြို့ထဲ ဒုန်းစိုင်းပြေးသွားချင်တာ။ ဘယ်လောက် ခန့်ညားထည်ဝါလိမ့်မလဲ ရှင်စဉ်းစားကြည့်။ နမြောလိုက်တာ" ကုလားအုတ်မစီးရ၍ ကျွန်မသက်ပြင်းချမိသည်။

တရားရုံးဆီမရောက်ခင် "လာပြီ... လာပြီ" ဆိုသည့် အသံကို ကြားလိုက်မိသည်။ မသိကျွမ်းသည့်လူတစ်ယောက်က ရှေ့တိုးပြီး ဓာတ်ပုံလာရိုက်သည်။

"ဓာတ်ပုံရိုက်ဖို့ ရှင် လူခေါ်ထားတာလား" ဟိုဆေးကို ကျွန်မမေးတော့ "မခေါ်ထားပါဘူး။ တရားရုံးက ထင်တယ်" သူ ရုတ်တရက် စိတ်လှုပ်ရှားလာတော့သည်။ အပေါ်ထပ်ရောက်တော့ တရားရုံးက လူများကို အနောက်တိုင်းဝတ်စုံကိုယ်စီဖြင့် တွေ့သည်။ နက်ခ်တိုင်ပါ စည်းထားသည်။ ယှဉ်ကြည့်လိုက်တော့ ဟိုဆေးက ထိုပွဲကို လာကူညီသူနှင့် ပိုတူနေလေ၏။

"သွားပြီ... ဟိုဆေး သူတို့က တခမ်းတနားလုပ်နေကြတာ။ ဒုက္ခပဲ" နဂိုကတည်းက တခမ်းတနားပြုလုပ်သော အထိမ်းအမှတ်မျိုးကို မနှစ်သက်သော ကျွန်မက ဒီတစ်ကြိမ်မှာတော့ ပြေးမလွတ်တော့ပေ။

"ခဏလောက်သည်းခံ။ မြန်မြန်ပြီးသွားမှာပါ" ဟိုဆေးက ကျွန်မကို

နှစ်သိမ့်သည်။ အတွင်းရေးမှူးက အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး နက်ခ်တိုင်သေးတစ်ခု စည်းထားသည်။

"လာ... လာ... ဒီဘက်ကိုလာ"

မျက်နှာပေါ်စီးကျနေသည့် ချွေးစက်များကို သူက သုတ်ခွင့်တောင် မပေးဘဲ ကျွန်မကို မင်္ဂလာခန်းမထဲ ဆွဲခေါ်သွားသည်။ မင်္ဂလာခန်းမသေး လေးထဲတွင် သိကျွမ်းရင်းနှီးသူများ ထိုင်နေသည်ကို တွေ့လိုက်ရသည်။ အားလုံးက ကျွန်မနှင့်ဟိုဆေးကို ရယ်ကျဲကျဲကြည့်နေကြသည်။ ဘုရားရေ... သူတို့ ဘယ်လိုသိတာပါလိမ့်။ တရားသူကြီးက ကျွန်မတို့နှင့် မတိမ်းမယိမ်း နပျိုသူဖြစ်သည်။ အနက်ရောင် ဥပဒေဝတ်စုံကို ဝတ်ဆင်ထားသည်။

"ဒီမှာထိုင်ပါ။ ဒီကိုကြွပါ"

ကျွန်မတို့က ရုပ်သေးရုပ်များလို သူများအစီအစဉ်ချပေးသည်ကို ခံနေသည်။ ချွေးများက ဟိုဆေး၏ မုတ်ဆိတ်ပေါ်အထိ စီးကျနေခဲ့သည်။ ကျွန်မတို့ နေရာအတည်တကျထိုင်ပြီးသည်နှင့် အတွင်းရေးမှူးက စကား စလိုက်သည်။

"စပိန်ဥပဒေအောက်မှာ မင်းတို့ အချက် သုံးချက်ကို လိုက်နာရ ပါမယ်။ အခု ကျွန်တော် ဖတ်ပြပါမယ်။ ပထမအချက်... လက်ထပ်ပြီးနောက် နှစ်ဦးနှစ်ဖက် အတူနေရပါမယ်"

ပထမအချက်ကို နားထောင်ပြီး ဒါ အပိုစကားပင်။ အရယ်ရဆုံး ဟာသပဲဟု ကျွန်မတွေးသည်။ တစ်ယောက်တည်း ကျိတ်ရယ်မိသည်။ ထို့နောက် အတွင်းရေးမှူး ပြောသွားသမျှကိုလည်း နားမထောင်မိခဲ့ချေ။ တရားသူကြီးက ကျွန်မ၏နာမည်ကိုခေါ်မှ ကျွန်မ အမြန်ပြန်ဖြေမိသည်။

"မစ္စဆမ်မောက်"

"ဘာလဲရှင်..." ထိုင်နေသူများ ရယ်မောကြသည်။

"ကျေးဇူးပြုပြီး ထရပ်ပေးပါ" ကျွန်မ ဖြည်းဖြည်းချင်း ထရပ်လိုက်သည်။

"မစ္စတာဟိုဆေး... ခင်ဗျားလည်း ထရပ်လိုက်ပါ"

ရှုပ်လိုက်တာ... ဘာဖြစ်လို့ မင်းတို့နှစ်ယောက် ရပ်လိုက်ပါလို့ ဘာကြောင့်မပြောတာလဲ။ အချိန်ကုန်သက်သာတာပေါ့။

ထိုအချိန်တွင် စာရွက်ကိုင်ထားသော တရားသူကြီး၏ လက် တုန်နေသည်ကို ကျွန်မ ရုတ်တရက် သတိထားမိလိုက်သည်။ ဟိုဆေးကို ကျွန်မ သာသာလေးထိပြီး ကြည့်နိုင်းလိုက်သည်။ အဲဒါက သဲကန္တာရတွင် ပထမဦးဆုံး လက်ထပ်လက်မှတ်ထိုးခြင်းဖြစ်သည်။ တရားသူကြီးက ကျွန်မတို့ထက်ပင် စိတ်လှုပ်ရှားနေတော့သည်။

"ဆမ်မောက်... ဟိုဆေးရဲ့ဇနီးလုပ်ဖို့ သဘောတူပါသလား"

တရားသူကြီးက ကျွန်မကိုမေးသည်။ "တူပါတယ်" ဟု ဖြေရမည်ကို သိသော်လည်း ဘယ်လိုလုပ်ပြီး "ကောင်းပြီ" ဟု ကျွန်မဖြေမိသည်မသိ။ တရားသူကြီး ရယ်လေတော့သည်။ တစ်ဖန် ဟိုဆေးကိုမေးတော့ သူက "တူပါ တယ်" ဟု အသံကျယ်ကျယ်ဖြေသည်။ ကျွန်မတို့နှစ်ယောက်သား ဖြေပြီးသွား သော်လည်း တရားသူကြီးက နောက်တစ်ဆင့် မည်သို့ဆက်လုပ်ရမည်ကို မသိသည့် ပုံစံမို့ ကျွန်မတို့သုံးယောက်သား ဆိတ်ဆိတ်ငြိမ်ငြိမ် ရပ်နေမိ တော့သည်။ ထို့နောက် ရုတ်တရက် "ကောင်းပြီ... မင်းတို့ လက်ထပ်လိုက် ကြပြီ။ကွန်ဂရက်ကျူလေးရှင်းစ်ပါ" ဟု တရားသူကြီးက ပြောသည်။

အခမ်းအနားပြီးမြောက်ကြောင်းကြားသည်နှင့် ကျွန်မသွက်လက်လာသည်။ ဦးထုပ်ကိုချွတ်ပြီး ယပ်တောင်သဖွယ် ယပ်ခတ်နေလိုက်သည်။ လူအများက ကျွန်မတို့ကို လက်ဆွဲနှုတ်ဆက်ကြသည်။ အတွင်းရေးမှူးက ကျွန်မတို့၏ အုပ်ထိန်းသူနှယ် အထူးဝမ်းသာပျော်ရွှင်နေသည်။

"ဟင်း... နင်တို့ရဲ့ လက်ထပ်လက်စွပ်ရော" လူတစ်ယောက်က ရုတ်တရက်မေးသည်။ ဟုတ်သားပဲ။ လက်စွပ်ရော... ဟိုဆေးကို လှည့်ပတ်ရှာကြည့်တော့ သူက လူသွားစကြံ်ပေါ် ရောက်နေပါပြီ။

"ဟေ့... လက်စွပ်ယူလာခဲ့ရဲ့လား" ဟိုဆေးကို ကျွန်မ အော်မေးလိုက်သည်။

"ဒီမှာ... ဒီမှာ" ဟိုဆေးက ဝမ်းသာအားရ ပြန်အော်ပြောသည်။ ထို့နောက် သူ့လက်စွပ်ကို သူထုတ်ကာ သူ့ဘာသာသူ ဝတ်လိုက်ပြီး တရားသူကြီးနောက် အပြေးလိုက်သွားသည်။ ပါးစပ်မှာလည်း "တရားသူကြီး၊ တရားသူကြီး... ကျွန်တော်အိမ်ထောင်စုယူမယ်၊ ကျွန်တော့် အိမ်ထောင်စုရော" ဟု အော်သည်။ ကျွန်မကို လက်စွပ် စွပ်ပေးဖို့ သူလုံးဝမေ့သွားခဲ့လေပြီ။ လက်ထပ်ပြီးပြီ။ ကန္တာရတွင် မည်မည်ရရ စားသောက်ဆိုင် တစ်ဆိုင်မျှ မရှိပါ။ ကျွန်မတို့လည်း ဧည့်ခံကျွေးမွေးဖို့ မစီမံခဲ့ပါ။ လူစုလည်း ကွဲကုန်ပါပြီ။ ကျွန်မတို့ နှစ်ယောက်မှာသာ မည်ကဲ့သို့ ဆက်လုပ်ရမည်မှန်းမသိ ဖြစ်နေခဲ့သည်။

"ငါတို့ နိုင်ငံတော် ဟိုတယ်မှာ တစ်ညသွားတည်းရင် ကောင်းမလား" ဟိုဆေးက ကျွန်မကိုမေးသည်။

"ကျွန်မတော့ အိမ်ပြန်ပြီး ကိုယ့်ဘာသာကိုယ် ချက်စားတော့မယ်။ အဲဒီလိုမျိုးဟိုတယ်မှာ တစ်ညအိပ်တဲ့ပိုက်ဆံက ကျွန်မတို့ တစ်ပတ်လောက်

စားလို့ရတယ်" ကျွန်မက ဖြုန်းသည်ကို မထောက်ခံသူပါ။ ထို့နောက် သဲကန္တာရကို ဖြတ်ပြီး ကျွန်မတို့ အိမ်ပြန်ခဲ့တော့သည်။

သော့ခတ်ထားသော တံခါးဝရှေ့တွင် ကိတ်မုန့်ကြီးတစ်ခုကို တွေ့လိုက်သည်။ ကျွန်မတို့အိမ်ထဲဝင်ပြီး ကိတ်မုန့်ထည့်သည့်ဘူးကို ဖွင့်လိုက်သည်။ "မင်္ဂလာဦးမှာ ပျော်ရွှင်ပါစေ" ဟု ရေးထားသည့် ကတ်တစ်ခု ပြုတ်ကျလာသည်။ ဟိုဆေး၏ လုပ်ဖော်ကိုင်ဘက်များ စုပေါင်းပြီး ပေးပို့လိုက်သည့် ကိတ်မုန့်ဖြစ်သည်။ သဲကန္တာရမှာ လတ်ဆတ်သည့် ကိတ်မုန့် စားရသည်မို့ ကျွန်မ အရမ်းခံစား ပျော်ရွှင်မိသည်။ ပိုအဖိုးတန်သည်က ကိတ်မုန့်ပေါ်တွင် မင်္ဂလာဝတ်စုံဝတ်ဆင်ထားသည့် စုံတွဲရုပ်တစ်ခု ပါနေခြင်း ဖြစ်သည်။ ဇာဖြူဝတ်ဆင်ထားသည့် သတို့သမီး၏ မျက်လုံးက မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသေးသည်။ ကျွန်မ ကလေးဆန်စွာ ထိုအရုပ်ကို အမြန်ဆွဲနုတ်ပြီး နှုတ်ကလည်း "ဒီအရုပ်လေးက ကျွန်မအတွက်" ဟု အော်ပြောသည်။ ဟိုဆေးက "အဲဒါ နင့်ဟာမဟုတ်လို့ ဘယ်သူ့ဟာလဲ။ ငါက ဒါကို လုနေဦးမယ့် လူလား" ဟုပြောသည်။ ကိတ်မုန့်တစ်ချပ်လှီးပြီး ကျွန်မကို သူပေးရင်း တစ်ဖက်ကလည်း ကျွန်မကို လက်စွပ်စွပ်ပေးသည်။ ထိုအချိန်ကျမှ ကျွန်မတို့၏ မင်္ဂလာအခမ်းအနားက ပြီးဆုံးခြင်းဖြစ်သည်။ အဲဒါက ကျွန်မ၏ လက်ထပ်ခြင်းဇာတ်လမ်းပဲ ဖြစ်သည်။

* * *

## အာဖရိက စုန်းမဆရာဝန်

ကျွန်မက နေမကောင်းဖြစ်လျှင် ဆရာဝန်ပြရမှာ မကြိုက်သောသူဖြစ်သည်။ ကျွန်မ နေထိုင်မကောင်းဖြစ်ခဲ၍တော့ မဟုတ်။ ဆန့်ကျင်ဘက်အနေဖြင့်၊ နေ့ရက်တိုင်း နေထိုင်မကောင်း အကြိမ်ကြိမ်ဖြစ်သောကြောင့် ဆရာဝန်သွားပြရမှာ ပျင်းသွားခြင်းဖြစ်သည်။ ဒီအသက်အရွယ်ထိ ကျွန်မ၏ အဖိုးတန်ရတနာမှာ စက္ကူပုံးအပြည့်ထည့်ထားသည့် ဆေးဝါးများဖြစ်သည်။ ဆေးများအသုံးပြုဖန်များသောအခါ အနာသေး၊ အဖျားသေးများကို ကိုယ်တိုင်ကုတတ်သွားတော့သည်။

မနှစ်က ဆာဟာရသဲကန္တာရဆီ ကျွန်မအလည်အပတ်သွားချိန် Aspirin နှစ်ပြားဖြင့် ဆာဟာရဝီအမယ်အိုတစ်ဦး၏ ခေါင်းကိုက်ဝေဒနာကို

ပျောက်ကင်းစေနိုင်ခဲ့ပြီးသည့်နောက် ရွက်ဖျင်တဲတွင် ကျွန်မနေထိုင်ခဲ့သမျှ ကာလပတ်လုံး ကလေးဆွဲပြီး၊ ဒါမှမဟုတ် လူကြီးခေါ်ပြီး ဆေးလာတောင်းသူ နေ့တိုင်းရှိခဲ့သည်။ သူတို့အား ကျွန်မပေးရသည့်ဆေးမှာလည်း ဆေးရည်နီ၊ အနာလိမ်းဆေးနှင့် အကိုက်အခဲပျောက်ဆေးများသာဖြစ်သည်။ သို့သော် ယဉ်ကျေးမှုနှင့်ကင်းကွာနေသော နေရာအတည်တကျမရှိလှည့်ပတ်နေထိုင်သည့် လူမျိုးများဖြစ်သောကြောင့် ထိုဆေးဝါးများသည် သူတို့အတွက် ကြီးမားသော အကျိုးရလဒ်ကို ဖြစ်စေခဲ့သည်။ Laayoune မြို့လေးသို့ ကျွန်မ မပြန်ခင် လက်ထဲရှိသမျှ အစားအစာ၊ ဆေးဝါးများအားလုံး ရွက်ဖျင်တဲနေ ဆင်းရဲနွမ်းပါးသော ဆာဟာရဝီများအတွက် ချန်ထားခဲ့လိုက်သည်။

ထိုမြို့လေးတွင် နေထိုင်ပြီး သိပ်မကြာပါ။ ကျွန်မ၏ အာဖရိက အိမ်နီးနားချင်းက ခေါင်းကိုက်သောကြောင့် ခေါင်းကိုက်ပျောက်ဆေး လာတောင်းလေသည်။ ထိုမြို့၌ အစိုးရဆေးရုံတစ်ရုံရှိသည်။ ထို့ကြောင့် သူ့အား ဆေးပေးဖို့ စိတ်ကူးမရှိဘဲ ဆရာဝန်သွားကြည့်ဖို့သာ ကျွန်မပြောလိုက်သည်။ ဒီက အမျိုးသမီးများသည် ကျွန်မနှင့် အကျင့်တူလိမ့်မည်ဟု တွေးထင်မထားမိခဲ့ပါ။ သူတို့လည်း နေမကောင်းဖြစ်သောအခါ ဆရာဝန် လုံးဝမပြသူဖြစ်သည်။

သူတို့၏အကြောင်းပြချက်က ကျွန်မနှင့်ကွာပါသည်။ ဆရာဝန်က အမျိုးသားများဖြစ်နေသည်မို့ ဘဝတစ်သက်လုံး တစ်ကိုယ်လုံး ဖုံးအုပ်ထားရသည့် အမျိုးသမီးများက သေလျှင်သေပါစေ၊ အမျိုးသားဆရာဝန်များကို လုံးဝမပြကြချေ။ ကျွန်မ မတတ်နိုင်၍သာ အိမ်နီးချင်း အမျိုးသမီးအား ခေါင်းကိုက်ပျောက်ဆေး နှစ်ပြားပေးလိုက်သည်။ ထိုအချိန်မှစ၍ မည်သူက

ကြေညာလိုက်သည်မသိ၊ ပတ်ဝန်းကျင်တစ်ခွင်က အမျိုးသမီးများ ကျွန်မဆီ အမြဲအဖျားလာပြကြတော့သည်။ သူတို့ကို ပိုဝမ်းမြောက်ဝမ်းသာဖြစ်စေသည် က ဆေးဝါးပေးရုံတင်မက အနောက်တိုင်းအဝတ်အထည်အချို့ပင် ကျွန်မဆီ က လက်ဆောင်ရတတ်သောကြောင့်ဖြစ်သည်။ ထို့နောက် ကျွန်မကို လာရှာ သောသူ ပိုမိုများလာတော့သည်။ ကျွန်မ၏အတွေးမှာ သူတို့က သေလျှင်ပင် ဆရာဝန် မပြကြသူမို့ အသက်သေစေလောက်သည့် အဖျားအနာမဟုတ် ခဲ့လျှင် သူတို့ဝေဒနာကို လျှော့ပေါ့စေလိုသည်ကတစ်ကြောင်း၊ ကျွန်မ၏ အထီးကျန်ဖွယ်ကောင်းသော ကန္တာရနေဘဝကို ပယ်ဖျက်စေချင်သည်က တစ်ကြောင်းမို့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် ဖြစ်ခဲ့သည်။ ကျွန်မဆေးဝါးများ ပေးလိုက်သော အမျိုးသမီးနှင့် ကလေးတို့၏ အဖျားအနာများမှာလည်း ၈၀% လောက် ကုသပျောက်ကင်းနိုင်ခဲ့သည်ကို ကျွန်မသတိထားမိသည်။

ဒီလိုနှင့် တဖြည်းဖြည်း ကျွန်မ ပိုသတ္တိရှိလာခဲ့ပြီး တစ်ခါတစ်ခါ လူနာကို သွားရောက်ကြည့်ရှုသည်မျိုးပင် ရှိလာခဲ့တော့သည်။ လူနာကို အရုပ်သဖွယ်ဆက်ဆံနေသော ကျွန်မကိုကြည့်ပြီး ဟိုဆေးက ကျွန်မအတွက် အမြဲချွေးသီးချွေးပေါက်ကျခဲ့သည်။ ကျွန်မလျှောက်လုပ်နေသည်ဟု သူထင်၏။ လျှောက်လုပ်နေသည့်နောက်ကွယ်တွင် ကြီးမားသည့်မေတ္တာစိတ်ရှိသည်ကို သူ မသိပေ။

အိမ်နီးချင်း ကူခါလေးက ၁၀ နှစ်ပြည့်ပြီ။ သူ မင်္ဂလာဆောင်ရပါ တော့မည်။ မင်္ဂလာမဆောင်ခင် လဝက်အလို၌ သူ့ပေါင်တွင် အနာစိမ်း ပေါက်၏။ စစချင်းမှာ အနာက ပြားစေ့ဝိုင်းလောက်သာရှိပြီး ပြည်မရှိပါ။ ကိုင် လိုက်လျှင် မာတာတာနှင့် အသားအရေမှာ ဖူးရောင်ပြောင်တင်းပြီး လက်နေ

သည်။ နောက်တစ်နေ့ ကျွန်မသွားကြည့်ချိန်တွင် အနာက သစ်ကြားသီး လောက်ရှိနေပြီဖြစ်သည်။ ထိုကလေးမလေးသည် နာလွန်း၍ အိပ်ရာပေါ်လဲပြီး တအင်းအင်းနှင့် ညည်းနေခဲ့သည်။

"မရဘူး။ ဆရာဝန်သွားပြမှ ရတော့မယ်" သူ့မိခင်ကို ကျွန်မက ပြောသည်။

"ဒီနေရာကို ဆရာဝန်ပြလို့မဖြစ်ဘူး။ သူ မကြာခင် မင်္ဂလာဆောင် ရတော့မယ်" သူ့မိခင်က ခိုင်မာစွာဖြင့် ဖြေသည်။

ကူခါအား အရောင်ပျောက်ဆေး၊ လိမ်းဆေး၊ သောက်ဆေးပဲ ဆက်တိုက် ကျွန်မပေးဖြစ်သည်။ သို့သော် သုံး၊ လေးရက်ကြာသည်အထိ မသက်သာလာခဲ့ပါ။ သူ့ဖခင်အား ဆရာဝန်ပြဖို့ တိုက်တွန်းသော်လည်း ငြင်းဆန်သည့် အဖြေသာ ကျွန်မရခဲ့သည်။ အိမ်တွင် ပဲငါးပိပဲတချို့ရှိသည်ကို ကျွန်မသတိရလိုက်သည်။ မတတ်နိုင်တော့။ တရုတ်ဆေးဖြင့်သာ ကျွန်မ စမ်းသပ်ကြည့်ရတော့မည်။ ထို့နောက် အိမ်ပြန်ပြီး ကျွန်မ ပဲကြိတ်တော့သည်။

"စားဖို့လုပ်နေတာလား" ဟိုဆေးက ကျွန်မ မီးဖိုချောင်ထဲ ရှိနေသည်ကို တွေ့တော့ ခေါင်းပြူကြည့်ရင်း မေးသည်။

"တရုတ်ဆေးလုပ်နေတာ… ကူခါကို လိမ်းပေးဖို့"

"ဘာလို့ ပဲနဲ့လုပ်တာလဲ" ကျွန်မအဖြေကို သူငေးကြောင်ကြည့်ပြီး မေးပြန်သည်။

"တရုတ်ဆေးစာအုပ်မှာ ဖတ်မိတဲ့ ရှေးရိုးနည်းတစ်ခုပါ"

"ဒီမိန်းမတွေ ဆရာဝန်မပြဘဲ နင့်ကိုတော့ ယုံကြတယ်။ နင်လည်း ရှုးမနေနဲ့ဦးနော်"

ကျွန်မပြောတာကို နားထောင်ပြီး သူက လက်မခံနိုင်သည့်ပုံစံဖြင့် ပြောသည်။

"ကျွန်မက အာဖရိကစုန်းမလေ" ကြိတ်ထားသောပဲကို ခွက်လေး တစ်လုံးထဲထည့်ရင်း ကျွန်မပြောလိုက်ပြီး ကူခါတို့အိမ်ဘက် ထွက်လာခဲ့သည်။ ထိုနေ့က ပဲအနှစ်ကို ကူခါ၏ ဖူးရောင်တင်းနေသောအနာတွင် လိမ်းပေး လိုက်ပြီး ပတ်တီးစည်းထားပေးလိုက်သည်။ ဒုတိယနေ့သွားကြည့်ချိန်တွင် အနာက ပျော့နေပြီဖြစ်သည်။ ကျွန်မ နောက်တစ်ကြိမ် ပဲအနှစ် ထပ်အုံ ပေးလိုက်၏။ တတိယနေ့သွားကြည့်သောအခါ အဝါရောင်ပြည်က အရေပြား အောက်တွင် ပြူထွက်နေပြီဖြစ်သည်။ စတုတ္ထနေ့တွင် ပြည်အများအပြား ထွက်လာပြီး နောက်ဆုံး သွေးအနည်းငယ်ပါလာတော့သည်။ အနာပေါ် ကျွန်မ ဆေးရည်အနည်းငယ် လိမ်းပေးလိုက်သည်။ မကြာခင်မှာ အနာက လုံးဝ ပျောက်သွားတော့သည်။ ဟိုဆေး အိမ်ပြန်ရောက်ချိန်တွင် သူ့အား ကျွန်မ အားရကျေနပ်စွာဖြင့် "ကုတာ ပျောက်သွားပြီ" ဟု ပြောလိုက်သည်။

"ပဲနဲ့ ကုလိုက်တာပေါ့"

"ဟုတ်တယ်..."

"နင်တို့ တရုတ်တွေ သိပ်ထူးဆန်းတာပဲ" ဟိုဆေးက နားမလည်စွာ ခေါင်းခါပြီး ပြောလေသည်။

****

တစ်နေ့တွင် ကျွန်မ၏အိမ်နီးချင်း ဟာဒီယဲ့ထော်က ကျွန်မကို လာရှာပြီး ပြောသည်။

"သဲကန္တာရကနေ လာတဲ့ ကျွန်မရဲ့ညီမဝမ်းကွဲ ကျွန်မအိမ်မှာ တည်းတယ်။ သူ သေရပါတော့မယ်... လာကြည့်ပေးပါ" သေတော့မည့်အသံ ကြားသည်နှင့် ကျွန်မ တစ်ချက်တွေဝေသွားတော့သည်။

"ဘာရောဂါလဲ"

"မသိဘူး။ သူ့အားမရှိဘူး။ ခေါင်းမူးပြီး မျက်လုံးတွေ တဖြည်းဖြည်း မမြင်ရတော့ဘူး။ ပိန်လည်း တအားပိန်တယ်။ တဖြည်းဖြည်းချင်း သေနေပါပြီ"

သူသုံးနှုန်းသည့် စကားလုံးများက အသက်ဝင်ပြီး စိတ်ဝင်စားစရာ ကောင်းလှသည်။ ကျွန်မတို့၏ ပြောစကားကို အိမ်ထဲက ဟိုဆေးကြားသွားပြီး "ဆမ်မောက်... နင် နေရာတကာဝင်မပါနဲ့" ဟု အလျင်စလိုအော်ပြောသည်။

"ခဏနေ ကျွန်မလာခဲ့မယ်။ ကျွန်မယောက်ျား အလုပ်သွားမှ ကျွန်မထွက်လာလို့ရမှာ" ဟာဒီယဲ့ထော်ကို ကျွန်မပြောပြီး တံခါးကိုပိတ်လိုက်သည်နှင့် ဟိုဆေးက အသံကုန်အော်တော့သည်။

"အဲဒီမိန်းမ မတော်တဆသေသွားရင် နင်ကုလို့ သေတယ်ဖြစ်ဦးမယ်။ ဆရာဝန်တော့ သွားမပြဘဲ၊ သေတော့လည်း အေးတာပဲ"

"သူတို့ အသိဉာဏ်ပညာမရှိဘူး။ သိပ်သနားစရာကောင်းတာ"

ကျွန်မခေါင်းမာမာနှင့်ပြောပေမည့် ဟိုဆေးပြောသည်ကလည်း သဘာဝကျသည်။ ကျွန်မကသာ စူးစမ်းစိတ်ပြင်းပြပြီး သတ္တိကလည်းရှိသော ကြောင့် သူ့အပြောကို နားမထောင်နိုင် ဖြစ်နေခဲ့သည်။

အလုပ်သွားဖို့ ဟိုဆေး၏ရှေ့ခြေထောက် အိမ်ကထွက်သည်နှင့် ကျွန်မ၏နောက်ခြေထောက်က ဟာဒီယဲ့ထော်အိမ်သို့ဦးတည်နေပြီဖြစ်သည်။

ဟာဒီ၏အိမ်ရောက်တော့ ပိန်လှီခြောက်ကပ်သော မိန်းမငယ်တစ်ဦး မြေပေါ် လဲနေသည်ကို တွေ့၏။ မျက်လုံးဟောက်ပက်နှင့် တွင်းမည်းနှစ်ခု ပုံသဏ္ဌာန် ဖြစ်နေသည်။ သူ့အား ကျွန်မစမ်းကြည့်သည်။ ကိုယ်မပူပါ။ လျှာ၊ လက်သည်း၊ မျက်လုံးအိမ်ထဲတွင် ကျန်းမာသည့်အရောင်များရှိနေသည်။ "ဘယ်နေရာမှာ နာသလဲ" ဟု သူ့ကိုမေးတော့ သူလည်းသေချာမဖြေတတ်ပါ။ ဟာဒီက အာရဗီ စကားဖြင့် ဘာသာပြန်ပေးပါသည်။

"သူ့မျက်လုံးတွေ တဖြည်းဖြည်းဝါးလာတယ်။ နားကလည်း အသံ တွေနဲ့ အူနေတယ်။ ထရပ်ဖို့ အားမရှိဘူး"

ကျွန်မဖျတ်ခနဲ အကြံတစ်ချက်ရပြီး ဟာဒီယဲ့ထော်ကို မေးသည်။

"ဟာဒီ... နင့်ညီမဝမ်းကွဲက ကန္တာရရွက်ဖျင်တဲမှာ နေတာလား" သူ ခေါင်းညိတ်ပြသည်။

"အစားမသောက် မကောင်းဘူးလား" ကျွန်မ ထပ်မေးသည်။

"စားစရာကို လုံးဝမရှိသလောက်ပဲ" ဟာဒီက ပြန်ဖြေသည်။

"ဒါဆို ခဏစောင့်"

ပြောရင်းဆိုရင်း ကျွန်မအိမ်ဘက် အပြေးပြန်ခဲ့ပြီး ဗီတာမင်ဆေးပြား အမျိုးအစားတချို့ ၁၅ လုံးခန့်ယူပြီး သူတို့ကိုပေးလိုက်သည်။

"ဟာဒီ ... ဆိတ်တစ်ကောင်သတ်ဖို့ နင်မနမြောဘူး မဟုတ်လား"

သူ ခေါင်းသွက်သွက်ညိတ်သည်။

"နင့်ညီမကို ဒီဆေးအရင်တိုက်လိုက်။ တစ်နေ့ကို သုံးကြိမ်တိုက် လိုက်။ ပြီးရင် ဆိတ်တစ်ကောင်သတ်ပြီး စွပ်ပြုတ်လုပ်၊ ပေးသောက်လိုက်" ဒီလိုနှင့် ၁၀ ရက်တောင် မကြာလိုက်ပါ။ ဖြည်းဖြည်းချင်း သေနေပါသည်

ဆိုသော ဟာဒီ၏ညီမဝမ်းကွဲက ကိုယ်တိုင်လမ်းလျှောက်ပြီး ကျွန်မအိမ်သို့ ရောက်လာခဲ့သည်။ နေ့ဝက်လောက် ထိုင်နေပြီးမှ ပြန်သွားခဲ့သည်။ သူ့ကြည့်ရသည်မှာ ကောင်းကောင်းမွန်မွန်ရှိနေပါပြီ။ ဟိုဆေးပြန်လာချိန် သူ့ကိုတွေ့တော့ ရယ်ပြီးမေးသည်။

"ဘယ်လိုလဲ။ သေမလိုဖြစ်နေတဲ့သူကို ကုလို့ကောင်းသွားပြန်ပြီပေါ့။ ဘာရောဂါလဲ"

"ရောဂါမရှိပါဘူး။ အာဟာရမရှိလို့ ဖြစ်တာ" ကျွန်မ ရယ်ကျဲကျဲ ပြန်ဖြေသည်။

"နင်က ဘယ်လိုကြည့်ပြီး ပိုင်းဖြတ်တာလဲ"

"တွေးကြည့်လိုက်တာ" ဟိုဆေးအမေးကို ကျွန်မဖြေလိုက်သည်။ သူ့ကြည့်ရသည်က ကျွန်မကို အနည်းငယ်ထောက်ခံပုံရသည်။

ကျွန်မတို့နေသောနေရာက Laayoune မြို့၏ ဆင်ခြေဖုံးတွင် ဖြစ်သည်။ ဥရောပလူမျိုး အနေနည်း၏။ ဟိုဆေးနှင့် ကျွန်မက ဒေသခံ လူများနှင့် ထိတွေ့ရမည်ကို သဘောကျသည်။ ထို့ကြောင့် ကျွန်မတို့၏မိတ်ဆွေအများစုမှာ ဆာဟာရဝီများဖြစ်ကြသည်။ နေ့ရက်တိုင်း ကျွန်မအားနေသောကြောင့် အိမ်တွင် အမျိုးသမီးများအတွက် အခမဲ့စာသင်ကျောင်းဖွင့်ထားသည်။ အမျိုးသမီးများကို ကိန်းဂဏန်းရေတွက်ခြင်း၊ ငွေကြေးရေတွက်ခြင်းတို့ကို သင်ပေး၏။ အခြေအနေကောင်းသူကို အတွက်အချက်ပါသင်ပေးသည်။ (ဥပမာ - ၁ နှင့် ၁ ပေါင်းလျှင် ၂ ဆိုသည်မျိုးဖြစ်သည်။) ကျွန်မတွင် ၇ ယောက်မှ ၁၅ ယောက်လောက်အထိ အမျိုးသမီးကျောင်းသူများရှိ၏။ သူတို့က လာလိုက်၊ မလာလိုက်နှင့် အပြောင်းအလဲများလှသည်။ တစ်နည်း

ပြောရလျှင် ဒီကျောင်းက အလွန်လွတ်လပ်သောကျောင်းဖြစ်သည်။ တစ်နေ့တွင် စာသင်နေရင်း ကျောင်းသူများက စာထဲစိတ်မဝင်စားဘဲ ကျွန်မ၏စာအုပ်စင်ပေါ်က စာအုပ်များကို သွားရောက် ဆွဲထုတ်ကြည့်တော့သည်။ တိုက်တိုက်ဆိုင်ဆိုင် သူတို့ဆွဲထုတ်လိုက်သော စာအုပ်က "ကလေးတစ်ယောက် မွေးဖွားခြင်း" ဆိုသည့် စာအုပ်ဖြစ်သည်။ စပိန်ဘာသာဖြင့် ရေးထားသော စာအုပ်ဖြစ်၏။ စာအုပ်ထဲတွင် သရုပ်ပြရုပ်ပုံများပါသည်။ ကာလာဓာတ်ပုံများပါပြီး မည်သို့ကိုယ်ဝန်ရသည်ကအစ မွေးထုတ်သည်အထိ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရေးသားထားသည်။

ကျွန်မ၏ကျောင်းသူများက ထိုစာအုပ်ကိုမြင်တော့ စိတ်ဝင်စားကြသည်။ ထို့နောက် အတွက်အချက်ကို ကျွန်မ ခဏရပ်ပြီးလျှင် ထိုစာအုပ်ပါ အကြောင်းအရာကို နှစ်ပတ်ကြာမျှ ရှင်းလင်းပြောပြလိုက်ရသည်။ သူတို့က ပုံများကိုကြည့်ပြီး အထူးအဆန်းအော်ဟစ်ကြသည်။ အသက်တစ်ချောင်း မည်သို့ဖြစ်လာသည်ဆိုသည်ကို လုံးဝသိမြင်ပုံ မရကြပါ။ ကျွန်မ၏ ကျောင်းသူများထဲတွင် သုံး၊ လေးယောက်လောက်က မိခင်ဖြစ်နေပြီဆိုသော်လည်း သူတို့လည်း မသိကြပါ။

"တကယ့်ထူးဆန်းအံ့ဩတဲ့အဖြစ်ပဲ။ ကလေးမမွေးဖူးတဲ့ ဆရာမက ကလေးမွေးဖူးတဲ့မိခင်တွေကို ကလေးဘယ်လိုရလာတဲ့အကြောင်း သင်ပြနေလိုက်တာ" ဟိုဆေးက ထိုသို့ပြောပြီး အရယ်မရပ်ခဲ့ပါ။

"အရင်တုန်းက သူတို့မွေးဖို့ပဲ သိတယ်။ အခုတော့ ဘယ်လိုဖြစ်လာတယ်ဆိုတာ သိသွားပြီ။ ဒါက အသိခက်ပြီး ပြုလုပ်ရတာလွယ်တဲ့ သဘောပေါ့"

ထိုဗဟုသုတများက သူတို့၏ဘဝကို ပိုပျော်ရွှင်၊ ပိုကျန်းမာနိုင် လောက်မှာ မဟုတ်ပေမည့် အနည်းဆုံးတော့ သူတို့ကို ဗဟုသုတ များများ ရစေချင်ပါသည်။

တစ်နေ့တွင် ကျွန်မ၏ကျောင်းသူ ဖာဒီမက ကျွန်မကိုမေးသည်။

"ဆမ်မောက်... ငါမွေးတဲ့အချိန် နင်လာခဲ့ပါလား"

ကျွန်မပါးစပ်အဟောင်းသားနှင့် သူ့အား ကြည့်မိသည်။ နေ့တိုင်း ဖာဒီမနှင့်ကျွန်မ တွေ့ဆုံနေသော်လည်း သူကိုယ်ဝန်ရှိနေသည်ကို ကျွန်မ မသိခဲ့ပါ။

"နင် ဘယ်နလရှိနေပြီလဲ" ဟု သူ့ကို ကျွန်မ မေးလိုက်လေသည်။ ကိန်းဂဏန်းများကို သူ မရေတွက်တတ်သလို ကိုယ်ဝန်ဘယ်နလရှိမှန်းလည်း မသိခဲ့ပါ။ အထဲမှာဂါဝန်ရှည်ကိုမြင်ရသည်အထိ ခေါင်းမှခြေအဆုံး တစ်ကိုယ် လုံးပတ်ထားသော အဝတ်စကို ဖယ်ရှားလိုက်ဖို့ သူ့အား ကျွန်မ မနည်း ပြောလိုက်ရသည်။

"အရင် နင်မွေးတုန်းက ဘယ်သူကူခဲ့တာလဲ" သူ့တွင် သုံးနှစ်အရွယ် သားလေးတစ်ယောက်ရှိသည်ကို ကျွန်မသိသည်။

"ငါ့အမေ" သူ ပြန်ဖြေသည်။

"ဒီတစ်ခေါက်မွေးရင်လည်း နင့်အမေကို ခေါ်လိုက်။ ငါ နင့်ကို မကူနိုင်ဘူး"

"ငါ့အမေ မလာနိုင်တော့ဘူး။ သူ သေသွားပြီ" ဖာဒီမက ခေါင်းငုံ့ပြီး ပြော၏။ သူ့အပြောကိုနားထောင်ပြီး ကျွန်မ အသံမထွက်တော့။

"ဆေးရုံသွားရင်ရော ... မကြောက်ပါနဲ့"

"မဖြစ်ဘူး။ ဆရာဝန်က ယောက်ျားဆရာဝန်"

ကျွန်မအမေးကို သူ ချက်ချင်း ငြင်းဆိုသည်။ သူ့ဗိုက်ကို ကျွန်မကြည့်တော့ ကိုယ်ဝန်က ရှစ်လလောက် ရှိပေတော့မည်။

"ဖာဒီမ...ငါက ဆရာဝန်မဟုတ်ဘူး။ မွေးလည်း မမွေးဖူးဘူး။ နင့်ကို ငါမကူနိုင်ဘူး"

"တောင်းပန်ပါတယ်။ ဒီစာအုပ်ထဲမှာ ရှင်းရှင်းလင်းလင်း ရေးထားတာပဲ။ ငါ့ကို ကူပါ။ တောင်းပန်ပါတယ်" ဖာဒီမက ငိုမဲ့မဲ့နှင့် ကျွန်မကိုပြောသည်။ သူတောင်းပန်တော့ ကျွန်မစိတ်ပျော့သွားပြန်သည်။ ထပ်၍စဉ်းစားကြည့်တော့လည်း ဒါက မဖြစ်နိုင်ချေ။ ထို့ကြောင့် လေသံမာမာဖြင့် "မဖြစ်ဘူး။ နင်ငါ့ကို လျှောက်မတောင်းဆိုနဲ့။ နင့်အသက်ကို ငါ့လက်ထဲမအပ်နဲ့" ဟု ပြောလိုက်သည်။

"ဘာမှမဖြစ်ပါဘူး။ ငါကျန်းမာတယ်။ ငါ့ဘာသာ ငါမွေးလို့ရတယ်။ ငါ့ကို ဘေးကနေ နင်ကူရုံပဲ"

"နောက်မှ ဆက်ပြောကြတာပေါ့" သူ့တောင်းဆိုမှုကို ကျွန်မခေါင်းမညိတ်ခဲ့ပါ။

****

တစ်လကျော်လွန်သွားလေပြီ။ ထိုအကြောင်းကို အစောကြီးကတည်းက ကျွန်မမေ့သွားခဲ့ပြီဖြစ်သည်။ ထိုနေ့က နေဝင်ရီတရောအချိန်တွင် ကျွန်မမသိသည့် ကလေးမတစ်ယောက် တံခါးလာခေါက်သည်။ ကျွန်မတံခါးဖွင့်ကြည့်တော့ သူက "ဖာဒီမ... ဖာဒီမ..." သာ ပြောနေသည်။ တခြား

စပိန်ဘာသာစကားကို မတတ်ချေ။ တံခါးကို ကျွန်မသော့ခတ်ထွက်လာရင်း ကလေးမလေးကို "သူ့ယောကျ်ားကို ပြန်လာဖို့သွားခေါ်။ နားလည်လား" ဟု ဆိုတော့ သူက ခေါင်းညိတ်ပြရင်း လျင်မြန်စွာ ပြေးထွက်သွားတော့သည်။ ဖာဒီမတို့အိမ်ရောက်တော့ ဖာဒီမက နာကျင်လွန်း၍ မြေပေါ်လူးလိမ့်နေပြီ။ သူ့ဘေးတွင် သုံးနှစ်သားလေးက ငိုနေသည်။ ဖာဒီမလူးလိမ့်နေသော ဖျာပေါ်တွင် အရည်တစ်ကွက်စီးဆင်းလာသည်။

သုံးနှစ်သားလေးကို ကျွန်မစွေ့ခနဲ ပွေ့ချီပြီး ဘေးအိမ်ကို ပြေးသွားသည်။ ပြီးမှ လူလတ်အရွယ် အမျိုးသမီးတစ်ယောက်ကို ဆွဲပြီး ဖာဒီမ အိမ်ပြန်ပြေးလာသည်။

ထိုဒေသက အာဖရိကများက သိပ်မညီညွတ်ကြသလို တစ်ဦးအပေါ်တစ်ဦးလည်း မေတ္တာသိပ်မရှိကြ။ ထိုအမျိုးသမီးက ဖာဒီမ၏ ဖြစ်ပျက်နေသည့်ပုံကိုကြည့်ပြီး ဒေါသတကြီး အာရဗီစကားဖြင့် ကျွန်မအား ဆဲဆိုတော့သည်။ (နောက်မှ ကျွန်မသိရသည်မှာ ထိုဒေသတွင် ကလေးမီးဖွားနေသည်ကို ကြည့်မိသူသည် လာဘ်မကောင်းတတ်ဟုဆို၏။) ထို့နောက် ခေါင်းလှည့်ပြီး ထွက်သွားတော့သည်။

"မကြောက်နဲ့။ ငါ ပစ္စည်းသွားယူပြီး ချက်ချင်းပြန်လာခဲ့မယ်" ဖာဒီမကို ထိုသို့ပြောပြီး ကျွန်မ အိမ်အပြေးပြန်ခဲ့သည်။ စာအုပ်စင်ပေါ်က စာအုပ်ကို ယူပြီး မီးဖွားသည့် အခန်းကို အမြန်လှန်လှောကြည့်ရင်း တစ်ဖက်ကလည်း "ကတ်ကြေး၊ ဝါဂွမ်း၊ အရက်ပျံ၊ နောက်ပြီး ဘာလဲ... ဘာလဲ" ဟု တွေးသည်။ ထိုအချိန်ကျမှ ဟိုဆေး ပြန်ရောက်နေပြီကို ကျွန်မသတိထားမိသည်။ သူက ကျွန်မကို နားမလည်စွာ ငေးစိုက်ကြည့်နေလေသည်။

"အား... နည်းနည်းစိတ်လှုပ်ရှားနေတယ်။ ကြည့်ရတာ မလုပ်နိုင်ဘူးထင်တယ်" ဟိုဆေးအား ကျွန်မ အသံတိုးတိုးဖြင့်ပြောရင်း တစ်ဖက်က အနည်းငယ် တုန်ယင်နေမိသည်။

"ဘာလုပ်မှာလဲ... ဘာလုပ်မှာလဲ..." ကျွန်မ၏ စိတ်လှုပ်ရှားမှုများက ဟိုဆေးအား ကူးစက်သွားလေသည်။

"မီးဖွားကူဖို့လေ... ရေမွှာတောင်ပေါက်နေပြီ..."

လက်တစ်ဖက်က စာအုပ်ကိုပိုက်ပြီး တစ်ဖက်က ဝါဂွမ်းအလိပ်ကြီး တစ်လိပ်ကို ကိုင်ရင်း ပတ်ပတ်လည် ကျွန်မကတ်ကြေးလိုက်ရှာမိသည်။ "နင်ရူးနေလား... မသွားရဘူး" ဟိုဆေးက ပြောပြောဆိုဆို စာအုပ်လာလုသည်။

"နင့်မှာ မီးဖွားတဲ့အတွေ့အကြုံမရှိဘူး။ နင့်ကြောင့် သူသေနေဦးမယ်" အသံကျယ်ကျယ်နှင့် ကျွန်မအား သူအော်ပြောလေသည်။

ထိုအချိန်၌ ကျွန်မဦးနောက်ကြည်လာခဲ့ပြီး သူ့အား အတင်းအဓမ္မ ပြန်ချေပသည်။ "ကျွန်မမှာ စာအုပ်ရှိတယ်။ မီးဖွားတဲ့ မှတ်တမ်းရုပ်ရှင် ကျွန်မ ကြည့်ဖူးတယ်"

"မသွားရဘူး..."

ဟိုဆေးက ပြေးလာပြီး ကျွန်မကို တားသည်။

ကျွန်မ လက်နှစ်ဖက်စလုံးတွင် ပစ္စည်းကိုင်ထားသောကြောင့် တံတောင်ဆစ်ဖြင့်သာ သူ့နံရိုးပေါ် အားနှင့်ရိုက်ဖြစ်သည်။ တစ်ဖက်က ရုန်းရင်း၊ တစ်ဖက်ကလည်း "ကိုယ်ချင်းစာစိတ်မရှိတဲ့သူ၊ သွေးအေးသတ္တဝါ ကျွန်မကို လွှတ်" ဟု ပြောလိုက်သည်။

"မလွှတ်ဘူး။ နင်မသွားရဘူး" ကျွန်မအား သူတင်းတင်းဖမ်းဆုပ်ထားလိုက်သည်။ ကျွန်မတို့ ရုန်းရင်းဆန်ခတ်ဖြစ်နေချိန်တွင် စိုးရိမ်ပူပန်သောမျက်နှာထားနှင့် ပြတင်းပေါက်တွင်ရပ်ပြီး အိမ်ထဲလှမ်းကြည့်နေသော ဖာဒီမ၏ယောက်ျားကို ရုတ်တရက်တွေ့လိုက်သည်။ ဟိုဆေးက ကျွန်မကို လွှတ်ပြီး သူ့အား "ဆမ်မောက် မီးဖွားပေးလို့မရဘူး။ သူ့ကြောင့် ဖာဒီမ တစ်ခုခု ဖြစ်သွားလိမ့်မယ်။ ကျွန်တော် အခု ကားသွားယူမယ်။ ခင်ပျားမိန်းမ ဆေးရုံ သွားရမယ်" ဟု ပြောလိုက်သည်။

ဖာဒီမတစ်ယောက် အစိုးရဆေးရုံတွင် သားယောက်ျားလေး တစ်ယောက်ကို ချောချောချူချူ မွေးဖွားခဲ့သည်။ နယ်ခံလူဖြစ်သောကြောင့် အခမဲ့ဖြစ်၏။ ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်ချိန် ဖာဒီမ ဂုဏ်ယူဝင့်ကြွားနေတော့သည်။ သူက ထိုအနီးပတ်ဝန်းကျင်တွင် ပထမဦးဆုံးသော အစိုးရဆေးရုံတွင် မီးဖွားသောသူဖြစ်သောကြောင့် ဖြစ်သည်။ ဆရာဝန်က အမျိုးသားဆရာဝန်ဖြစ်နေသည်ကိုတော့ သူ မပြောခဲ့တော့ပါ။

တစ်နေ့နံနက်၌ အိမ်ခေါင်မိုးပေါ်တွင် ကျွန်မအဝတ်လှန်းနေချိန် ကျွန်မတို့အိမ်ခေါင်မိုးပေါ်၌ အိမ်ရှင်ဆောက်ထားသည့် ဆိတ်ခြံထဲတွင် ဆိတ်ကလေးနှစ်ကောင်ရောက်နေသည်ကို ကျွန်မတွေ့လိုက်၏။ ကျွန်မ ဝမ်းသာအားရ ဟိုဆေးအား အသံကုန်အော်ပြောလိုက်သည်။

"မြန်မြန်လာကြည့်... ချစ်စရာဆိတ်ကလေး နှစ်ကောင် မွေးထားပြီ" ဟိုဆေးအပြေးလာကြည့်ပြီး "ဒီလိုဆိတ်ကလေးက ကင်စားရအကောင်းဆုံး ပဲ" ဟု ဆိုသည်။ ကျွန်မ တစ်ချက်လန့်သွားပြီး သူ့အား ဒေါသတကြီး ပြောသည်။

"ရှင် ဘာစကားပြောတာလဲ" တစ်ဖက်ကလည်း ဆိတ်ကလေး နှစ်ကောင်ကို သူ့မိခင်နံဘေးတွန်းပို့ပေးလိုက်သည်။ ထိုအချိန်ကျမှ မွေးဖွားပြီး ဆိတ်မ၏ခန္ဓာကိုယ်တွင်းကနေ နလုံးသဏ္ဍာန်အရာတစ်ခု ထွက်ကျနေသည်ကို ကျွန်မတွေ့လိုက်သည်။ ကြည့်ရသည်မှာ အချင်းအိမ်ထင်ပါရဲ့။ ရွံစရာကောင်းလှသည်။ သုံးရက်လွန်မြောက်သည်အထိ ထိုညစ်ပတ်သည့် အရာကား ပြုတ်ကျမသွားဘဲ ခန္ဓာကိုယ်တွင် တွဲလျက်နေသည်။

"သတ်စားလိုက်ရအောင်" အိမ်ရှင်ကပြောသည်။

"ဆိတ်မကို သတ်စားလိုက်ရင် ဆိတ်ကလေးတွေ ဘယ်လိုရှင်မလဲ"

ကျွန်မအကျိုးအကြောင်းရှာပြီး အမြန်ကာကွယ်၍ ပြောသည်။

"မသတ်လည်း အချင်းတွဲလဲနဲ့ မကြာခင်သေမှာပဲ"

"မသတ်သေးနဲ့ဦး။ ကျွန်မကုကြည့်မယ်" ထိုစကားက ကျွန်မ၏ ပါးစပ်ကနေ လွတ်ခနဲထွက်သွားသည်။ ဆိတ်မကို မည်သို့ကုရမည်ဆိုသည်ကိုတော့ ကျွန်မကိုယ်တိုင်မသိချေ။ အိမ်ရောက်တော့ ကျွန်မ ခဏစဉ်းစားလိုက်သည်။ ရှိပြီ... စပျစ်ဝိုင်တစ်ပုလင်းကို ကျွန်မယူလိုက်သည်။ ခေါင်မိုးပေါ်က ဆိတ်မကိုဖမ်းပြီး ဝိုင်တိုက်လိုက်သည်။ မူးပြီးမသေလျှင်တော့ အသက်ရှင်ဖို့ ရာခိုင်နှုန်းတစ်ဝက် အာမခံနိုင်ပြီ။ ဒါက ကျွန်မကြားခဲ့မိသည့် လယ်သမား တစ်ယောက်ပြောသော နည်းဖြစ်သည်။ ကျွန်မမှတ်သားထားခဲ့ခြင်းဖြစ်သည်။ ဒုတိယနေ့တွင် အိမ်ရှင်က ကျွန်မအား "ပျောက်သွားပြီ။ ဗိုက်ထဲက အညစ် အကြေးတွေ အကုန်ထွက်ကျလာပြီ။ ကောင်းသွားပြီ။ နင်က ဘာနဲ့ ကုလိုက်တာလဲ။ တကယ် ကျေးဇူးတင်တယ် ဆမ်မောက်"

"ဝိုင်နီတစ်ပုလင်း တိုက်လိုက်တာ" ကျွန်မရယ်ပြီး သူ့အား တိုးတိုးလေးပြောလိုက်သည်။ "ကျေးဇူးပဲ... ကျေးဇူးပဲ..." သူကပြောရင်း မွတ်စလင်များ အရက်မသောက်ရသည်ကို သတိရသွားမိဟန်တူ၏။ ဒီလိုဆို သူ့ဆိတ်လည်း အရက်သောက်ခွင့်မရှိပါ။ ပြောရင်း ဘာမျှမတတ်နိုင်သည့်မျက်နှာပေးဖြင့် သူထွက်သွားလေသည်။

ကျွန်မ ဒီစုန်းမက မည်သူ့အပေါ်မဆို အကျိုးရှိလေသည်။ ဟိုဆေးတစ်ယောက်ကသာ ကျွန်မအား အကြောက်ကြီး ကြောက်၏။ သူ့ကိုကုဖို့ ကျွန်မအား လုံးဝအခွင့်အရေး မပေးခဲ့ပေ။ ကျွန်မကလည်း သူ ကျွန်မအပေါ် ယုံကြည်မှုရှိလာအောင် အကြံအမျိုးမျိုးကြံခဲ့သည်။ တစ်နေ့တွင် သူအစာအိမ်နာလေပြီ။ သူ့အား ကျွန်မ ဆေးမှုန့်တစ်ထုပ်ပေးလိုက်ပြီး ရေနှင့် သောက်ချဖို့ ပြောသည်။

"ဒါက ဘာလဲ..."

"ရှင်အရင်သောက်ကြည့်လိုက်။ ဒီဆေးက ကျွန်မအတွက်တော့ သိပ်စွမ်းတယ်"

စိတ်လိုလက်ရမရှိစွာ သူတစ်ထုပ်သောက်လိုက်သည်။ သောက်ပြီး စိတ်မချသောကြောင့် ဆေးမှုန့်ထည့်သည့် ပလတ်စတစ်အိတ်ကို သေချာကြည့်၏။ တရုတ်စာများရေးထားသောကြောင့် သူနားမလည်ပေ။ ဗီတာမင် U ဟု အင်္ဂလိပ်စာတစ်လုံးပါသည်ကို သူတွေ့လိုက်သည်။

"ဗီတာမင်မှာတောင် U အမျိုးအစားရှိသေးလို့လား။ ဒါနဲ့ အစာအိမ်နာတာ ပျောက်နိုင်လို့လား" ငိုမဲ့မဲ့မျက်နှာနှင့် ကျွန်မကို သူပြောသည်။

ကျွန်မလည်း တကယ်မသိခဲ့ပါ။ ဆေးထုပ်ယူပြီး ကြည့်လိုက်တော့

အမှန်ပင် ဗီတာမင် U ဟုရေးထားသည်။ ကျွန်မအကြာကြီး ရယ်နေမိသည်။ ဟိုဆေး၏ အစာအိမ်နာကတော့ အမှန်တကယ်ပျောက်သွားသည်။

တိရစ္ဆာန်ဆရာဝန်လုပ်ရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ သို့သော် ဖာဒီမမီးဖွားသည့်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်မကြောင့် လိပ်ပြာလွင့် မတတ် ထိတ်လန့်ခဲ့သော ဟိုဆေးကို တိရစ္ဆာန်တွေကိုပါ ကျွန်မကုနေသည့် အကြောင်းများ ပြောမပြခဲ့တော့ပေ။ ဆေးကုကစားနည်းကို ကျွန်မ မနှစ်သက် တော့ဟုသာ သူ တဖြည်းဖြည်းထင်လာခဲ့သည်။

ရှေ့တစ်ပတ်က ကျွန်မတို့ပိတ်ရက် သုံးရက်ရသည်။ ရာသီဥတုက သင့်တင့်မျှတနေသည်မို့ ဂျစ်ကားတစ်စီးငှားပြီး သဲကန္တာရထဲ စခန်းချ ခရီး ထွက်ဖို့ ကျွန်မတို့စီမံခဲ့သည်။ ရေခဲသေတ္တာ၊ ရွက်ဖျင်တဲ၊ အစားအစာများကို ကားပေါ် ကျွန်မတို့တင်နေခိုက် အသားမည်းမည်း အိမ်နီးချင်း အမျိုးသမီး တစ်ယောက်က ခေါင်းပေါ်အုပ်ထားသည့်အဝတ်စကို ဆွဲမတင်ဘဲ ကျွန်မတို့ ဘက် ရဲရဲလျှောက်လာသည်။ သူ့ကို ကျွန်မစပြီး စကားမပြောခင် သူက "ရှင့် မိန်းမက သိပ်တော်တာပဲ။ ကျွန်မသွားကို သူဖာပေးပြီးတဲ့နောက်ပိုင်း လုံးဝ မနာတော့ဘူး" ဟု ကြည်ကြည်လင်လင်ဆို၏။ သူပြောသည်ကို ကြားသည်နှင့် ကျွန်မစကားလမ်းကြောင်းလွှဲဖို့ အမြန်ကြိုးစားသည်။

"ဟော့... ပေါင်မုန့်ရော... ရှာမတွေ့ဘူး" တစ်ဖက်က အသံကျယ် အော်ရင်း တစ်ဖက်က တခစ်ခစ်ရယ်လိုက်မိသည်။

ဟိုဆေးက ကျွန်မကို မချိတင်ကဲကြည့်ပြီး... "ကဲ... နမတော် ဘယ်တုန်းက သွားဆရာဝန်ဖြစ်သွားရပြန်တာလဲ" မသိချင်ဟန်ဆောင်၍ မရမှန်းသိတော့ ကျွန်မလည်း ခေါင်းမော့ပြီး ပြောသည်။ "ရှေ့လကပဲ"

"ဘယ်နှယောက်သွားဖာပေးလိုက်လဲ" ဟိုဆေး ရယ်လာတော့ သည်။

"မိန်းမ နှစ်ယောက်၊ ကလေးတစ်ယောက်။ ဘယ်လိုမှ ဆေးရုံ မသွားလို့မတတ်နိုင်တော့။ ဒီလိုပဲ… ဖာပေးပြီး သူတို့လည်းမနာကြတော့ဘူး။ အစာလည်း စားလို့ရသွားတယ်" ကျွန်မပြောတာတွေက အမှန်ပါ။

"ဘာနဲ့ဖာပေးလိုက်တာလဲ"

"ဒါတော့ ရှင့်ကိုပြောပြလို့မရဘူး"

"မပြောရင် သဲကန္တာရ မသွားတော့ဘူး"

ဤနည်းဖြင့် ဟိုဆေးက ကျွန်မကို အကျပ်ကိုင်လေ၏။ "ကောင်းပြီ လေ" ဟိုဆေးအနားကနေ ကျွန်မ အနည်းငယ် ခွာလိုက်ပြီး အသံတိုးဖြင့် ပြောလိုက်သည်။ "မကျွတ်တတ်ဘူး၊ ရေမစိမ့်တတ်ဘူး။ ကပ်ရင်မြဲတယ်၊ အနံ့ သင်းတယ်၊ အရောင်စုံပြီး လှတယ်။ အဲဒါဘာလဲ… ရှင်မှန်းကြည့်"

"အဲဒါ ဘာလဲ" ဦးနှောက်တောင်မသုံးဘဲ သူပြန်မေးသည်။

"လက် …သည်း … ဆိုး … ဆေး" ကျွန်မအသံကျယ်ကျယ်နှင့် အော်ပြောလိုက်သည်။

"ဟာ… လက်သည်းဆိုးဆေးနဲ့ လူသွားဖာတယ်" ဆံပင်မွေးထောင် သည်အထိ ဟိုဆေးလန့်သွားတော့သည်။ ကာတွန်းထဲက ဇာတ်ကောင်လို ကြည့်ရကောင်းလှ၏။ သူလန့်သွားသည်ကို ကြည့်ပြီး ကျွန်မတစ်ဖက်က အော်ရင်း တစ်ဖက်က လုံခြုံသည့်နေရာသို့ ပြေးသွားတော့သည်။ သူ သတိဝင် လာ၍ ကျွန်မကိုလိုက်ဖို့ ကြည့်လိုက်ချိန်တွင် ကျွန်မ ဒီစုန်းမဆရာဝန်က အဝေးသို့ ရောက်သွားခဲ့လေပြီ။

* * *

## ကလေးသတို့သမီး

ကူခါကို စပြီးတွေ့သည်က မနှစ်က ဒီလိုအချိန်မျိုးမှာပါ။ ကျွန်မနေသည့်အိမ်အနီးအနားက အိမ်ကြီးတစ်ကြီးတွင် သူနှင့်သူ့မိသားစုတို့ နေထိုင်ကြသည်။ သူက ဗိုလ်ကြီးဂန္ဒီ၏ သမီးကြီးဖြစ်သည်။ ထိုစဉ်တုန်းက ကူခါသည် ကျစ်ဆံမြီးထူထူကို ကျစ်ထားပြီး အာဖရိက ဂါဝန်ကြားကြီးကို ဝတ်ဆင်ထား၏။ ခြေဗလာနှင့် ခေါင်းအုပ် ဇာမပါ။ ခန္ဓာကိုယ်ကိုလည်း အဝတ်စဖြင့် ထုပ်စည်းမထားဘဲ အမြဲတမ်း ကျွန်မ၏အိမ်ရှေ့တွင် သူ့ဆိတ်များကို ကျောင်းနေခဲ့သည်။ သူ့အသံမှာ ကြည်လင်ပြီး ဖော်ရွေ၏။ ပျော်ရွှင်ချမ်းမြေ့သော ကလေးမတစ်ယောက်ဖြစ်သည်။ နောက်ပိုင်း၌ ကျွန်မဆီ သူ စာလာသင်ခဲ့သည်။ သူ့ကို "အသက်ဘယ်နနှစ်လဲ" ဟု ကျွန်မမေးသောအခါ

"ဒါက ဂန္ဒီကို သွားမေးရလိမ့်မယ်။ ငါတို့ ဆာဟာရဝီမိန်းကလေးတွေက ကိုယ့်အသက်ကို မသိကြဘူး" ဟု သူပြောသည်။ သူနှင့် သူ့မောင်နှမများက ဂန္ဒီကို အဖေဟုမခေါ်ကြဘဲ နာမည်သာတိုက်ရိုက်ခေါ်ကြသည်။ ကူခါ ၁၀ နှစ်ရှိပြီဖြစ်ကြောင်း ဂန္ဒီက ကျွန်မကို ပြောပြသည်။ သူက ပြောပြနေချိန်အတွင်း ကျွန်မကို ပြန်မေးသည်။

"နင့်အသက်ရော ၁၀ နှစ်ကျော်လောက်ပဲထင်တယ်။ ကူခါက နင်နဲ့ သိပ်တည့်တယ်"

ရယ်စရာကောင်းသော ထိုအမေးကို ကျွန်မပြန်မဖြေနိုင်ခဲ့ပါ။ ပြုံး၍သာ သူ့ကိုကြည့်နေလိုက်၏။ နှစ်ဝက်လောက်ကြာသောအခါ ဂန္ဒီနှင့် ကျွန်မ မိတ်ဆွေကောင်းများဖြစ်သွားကြသည်။ နေ့တိုင်းနီးပါး လက်ဖက်ရည်အတူသောက်ကြ၏။ တစ်နေ့ လက်ဖက်ရည်သောက်နေချိန်တွင် ဂန္ဒီနှင့် သူ့မိန်းမဂိုဘာကို အိမ်ထဲတွင် တွေ့လိုက်သည်။ ရုတ်တရက် ဂန္ဒီက "ကျုပ်သမီး မင်္ဂလာဆောင်တော့မယ်။ စကားကြုံရင် သူ့ကိုပြောလိုက်ပါ" ဟု ပြောသည်။

"ကူခါကို ပြောတာလား" လက်ဖက်ရည်တစ်ငုံမျိုချရင်း ကျွန်မ မေးလိုက်သည်။

"ဟုတ်တယ်။ ဥပုသ်လ (Ramadan) ပြီး နောက် ၁၀ ရက်ဆို မင်္ဂလာဆောင်ပြီ"

ထိုအချိန်က မွတ်စလင်တို့၏ ဥပုသ်လ စတင်နေပြီဖြစ်သည်။ ကျွန်မတို့ တိတ်ဆိတ်စွာ လက်ဖက်ရည်တစ်အိုး သောက်လိုက်ကြသည်။ ထို့နောက် ကျွန်မ မအောင့်အည်းနိုင်ဘဲ ဂန္ဒီကိုမေးသည်။ "ကူခါက ငယ်သေးတယ်လို့ ရှင်မထင်ဘူးလား။ သူက ၁၀ နှစ်ပဲ ရှိသေးတယ်"

"ဘာငယ်တာလဲ။ ကျုပ်မိန်းမ ကျုပ်ကိုယူတုန်းက သူ ရှစ်နှစ်ပဲ ရှိသေးတယ်" ဂန္ဓီက ရေးကြီးခွင်ကျယ်မဟုတ်သည့် လေသံဖြင့် ပြောသည်။ ဒါက သူတို့ဆာဟာရဝီတို့၏ ရိုးရာဓလေ့ဖြစ်မည်။ ထိုကိစ္စကို ကျွန်မအမြင်ဖြင့် သွားရောက်ဝေဖန်ရန် မသင့်သောကြောင့် စကားမဆက်ဘဲ နေလိုက်တော့၏။

"ကူခါကို ပြောပေးပါနော်။ ဒီကိစ္စတွေ သူမသိသေးဘူး" ကူခါ၏ အမေက ကျွန်မကို ထပ်မံတောင်းဆိုသည်။

"ဘာဖြစ်လို့ မိဘတွေကိုယ်တိုင်မပြောတာလဲ" ကျွန်မတအံ့တသြ ပြန်မေးလိုက်သည်။

"ဒီလိုကိစ္စက တိုက်ရိုက်ပြောလို့ မကောင်းဘူးလေ" ဂန္ဓီက ယုံကြည် စိတ်ချစွာ ပြန်ပြောသည်။ သူတို့က တစ်ခါတစ်ရံမှာ ရှေးရိုးဆန်လွန်းလှသည်။ နောက်တစ်နေ့ အရေအတွက်သင်ခန်းစာပြီးချိန်တွင် လက်ဖက်ရည်ကျိုရန် မီးမွှေးဖို့ဟုဆိုကာ ကူခါအား ကျွန်မက နေခိုင်းလိုက်သည်။

"ကူခါ... ဒီတစ်ခါ နင့်အလှည့်" လက်ဖက်ရည်ကို သူ့အား ကမ်း ပေးရင်း ကျွန်မပြောလိုက်သည်။

"ဘာလဲ" ကူခါက နားမလည်စွာ ပြန်မေးသည်။

"ငအေလေး... နင် မင်္ဂလာဆောင်ရတော့မယ်" ကျွန်မက မသွယ် ဝိုက်ဘဲ ဖွင့်ပြောလိုက်သည်။

"ဘယ်တော့လဲ" သူ ထိတ်ခနဲတစ်ချက်ဖြစ်သွားပြီး မျက်နှာနီမြန်း ကာ ကျွန်မအား တိုးတိုးမေးသည်။

"ဥပုသ်လပြီး နောက် ၁၀ ရက်တဲ့။ ဘယ်သူနဲ့ဆိုတာ နင်သိလား" ကျွန်မအမေးကို သူခေါင်းခါပြပြီး လက်ဖက်ရည်ခွက်ကိုချကာ ထွက်သွား

တော့သည်။ အဲဒါက သူစိတ်ပျက်ဝမ်းနည်းသည့်မျက်နှာကို ကျွန်မ ပထမဆုံး အကြိမ် တွေ့ဖူးခြင်းဖြစ်သည်။ တစ်အောင့်ကြာပြီးနောက် မြို့ထဲ ကျွန်မ ပစ္စည်းသွားဝယ်ချိန်၌ ကူခါ၏အစ်ကိုနှင့် အခြားလူရွယ်တစ်ယောက်ကို ကျွန်မဆုံခဲ့၏။ ကူခါ၏အစ်ကိုက ထိုလူရွယ်နှင့် မိတ်ဆက်ပေးသည်။

"အာပုတိက ရဲတစ်ယောက်ပါ။ ဂန္ဒီရဲ့ လက်အောက်ကပဲ။ ငါ့ သူငယ်ချင်းကောင်းလည်း ဟုတ်တယ်။ ပြီးတော့ သူက ကူခါနဲ့ယူမယ့်သူပေါ့"

ကူခါနှင့်ယူမည့်သူဟု ကြားသည်နှင့် ထိုလူရွယ်အား ကျွန်မ ချက်ချင်းပင် အကဲခတ်ကြည့်လိုက်သည်။ အာပုတိက အသားမမည်းပါ။ ခပ်မြင့်မြင့်၊ ခန့်ခန့် ညားညားဖြစ်ပြီး စကားပြောယဉ်ကျေးသည်။ အကြည့်နွေးထွေးပြီး ပထမ အကြိမ်မှာပင် လူကို ကောင်းမွန်သောထင်မြင်ချက်ပေးသည်။

အိမ်ရောက်တော့ ကူခါကို ရှာပြီး "ကူခါ... နင်စိတ်ချ... နင်ယူမယ့် ယောက်ျားက အာပုတိတဲ့။ ငယ်ရွယ်ပြီးချောတယ်။ မကြမ်းတမ်းဘူး။ ဂန္ဒီနင့်ကို အရမ်း မပေးစားပါဘူး" ဟု ပြောလိုက်တော့ ကူခါက ဘာမျှမပြောဘဲ ရှက်ပြီး ခေါင်းငုံ့နေ၏။

သို့သော် ထိုမင်္ဂလာကိစ္စကို သူလက်ခံလိုက်ပြီဖြစ်ကြောင်းကိုတော့ သူ့မျက်လုံးမှတစ်ဆင့် မြင်နေရသည်။

ဆာဟာရဝီတို့၏ ရိုးရာဓလေ့တွင် သမီးမိန်းကလေး ယောက်ျား ယူချိန်၌ မင်္ဂလာပစ္စည်းအများအပြား ရရှိတတ်သည်။ ယခင်က ကန္တာရတွင် ငွေကြေးမရှိချေ။ မိန်းကလေးဘက်က ရရှိသည့် မင်္ဂလာပစ္စည်းများက ဆိတ်အုပ်၊ ကုလားအုပ်၊ အဝတ်စ၊ ကျွန်၊ ဂျုံမှုန့်၊ သကြား၊ လက်ဖက်ခြောက် စသည်များဖြစ်သည်။ ယခုအခါ ခေတ်မီတိုးတက်လာပြီဖြစ်သော်လည်း

သူတို့၏ မင်္ဂလာပစ္စည်းစာရင်းများက ထိုအရာများပင်ဖြစ်သည်။ သို့သော် ငွေကြေးများဖြင့် ကိုယ်စားပြုလာကြပြီဖြစ်သည်။

ကူခါအတွက် မင်္ဂလာပစ္စည်းများလာပို့သည့်နေ့က လက်ဖက်ရည်သောက်ဖို့ ဟိုဆေးကိုဖိတ်သွားသော်လည်း ကျွန်မက မိန်းမသားမို့ အိမ်မှာပင် ကျန်ရစ်ခဲ့၏။ အချိန်တစ်နာရီပင် မကြာလိုက်၊ ဟိုဆေးပြန်လာပြီး ကျွန်မအား ပြောသည်။

"အာပုတိက ဂန္ဒီကို စပိန်ငွေ နှစ်သိန်းပေးတယ်။ ကူခါ ဒီလောက်တန်မှာ မသိဘူး"

ဟိုဆေးက ပြောသည်။

"ဒါဟာ လူကုန်ကူးတာနဲ့ အတူတူပဲ"

ပါးစပ်က ကျွန်မပြောနေပေမည့် စိတ်ထဲမှာတော့ ကူခါကို အားကျမိသည်။ ကျွန်မင်္ဂလာဆောင်တုန်းက ကျွန်မမိဘအတွက် ဆိတ်တစ်ကောင်မျှပင် မပေးနိုင်ခဲ့ပေ။

အချိန်က တစ်လတောင် မကြာလိုက်။ ကူခါ၏ အပြင်အဆင်က ပြောင်းလဲသွားတော့သည်။ ဂန္ဒီက သူ့အတွက် အဝတ်စများဝယ်ပေးသည်။ နဂိုအနက်၊ အပြာမဟုတ်တော့သည့် အဝတ်အစားများက ဆိုးဆေးမကောင်းသောကြောင့် ကူခါ၏အသားအရေကိုပင် အရောင်များစွန်းထင်းကုန်၏။ အပြာရင့်ရောင်အဝတ်စဖြင့် တစ်ကိုယ်လုံးပတ်ထားလျှင် သူ့တစ်ကိုယ်လုံး ပြာသွားသည်။ တစ်မျိုးကြည့်ရကောင်းနေသည်။ သူက ဖိနပ်မပါ၊ ခြေဗလာနှင့် ဖြစ်ပေမည့် ခြေချင်းဝတ်တွင် ငွေရောင်ခြေချင်းလေးရှိနေပြီဖြစ်သည်။ ဆံပင်ကို စတင်ဖြီးသပ်တင်ပြီး တစ်ကိုယ်လုံးကိုလည်း စူးရှသည့် အမွှေး

အကြိုင်များ သုတ်လိမ်းထားပြီဖြစ်သည်။ ထိုအနံ့များက နစ်ရှည်လကြာ ရေမချိုးသည့် အနံ့အသက်များနှင့်ပေါင်းစပ်ပြီး ထူးခြားသည့်အနံ့တစ်မျိုး ထွက်နေ၏။ သူကား တကယ့်ဆာဟာရဝီအမျိုးသမီးတစ်ဦး ဖြစ်နေခဲ့ပြီ။

ဥပုသ်နေ့နောက်ဆုံးနေ့တွင် ဂန္ဒီက သူ့သားအငယ်နစ်ကောင်အား လိင်တံထိပ်အရေပြားဖြတ်ပေးသည်။ ဘယ်လိုများပါလိမ့်ဆိုပြီး ကျွန်မလည်း ပြေးကြည့်မိ၏။ ထိုအချိန်ကတည်းက ကူခါ အိမ်ထဲမှ အိမ်ပြင်ထွက်ခဲ့လှပြီ။ သူ့အခန်းထဲ ကျွန်မဝင်ကြည့်သည်။ သူ့အခန်းက ညစ်ပတ်စုတ်ပြတ်သော ဖျာတစ်ချပ်သာရှိသည်။ ပစ္စည်းအသစ်ဟူ၍ ကူခါ၏အဝတ်အစားတချို့သာရှိသည်။

"ကူခါ မင်္ဂလာဆောင်ပြီးရင် ဘာယူသွားမလဲ။ အိုးလည်းမရှိ၊ ခွက်လည်းမရှိ" သူ့အား ကျွန်မမေးကြည့်သည်။

"ငါ မသွားဘူး။ ဂန္ဒီက ငါ့ကိုနေရစ်ခိုင်းမှာ"

"ဒါဆို နင့်ယောက်ျားရော" ကျွန်မ တအံ့တဩ မေးလိုက်သည်။

"သူလည်း ဒီမှာပဲနေမှာ" ကျွန်မ တကယ်ပင် သူ့ကို အားကျမိသည်။

"ဘယ်လောက်ကြာကြာနေပြီးမှ အိမ်ခွဲထွက်မှာလဲ"

"ခလေ့ထုံးတမ်းအရတော့ ခြောက်နစ်နေပြီး ထွက်လို့ရတယ်"

သမက်ကပါ အိမ်တွင် လာနေသောကြောင့် ဂန္ဒီက ဤမျှများပြားသော မင်္ဂလာကြေးကို တင်တောင်းခိုင်းခြင်းဖြစ်လိမ့်မည်။ မင်္ဂလာမဆောင်ခင် ရှေ့တစ်ရက်တွင် ထုံးတမ်းအရ ကူခါက အိမ်က ထွက်သွားရမည်ဖြစ်သည်။ မင်္ဂလာဆောင်သည့်နေ့တွင် သတို့သားက သူ့အား အိမ်ပြန်ခေါ်လာမည်ဖြစ်သည်။ ကျွန်မက ကျောက်စိမ်းလက်ကောက်အတုတစ်ဖက်ကို ကူခါ

အတွက် မင်္ဂလာလက်ဖွဲ့ပေးဖြစ်သည်။ ထိုလက်ကောက်ကို ကျွန်မဆီက သူတောင်းခဲ့ဖူးသောကြောင့် ဖြစ်သည်။ အိမ်မှ ထွက်သွားမည့် ညနေတွင် ကူခါ၏အဒေါ် ရောက်လာသည်။ သူက ဆာဟာရဝီအမယ်အိုတစ်ဦးဖြစ်သည်။ ကူခါက သူ့အဒေါ်ရှေ့တွင်ထိုင်ပြီး အပြင်အဆင်ခံနေပြီဖြစ်သည်။ သူ့ဆံပင်များ ဖြေချလိုက်ပြီး ကျစ်ဆံမြီးသေး အချောင်း ၃၀ လောက် ကျစ်လိုက်သည်။ ဦးခေါင်းထိပ်တွင် ဆံထုံးတုတစ်ခုတပ်လိုက်သည်။ တရုတ်ရှေးခေတ်နန်းတွင်းက အသုံးတော်များအတိုင်းဖြစ်သည်။ ကျစ်ဆံမြီးတစ်ချောင်းတိုင်းပေါ်တွင် ရောင်စုံပုလဲလေးများ သီလိုက်သည်။ ဆံထုံးတုပေါ်တွင်လည်း လက်လက်ထသော ပုလဲတုများ ဆင်မြန်းလိုက်သည်။ မျက်နှာကတော့ ခြယ်သစရာမလိုပေ။ ဆံပင်ကိုပြင်ဆင်ပြီးနောက် ကူခါ၏မိခင်က အဝတ်အစားသစ်များယူလာသည်။

အတွန့်အတက်များစွာပါသော ဂါဝန်ဖြူကို ကူခါဝတ်လိုက်ပြီးနောက် သူ့ကိုယ်ပေါ်သို့ အဝတ်စမည်းကြီးဖြင့် ပတ်လိုက်သည်။ နဂိုကတည်းက ဝသောခန္ဓာကိုယ်သည် ပိုဖောင်းကြွလာခဲ့သည်။

"သိပ်ဝတာပဲ" ကျွန်မ သက်ပြင်းတစ်ချက်ချမိသည်။

"ဝမှလှတယ်။ ဝရမယ်" ကူခါ၏အဒေါ်က ပြန်ပြောသည်။

အဝတ်အစားဝတ်ပြီးနောက် မြေပြင်ပေါ် ကူခါဆိတ်ဆိတ်ငြိမ်ငြိမ်ထိုင်နေသည်။ သူ့မျက်နှာက လှပလွန်းနေသည်။ တစ်ခေါင်းလုံးပေါ်က ပုလဲများကြောင့် အမှောင်ကျနေသောအိမ်ခန်းသည်လည်း အလင်းဖြာနေသည်။

"ကောင်းပြီ... ငါတို့သွားရအောင်"

ကူခါ၏အဒေါ်နှင့် ညီမဝမ်းကွဲက သူ့အား အပြင်ခေါ်ထွက်သွား၏။

အဒေါ်၏အိမ်တွင် သူ တစ်ညတည်းပြီး နောက်ရက်မှပြန်လာမည်ဖြစ်သည်။ ထိုအချိန်ကျမှ ကျွန်မတစ်ခုခုကို သွားသတိရမိသည်။ အဲ… ကူခါ ရေမချိုးဘူးပဲ။ မင်္ဂလာမဆောင်ခင်မှာလည်း ရေမချိုးတာများလား။ မင်္ဂလာဆောင်သည့်နေ့က ဂန္ဓီ၏ အိမ်အပြင်အဆင်အနည်းငယ်ရှိခဲ့သည်။ ညစ်ပတ်စုတ်ပြတ်သောဖျာမတွေ့တော့။ ဆိတ်များကို အပြင်မောင်းထုတ်ထားသည်။ တံခါးမကြီးတွင် သတ်ပြီးသား ကုလားအုတ်တစ်ကောင် ချထား၏။ ဧည့်ခန်းတွင် အနီရောင် အာရပ်ကော်ဇောများ ခင်းထားသည်။ စိတ်ဝင်စားစရာအကောင်းဆုံးက ဆိတ်သားရေဖြင့်ပြုလုပ်ထားသော ပုံကြီးတစ်လုံးကို အိမ်ခန်းထောင့်တွင် ချထားခြင်းဖြစ်သည်။ ထိုပုံကို ကြည့်ရသည်မှာ သက်တမ်း ၁၀၀ လောက်ရှိပြီ ထင်ရသည်။

နေဝင်ရီတရောအချိန် ရောက်လာခဲ့ပြီ။ နေမင်းက မိုးကုပ်စက်ဝိုင်းအောက် ငုပ်လျှိုးနေလေပြီ။ အပြောကျယ်သည့် သဲကန္တာရတစ်ခုလုံး သွေးနီရောင်သန်းနေ၏။ ထိုအချိန်၌ ပုံသံမြည်လာသည်။ ပုံသံက အားငယ်ငြီးငွေ့ဖွယ်ကောင်းပြီး အဝေးကိုပြန့်သွားသည်။ အကယ်၍ ဤသည်က မင်္ဂလာပွဲဟုကြိုမသိထားလျှင် ထိုပဟေဠိဆန်သော စည်းဝါးသံက ကြောက်ရွံ့စရာကောင်းနေ၏။ မွေးပွအင်္ကျီကို တစ်ဖက်ကဝတ်ရင်း ဂန္ဓီ၏အိမ်ဘက် ကျွန်မထွက်ခဲ့သည်။ တစ်ပြိုင်နက်တည်းမှာပင် ကျွန်မသည် လှပသောတစ်ထောင့်တစ်ညပုံပြင်ထဲ ဝင်ရောက်နေပြီဟု စိတ်ကူးယဉ်လိုက်မိသည်။

အိမ်ထဲဝင်ရောက်သွားတော့ အခြေအနေက မကောင်းခဲ့ပါ။ ဧည့်ခန်းတွင် ဆာဟာရဝီအမျိုးသားတစ်သိုက် ထိုင်ပြီး ဆေးလိပ်သောက်နေကြသည်။ လေထုတစ်ခုလုံး ညစ်ညမ်းနေပြီ။ အာပုတိလည်း ထိုအမျိုးသားတစ်သိုက်နှင့်

ပူးကပ်နေ၏။ သူ့အား ယခင်ကသာ မတွေ့ခဲ့ဖူးလျှင် ဒီညမှာ သူက သတို့သား ဆိုသည်ကို သိလိမ့်မည်မဟုတ်ပါ။

အိမ်ခန်းထောင့်တွင် မီးသွေးတမျှမည်းသော အမျိုးသမီးတစ်ဦး ထိုင်နေ၏။ အမျိုးသားတစ်သိုက်ထဲတွင် သူတစ်ယောက်သာ အမျိုးသမီး ဖြစ်သည်။ ခေါင်းကို သူအုပ်မထား။ အဝတ်စမည်းကြီးတစ်ခုသာ ကိုယ်ပေါ် လွှားထားသည်။ ခေါင်းမော့ပြီး ပုံကိုသာ အာရုံစူးစိုက်တီးနေသည်။ ၁၀ ချက် ကျော်လောက် တီးပြီးနောက် သူ ထရပ်သည်။ ပါးစပ်ကလည်း ရှူးရှူးရှရှ အော်ဟစ်နေသည်။ အသံက တောသဘာဝဆန်လွန်းသည်။ မြောက် အမေရိကက အင်ဒီးယားနားအတိုင်း။ တစ်အိမ်လုံးထဲမှာ သူတစ်ယောက်သာ ထူးခြားနေသည်။

"သူ ဘယ်သူလဲ" ကူခါ၏အစ်ကိုအား ကျွန်မမေးလိုက်သည်။

"ငါ့အဘွားဆီကနေငှားလာတဲ့ ကျေးကျွန်လေ။ သူက ပုံတီးရာမှာ နာမည်ကြီးတယ်"

"သိပ်တော်တဲ့ ကျွန်တစ်ယောက်ပဲ" ကျွန်မ တအံ့တသြ ချီးကျူး နေမိ၏။

ထိုအချိန်တွင် အိမ်ထဲ အသက်ကြီးပိုင်း အမျိုးသမီးသုံးဦးဝင်လာ သည်။ ပုံသံအလိုက် အတက်အကျသံစဉ်မရှိသော သီချင်းကို သူတို့ စဆို တော့သည်။ အသံက ငိုသံနှင့်တူသည်။ အမျိုးသားများကလည်း သီချင်းသံနှင့် အတူ လက်ခုပ်လိုက်တီးကြ၏။ ကျွန်မက မိန်းကလေးဖြစ်သောကြောင့် ပြတင်းပေါက်ကနေပြီး ကြည့်နေရသည်။ မိန်းမငယ်များအားလုံးလည်း ပြတင်းပေါက်အပြင်တွင် တိုးဝှေ့နေရသည်။ သို့သော် သူတို့က မျက်နှာ

များ အုပ်ထားကြပြီး လှပဝိုင်းစက်သော မျက်လုံးကိုသာ ဖော်ထားကြသည်။ နှစ်နာရီကြာမျှ ရပ်ကြည့်နေလိုက်သည်။ မိုးစုံးစုံးချုပ်နေခဲ့ပြီ။ ပုံသံက ပြောင်းလဲသွားခြင်းမရှိသလို လက်ခုပ်တီး သီချင်းဆိုသံကလည်း တစ်ပုံစံတည်းပင်။

"ဘယ်အချိန်အထိ တီးနေမှာလဲ" ကူခါ၏မိခင်အား ကျွန်မက မေးသည်။

"စောသေးတယ်။ နင် ပြန်အိပ်လေ" ဟု သူက ပြောသည်။

ကျွန်မအိမ်မပြန်ခင်တွင် မနက်ဖြန်မနက်စောစော သူတို့သမီးကို ကြိုချိန် ကျွန်မကို လာနှိုးဖို့မှာလိုက်သည်။ နံနက် ၃ နာရီအချိန်၏သဲကန္တာရကား လူကို ခိုက်ခိုက်တုန်စေအောင် ချမ်းနေဆဲဖြစ်သည်။ ကူခါ အစ်ကိုနှင့် ဟိုဆေးက ကင်မရာကိစ္စ စကားပြောနေကြသည်။ အနွေးထည်ဝတ်ပြီး ကျွန်မအိမ်ထဲက ထွက်လာသည်ကို မြင်တော့ ကူခါ၏အစ်ကိုက မယုံကြည်စွာဖြင့် "နင်လည်း သွားမလို့လား" ဟု မေးသည်။

ကျွန်မကို အပါးခေါ်ဖို့ သူ့အား ကျွန်မ တောင်းပန်ပြောဆိုတော့ နောက်ဆုံး သူ လက်ခံလိုက်သည်။ ထိုဒေသတွင် အမျိုးသမီးများ နေရာမရကြပေ။

ကျွန်မတို့နေသည့် ထိုလမ်းတွင် ဂျစ်ကားများဖြင့် ပြည့်နေ၏။ ကားအဟောင်း၊ ကားအသစ်များလည်းပါ၏။ ထိုအခြင်းအရာကို ကြည့်ခြင်းအားဖြင့် ဂန္ဒီက သူတို့၏ လူမျိုးထဲတွင် နေရာအနည်းငယ်ရှိသူဖြစ်သည်။ ကျွန်မနှင့် ဟိုဆေး မင်္ဂလာကြိုကားတစ်စီးပေါ်တက်လိုက်သည်။ ထိုကားတန်းကြီးက ဟွန်းများ အဆက်မပြတ်တီးပြီး သဲကန္တာရတွင် ကွေ့ပတ်မောင်းနေ

ကြသည်။ အမျိုးသားများက သဘာဝအသံများဖြင့် အော်ဟစ်လျက်ရှိပြီး ကားတန်းက ကူခါ၏အဒေါ်အိမ်ဘက် ဦးတည်သွားနေသည်။

ရှေးခေတ်ရိုးရာဓလေ့က ကုလားအုတ်စီးသည်။ သေနတ်ဖောက်သည်။ ရွက်ဖျင်တဲဆီ သတို့သမီးသွားကြိုရသည်ဟု သိရ၏။ ယနေ့ခေတ်မှာတော့ ကုလားအုတ်အစား ဂျစ်ကားဖြစ်သွားပြီး သေနတ်သံအစား ဟွန်းသံဖြစ်သွားသည်။ ဆူညံပွက်လောရိုက်နေအောင် အော်ဟစ်သည်ကတော့ ယခင်အတိုင်းဖြစ်သည်။

စိတ်အပျက်ရဆုံးက သတို့သမီးကြိုသည့် ကိစ္စပင်ဖြစ်သည်။ အာပုတိ ကားပေါ်က ဆင်းလိုက်သည်။ လူငယ်သူငယ်ချင်းတစ်စုနှင့်အတူ ကူခါထိုင်နေသည့်အိမ်ခန်းထဲ တစ်ဟုန်ထိုးဝင်သွားသည်။ မည်သူ့ကိုမျှလည်း နှုတ်ဆက်ခြင်းမရှိ။ ကူခါ၏လက်မောင်းကိုဆုပ်ကိုင်ပြီး အပြင်သို့ အတင်းဆွဲထုတ်သည်။ လူအများရယ်နေကြသည်။ ကူခါတစ်ယောက်သာ ခေါင်းငုံ့ပြီး ရှန်းကန်နေသည်။ သူ အရမ်းဝသောကြောင့် အာပုတိ၏သူငယ်ချင်းများကလည်း ရှေ့တက်ပြီး ဆွဲကူကြသည်။ ထိုအချိန်၌ ကူခါစ၍အော်ငိုတော့သည်။ သူ တကယ်ငို၊ မငိုဆိုသည်ကိုတော့ ကျွန်မ မသိပါ။

သို့သော် ထိုလူတစ်အုပ်က ကြမ်းကြမ်းတမ်းတမ်း သူ့ကိုဆွဲထုတ်သည်ကိုတွေ့တော့ အရမ်းစိတ်လှုပ်ရှားမိသည်။ ကြည့်ရင်း ကျွန်မဒေါသထွက်လာပေမည့် ထိုအဖြစ်က မည်သို့ဆက်၍ ဖြစ်ပျက်မည်ဆိုသည်ကို နှုတ်ခမ်းကိုက်ပြီး ကြည့်နေမိသည်။

ကူခါ တံခါးအပြင်ဘက် ရောက်သွားခဲ့ပြီ။ သူက အာပုတိ၏ပါးကို ရုတ်တရက် ဆွဲကုတ်လိုက်၏။ အာပုတိမျက်နှာပေါ်တွင် အစင်းရာတချို့

ထင်ကုန်သည်။ အာပုတိကလည်း အလျှော့မပေးဘဲ ကူခါ၏လက်ညှိုးအား နောက်ပြန်ဆွဲလိမ်လိုက်သည်။ ဝန်းကျင်တစ်ခွင်လုံး ဆိတ်ငြိမ်သွားသည်။ ကူခါထံမှ ငိုသံပြတ်တောင်းပြတ်တောင်းတချို့သာ ညည်းကောင်းကင်ယံထက်တွင် ပဲ့တင်ထပ်နေခဲ့သည်။ တစ်ဖက်က ရိုက်လား၊ ဆွဲလားလုပ်ရင်း တစ်ဖက်ကလည်း ကူခါကို ဂျစ်ကားပေါ် ဆွဲတင်နေကြသည်။ ကျွန်မ စိတ်လှုပ်ရှားလွန်းနေပြီး ကူခါအား "ကားပေါ်တက်လေ။ နင် သူတို့ကို မနိုင်ဘူး။ ကူခါ" ဟု အော်မိသည်။ ကူခါ၏အစ်ကိုက ရယ်ရင်း "မစိုးရိမ်ပါနဲ့။ ဒါက ရိုးရာဓလေ့ပါ။ မင်္ဂလာဆောင်ချိန် မရုန်းဆန်ရင် နောက်ပိုင်းမှာ လူရယ်စရာဖြစ်တယ်။ ဒီလို သူတစ်ပြန်၊ ကိုယ်တစ်ပြန် ရိုက်နေမှ တကယ့်မိန်းမကောင်းပါ" ဟု ပြောသည်။

"ဒီလိုသာရိုက်နေရရင် မင်္ဂလာဆောင်မနေတော့ပါဘူး" ကျွန်မ သက်ပြင်းချမိသည်။

"ခဏနေ မင်္ဂလာခန်းဝင်ရင် ပိုငို ပိုအော်ရဦးမယ်။ စောင့်ကြည့်လိုက်ပါဦး။ တကယ့် စိတ်ဝင်စားစရာပါ" စိတ်ဝင်စားစရာကတော့ တကယ်ကောင်းသည်။ သို့သော် ဒီလိုမင်္ဂလာဆောင်နည်းကို ကျွန်မ မနှစ်သက်ပေ။

နောက်ဆုံး အိမ်သို့ ကူခါရောက်လာခဲ့ပြီ။ အချိန်က နံနက် ၅ နာရီရှိနေပြီဖြစ်သည်။ ဂန္ဓီက တမင်ရှောင်ထွက်သွားခဲ့ပါပြီ။ ကူခါ၏မိခင်နှင့် မောင်နှမဆွေမျိုးသားချင်းတို့က မအိပ်ကြသေးပေ။ ကျွန်မတို့ကို အာပုတိ၏ သူငယ်ချင်းများနှင့်အတူ နေရာချပေးပြီး လက်ဖက်ရည်၊ ကုလားအုတ်သားများဖြင့် ဧည့်ခံတော့သည်။ ကူခါက အခန်းငယ်လေးတစ်ခုထဲတွင် တစ်ယောက်တည်း ထိုင်နေသည်။

အစာအနည်းငယ်စားပြီးနောက် ပုံသံမြည်လာပြန်သည်။ ညှော့သည် အမျိုးသားများ လက်ခုပ်စတီးကြပြီး ဆိုကြပြီ။ တစ်ညလုံးမအိပ်ထားသော ကျွန်မ အရမ်းပင်ပန်းနေပေမည့် အိမ်ပြန်အိပ်ဖို့ နမြောနေမိသည်။

"ဆမ်မောက်... အိမ်ပြန်အိပ်လိုက်... ငါကြည့်ပြီး နင့်ကိုပြန်ပြော ပြမယ်" ဟုဆိုဆေးကပြောသော်လည်း အကောင်းဆုံးအခန်း မရောက်သေး သည်မို့ ကျွန်မ ပြန်မအိပ်ဘဲ နေလိုက်သည်။ မိုးစင်စင်လင်းသည်အထိ လက်ခုပ်တီးသီချင်းဆိုသံ မပြတ်ခဲ့ပါ။ ထိုအချိန်၌ အာပုတိထရပ်လိုက်သည်ကို ကျွန်မတွေ့လိုက်၏။ သူထရပ်လိုက်သည်နှင့် ပုံသံများ ချက်ချင်းရပ်သွားသည်။ အားလုံး သူ့ကိုကြည့်နေ၏။ သူ့သူငယ်ချင်းများက သူ့အား စနောက်ရယ်မော လိုက်ကြသည်။

ကူခါရှိရာအခန်းဆီသို့ အာပုတိလျှောက်သွားချိန် ကျွန်မလွန်စွာ စိတ်လှုပ်ရှားလာပြန်သည်။ စိတ်ထဲ နေမထိထိုင်မသာဖြစ်နေမိသည်။ ကူခါ အစ်ကိုပြောသော "မင်္ဂလာခန်းဝင်ရင် အော်ရ ငိုရတယ်" ဆိုသောစကားကို သတိရမိပြန်သည်။ ကျွန်မအပါအဝင် အပြင်တွင် စောင့်နေကြသောသူများ အားလုံး လူမဆန်လိုက်တာဟု ကျွန်မထင်မိသည်။ ရိုးရာဓလေ့ဆိုသည့် အကြောင်းပြချက်ဖြင့် ထိုအရာကို မည်သူမျှမပြောင်းလဲနိုင်ကြသည်ကိုက အံ့ဩစရာပါ။

ခန်းဆီးစ ဆွဲဟပြီး အာပုတိဝင်သွားသည်မှာ ကြာနေပြီ။ ညှော့ခန်း ထဲတွင် ကျွန်မခေါင်းငိုက်စိုက်ထိုင်နေမိသည်။ အချိန်ကာလ မည်မျှကြာသွား သည်မသိ။ ကူခါထံမှ "အား..." ဆိုသည့် ငိုသံပါသော အသံတစ်သံကို ကြားလိုက်ရပြီးနောက် မည်သည့်အသံမျှ ထပ်၍ မကြားမိတော့ချေ။ ရိုးရာ

ထုံးတမ်းအရ သူအောင်ရသည်။ သို့သော် ထိုအောင်သံက နာကျင်လှသည်၊ စစ်မှန်လှသည်၊ အကူအညီမဲ့ ရှည်လျားလှသည်။ ကျွန်မ ဆိတ်ဆိတ်ငြိမ်ငြိမ် ထိုင်နေမိပြီး မျက်ဝန်းများ စိုစွတ်လာခဲ့တော့သည်။

"စဉ်းစားကြည့်ပါဦး။ သူက အခုမှ ၁၀ နှစ်အရွယ် ကလေး တစ်ယောက်ပါ။ သိပ်ရက်စက်တယ်" ဟုဆိုဆေးအား ကျွန်မ ဒေါသတကြီး ပြောမိသည်။ မျက်နာကြက်ကို သူငေးမောကြည့်ရင်း စကားတစ်ခွန်းမျှ ပြန်မပြောခဲ့ပါ။ ထိုနေ့က ထိုမင်္ဂလာပွဲတွင် နယ်ခံမဟုတ်သောသူဆို၍ ကျွန်မတို့ နှစ်ယောက်သာ ရှိခဲ့သည်။

သွေးကွက်တစ်ကွက်ပေနေသော အစဖြူတစ်ခုကိုကိုင်ပြီး အိမ်ခန်း ထဲကနေ အာပုတိထွက်လာသည်ကိုတွေ့သည်နှင့် သူ၏သူငယ်ချင်းများက ဝိုင်းဝန်းညာသံပေးကြသည်။ အသံထဲတွင် ပြောပြ၍မတတ်သည့် ညုတုတု အသံများပါနေ၏။ သူတို့၏အယူအဆတွင် မင်္ဂလာဦးညက ကောင်မလေး တစ်ယောက်အား အကြမ်းဖက် ဗလက္ကာရပြုခြင်းပင်ဖြစ်သည်။

ဒီလိုအဖြစ်နှင့် ပြီးမြောက်သွားသည့် မင်္ဂလာပွဲကို ကျွန်မစိတ်ပျက် မိသလို ရယ်လည်းရယ်ချင်မိသည်။ ကျွန်မထရပ်ပြီး မည်သူ့ကိုမျှ နှုတ်ဆက် မနေဘဲ ခြေလမ်းကျဲဖြင့် လှမ်းထွက်လာခဲ့တော့သည်။

မင်္ဂလာအခမ်းအနားကို ခြောက်ရက်တိုင်တိုင် ကျင်းပခဲ့သည်။ ထိုခြောက်ရက်အတောအတွင်း ညနေ ၅ နာရီမှစ၍ ဧည့်သည်များက ဂန္ဓီ၏ အိမ်သို့ လက်ဖက်ရည်သောက်၊ ထမင်းသွားစားကြသည်။ ညဉ့်နက်သန်းခေါင် အထိ ပုံတီး၊ သီချင်းဆိုကြသည်။ သူတို့၏အစီအစဉ်များက နေ့တိုင်းအပြောင်း အလဲမရှိသောကြောင့် ကျွန်မလည်း ထပ်၍ မသွားခဲ့တော့ပါ။ ငါးရက်မြောက်

နေ့တွင် ဂန္ဒီ၏သမီးငယ်တစ်ယောက်က ကျွန်မကိုလာခေါ်ပြီး "ကူခါ နင့်ကို ရှာနေတယ်။နင် ဘာလို့မလာတာလဲ" ဟု ဆိုသောကြောင့် အဝတ်အစားလဲပြီး ကျွန်မ ကူခါဆီ သွားလိုက်တော့သည်။

ကူခါက မင်္ဂလာအခမ်းအနား ခြောက်ရက်စလုံး သီးသန့်အခန်းလေးတစ်ခုထဲတွင် နေနေရ၏။ ဧည့်သည်များ ဝင်ရောက်ကြည့်ရှုခွင့်မရဘဲ သတို့သားတစ်ဦးသာ ဝင်ထွက်ခွင့်ရှိသည်။ ကျွန်မက ဒေသခံမဟုတ်သောကြောင့် ကူခါ၏အိမ်သွားပြီး ဘာပဲဖြစ်ဖြစ်ဟုဆိုကာ ခန်းဆီးဆွဲဟပြီး အခန်းထဲဝင်လိုက်သည်။

အခန်းထဲတွင် အလင်းအားနည်းလှ၏။ အနံ့အသက်မကောင်း။ ကူခါက အခန်းထောင့်ကော်ဇောပုံပေါ်တွင် ထိုင်နေသည်။ ကျွန်မကိုတွေ့တော့ သူအရမ်းဝမ်းသာသွားပြီး ကျွန်မပါးအား လာနမ်းရင်း "ဆမ်မောက်... နင်မသွားနဲ့နော်" ဟု ပြောသည်။

"ငါမသွားဘူး။ နင်စားဖို့ ငါတစ်ခုခုသွားယူပေးမယ်" အခန်းထဲမှ ကျွန်မပြေးထွက်ပြီး အသားတစ်တုံးယူကာ ကူခါအား စားစေသည်။

"ဆမ်မောက်... ငါ ဒီလိုနဲ့ ကိုယ်ဝန်မြန်မြန်ရသွားမှာလားဟင်" ကျွန်မကို သူ တိုးတိုးမေးသည်။

သူ့ကို ကျွန်မ မည်သို့ပြန်ဖြေရမည် မသိပါ။ နဂိုက ပြည့်ပြည့်ဖောင်းဖောင်း သူ့ပါးက ငါးရက်အတွင်း ချောင်ကျသွားပြီး မျက်တွင်းပါ ဟောက်ပက်နေတော့သည်။ ကျွန်မရင်ထဲမကောင်းဖြစ်ပြီး သူ့အား ငေးမော ကြည့်နေလိုက်သည်။

"ငါ့ကို ဆေးပေးလေ။ စားပြီး ကလေးမရှိတဲ့ ဆေးပေးလေ"

သူ့စိုးရိမ်တကြီး အသံတိုးတိုးဖြင့် ကျွန်မအား တိုးလျှိုးတောင်းဆို၏။ အကြည့်ကို ကျွန်မ မဖယ်နိုင်သေးဘဲ ၁၀ နှစ်အရွယ် သူ့မျက်နှာကို စူးစိုက်ကြည့်နေမိသည်။

"အိုကေ... ငါပေးမယ်... မစိုးရိမ်နဲ့။ ဒါဟာ ငါတို့နှစ်ယောက်ကြားက လျှို့ဝှက်ချက်နော်" သူ့လက်ဖမိုးကို ဖြည်းဖြည်းချင်းပွတ်သပ်ရင်း ကျွန်မ ပြောလိုက်သည်။

"အခု ခဏလောက်အိပ်လိုက်ဦးနော်။ မင်္ဂလာပွဲက ပြီးသွားပါပြီ"

* * *

## လွင်တီးခေါင်ခေါင် ညတစ်ည

ထိုနေ့ညနေမှာ ဟိုဆေး အလုပ်က ပြန်လာတော့ ခါတိုင်းလိုပင် တံခါးဖွင့်ဝင်မလာဘဲ ကားပေါ်မှနေပြီး "ဆမ်မောက်... ဆမ်မောက်" ဟု အသံပေးရင်း ကားဟွန်းတီးလေ၏။ ကျွန်မလည်း အပျင်းပြေ တရုတ်စာရေးနေရာက စုတ်တံကိုချပြီး ပြတင်းပေါက်နား ပြေးသွားလိုက်သည်။

"ဘာဖြစ်လို့ ဝင်မလာတာလဲ"

"လိပ်နဲ့ ကမာကျောက်ဖြစ်ရပ်ကြွင်းရှိတဲ့နေရာကို ငါသိတယ်။ နင်သွားမလား"

"သွားမယ်... သွားမယ်..." ကျွန်မထခုန်ပြီး ပါးစပ်ကလည်း အလျင်အမြန် ပြန်ဖြေလိုက်သည်။

"မြန်မြန်ထွက်လာခဲ့" ဟိုဆေးက ထပ်၍အော်ပြောလေသည်။

"အဝတ်အစားလဲလိုက်ဦးမယ်၊ စားစရာယူဦးမယ်။ ပြီးတော့ စောင်လဲယူဦးမယ်" ပြတင်းပေါက်အပြင်ဘက်မှ လှမ်းအော်ရင်း ကျွန်မ အမြန်ပြင်ဆင်သည်။

"မြန်မြန်လာ... စားစရာယူမနေနဲ့တော့။ ငါတို့ နှစ်နာရီ၊ သုံးနာရီလောက်ဆို ပြန်လာမှာ"

ကျွန်မက စိတ်မြန်လက်မြန်ရှိသူပါ။ ဒါကို သူက ထပ်လောတော့ တစ်စက္ကန့်အတွင်း အပြင်ကို ပြေးထွက်လာလိုက်သည်။ ကိုယ်ပေါ်တွင် ခြေမျက်စိဖုံးသည့် ချည်သားဂါဝန်ရှည်ကို ဝတ်ဆင်ထားပြီး ညှပ်ဖိနပ်တစ်ရံ စီးထားသည်။ အိမ်အပြင်ထွက်လာခိုက် တံခါးဝတွင်ချိတ်ထားသည့် သားရေအရက်ဘူးကို လက်လှမ်းမီရာ ဆွဲခဲ့သည်။ ဘူးထဲတွင် ဝိုင်တစ်လီတာပါ၏။ ၎င်းတို့ကိုသာ ကျွန်မပြင်ဆင်ခဲ့သည်။

"ရပြီ... သွားမယ်" ကားကူရှင်ပေါ်ခုန်တက်ရင်း ကျွန်မအားရဝမ်းသာ ပြောသည်။

"အသွားအပြန် ၁၂၀ ကီလိုမီတာကျော်၊ ကားပေါ်မှာ အချိန်သုံးနာရီကြာမယ်။ အချိန်တစ်နာရီနဲ့ ကျောက်ဖြစ်ရုပ်ကြွင်းရှာမယ်။ ညစာစားချိန် ည ၁၀ နာရီတိတိမှာ အိမ်ပြန်ရောက်မယ်" ဟိုဆေးတစ်ယောက်တည်း တတွတ်တွတ်ရွတ်နေသည်။

အသွားအပြန် ၁၂၀ ကီလိုမီတာကျော်ဟု ကျွန်မကြားသည်နှင့် အနောက်ယွန်းယွန်းဘက် တဖြည်းဖြည်း ရွေ့နေသည့်နေကို ကြည့်လိုက်မိသည်။ ဟိုဆေးကို ကန့်ကွက်ချင်စိတ်ဖြစ်မိ၏။ သို့သော် ဒီလူက ကားရှိပြီး

နောက်ပိုင်း ကိုယ်ထဲကိန်းအောင်းနေသည့် "ကားစွဲလမ်းမှု" က အပေါ်ကြီး ပေါ်လာခဲ့သည်။ အိုသွေးပိုင်ရှင်လည်းဖြစ်သည်မို့ လုပ်မည့်အရာကိုဖြစ်အောင် လုပ်တတ်သည်။ နေဝင်ခါနီး ဒီလောက်ခရီးဝေးကြီးသွားသည်မှာ မသင့် တော်မှန်း ကျွန်မသိပေမည့် သူ့အား ကန့်ကွက်သည့် စကားတစ်ခွန်းမျှ ပြန်မပြောဖြစ်ခဲ့ပါ။ လမ်းမအတိုင်း မြို့လေး၏တောင်အရပ်ဆီ ကီလိုမီတာ ၂၀ ခန့် မောင်းနှင်လာခဲ့သည်။ စစ်ဆေးရေးဂိတ်ကျော်သည်နှင့် လမ်းက မရှိတော့ဘဲ အဆုံးအစမဲ့ သဲကန္တာရသို့ ဝင်ရောက်တော့မည်ဖြစ်သည်။

စစ်ဆေးရေးဂိတ်မှ ရဲသားတစ်ဦးက ကားပြတင်းပေါက်နား လျှောက် လာပြီး "ဟာ... မင်းတို့လာပြန်ပြီလား။ ဒီအချိန်ကြီးကျမှ အပြင်ထွက်မလို့လား" ဟု မေးသည်။

"ဝေးဝေးမသွားပါဘူး။ ဒီအနီးအနား ကီလိုမီတာ ၃၀ လောက်မှာ တစ်ပတ်ပတ်မလို့ပါ။ သူ ရှားစောင်းပင်လိုချင်လို့" ဟိုဆေးက ပြောပြောဆိုဆို ကားမောင်းထွက်ခဲ့တော့သည်။

"ရှင် ဘာလို့ သူ့ကိုလိမ်ရတာလဲ" ဟိုဆေးအား ကျွန်မအပြစ်တင် သည်။

"မလိမ်ရင် ထွက်လာလို့ ရမှာမဟုတ်ဘူး။ နင်ပဲ စဉ်းစားကြည့်။ ဒီအချိန်ကျမှ သူက ငါတို့ကို အဝေးကြီးပေးသွားမှာလား"

"တကယ်လို့ အန္တရာယ်တစ်ခုခုနဲ့ကြုံရင် ရှင်ပေးလိုက်တဲ့ ဦးတည် ရာနဲ့ အကွာအဝေးက မှားနေတော့ သူ ကျွန်မတို့ကို ဘယ်လိုလာရှာမလဲ"

"သူတို့ လာမရှာတတ်ပါဘူး။ ဟိုတစ်ခေါက်က ဟိုလမ်းသရဲတွေ ဘယ်လိုသေသွားကြလဲ"

စိတ်မချမ်းမြေ့စရာကိစ္စကို သူက အစ ဖော်ပြန်ပြီ။ ထိုလမ်းသရဲများ ရက်ရက်စက်စက်သေဆုံးသွားသည်ကို ကျွန်မတို့ တွေ့ခဲ့ကြ၏။ ညနေ ၆ နာရီ ထိုးပါပြီ။ နေညွှတ်ကျလာပြီဆိုပေမည့် ပတ်ဝန်းကျင်တစ်ခွင်က အလင်းများ စူးရှနေဆဲဖြစ်သည်။ လေက စတင်အေးလာပြီဖြစ်သည်။

ကားက သဲကန္တာရတွင် အမြန်မောင်းနှင်နေ၏။ တခြားသူမောင်းခဲ့သော ကားခြေရာအတိုင်း ကျွန်မတို့ လိုက်မောင်းနှင်နေသည်။ ကျောက်အကြေများ ခင်းကျင်းထားသော ကန္တာရက မျက်စိမမြင်နိုင်သည့် အဆုံးအထိ တစ်ပြေးညီ ရှိနေသည်။ တံလျှပ်များက ဘယ်ဘက်၌တစ်ခု၊ ညာဘက်ရှေ့ တည့်တည့်၌ နှစ်ခုရှိနေသည်။ ကြည့်ရသည်မှာ သစ်ပင်ငယ်လေးများကို ဝန်းရံထားသည့် ကန်ရေအလှာလေးများလို… ဝန်းကျင်တစ်ခွင်လုံး လေသံမှ လွဲ၍ မည်သည့်အသံမျှ မကြားရချေ။ ဆိတ်ငြိမ်သောလွင်ပြင်က ရောမ လူတစ်ဦးနှယ်။ ထိုနေရာတွင် လဲလျောင်းနေသည်။ သူသည် ဆိတ်ငြိမ်ပြီး ကြမ်းကြုတ်လှသည်။ သူဖြန့်စွင့်ထားသော ခန္ဓာကိုယ်ပေါ်တွင် ကျွန်မတို့ ခရီးနှင်နေလေသည်။

"တစ်နေ့နေ့ကျရင် ဒီလွင်ပြင်ခေါင်ခေါင်မှာပဲ ကျွန်မတို့ သေသွား ရမယ်ထင်တယ်" ကားပြတင်းပေါက်ကနေ အဝေးကိုကြည့်ကာ သက်ပြင်း ချရင်း ကျွန်မပြောသည်။

"ဘာဖြစ်လို့လဲ" ကားက တခုန်ခုန်နှင့် ရှေ့သို့ တစ်ဟုန်ထိုးသွားနေ သည်။

"ကျွန်မတို့ နေ့ရှိသရွေ့ သူ့ထဲဝင်လာပြီး လျှောက်လုပ်နေတာကိုး။ သူ့ရဲ့ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာလိုက်၊ သူ့ရဲ့အပင်တွေကို တူးဆွလိုက်၊ သူ့ရဲ့

ဆိတ်တွေကို ဖမ်းလိုက်၊ ဘီလပ်ရည်ပုလင်းခွံတွေ၊ စက္ကူဘူးတွေ၊ ပစ္စည်းအစုတ်အပြတ်တွေ ပစ်လိုပစ်ခဲ့နဲ့။ တစ်ပြိုင်နက်တည်းမှာပဲ ကားဘီးနဲ့ သူ့ခန္ဓာကိုယ်ကို ကြိတ်လိုကြိတ်နဲ့။ သဲကန္တာရကပြောတယ်။ ဒါတွေကို သူမကြိုက်ဘူးတဲ့။ ကျွန်မတို့ရဲ့အသက်နဲ့ ဒါတွေကို လာပေးဆပ်ပါတဲ့။ ဂူး... ဂူး... ဒီလိုပုံစံနဲ့လေ"

ကျွန်မက တစ်ဖက်ကပြောရင်း တစ်ဖက်ကလည်း လက်နှစ်ဖက်ကို ဆန့်ပြီး လည်ပင်းညှစ်တော့မည့်ပုံလုပ်သည်။ ဟိုဆေးက တဟားဟားရယ်သည်။ ကျွန်မ ပေါက်တတ်ကရပြောသည်ကို သူ့အလွန်နှစ်သက်၏။ အအေးဓာတ်က မသိမသာ ကျဆင်းလာပြီမို့ ကားမှန်ပြတင်းအားလုံးကို ကျွန်မချလိုက်သည်။

"ဝက်ံပါတောင် ပေါ်လာပြီ" ဟု ဟိုဆေးက ပြောသည်။

ကျွန်မခေါင်းမော့ပြီး မိုးကုပ်စက်ဝိုင်းဆီ မျှော်ကြည့်လိုက်သည်။ အဝေးက အမည်းစက်ငယ်လေးများ တဖြည်းဖြည်း ကြီးလာနေ၏။ ထိုအရာများက ကီလိုမီတာ ၁၅၀ အကွာအဝေး၌ရှိသည့် တစ်ခုတည်းသော တောင်များဖြစ်သည်။ တကယ်တမ်းမှာမူ ထိုအရာများက သဲတောင်များဖြစ်သည်။ ကီလိုမီတာ ၁၅ အကျယ်အဝန်းလောက် ပြန့်ကျဲနေခြင်းဖြစ်သည်။

ထိုသဲတောင်များက လေကြောင့် စုပြုံ ဖြစ်ပေါ်လာသောကြောင့် စက်ဝန်းပြတ်သဏ္ဍာန် ဖြစ်နေပြီး မျက်နှာပြင်အားလုံးမှာ ပုံစံတူကြသည်။ မကောင်းဆိုးဝါးတစ်ကောင်က ကောင်းကင်ပေါ်မှ လခြမ်းများကို ဆွဲယူပြီး ထိုဆာဟာရသဲကန္တာရ၌ လာရောက်စုပြုံထားသည်နှင့် တူသည်။ ပိုထူးဆန်းသည်မှာ မီတာ ၁၀၀ ခန့်မြင့်သည့် ထိုသဲပုံများ၏ တစ်ခုချင်းစီ အကွာအဝေးမှာ ညီတူညီမျှဖြစ်နေခြင်းပင်။ ထိုသဲတောင်ထဲ မတော်တဆ လူရောက်သွားလျှင်

ဦးတည်ရာပျောက်ပြီး လမ်းမှားသွားနိုင်သည်။ ထို့ကြောင့် ၎င်းတောင်များကို ဝက်ပါတောင်ဟု ကျွန်မအမည်ပေးဖြစ်ခဲ့သည်။

ဝက်ပါတောင်က နီးသည်ထက်နီးလာခဲ့ပြီ။ ပထမဆုံး သဲတောင်ကြီး တစ်ခုက မျက်စိရှေ့တွင် ထိုးထောင်လျက်။ "အထဲကို ဝင်မှာလား" ကျွန်မ ဖြည်းဖြည်းချင်း မေးလိုက်သည်။

"အင်း... ဝင်မယ်။ ဝင်ပြီး ညာဘက်ချိုး ခုနစ်ကီလိုမီတာလောက် မောင်းရင် ကျောက်ဖြစ်ရုပ်ကြွင်းရှိတဲ့နေရာ ရောက်တယ်လို့ပြောတယ်"

"ည ၇ နာရီခွဲကျော်နေပြီ။ သရဲခြောက်လိမ့်မယ်" ကျွန်မနှုတ်ခမ်း ကိုက်လိုက်၏။ စိတ်ထဲမှာလည်း နေမထိထိုင်မသာဖြစ်မိသည်။

"အယူတွေ... ဘယ်ကလာ သရဲရှိမှာလဲ" ဟိုဆေးက မယုံကြည်ပေ။ သူက လုပ်ရဲကိုင်ရဲပြီး ကျောက်ခဲလို ခေါင်းမာ၏။ ဒီလိုနှင့် ဝက်ပါတောင်ထဲ မောင်းဝင်ပြီး သဲတောင်များကို ကျွန်မတို့ပတ်မောင်းနေတော့သည်။ နေမင်းက ကျွန်မတို့နောက်ကျောတွင်ရှိသည်မို့ ကျွန်မတို့၏ဦးတည်ရာက အရှေ့ဘက် အရပ်ဖြစ်သည်။

ဝက်ပါတောင်က ထိုတစ်ကြိမ်၌ ကျွန်မတို့ကို လမ်းမမှားစေခဲ့ပါ။ နာရီဝက်ပင် မမောင်းလိုက်ရဘဲ တောင်ထဲကနေ ထွက်လာနိုင်ခဲ့သည်။ ရှေ့ဆက်သွားမည့်ကန္တာရတွင် ကားဘီးရာများ ရှိမနေတော့ပါ။ ထိုအနီး အနားတစ်ဝိုက်ကို ကျွန်မတို့လည်း သိပ်မရင်းနှီးသည့်အပြင် ကားကလည်း သဲကန္တာရတွင် မောင်း၍မသင့်သည့် ရိုးရိုးဂျစ်ကားတစ်စီးဖြစ်သည်။ စိတ်က လုံခြုံမှုမရှိတော့။ ဟိုဆေးက ကားပေါ်မှဆင်းပြီး လမ်းကြောင်းလိုက်ကြည့်သည်။

"ပြန်ကြစို့" ကျောက်ဖြစ်ရုပ်ကြွင်းရှာဖို့ ကျွန်မစိတ်မပါတော့။

"မပြန်ဘူး" ဟု ဟိုဆေးက ပြောသည်။

ဟိုဆေးက ကျွန်မကို လုံးဝဂရုမစိုက်။ ကားက ခုန်ဆွ ခုန်ဆွနှင့် လုံးဝမရင်းနှီးသည့် ထိုသူစိမ်းမြေပေါ် အပြေးနှင်တော့သည်။

တစ်ကီလိုမီတာကျော်မောင်းပြီးနောက် ကျွန်မတို့ရှေ့တွင် မြေနိမ့်ပိုင်းတစ်ခုပေါ်လာသည်။ အရောင်က နီညိုရောင်ဖြစ်၏။ ထိုမြေပြင်ပေါ်တွင် ခရမ်းဖျော့ရောင်အခိုးအငွေ့များ လွှမ်းနေသေးသည်။ လွန်ခဲ့သော နှစ်သန်းပေါင်းများစွာတုန်းက ထိုနေရာသည် ကျယ်ပြန့်သောမြစ်တစ်စင်းဖြစ်ခဲ့မည်။

"ဒီကနေ ဆင်းသွားလို့ရတယ်" ဟိုဆေးက ပြောပြောဆိုဆို ကားကို ကုန်းဆင်းအတိုင်း ဖြည်းဖြည်းချင်းလိမ့်ဆင်းသွားသည်။ ကားကိုရပ်လိုက်၊ ဆင်းကြည့်လိုက် သူလုပ်နေသည်။ ကျွန်မလည်း ကားအောက်ဆင်းပြီး မြေတစ်ဆုပ် ဆုပ်ကြည့်လိုက်သည်။ မြေသည် စိုနေသည်။ သဲမဟုတ်။ ကျွန်မ ခဏရပ်နေလိုက်သည်။ မည်သို့မျှ စဉ်းစား၍မရ။

"ဆမ်မောက်... နင် ကားလာမောင်း။ ငါ ရှေ့ကနေ ပြေးသွားမယ်။ ငါရပ်လို့ လက်ပြရင် နင်ရပ်လိုက်"

ပြောပြီးသည်နှင့် ဟိုဆေး ရှေ့ကပြေးတော့သည်။ ကားကို ဖြည်းဖြည်းချင်း စက်နှိုးပြီး သူ့နောက် လက်တစ်လှမ်းအကွာလောက်မှ ကျွန်မ မောင်းလိုက်သည်။

"ဘယ်လိုလဲ" ဟု ဟိုဆေးက မေးသည်။

"ရတယ်" ခေါင်းပြုထွက်ပြီး သူ့အမေးကို ကျွန်မဖြေလိုက်သည်။ သူပြေးရင်း ကျွန်မထက် ဝေးဝေးသွားသည်။ နောက်ပြန်လှည့်ကြည့်ပြီး ရှေ့ဆက်မောင်းဖို့ ကျွန်မကိုလက်တပြပြနှင့် နောက်ပြန်ပြေးနေသည်။

ထိုအချိန်တွင် ဟိုဆေးနောက်က ရွှံ့ညွန်(နွံ)များ ပလုံစီထနေသည်ကို ကျွန်မမြင်လိုက်သည်။ မဟုတ်သေးပါဘူး။ ကျွန်မ ကားဘရိတ်အုပ်ပြီး အော်လိုက်သည်။

"သတိထား… သတိထား… ရပ်…"

ကားတံခါးကိုဖွင့်ပြီး အော်ရင်း ကျွန်မ ပြေးသွားသည်။ ထိုအချိန်၌ ဟိုဆေးက ထိုရွှံ့ညွန်(နွံ)ထဲ ခြေချလိုက်ပြီဖြစ်သည်။ ရွှံ့ညွန်(နွံ)များက တစ်ခဏချင်းမှာပင် သူ့ဒူးအထိ နစ်မြုပ်သွားတော့သည်။ သူက ထိတ်ခနဲ တစ်ချက်ဖြစ်သွားပြီး နောက်ပြန်လှည့်ကြည့်လိုက်သည်။ ထိုအခါ ဟပ်ထိုးလဲသလိုဖြစ်သွားပြီး ရွှံ့ညွန်(နွံ)များ သူ့ပေါင်ရင်းအထိ နစ်သွားပြန်သည်။ သူ့ရုန်းကြည့်လိုက်၏။ ဘာကြောင့်မှန်းမသိ၊ လဲကျသွားတော့မည့်အလား။ ရုန်းလေ ဝေးလေဖြစ်သွားသည်။ ကျွန်မတို့အကြားတွင် အကွာအဝေး ခြားသည်ထက် ခြားသွားတော့သည်။

ကျွန်မ ပါးစပ်ပေါက်စလောင်းနှင့် နေရာတွင် ရပ်နေမိသည်။ ကြောက်လန့်လွန်း၍ တစ်ကိုယ်လုံးတောင့်တင်းနေခဲ့ပြီ။ အဲဒါက တကယ့်အဖြစ်အပျက်ဆိုသည်ကို ကျွန်မ မယုံကြည်နိုင်ဖြစ်မိသည်။ သို့သော် မျက်စိရှေ့မှာအရာက တကယ်ဖြစ်ပျက်နေခြင်းပါ။ စက္ကန့်ပိုင်းအတွင်း တကယ်ဖြစ်ပျက်သွားခဲ့ခြင်းပါ။

ဟိုဆေး ခက်ခက်ခဲခဲ ခြေခတ်နေသည်။ မကြာခင် ရွှံ့ညွန်(နွံ)များ သူ့ကို ဝါးမျိုသွားတော့မည်။

ထိုအချိန်၌ သူ့ညာဘက် နစ်မိတာအကွာတွင် ကျောက်တုံးတစ်တုံးလို ထိုးထွက်နေသည့်အရာတစ်ခုကို ကျွန်မတွေ့လိုက်၏။

"ဟိုဘက်ကိုရွှေ့… ဟိုဘက်မှာ ကျောက်တုံးရှိတယ်" ကျွန်မ ကမန်းကတန်း အော်ပြောမိသည်။

သူလည်း ကျောက်တုံးကိုမြင်သွားသည်။ ရုန်းကန်ရင်း ကျောက်တုံးရှိရာဘက်ဆီ သွားလိုက်သည်။ ရွှံ့ညွန်(နွံ)က သူ့ခါးနားရောက်နေပြီဖြစ်သည်။ အဝေးကနေ သူ့ကို ကျွန်မကြည့်နေမိသည်။ သူ့အတွက် ကျွန်မအားမစိုက်နိုင်ခဲ့။ စိုးရိမ်စိတ်ကြောင့် တစ်ကိုယ်လုံးဆတ်ဆတ်တုန်နေခဲ့ပြီ။ အိပ်မက်ဆိုးတစ်ခု မက်နေသည်နှင့် တူလေပြီ။

ရွှံ့ညွန်(နွံ)ပေါ် ပေါ်ထွက်နေသည့် ကျောက်တုံးကို လက်နှစ်ဖက်ဖြင့် သူဖက်ထားလိုက်သည်ကိုတွေ့မှ ကျွန်မ သတိဝင်လာခဲ့သည်။ ကားဆီ အမြန်ပြေးသွားပြီး သူ့အား ဆွဲယူနိုင်မည့်အရာကို ကျွန်မရှာလိုက်သည်။ သို့သော် ကားထဲမှာ ဝိုင်အရက်ဘူးမှလွဲပြီး ပုလင်းလွတ်နှစ်လုံးနှင့် သတင်းစာတချို့သာရှိ၏။ သေတ္တာတစ်ခုထဲတွင် ကိရိယာတန်ဆာပလာများမှလွဲ၍ ဘာမျှမရှိခဲ့ပါ။

ရွှံ့ညွန်(နွံ)ဘေး ကျွန်မပြေးသွားကြည့်မိပြန်သည်။ ဟိုဆေးဆီက မည်သည့်အသံမျှမထွက်လာ။ ကျွန်မကိုသာ သူကြောင်တောင်တောင်ကြည့်နေသည်။

အရပ်လေးမျက်နှာဆီ အရူးတစ်ယောက်လို ကျွန်မပြေးနေမိသည်။ မြေပေါ်တွင် ကြိုးတစ်ချောင်းချောင်း၊ သစ်သားပြားတချို့ဒါမှမဟုတ် အရာဝတ္ထုတစ်ခုခုတွေ့ဖို့ မျှော်လင့်နေမိသည်။

သို့သော် ဝန်းကျင်တစ်ခုလုံး သဲနှင့် ကျောက်ခဲငယ်များမှလွဲပြီး မည်သည့်အရာမျှ မရှိပေ။

ကျောက်တုံးကို ဟိုဆေးဖက်တွယ်ထားသည်။ ခန္ဓာကိုယ်အောက်ပိုင်းက ရွှံ့ညွန် (နွံ) ထဲနစ်နေပြီး လောလောဆယ်မှာတော့ မြုပ်မသွားနိုင်သေးပေ။

“ဟိုဆေး… ရှင့်ကိုဆွဲဖို့ ဘာမှရှာလို့မရသေးဘူး။ ခဏသည်းခံနော်” သူ့ကို ကျွန်မက အော်ပြောလိုက်သည်။ သူနှင့် ကျွန်မ ၁၅ မီတာလောက်ကွာဝေးသည်။

“မလောနဲ့… မလောနဲ့…” ကျွန်မကို သူနှစ်သိမ့်သော်လည်း သူ့အသံက ပြောင်းနေခဲ့ပြီ။

အရပ်လေးမျက်နှာတွင် လေသံမှလွဲ၍ သဲများသာ လေထဲလွင့်ဝဲနေသည်။ မျက်စိရှေ့မှာက ရွှံ့ညွန် (နွံ) ပြင်၊ အနောက်ဘက်မှာက ဝက်ပါတောင်၊ နေကို ကျွန်မ လှည့်ကြည့်လိုက်တော့ နေက တဖြည်းဖြည်း ဝင်နေခဲ့ပြီ။ ဟိုဆေးကို လှည့်ကြည့်ပြန်တော့ သူလည်း နေကိုကြည့်နေသည်။ နွေဝင်ရီတရောအချိန်က လှပလွန်းပေမည့် ထိုအချိန်၌ ၎င်းအလှကိုကြည့်ရှုခံစားဖို့ ကျွန်မစိတ်မဝင်စားခဲ့ပေ။ လေအေးများ တဖြူးဖြူးဖြတ်တိုက်လာလေပြီ။ ကိုယ့်ကိုယ်ပေါ်က ပါးလျသည့် အဝတ်အစားကြည့်လိုက်၊ ရွှံ့ညွန် (နွံ) ထဲနစ်ဝင်နေသည့် ဟိုဆေးကို ကြည့်လိုက်၊ နေကိုကြည့်လိုက် ကျွန်မ လုပ်နေမိသည်။ နေမင်းက မကောင်းဆိုးဝါး၏မျက်လုံးသဖွယ် နီရဲပြီး ပိတ်ကျသွားတော့မည်။

နာရီအနည်းငယ်ကြာလျှင် ဒီနေရာက သုညအောက်ရောက်အောင် အေးတော့မည်။ အကယ်၍ ရွှံ့ ညွန် (နွံ) ထဲမှ ဟိုဆေးထွက်မလာနိုင်ခဲ့လျှင် သူ အရှင်လတ်လတ် အေးခဲသေဆုံးသွားတော့မည်။

"ဆမ်မောက်... ကားထဲဝင်နေ။ လူသွားခေါ်လာခဲ့" ဟိုဆေးက ကျွန်မကို အော်ပြောသည်။

"ရှင့်ကို ကျွန်မ မထားခဲ့နိုင်ဘူး"

ကျွန်မ၏ စိတ်ခံစားချက်များ ရုတ်တရက် ရုန်းထလာသည်။

ဝက်ပါတောင်ကို အရပ်မျက်နှာကြည့်ပြီး ကျွန်မ ဖြတ်ကျော်မောင်းနှင်သွားနိုင်သည်။ သို့သော် ဝက်ပါတောင်ကနေ စစ်ဆေးရေးဂိတ်အထိသွား၍ လူသွားခေါ်ပြီး ဟိုဆေးဆီပြန်လာလျှင် မိုးစုံးစုံးချုပ်ပြီ။ မိုးချုပ်လျှင် ဝက်ပါတောင်ကိုဖြတ်ပြီး ဟိုဆေးရှိသည့်နေရာလာဖို့ မသေချာ။ မိုးလင်းဖို့သာ စောင့်ရတော့မည်။ မိုးလင်းလျှင် ဟိုဆေးလည်း သေနေချေပြီ။ နေမင်းကို မမြင်ရတော့။ အပူချိန်က အမြန်ကျဆင်းလာလေပြီ။ ဤသည်က သဲကန္တာရ၏ သဘာဝအခြေအနေဖြစ်သည်။

"ကားထဲဝင်နေ... နင် အေးပြီးသေသွားမယ်" ဟိုဆေးက ကျွန်မကို ဒေါသတကြီးအော်ပေမည့် ရွှံ့ညွှန်(နွံ)စပ်တွင်သာ ကျွန်မထိုင်နေမိသည်။

ဟိုဆေးက ကျွန်မထက်တောင် အေးခဲနေမည်။ ကျွန်မ တဆတ်ဆတ် တုန်ပြီး စကားပင် မပြောချင်ဖြစ်နေ၏။ ဟိုဆေးက ခန္ဓာကိုယ်အပေါ်ပိုင်းကို ကျောက်ခဲပေါ်ချိတ်နေသည်။ သူ မလှုပ်တော့သည့်အခါ ကျွန်မထရပ်ပြီး သူ့ကိုခေါ်သည်။

"ဟိုဆေး... ဟိုဆေး... လှုပ်ပေး... ခန္ဓာကိုယ်ကို လှည့်ပေး... ရဲရင့်စမ်းပါ ဟိုဆေး" ကျွန်မ၏အော်သံကြားလျှင် သူလှုပ်သည်။ ထိုအခြေအနေမျိုးတွင် လှုပ်ရှားရသည်က အလွန်ခက်ခဲလွန်းလှသည်။ ကောင်းကင်က ခိုပြာရောင်ဖြစ်နေခဲ့ပြီ။ ဆည်းဆာကြောင့် ကျွန်မ၏ အကြည့်များက မှုန်ဝါး

လာခဲ့ပြီ။ သူ့ကိုထားခဲ့ပြီး လူသွားခေါ်ရမလား၊ သူ့ကိုကယ်ဖို့ ပြန်မလာနိုင်ခဲ့ရင်ရော၊ သူ့ကို အဖော်ပြုကာ အတူအေးခဲပြီး သေသွားမလား။ ကျွန်မ၏ ဦးနှောက်က ချောက်ချားစွာ ရုန်းရင်းဆန်ခတ် ဖြစ်နေသည်။

ထိုအချိန်၌ မိုးကုပ်စက်ဝိုင်းတစ်နေရာမှ ကားမီးရောင်ကို ကျွန်မတွေ့လိုက်မိသည်။ တစ်ချက်တွေဝေပြီး ကျွန်မထခုန်မိသည်။ ကားမီးရောင်ပါ။ ဟိုးအဝေးကြီးကနေ ကျွန်မတို့ရှိရာဘက်ဆီ ဦးတည်မောင်းနှင်လာနေပါသည်။

"ဟိုဆေး... ဟိုဆေး... ကားလာပြီ" ကျွန်မ အော်ရင်း ကားဆီအပြေးသွားပြီး ဟွန်းသွားတီးတော့သည်။ အရူးတစ်ယောက်လို ကားဟွန်းကို တီးနေရင်း သူတို့သတိထားမိအောင် ကားမီးကိုလည်း ဖွင့်လိုက်၊ ပိတ်လိုက် လုပ်နေသည်။ ထို့နောက် ကားခေါင်မိုးပေါ်တက်ပြီး လက်နှစ်ဖက်ကို မြှောက်ပြီး အော်လိုက်၊ ခုန်လိုက် လုပ်နေမိသည်။ သူတို့က ကျွန်မကိုမြင်သွားပြီ။ ကားကို ကျွန်မတို့ရှိရာဘက်ဆီ မောင်းလာခဲ့သည်။

ကားပေါ်မှခုန်ဆင်းပြီး သူတို့ရှိရာဆီ ကျွန်မပြေးသွား၏။ ကားကို ကျွန်မ သေချာမြင်ရပြီ။ ကားက သဲကန္တာရတွင် ခရီးဝေးသွားသည့် ဂျစ်ကားဖြစ်သည်။ ကားပေါ်တွင် လက်ဖက်ခြောက်သေတ္တာများ တင်ထားသည်။ ကားပေါ်တွင် ဆာဟာရဝီ အမျိုးသားသုံးယောက်ပါသည်။

ကျွန်မနှင့် မီတာ ၃၀ အကွာတွင် ကားကို သူတို့ရပ်လိုက်ပြီး ကျွန်မရှိရာဘက်ဆီ လျှောက်မလာဘဲ လှမ်းကြည့်နေ၏။ လွင်တီးခေါင်ခေါင်တွင် သူစိမ်းကို သူတို့သတိထားကြသည်မှာ ကျွန်မသိသည်။ သူတို့လျှောက်မလာတော့ သူတို့ဆီ ကျွန်မအမြန်ပြေးသွားသည်။ သူတို့လည်း ကားပေါ်ကဆင်းလာ

နေသည်။ ဆည်းဆာရောင်ကြောင့် ကျွန်မတို့၏အခြေအနေကို သူတို့ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သည်။

"ကယ်ကြပါဦး။ ကျွန်မအမျိုးသား ရွှံ့ညွန်(နွံ)ထဲ နစ်နေလို့ပါ။ သူ့ကို ဆွဲထုတ်ကူကြပါဦး" ကျွန်မ အသက်တောင်မရှူနိုင်ဘဲ သူတို့ရှေ့အရောက် ပြေးရင်း သူတို့ကို အားကိုးတကြီး တောင်းဆိုမိသည်။ ကျွန်မအပြောကို သူတို့ဂရုမစိုက်ကြဘဲ ဒေသခံစကားဖြင့် သူတို့အချင်းချင်း ပြောနေကြသည်။

"မိန်းမကွ...မိန်းမ..." သူတို့ပြောလိုက်သည့် ထိုစကားကို ကျွန်မ နားလည်သည်။

"မြန်မြန်လေး... ကယ်ကြပါဦး။ သူ အေးခဲပြီး သေရတော့မယ်"

အသက်ကို ကျွန်မပြင်းပြင်းရှူနေမိသည်။

"ငါတို့မှာ ကြိုးမပါဘူး" သူတို့ထဲက တစ်ယောက်က ပြန်ဖြေသည်။ သူ၏ငြင်းဆန်သောလေသံကြောင့် ကျွန်မ တွေဝေသွားသည်။

"ရှင်တို့မှာ ခေါင်းပေါင်းပါတယ်လေ။ ခေါင်းပေါင်း သုံးခုကို ချည် လိုက်ရင် ကြိုးအရှည် ရပါတယ်" ကျွန်မ အကြံပေးစကားတစ်ခွန်း ပြောလိုက်သည်။ ကားပေါ်တွင် သေတ္တာချည်သည့် ကြိုးတုတ်တုတ်များကို ကျွန်မ မြင်နေရသည်။

"သူ့ကို ငါတို့ကယ်မယ်လို့ နင်ဘာလို့ ထင်တာလဲ။ သိပ်ထူးဆန်းတာပဲ"

"ကျွန်မ..." သူတို့ကို ကျွန်မ ထပ်ဖျောင်းဖျချင်သော်လည်း သူတို့၏ ဂရုဏာမငြိမ်သော မျက်လုံးများက ကျွန်မတစ်ကိုယ်လုံးအား ခြေဆုံး၊ ခေါင်းဆုံး အကဲခတ်နေသောကြောင့် ကျွန်မလည်း စကားပြောင်းသွားသည်။

"အေးလေ... မကူညီလည်း အတင်းအဓမ္မမပြောတော့ပါဘူး"

ကျွန်မလှည့်ထွက်ဖို့ပြင်လိုက်သည်။ တောခေါင်ခေါင်တွင် အရူးနှင့်တွေ့မိပြီ။ အပြောကတောင် နေးနေခဲ့ပြီ။ ကျွန်မ လှည့်ထွက်ဟန် ပြင်ဆင်စဉ်မှာပင် သူတို့သုံးယောက်ထဲမှ တစ်ယောက်က ခေါင်းကို ဆတ်ခနဲ လှုပ်လိုက်သည်နှင့် ကျန်တစ်ယောက်က ကျွန်မနောက်ကျောဘက် ဖွေ့ခနဲ ရောက်လာ၏။ ညာလက်က ကျွန်မခါးကိုဖက်ပြီး ဘယ်လက်က ကျွန်မ ရင်ဘတ်ကို လှမ်းကိုင်တော့သည်။

ကျွန်မမူးလဲမတတ် လန့်သွားပြီး အလိုအလျောက် အော်ဟစ်လိုက်မိသည်။ တကျာရှူး၏ သံမဏိသဖွယ်နိုင်ခံ့သော လက်များကြားက တောရိုင်းတိရစ္ဆာန်တစ်ကောင်လို ရုန်းလည်းရုန်း၊ အော်လည်းအော်သည်။ သို့သော် မည်သို့မျှ အသုံးမဝင်ခဲ့။ ကျွန်မကိုယ်ကို သူချုပ်ပြီး သူ့ဘက်မျက်နှာချင်းဆိုင် လှည့်လိုက်သည်။ ကြောက်စရာကောင်းသော သူ့မျက်နှာက ကျွန်မနားသို့ တိုးကပ်လာသည်။

ရွှံ့ညွန်(နွံ)ထဲမှာနေပြီး တောင်ကုန်းပေါ်က ဖြစ်ပျက်နေသမျှကို ဟိုဆေး မြင်သည်။ ငိုယိုသောအသံဖြင့် သူအော်ဟစ်နေသည်။

"မင်းတို့ကို ငါသတ်ပစ်မယ်"

ဖက်တွယ်ထားသော ကျောက်တုံးကို ဖယ်ပြီး ရွှံ့ညွန်(နွံ)ထဲက ထွက်ဖို့ သူပြင်နေသည်ကို ကျွန်မမြင်သောအခါ ကိုယ့်အဖြစ်ကို ကိုယ်မေ့ပြီး ကျွန်မအော်ဟစ်မိသည်။

"ဟိုဆေး... မလုပ်နဲ့...မလုပ်နဲ့... တောင်းပန်ပါတယ်" အော်ဟစ်ရင်း ကျွန်မ ငိုမိသည်။

ကျွန်မအော်ဟစ်ငိုယိုတော့ ဆာဟာရဝီသုံးယောက်၏အာရုံက ဟိုဆေးဆီ ရောက်သွားသည်။ ထိုအချိန်၌ ကျွန်မလည်း ရှိသမျှအင်အားနှင့် ခြေထောက်ကိုမြှောက်ပြီး ကျွန်မကိုဖက်ထားသော တဏှာရူး၏ ခါးအောက်ပိုင်းကို ကန်ထည့်လိုက်သည်။ သူ ကာကွယ်ချိန်မရဘဲ အားခနဲအော်ရင်း ကျွန်မကိုလွှတ်ပြီး ကွေးညွတ်ကျသွားသည်။ ကျွန်မ ချက်ချင်းထွက်ပြေးခဲ့၏။ ကျန်တစ်ယောက်က ခြေလှမ်းကျဲနှင့် ကျွန်မနောက်လိုက်လာသည်။ ကျွန်မထိုင်ချလိုက်ပြီး လက်နှစ်ဖက်ဖြင့် သဲကိုဆုပ်၍ သူ့မျက်စိထဲ ပက်ထည့်လိုက်သည်။ လက်နှစ်ဖက်ဖြင့် သူ့မျက်နှာကို သူအုပ်နေချိန် ခြေထောက်က ဖိနပ်ကို ကျွန်မကန်ထုတ်ပြီး ကားရှိရာဘက်ဆီ အသက်လုပြေးလေ၏။ သူတို့သုံးယောက်က ပြေးလိုက်မလာတော့ဘဲ ကားပေါ်တက်ကာ ကျွန်မရှိရာဘက်ဆီ ဖြည်းဖြည်းမောင်းလာတော့သည်။

သူတို့ခန့်မှန်းချက် မှားသွားပြီဟု ကျွန်မထင်သည်။ ဟိုဆေးသာ ကားမောင်းတတ်သည်ဟု သူတို့ထင်သည်။ ကျွန်မ ပြေးမလွတ်လောက်ဟု သူတို့ထင်ပြီး ကားဖြင့် ဖြည်းဖြည်းချင်း လိုက်လာပုံရသည်။ ကားထဲ ကျွန်မ ခုန်တက်ပြီး စက်နှိုးလိုက်သည်။ ကျောက်တုံးကို ဖက်တွယ်ထားသော ဟိုဆေးကို တစ်ချက်ကြည့်လိုက်၏။ ရင်ထဲ ဆစ်ခနဲ နာကျင်သွားမိသည်။

"ပြေး... ပြေး... ပြေး..." ဟိုဆေးက စိုးရိမ်တကြီး အော်သည်။

သူ့ကို မည်သည့်စကားတစ်ခွန်းမျှ ချန်ထားဖို့ ကျွန်မအချိန်မရ။ လီဗာကို အားဖြင့် နင်းလိုက်ပြီး ကားကို ဝူးခနဲ မောင်းထွက်လိုက်၏။ သူတို့ ဂျစ်ကားတောင် ရောက်မလာသေးခင် တောင်ကုန်းပေါ် ကျွန်မ တစ်ဟုန်ထိုး မောင်းတက်လာခဲ့ပြီ။ ဂျစ်ကားက အဝေးကနေပြီး ကျွန်မကို တားဖို့ကြံသည်။

ကျွန်မ အရှိန်မလျှော့ဘဲ သူတို့ကားကိုတိုက်မည့်ဟန်ပြမှ သူတို့အမြန်ရှောင်လိုက်ကြသည်။

လီဗာက အမြင့်ဆုံးကို ရောက်နေခဲ့ပြီ။ ဂျစ်ကားက ကျွန်မနောက်မျက်ခြည်မပြတ် လိုက်နေဆဲဖြစ်သည်။ ကျွန်မကို အလွတ်ပေးမည့်ပုံမရ။ နလုံးခုန်ထွက်မတတ် ကျွန်မစိတ်လှုပ်ရှားနေမိသည်။ အသက်ရှူမဝသလို ပြင်းပြင်းရှူနေမိသည်။

ကားမောင်းရင်း ကားတံခါးလေးခုစလုံးကို သော့ချလိုက်သည်။ ဘယ်လက်ဖြင့် ကားကူရှင်နောက်ကျောကို လိုက်စမ်းကြည့်မိသည်။ ဟိုဆေးဝှက်ထားသော မောင်းပြန်ဓားကို ကျွန်မ စမ်းမိသည်။ ဝက်ပါတောင်နားကို ရောက်လာခဲ့ပြီ။ ကျွန်မလည်း စဉ်းစားမနေဘဲ အထဲကို မောင်းဝင်လိုက်သည်။ သဲတောင်တစ်ခုပေါ်လာတော့ ကျွန်မ ပတ်မောင်းလိုက်သည်။ ဂျစ်ကားက နောက်မှ ထက်ကြပ်မကွာ လိုက်လာသည်။ အရူးတစ်ယောက်လို သဲတောင်များကြား ကျွန်မကွေ့ပတ်မောင်းနေမိ၏။ ဂျစ်ကားက ဝေးသွားလိုက်၊ အနီးအနားကပ်လာလိုက်နှင့် ကျွန်မ မည်သို့ပင် ကွေ့ပတ်မောင်းနင်လည်း သူတို့လက်က ပြေးမလွတ်ဖြစ်နေခဲ့သည်။

ထိုအချိန်၌ ကျွန်မအကြံတစ်ခုရလိုက်သည်။ ကားမီးကို ကျွန်မပိတ်လိုက်မှဖြစ်တော့မည်။ ဤသို့မလုပ်လျှင် သူတို့ကားက ကျွန်မနောက်ထက်ကြပ်မကွာ လိုက်နေခဲ့ပါက ကျွန်မကားသာ ဆီကုန်သွားလျှင် မတွေးဝံ့စရာဖြစ်မည်။

ဤသို့ စဉ်းစားလိုက်မိသည်နှင့် လီဗာကို ကျွန်မအားကုန်နင်းပြီး သဲတောင်တစ်ခုကို ကွေ့မောင်းလိုက်သည်။ ဂျစ်ကားအနီးအနားရောက်မလာ

သေးခင် ကားမီးကို ကျွန်မပိတ်ချလိုက်သည်။ ကားကိုတော့ အရှိန်မလျှော့ဘဲ ဘယ်ဘက်ကပ်ပြီး အမြန်ကွေ့ချလိုက်သည်။ အရှေ့ကို ဆက်မောင်းမသွားဘဲ ဂျစ်ကားနောက်သို့ ကွေ့ချလိုက်ခြင်းဖြစ်သည်။

လခြင်းသင်္ချိုက်န် သဲပုံ၏ တစ်ဖက်ခြမ်းက ညအချိန်တွင် အရိပ်ကျ၏။ ကားကို အရိပ်ကျသည့် သဲတောင်ဘက် တိုးနိုင်သမျှတိုးပြီး ကျွန်မ ရပ်လိုက်သည်။ ညာတံခါးကိုဖွင့်ပြီး ကားနှင့်အနည်းငယ်ဝေးရာဆီ ကျွန်မ ထွက်လိုက်သည်။ လက်ထဲတွင် မောင်းချထားကို တင်းတင်းဆုပ်ထားမိ၏။ ထိုအချိန်၌ ကျွန်မ၏ကားကို အမည်းရောင် သို့မဟုတ် ကော်ဖီရောင်၊ စစ်ရောင် ဖြစ်ဖို့ ကျွန်မမျှော်လင့်မိသည်။ သို့သော် ကားက အဖြူရောင်ဖြစ်နေလေတော့ မတတ်နိုင်။

ကျွန်မ၏ဦးတည်ရာဆီ ဂျစ်ကားမျက်ခြည်ပြတ်သွားသည်ကို ကျွန်မမြင်နေရသည်။ ကျွန်မ၏ကားရှေ့မှနေပြီး သူတို့ကွေ့ပတ်ရှာနေကြ သည်။ ကျွန်မပုန်းအောင်းလိုက်မည်ကို သူတို့တွေးမိပုံမရ။ သုံး၊ လေးပတ်မျှ ပတ်ရှာပြီးနောက် ကားကို အရှိန်မြှင့်ပြီး ရှေ့ဆက်မောင်းသွားတော့သည်။

သဲပြင်ပေါ်တွင် ကျွန်မ အပြေးလေး သွားနေမိသည်။ ဂျစ်ကား တကယ်ထွက်သွားပြီဆိုပေမည့် သူတို့ပြန်လှည့်လာမည်ကို ကျွန်မစိုးရိမ်မိ သောကြောင့် သဲတောင်ပေါ်တက်ပြီး ကြည့်မိသည်။ ဂျစ်ကားမီးရောင်က အဝေးတွင် လုံးဝပျောက်ကွယ်သွားပြီ။

သဲတောင်ကနေ ကျွန်မလျှောဆင်းပြီး ကားထဲဝင်လိုက်သည်။ တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေသည်။ မျက်စိရှေ့မှာလည်း အရိပ်မည်းများ တရိပ်ရိပ်တက်လာသည်ကို ခံစားရသလို အော့အန်ချင်စိတ်ပေါက်လာသည်။

ကားထဲက ကျွန်မထွက်လိုက်ပြန်သည်။ သဲပြင်ပေါ်လှဲရင်း ကိုယ့်ကိုယ်ကိုယ် နိုးထဖို့ကြိုးစားသည်။ ကျွန်မ လဲကျသွား၍မဖြစ်... ရှို့ညွှန်(နွံ)ထဲတွင် ဟိုဆေး ရှိနေသေးသည်။

မိနစ်အနည်းငယ်ကြာတော့ ကျွန်မလည်း တဖြည်းဖြည်း တည်ငြိမ်လာခဲ့သည်။ ကောင်းကင်ကိုမော့ကြည့်တော့ ခုနစ်စဉ်ကြယ်ကကြည်လင်ပြီး ရေမှုတ်တစ်ခုလို ကောင်းကင်ပေါ်ချိတ်နေ၏။ ခုနစ်စဉ်ကြယ်အောက်ဘက်တွင် ရှုဝံကြယ်က လမ်းပြသည့်စိန်တစ်လုံးနယ် လင်းလက်နေသည်။ ဝက်ပါတောင်က နေ့ဘက်ထက် ညဘက်မှာ ဦးတည်ရာရှာဖို့ ပိုလွယ်သည်။

အနောက်ဘက်သို့ သွားလျှင် ဝက်ပါတောင်ကနေ ကျွန်မထွက်နိုင်သည်။ ဝက်ပါတောင်ကထွက်ပြီး မြောက်ဘက်သို့ ကီလိုမီတာ ၆၀ လောက်ဆက်သွားလျှင် စစ်ဆေးရေးဂိတ်ရောက်နိုင်သည်။ သူတို့ဆီ အကူအညီတောင်းပြီး ဟိုဆေးကို ပြန်လာကယ်မည်။ ဘယ်လောက်မြန်မြန် ဒီညမှာပြန်လာနိုင်မည်မဟုတ်။ ဒီညမှာပြန်မလာနိုင်ခဲ့လျှင်... ဟိုဆေး... သူ... မျက်နှာကို လက်ဖဝါးဖြင့် အုပ်လိုက်ပြီး ဆက်မတွေးရဲလောက်အောင် ကျွန်မ ဖြစ်နေမိသည်။

အနီးအနားတွင် ကျွန်မ ခဏရပ်ကြည့်လိုက်သည်။ ဝန်းကျင်တစ်ခွင်လုံး သဲမှလွဲ၍ လမ်းကို အမှတ်အသားလုပ်ဖို့ မည်သည့်အရာမျှ ကျွန်မ ရှာမတွေ့ခဲ့။ ထိုနေရာ၌ အမှတ်အသားတစ်ခု လုပ်ကိုလုပ်ရမည်။ ထိုသို့လုပ်လျှင် မနက်ဖြန်နံနက် ဟိုဆေးကို ပြန်လာရှာ၍ရမည်။

အေးခဲလွန်း၍ ကျွန်မတစ်ကိုယ်လုံး နာကျင်လာသည်။ ကားထဲကျွန်မပြေးဝင်ပြန်၏။ အမှတ်မထင် ကားနောက်ခုံကို ကျွန်မသတိထားမိ

လိုက်သည်။ ကားနောက်ခုံကူရှင်ကို ကျွန်မခွာလိုက်၍ရသည်။ ကီရိယာ ထည့်သော သေတ္တာကို ကျွန်မအမြန်သွားဖွင့်လိုက်ပြီး အထဲမှ ကျောက် လှည့်ကိုယူ၍ ကားကူရှင်ကို ကြိုးစားဖြုတ်လိုက်သည်။

ကားကူရှင်ကိုခွာပြီး သဲပြင်ပေါ် ကျွန်မပစ်ချလိုက်သည်။ ဤသို့ ဆိုလျှင် မနက်ဖြန်နံနက် လမ်းရှာရလွယ်သွားမည်။ ကားပေါ်တက်ပြီး ကားမီးကို ကျွန်မဖွင့်လိုက်သည်။ စစ်ဆေးရေးဂိတ်ရှိရာဘက်ဆီသွားဖို့ ကျွန်မပြင်လိုက် သည်။ စိတ်ထဲမှာလည်း ဟိုဆေးဆီမောင်းသွားမည့်အစား လူရှာပြီး ဟိုဆေး ကိုပြန်လာကယ်မည်။ ဟိုဆေးကို ကျွန်မပစ်ထားခဲ့တာမဟုတ်ဟု စိတ်ခံစား ချက်ကို ထိန်းချုပ်နေမိသည်။ ကားမီးက သဲပြင်ပေါ် ကျွန်မပစ်ချထားသည့် ကူရှင်ပေါ် ထိုးနေသည်။ ကျွန်မက ကားစက်နှိုးလိုက်ပြီ။

ထိုအချိန်၌ အပ်ဖြင့် စူးခနဲ ထိုးမိသလို ကျွန်မ ထခုန်မိသည်။ အလွန်ကြီးမားသည့် ကားကူရှင်ကြီးတစ်ချပ်၊ မျက်နှာပြင်ကလည်း ညီနေပြီး နစ်မြုပ်မသွားနိုင်သည့်အရာ။ ဝမ်းသာလွန်း၍ ကျွန်မတစ်ကိုယ်လုံး တုန်ယင် နေမိသည်။ ကားပေါ်မှ အမြန်ဆင်းပြီး ကူရှင်ကို ကားနောက်ခန်းထဲ ပြန်ထည့် လိုက်သည်။ ကားကို ခေါင်းလှည့်ပြီး ရွှံ့ညွန် (နွံ) ရှိရာဘက် မောင်းသွားမိ တော့သည်။

လမ်းမှားမည်စိုးသောကြောင့် ကိုယ့်ကားဘီးရာအတိုင်း ကျွန်မ ဖြည်းဖြည်းချင်း မောင်းမိသည်။ လမ်းတွေအများကြီး ကွေ့ပတ်မောင်းလိုက်၊ တစ်ခါတစ်ခါ ကားဘီးရာပျောက်လိုက်နှင့် ရွှံ့ညွန် (နွံ) ရှိရာဆီရောက်ချိန် ကားကို ကျွန်မအနီးကပ်မောင်းမသွားရဲတော့ဘဲ ကားမီးကိုသာဖွင့်ပြီး ထိုးထား လိုက်သည်။ ရွှံ့ညွန် (နွံ) က အမှောင်ထဲတွင် ငြိမ်ငြိမ်သက်သက်ရှိနေသည်။

ယခင်အတိုင်းပင် တစ်ခါတစ်ရံ ပလုံစီများတက်လာလိုက်နှင့် ချောက်ချား ဖွယ်ရာ ငြိမ်သက်နေသည်။ ဟိုဆေးကို ကျွန်မမတွေ့ရတော့သလို ထိုးထွက် နေသော ထိုကျောက်တုံးကိုလည်း မမြင်မိတော့။

"ဟိုဆေး... ဟိုဆေး..."

ကားတံခါးကို ဖွင့်ပြီး ပါးစပ်ကလည်း သူ့နာမည်ကို တတွတ်တွတ် ခေါ်ရင်း ရွှံ့ညွန်(နွံ)ဘက် ကျွန်မပြေးသွားမိသည်။ ဟိုဆေးကို ကျွန်မမတွေ့။ ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရင်း အရူးတစ်ယောက်လို ရွှံ့ညွန်(နွံ) ပတ်ပတ်လည် အော်ဟစ်ပြေးလွှားနေမိသည်။ ဟိုဆေး သေပြီ။ သေပြီ ထင်ပါရဲ့။ ကြောက်စရာပဲ့တင်သံက ကျွန်မရင်ထဲ ရိုက်ခတ်နေသည်။ ရွှံ့ညွန် (နွံ)က သူ့ကို ဝါးမျိုသွားလောက်ပြီ။ ထိုကြောက်စရာအတွေးက လူကို ရူးမတတ်ဖြစ်စေပြီ။ ကားထဲ ကျွန်မပြေးသွားပြန်သည်။ စတီယာရင်ပေါ် မှောက်လျက် လေထဲလွင့်ဝဲနေသည့် သစ်ရွက်တစ်ရွက်လို တုန်ယင်နေ မိသည်။ အချိန်က ဘယ်လောက်ကြာသွားသည် မသိ။ "ဆမ်မောက် ... ဆမ်မောက်" ဆိုသည့် တိုးညင်းသောအသံ ကျွန်မကြားလိုက်မိသည်။ ကျွန်မ ကြောက်အားလန့်အား ခေါင်းထောင်ကြည့်လိုက်သည်။ အမှောင်ထဲတွင် ကျွန်မ ဘာကိုမျှမမြင်မိ။ ကားမီးကိုဖွင့်ပြီး ကားခေါင်းကို အနည်းငယ်ရွှေ့ ကြည့်လိုက်သည်။ ကြည်လင်သောအသံကို ကြားမိပြန်သည်။ ကျွန်မကို ဟိုဆေးခေါ်နေတာဖြစ်သည်။ ကားခေါင်းကို တစ်မိနစ်လောက် ကျွန်မ လှည့်မောင်းကြည့်လိုက်သည်။ ကားမီးရောင်အောက်တွင် ဟိုဆေးကို ကျွန်မ တွေ့ပြီ။ ထိုကျောက်တုံးဘေးမှာပင် သူရှိနေသည်။ ကျွန်မ ကားအရပ်မှား သွားပြီး ရှာမတွေ့၍ဖြစ်ကာ ကြောက်လန့်အား ပိုခဲ့မိခြင်းသာဖြစ်သည်။

“ဟိုဆေး... ခဏလောက် တောင့်ခံလိုက်ဦး။ ရှင့်ကို ကျွန်မချက်ချင်း ဆွဲထုတ်မယ်” ကျောက်တုံးကို လက်နစ်ဖက်ဖြင့် သူဖက်ထား၏။ လက်မောင်းကို ခေါင်းအုံးပြီး ကားမီးရောင်အောက်တွင် မလှုပ်မယှက်ရှိနေသည်။

ကားကူရှင်ကို ကျွန်မဆွဲထုတ်လိုက်သည်။ တစ်ဖက်က ဆွဲရင်း ရွှံ့ညွန်(နွံ)ဘက် အပြေးတစ်ပိုင်း ပြေးသွားလိုက်သည်။ ခြေသလုံးနားရွှံ့ညွန်(နွံ) ရောက်သည်အထိ ကျွန်မပြေးသွားပြီး ကားကူရှင်ကို အားဖြင့် အဝေးသို့ ပစ်လိုက်သည်။ ကူရှင်က နစ်မြုပ်မသွားဘဲ ရွှံ့ညွှန်(နွံ)ပေါ် ပေါ်နေသည်။

“စပယ်ယာဘီး” ကိုယ့်ကိုယ်ကိုယ်ပြောရင်း စပယ်ယာဘီးကို ကားနောက်ဖုံးက ဆွဲထုတ်လိုက်ပြီး ရွှံ့ညွန်(နွံ)ဘက်ပြေးသွားပြန်သည်။ ကူရှင်ပေါ် နင်းပြီး စပယ်ယာဘီးကို ပစ်ထုတ်လိုက်ပြန်သည်။ ဤသို့နှင့် ဟိုဆေးနှင့် ကျွန်မ နီးလာခဲ့သည်။

အေးခဲလွန်းလှသည်။ ဓားသေးသေးနှင့် အခု ၁၀၀ လောက် ကျွန်မ ခန္ဓာကိုယ်ပေါ်စူးစိုက်နေသည့်နှယ် အေးခဲလှသည်။ အအေးက သုညအောက် မရောက်သေးသော်လည်း ကျွန်မ လဲကျလုမတတ် အေးခဲနေခဲ့၏။ သို့သော် ကျွန်မရပ်တန့်၍မဖြစ်။ ကျွန်မအမြန်လှုပ်ရှားရမည်။ ကားထဲမှာပင် ကျွန်မ ကျုံ့နေ၍ မဖြစ်။ ကားရှေ့ညာဘီးကို ကျွန်မ စဖြုတ်လိုက်သည်။ မြန်မြန်... မြန်မြန်... ကျွန်မကိုယ်ကျွန်မ လောလိုက်သည်။ ကျွန်မ၏ခြေ၊ လက်များ လှုပ်ရှားနိုင်တုန်း ဟိုဆေးကို အမြန်ဆွဲထုတ်ရမည်။

ရှေ့ဘီးဖြုတ်ပြီး နောက်ဘီးကို ဖြုတ်လိုက်ပြန်သည်။ ထိုအလုပ်ကို သာမန်အချိန်၌ ဤမျှ မြန်မြန်ဆန်ဆန် ကျွန်မ မလုပ်ဖူးခဲ့ချေ။ ဒီတစ်ကြိမ်မှာတော့ မိနစ်အနည်းငယ်အတွင်း ကျွန်မလုပ်နိုင်ခဲ့သည်။ ဟိုဆေးကို ကျွန်မ

ကြည့်လိုက်မိသည်။ ရွှံ့ညွန်(နွံ)ထဲတွင် သူ မလှုပ်မယှက် တောင့်ခဲနေခဲ့ပြီ။

"ဟိုဆေး... ဟိုဆေး..." ကျောက်ခဲတစ်လုံးရှာပြီး သူ့ဘက် ကျွန်မ ပစ်ထည့်လိုက်သည်။ သူ မဟန်တော့... သူ့ကို နှိုးမှဖြစ်မည်။

ဖြုတ်ထားသော ကားဘီးများကို ရွှံ့ညွန်(နွံ)ဘက် ကျွန်မပွေ့၍ ဆင်းလိုက်သည်။ ကားကူရှင်၊ စပယ်ယာဘီးကိုဖြုတ်ပြီး ရှေ့ဘက်ဆီ ပစ်ထည့်လိုက်သည်။

ထို့နောက် ကျွန်ကားဘီးဆီ အပြေးပြန်လာပြီး ရွှံ့ညွန်(နွံ) ထဲ တစ်ခုချင်း ပစ်ထည့်လိုက်သည်။ နောက်ဆုံးပစ်ထည့်လိုက်သည့် ကားဘီးပေါ် ကျွန်မခြေခွဲပြီး ရပ်လိုက်သည်။ ဟိုဆေးနှင့် ကျွန်မ အနည်းငယ်လှမ်းနေသေး၏။ ဝမ်းနည်းအားငယ်သည့် မျက်လုံးဖြင့် ကျွန်မကို သူကြည့်နေသည်။

"ဌါ အကြံ..."

ကျွန်မ သတိရလိုက်သည်။ ကျွန်မဝတ်ထားသည်က ဂါဝန်ရှည် တစ်ထည်ဖြစ်၏။ ကားထဲ ကျွန်မပြန်ပြေးလာပြီး ဂါဝန်ကို ခေါင်းမှဆွဲချွတ်လိုက်သည်။ ဓားဖြင့် လေးပိုင်းဖြတ်ပြီး ကြိုးတစ်ချောင်းအဖြစ် ထုံးလိုက်သည်။ ပလာယာတစ်ခုကို အဝတ်စ၏ထိပ်တစ်ခုတွင် ချည်လိုက်သည်။ ထိုအဝတ်ကြိုးကိုပိုက်ပြီး ရွှံ့ညွန်(နွံ)ပေါ်က ကားဘီးဆီ ကျွန်မပြေးလာပြန်သည်။

"ဟိုဆေး... ကျွန်မပစ်လိုက်မယ်။ ရှင် ဖမ်းဆွဲလိုက်နော်"

ဟိုဆေးကိုခေါ်ပြီး အဝတ်ကြိုးကို ကျွန်မဖြည်းဖြည်းချင်း ဝှေ့ယမ်းလိုက်သည်။ ကြိုးစကို တစ်စတစ်စလွှတ်ရင်း ပစ်လိုက်သည်။ အောက်ကို ကျမသွားခင် ဟိုဆေး ဖမ်းဆွဲလိုက်သည်။ ကြိုးစကို သူဆွဲမိသည်နှင့် ကျွန်မ သက်ပြင်းတစ်ချက်ချပြီး ကားဘီးပေါ်မှာပင် ထိုင်ဒိုမိသည်။ ထိုအချိန်၌

ချမ်းသည်လည်း သိပြီ။ ဆာမှန်းလည်း သိပြီ။ ထိတ်လန့်ကြောက်ရွံ့သည့် အခြေအနေက ကျော်လွန်သွားခဲ့ပြီ။

သုံး၊ လေးချက်ရှိုက်ငိုပြီး ဟိုဆေးကို သတိရသည်နှင့် ကြိုးစကို ဆွဲလိုက်သည်။ တင်းထားသည့်စိတ်ကို လျှော့လိုက်သည်နှင့် လူက အားပြတ်သွားသည်။ မည်သို့ပင်ဆွဲဆွဲ ဟိုဆေးက လှုပ်ပင် မလှုပ်တော့။

"ဆမ်မောက်... ကြိုးကို ကားဘီးပေါ်ချည်လိုက်။ ငါကိုယ်တိုင် ဆွဲမယ်" ဟိုဆေးက အသံအက်အက်ဖြင့် ပြောသည်။

ကားဘီးပေါ် ကျွန်မထိုင်နေလိုက်သည်။ ဟိုဆေးက ကြိုးစကို ဖြည်းဖြည်းချင်းဆွဲပြီး နီးကပ်လာသည်။ သူနီးလာသည်နှင့် ကြိုးကိုဖြုတ်ပြီး နောက်ဘီးတစ်ခုပေါ် ကျွန်မချည်လိုက်ပြန်သည်။ အခြေအနေကြည့်ရသည် မှာ ဟိုဆေးလည်း ကားဘီးကိုကျော်ပြီး ကမ်းပေါ်ခုန်တက်ဖို့ အားပြတ်အေးခဲ နေခဲ့ပြီ။ ကမ်းပေါ်ရောက်သည်နှင့် ဟိုဆေးပက်လက်လန်ကျသွားတော့သည်။ ကျွန်မက လှုပ်ရှားနိုင်သေးသည်။

ကားဆီ ကျွန်မအမြန်ပြေးပြီး ဝိုင်ဘူးကို သွားယူလိုက်သည်။ ၎င်းက အသက်ကယ်ဆေးဖြစ်သည်။ ဟိုဆေးကို သုံး၊ လေးငုံ သောက်ခိုင်းလိုက်သည်။ သူ့ကို ကားဆီအရင်သွားခိုင်းပြီး ရွှံ့ညွန် (နွံ) ထဲက ကားဘီးနှင့် ကူရှင်များကို ကျွန်မ အမြန်ပြန်ယူသည်။

"ဟိုဆေး... လက်တွေ၊ ခြေတွေ လှုပ်ပေး။ ဟိုဆေး... လှုပ်ပေး... လှုပ်ပေး..." ကားဘီးကို ပြန်တပ်ရင်း ဟိုဆေးကိုလှည့်လှည့်ပြီး ကျွန်မအော် သည်။ သဲပြင်ပေါ် သူတွားသွားနေ၏။ မျက်နှာက ထုံးသဖွယ် ကြောက်စရာ ကောင်းအောင် ဖြူရော်နေသည်။

"လာ... ငါ တပ်မယ်..." ဟိုဆေးက ကားအနားရောက်လာချိန် နောက်ဘီးဝက်အူကို ကျွန်မတပ်နေခဲ့ပြီ။

"ကားထဲအမြန်သွား... သွား..." ပြောပြောဆိုဆို ဝက်အူလှည့်ကို ပစ်ချပြီး ကျွန်မလည်း ကားထဲအမြန်ဝင်လိုက်မိသည်။

ဟိုဆေးကို ကျွန်မ ဝိုင်တိုက်လိုက်ပြန်သည်။ ကားထဲက အပူပေး စက်ကိုလည်း အမြင့်ဆုံးဖွင့်လိုက်၏။ ဓားဖြင့် သူ့ဘောင်းဘီစိုကို ခွဲဖြဲလိုက် သည်။ သူ့ခြေထောက်ကို ကြိုးစလုပ်ထားသော ကျွန်မဂါဝန်ဖြင့် ပွတ်တိုက် ပေးလိုက်သည်။ ဝိုင်ကို သူ့ရင်ဘတ်ပေါ်လောင်းချပြီး ပွတ်ပေးလိုက်သည်။ အချိန်ကာလတစ်ခုလောက် ဖြတ်သန်းသွားသည့်အချိန်ကြာမြင့်မှ သူ၏ မျက်နှာက သွေးရောင်များ သန်းလာသည်။ သူ့မျက်စိက တစ်ချက်ဖွင့်ပြီး ပိတ်ကျသွားသည်။

"ဟိုဆေး... ဟိုဆေး..." သူ့ပါးကို ကျွန်မ ဖြည်းဖြည်းလေးပုတ်ရင်း အော်၏။ နာရီဝက်လောက်အကြာတွင် သူလုံးဝ နိုးလာခဲ့သည်။ မျက်လုံးကြီး ပြူးပြီး တစ္ဆေသရဲမြင်သည့်နှယ် ကျွန်မကို ကြည့်နေသည်။ ပါးစပ်ကလည်း ထစ်ထစ်အအနှင့် "နင်... နင်... နင်..." ဟု ပြောနေသည်။

"ကျွန်မ... ကျွန်မ... ဘာဖြစ်တာလဲ" သူ့အမူအရာကြောင့် ကျွန်မ လန့်သွားသည်။

"နင်...နစ်နာခံလိုက်ရပြီ" ကျွန်မကို သူဖက်လိုက်ပြီး မျက်ရည်များ စီးကျလာသည်။

"ဘာပြောတာလဲ... ကျွန်မ ဘာကို အနစ်နာခံလိုက်ပြီလဲ" ဟု သူ့လက်မောင်းကနေ ရုန်းထွက်ပြီး ကျွန်မ ဘုမသိဘမသိ မေးလိုက်သည်။

"ဟိုသုံးကောင်လက်ထဲ ရောက်ခဲ့ပြီမဟုတ်လား" ဟု သူမေးသည်။

"မရောက်ပါဘူး... ကျွန်မလွတ်သွားတယ်။ အစောကြီးကတည်းက လွတ်သွားတယ်လေ" ကျွန်မအသံကျယ်ကျယ်နှင့် ပြောမိသည်။

"ဒါဆို ဘာလို့ နင်အဝတ်ဗလာဖြစ်နေရတာလဲ။ နင့်အဝတ်အစားရော..."

ထိုအချိန်ကျမှ အတွင်းခံအင်္ကျီဘောင်းဘီသာ ဝတ်ထားသော ကိုယ့်ကိုယ်ကိုယ် ကျွန်မသတိထားမိသည်။ တစ်ကိုယ်လုံးလည်း ရွှံ့တွေပေလို့။ ဟိုဆေးလည်း သတိမေ့မတတ် အေးခဲလွန်းနေခဲ့၍ အချိန်အတော်ကြာမှ ကျွန်မ အဝတ်မပါသည်ကို သတိထားမိပုံရသည်။

အိမ်အပြန်လမ်းတွင် ဟိုဆေးက ကျွန်မဘေးမှာ လဲလျောင်းလို့။ သူ့ခြေနစ်ဖက်က ထုံကျဉ်နေသောကြောင့် ဆရာဝန်ချက်ချင်းသွားပြဖို့ လိုသည်။ ညဉ့်သန်းခေါင်သို့ ရောက်နေခဲ့ပြီ။ ဝင်္ကပါတောင်က တစ္ဆေသရဲများလို ကျွန်မတို့နောက်မှာ ကျန်ရစ်ခဲ့ပြီ။ ဇူဝံကြယ်က ကျွန်မကို မြောက်အရပ်သို့ လမ်းညွှန်နေလေသည်။

"ဆမ်မောက်... ကျောက်ဖြစ်ရုပ်ကြွင်း ရှာဦးမလား..." ဟိုဆေးက ညည်းတွားသံဖြင့် ကျွန်မကိုမေးသည်။

"ရှာမယ်... ရှင်ရော" ကျွန်မ ခပ်ပြတ်ပြတ်ဖြေရင်း သူ့ကိုမေးသည်။

"ငါက ပိုတောင်ရှာဦးမှာ..."

"ဒါဆို ဘယ်တော့ပြန်လာရှာမလဲ..."

"မနက်ဖြန် ညနေ..."

* * *

## ကန္တာရရေချိုးခန်း

တစ်ညနေတွင် ဟိုဆေးက သူ့ဆံပင်ကို ကတုံးကေညှပ်ဖို့ စိတ်ပါလာသည်။ သူဆံပင်ညှပ်မည်ဟု ကျွန်မကြားသည်နှင့် မီးဖိုထဲအမြန်ဝင်ကာ ငါးညှပ်ကတ်ကြေးကြီးတစ်လက် ယူလာပြီး တစ်ပြိုင်နက်တည်းမှာပင် အဝတ်စတစ်ခုဖြင့် သူ့လည်ပင်းကို ပတ်လိုက်သည်။

"ကောင်းကောင်းထိုင်ပါ"

"ဘာလုပ်မှာလဲ"

သူ ကြောက်အားလန့်အားနှင့် ထခုန်သည်။

"ဆံပင်ညှပ်မလို့လေ" ပြောပြောဆိုဆို သူ့ဆံပင်တစ်ဆုပ်ကို ကျွန်မဆွဲလိုက်သည်။

"နင်က နင့်ဟာနင်ညှပ်တာကို အားမရလို့လား" သူ ခြေတစ်လှမ်း ဆုတ်ရင်း ပြောသည်။

"မြို့ထဲက ဆံပင်ညှပ်သမားက ကျွန်မလောက် ညှပ်တတ်မယ် မထင်ဘူး။ ရှင် လက်လျှော့လိုက်ပါ။ လာ... လာ..." သူ့ကို ကျွန်မလိုက်ဖမ်းသည်။ ဟိုဆေးက သော့ကို ဆတ်ခနဲလှမ်းယူပြီး အိမ်ပြင်ဘက် ထွက်ပြေးသွားတော့ ကျွန်မလည်း ကတ်ကြေးကိုပစ်ချပြီး လိုက်ပြေးသွားသည်။

ငါးမိနစ်အကြာတွင် ညစ်ပတ်မွန်းကျပ်သော ဆံသဆိုင်ထဲတွင် ကျွန်မတို့ ထိုင်နေကြပြီဖြစ်သည်။ ဟိုဆေး၏ဆံပင်ပုံစံနှင့် ပတ်သက်ပြီး ဆံသဆရာ၊ ဟိုဆေးနှင့်ကျွန်မတို့ ငြင်းခုံကြတော့၏။ မည်သူမျှ အလျှော့ပေးချင်ပုံမရ။ ဆံသဆရာက စိတ်တိုတိုနှင့် ကျွန်မကို ခပ်စူးစူးကြည့်သည်။

"ဆမ်မောက်... နင် အပြင်မှာသွားနေရင် ကောင်းမယ်"

ဟိုဆေးက စိတ်မရှည်စွာ ပြောသည်။

"ကျွန်မကို ပိုက်ဆံပေးရင် ကျွန်မသွားမယ်"

ဟိုဆေး အိတ်ကပ်ထဲက ငွေစက္ကူအပြာတစ်ရွက်ကို ဆွဲထုတ်ပြီး ခြေလှမ်းကျဲဖြင့် ကျွန်မထွက်လာ ခဲ့သည်။

ဆံသဆိုင်နောက်က လမ်းကြားလေးအတိုင်း ကျွန်မထွက်လာခဲ့သည်။ ညစ်ပတ်နံစော်သောလမ်းပေါ်တွင် အမှိုက်များပြည့်နေ၏။ ယင်ကောင်များ အုပ်လိုက်ပျံသန်းနေ၏။ ပိန်လှီလှသော တောင်ဆိတ်တချို့အစာရှာနေကြသည်။ ထိုအနားတစ်ဝိုက်ကို ကျွန်မ မရောက်ဖူးပါ။ ပြတင်းပေါက်မရှိသည့် အိမ်စုတ်တစ်လုံးကို ဖြတ်ချိန် တံခါးဝတွင် ဆူးပါသည့်သစ်ကိုင်းသစ်ခက်များ စုပုံထားသည်ကို တွေ့လိုက်သည်။ ထူးဆန်းသည်မို့ ကျွန်မရပ်ကြည့်လိုက်

သည်။ အိမ်၏တံခါးဝဘေးတွင် ဆိုင်းဘုတ်တစ်ခုကပ်ထားသေး၏။ ဆိုင်းဘုတ်ပေါ်တွင် "စမ်းရေ" ဟု ရေးထားသည်။

ကျွန်မစိတ်ထဲ မတင်မကျဖြစ်မိသည်။ အမှိုက်ပုံနားက အိမ်မှာ ဘယ်လိုလုပ်ပြီး စမ်းရေရနိုင်သလဲ။ သစ်သားတံခါးနား ကျွန်မကပ်သွားပြီး အထဲကို ခေါင်းပြူကြည့်လိုက်သည်။ နေအလင်းနှင့်အတူ အိမ်ထဲက အမှောင်ဘက်ဆီ ကျွန်မကြည့်လိုက်သည်။ မည်သည့်အရာမျှ မတွေ့ခင် လူတစ်ယောက်၏ တအား... အား... အထိတ်အလန့် အော်ဟစ်သံကို ကြားလိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် အချင်းချင်းပြောဆိုသော အာရဗီစကားသံများထွက်ပေါ်လာသည်။ နောက်သို့ကျွန်မခြေလှမ်းအနည်းငယ် ဆုတ်လိုက်မိသည်။ တစ်ကိုယ်လုံးလည်း ချွေးစေးပြန်လို့။ အထဲမှလူက ဘာလုပ်နေသလဲ။ ဘာကြောင့် ကျွန်မကို မြင်သည်နှင့် လန့်ရတာလဲ။

ထိုအချိန်မှာပင် ဆာဟာရစတိုင်လ် အဝတ်အစားဝတ်ထားသည့် လူရွယ်တစ်ဦး ကျွန်မနောက် အပြေးလိုက်လာသည်။ ကျွန်မထွက်မပြေးသွားသေးသည်ကိုမြင်တော့ ရှေ့တိုးပြီး ကျွန်မကို ဖမ်းဆွဲဟန် ပြင်သည်။

"မင်း ဘာလုပ်တာလဲ။ ဘာဖြစ်လို့ သူများ ရေချိုးနေတာကို ချောင်းကြည့်ရတာလဲ" သူက စပိန်ဘာသာဖြင့် ဒေါသတကြီးမေးသည်။

"ရေချိုးနေတယ်..." ကျွန်မ ဇဝေဇဝါဖြစ်သွားသည်။

"အရှက်မရှိတဲ့မိန်းမ... သွား...သွား... ရှူး... ရှူး..." ကြက်မောင်းသလို လက်ဟန်ဖြင့် ကျွန်မကို သူမောင်းထုတ်နေသည်။

"ဘာ ရှူး... ရှူးလဲ... ခဏနေဦး" ကျွန်မလည်း အသံကျယ်ဖြင့် သူ့ကို ပြန်အော်လိုက်သည်။

"ဟော့… အထဲကလူတွေ ဘာလုပ်နေကြတာလဲ" သူ့ကိုမေးရင်း တစ်ဖက်ကလည်း အိမ်ထဲ ကျွန်မလျှောက်ဝင်လိုက်သည်။

"ရေချိုးနေတာ… ရေ… ချိုး… နေ… တာ… သွားမကြည့်နဲ့တော့" သူ့ပါးစပ်ကနေ မောင်းထုတ်သံထွက်လာပြန်သည်။

"ဒီမှာ ရေချိုးလို့ရတယ်လား" ကျွန်မ ပိုစိတ်ဝင်စားသွားသည်။

"အေး…" စိတ်မရှည်စွာ သူက ပြန်အော်သည်။

"ဘယ်လိုချိုးရတာလဲ။ နင်တို့ ဘယ်လိုရေချိုးကြတာလဲ" ကျွန်မ စိတ်လှုပ်ရှားမိသည်။ ဆာဟာရဝီတွေလည်း ရေချိုးသည်ဆိုသည်ကို ပထမဆုံး ကြားဖူးခြင်းပါပဲ။ အတွင်းကျကျမေးကြည့်ရမည်။

"မင်းလာချိုးရင် သိရမှာပေါ့"

"ကျွန်မလည်း ချိုးလို့ရလား" တအံ့တသြ ကျွန်မမေးသည်။

"မိန်းမတွေက မနက် ၈ နာရီက မွန်းတည့် ၁၂ နာရီအထိ။ တစ်ယောက်ကို ၄၀"

"ဟာ… ကျေးဇူးတင်လိုက်တာ… ကျေးဇူးတင်လိုက်တာ… ကျွန်မ မနက်ဖြန်လာခဲ့မယ်" ဆံသဆိုင်ဆီ ကျွန်မအမြန်ပြေးသွားပြီး ဟိုဆေးအား ထိုနေရာသစ်အကြောင်းကို ပြောပြလိုက်သည်။ နောက်တစ်နေ့နံနက် စောစောတွင် တဘက်ကြီးတစ်ခုကို ပွေ့ပြီး ဆိတ်ဈေးများ ပြည့်နေသည့် ထို "စမ်းရေ" သို့ ကျွန်မ ချီတက်ခဲ့သည်။ တစ်လမ်းလုံး နံစော်နေသည့်မို့ ရင်ထဲ ပျို့အန်ချင်လာ၏။ တံခါးကို တွန်းဖွင့် ဝင်လိုက်သည်နှင့် လူလတ်ပိုင်းအရွယ် ဆာဟာရဝီ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်သည်။ မျက်နှာက ခက်ထန်နေသည်မို့ ကြည့်ရသည်က ပိုင်ရှင်သူဌေးမဖြစ်မည်ထင်သည်။

"ရေချိုးမှာလား... ပိုက်ဆံအရင်ရှင်းပါ"

ငွေ ၄၀ ကို ကျွန်မထုတ်ပေးလိုက်ပြီး ဘေးပတ်လည်ကို ကြည့်လိုက်သည်။ အခန်းထဲတွင် လျှောက်ပစ်ထားသော သံချေးတက်နေသည့် ရေပုံးများမှလွဲ၍ ဘာမျှမရှိ။ အလင်းကလည်း မလုံလောက်။ ကိုယ်တုံးလုံးနှင့် မိန်းမတစ်ယောက်ထွက်လာပြီး ရေပုံးတစ်ပုံးယူကာ ပြန်ဝင်သွားသည်။

"ဘယ်လိုချိုးရမှာလဲ" တောသူတစ်ယောက်လို တောင်ကြည့်၊ မြောက်ကြည့်နှင့် ကျွန်မမေးသည်။

"လာ... ငါနဲ့လိုက်ခဲ့"

သူဌေးမက ကျွန်မလက်ကိုဆွဲပြီး အခန်းတစ်ခုထဲ ဝင်သွားသည်။ ထိုအခန်းမှာ ၁၀ ပေ ပတ်လည်မျှရှိပြီး သံကြိုးများတန်းထားသည်။ ထိုကြိုးတန်းပေါ်တွင် ဆာဟာရစီအမျိုးသမီးများ၏ အတွင်းခံ၊ ဂါဝန်နှင့် တစ်ကိုယ်လုံးပတ်သည့် အဝတ်စများ ချိတ်ထားသည်။ စူးရှသည့် အနံ့ဆိုးတစ်မျိုး နှာခေါင်းထဲတိုးဝင်လာ၍ ကျွန်မအသက်အောင့်ထားလိုက်သည်။

"ဒီမှာ အဝတ်ချွတ်" သူဌေးမက အမိန့်ပေးသည့်နယ် ပြောသည်။

ကျွန်မစကားတစ်ခွန်းမျှမပြောဘဲ အဝတ်အစားချွတ်လိုက်သည်။ အထဲတွင် အိမ်မှာကတည်းက ဝတ်လာသည့် ဘီကီနီသာ ကျန်သည်။ ချွတ်လိုက်သည့်အဝတ်အစားများကိုလည်း ကြိုးတန်းပေါ်ချိတ်လိုက်သည်။

"ချွတ်လေ..." သူဌေးမက အလောတကြီး ပြောပြန်သည်။

"ချွတ်ပြီးပြီလေ..." ကျွန်မ မျက်နှာတစ်ချက် လှန်ကြည့်လိုက်သည်။

"ဒီထူးဆန်းတဲ့ဟာကြီး မချွတ်တော့ ဘယ်လိုချိုးမှာလဲ"

ကျွန်မကို မေးရင်း ကြမ်းတမ်းသည့်အပြုအမူဖြင့် ကျွန်မ၏အပေါ်အင်္ကျီကိုဆွဲပြီး ဘောင်းဘီကို ဆွဲပြန်သည်။

"ဘယ်လိုချိုးမလဲဆိုတာက ကျွန်မရဲ့အလုပ်ပါ" သူ၏လက်ကို ကျွန်မတွန်းထုတ်ပြီး မျက်နှာတစ်ချက် လှန်ကြည့်လိုက်ပြန်သည်။

"ဒါဆိုလည်း အပြင်မှာ ရေပုံးသွားယူ" ကျွန်မသေသေဝပ်ဝပ်ဖြင့် ရေပုံး နှစ်ပုံးထွက်ယူလိုက်သည်။

"လာ ဒီဘက်... စချိုးတော့" သူက တံခါးတစ်ချပ် တွန်းဖွင့်လိုက်ပြန်သည်။ ထိုအိမ်က ပေါင်မုန့်တုံးရှည်တစ်ခုလို တစ်ဆင့်ပြီးတစ်ဆင့် ဝင်သွားရသည်။ စမ်းရေကို ကျွန်မတွေ့လိုက်ပြီ။ သဲကန္တာရမှာ မြေကြီးထဲမှ ထွက်လာသည့်ရေကို ပထမဆုံးအကြိမ် မြင်လိုက်ရသောကြောင့် ကျွန်မစိတ်လှုပ်ရှားဝမ်းသာလှ၏။ ထိုရေထွက်က အိမ်ခန်းတစ်ခန်းထဲတွင် ရှိသည်။

ရေထွက်ရှိရာနေရာက ရေတွင်းနက်တစ်ခုဖြစ်သည်။ အမျိုးသမီးအများက ရေတွင်းဘေး၌ ရေခပ်ရင်း ဟီးဟီးဟားဟားပြောဆို ရယ်မောနေကြသည်။ ထိုပုံရိပ်က လွန်စွာအသက်ဝင်လွန်းလှ၏။ ရေပုံး နှစ်ပုံးကို လက်ကဆွဲရင်း သူတို့ကို ငတုံးတစ်ယောက်လို ကျွန်မ ငေးကြည့်နေမိသည်။ အဝတ်ဝတ်ထားသည့် ကျွန်မဝင်သွားသည်ကို တွေ့သည်နှင့် အားလုံးက လုပ်လက်စကိုရပ်တန့်ပြီး ကျွန်မကိုကြည့်သည်။ ကျွန်မတို့အချင်းချင်း ကြည့်ရင်း မျက်နှာပြင်၌ အပြုံးများပွင့်လာခဲ့သည်။ ထိုအမျိုးသမီးများက စပိန်စကား သိပ်မတတ်ကြချေ။ အမျိုးသမီးတစ်ယောက် ရှေ့တက်ပြီး ကျွန်မကို ရေတစ်ပုံး ခပ်ပေးသည်။

"ဒီလို... ဒီလို လုပ်ရတယ်" ဟုလည်း ကြင်နာစွာပြောသည်။

ထို့နောက် ရေပုံးတစ်ပုံးယူပြီး ကျွန်မခေါင်းပေါ်မှ သူလောင်းချလိုက်သည်။ မျက်နှာကို ကျွန်မအမြန်ပွတ်သပ်လိုက်သည်။ နောက်ရေတစ်ပုံးလောင်းချလာပြန်သည်။ ပါးစပ်ကနေ "ကျေးဇူး... ကျေးဇူး" ဟု အော်ရင်း နံရံထောင့်နားကျွန်မပြေးကပ်မိသည်။ "အေးလား" အမျိုးသမီးတစ်ယောက်က မေးသည်။ ကျွန်မ ရှက် တက်တက်နှင့် ခေါင်းညိတ်ပြလိုက်သည်။

"အေးရင် အထဲကိုသွား..." တံခါးတစ်ချပ်ကို သူတို့ ဆွဲဖွင့်လိုက်ပြန်သည်။ ထိုပေါင်မုန့်အိမ်က ဘယ်နဆက်ရှိမှန်းမသိ။

အထဲခန်းတစ်ခုထဲဆီ ကျွန်မရောက်သွားပြန်သည်။ ပူနွေးသည့်လှိုင်းတစ်ခုက စီးအုပ်လာ၏။ လေးဘက်လေးတန်လုံး အငွေ့ထောင်းထောင်းထနေပြီး ဘာမျှမမြင်ရ။ စက္ကန့်အနည်းငယ်မျှကြာမှ ပတ်လည်နံရံကို မှုန်ဝါးဝါးမြင်သည်။ လက်ဆန့်ထုတ်ပြီး ကျွန်မစမ်းတဝါးဝါး သွားလိုက်သည်။ လူ့ပေါင်ကို နင်းမိသလိုရှိမှ ခါးညွတ်ပြီး ကျွန်မကြည့်လိုက်မိသည်။ ထိုအချိန်ကျမှ ဂုင်းအခန်းငယ်လေးထဲက ကြမ်းပြင်ပေါ်တွင် အမျိုးသမီးများ စီတန်းထိုင်နေသည်ကို တွေ့လိုက်သည်။ မျက်နှာချင်းဆိုင်က နံရံဘေးရှိ ရေကန်ထဲတွင် ပွက်ပွက်ဆူသည့်ရေကို တွေ့လိုက်မိသည်။ အငွေ့များက ထိုနေရာကလာခြင်းဖြစ်သည်။ ပေါ်တူဂီစတိုင်လ်ရေချိုးနည်းနှင့် တူသည်။

ထိုအချိန်တွင် တစ်ယောက်ယောက်က တံခါးဆွဲဖွင့်လိုက်သောကြောင့် ရေငွေ့များပြယ်လာ၍ အခန်းအခြေအနေကို ကျွန်မသေချာမြင်လိုက်ရသည်။ ထိုအမျိုးသမီးများ၏ဘေးတွင် ရေပုံး နှစ်ပုံးချထားသည်။ ရေပုံးထဲတွင် ရေအေးများထည့်ထားသည်။ အခန်းထဲက အပူရှိန်ကြောင့် ကြမ်းပြင်လည်း ပူစပ်နေ၏။ ခြေဖလာနှင့် ကျွန်မ မရပ်နိုင်သောကြောင့်

ခုန်ဆွခုန်ဆွဖြစ်နေသည်။ ထိုင်နေသည့် အမျိုးသမီးများ အပူဒဏ်ကို မည်သို့ခံနေကြမှန်းတော့ မသိပါ။

"လာ... ဒီဘက်လာထိုင်" နံရံထောင့်က အမျိုးသမီးတစ်ယောက် ကျွန်မကို နေရာတစ်နေရာပေးသည်။

"ကျွန်မရပ်နေရင်ရပြီ။ ကျေးဇူးတင်ပါတယ်"

ရွှံ့များပေကျံနေသလို စွတ်စိုသောကြမ်းပြင်ကို ကြည့်ပြီး အပူလောင်မှာ ကြောက်သည်ထက် ကျွန်မထိုင်မချရဲခဲ့တာပါ။ အမျိုးသမီးတိုင်း ကျောက်ခဲတစ်ခုကို ရေစွတ်စွတ်ပြီး ခန္ဓာကိုယ်ကိုခြစ်နေသည်ကို ကျွန်မတွေ့လိုက်သည်။ ထိုသို့ ခြစ်လိုက်သည်နှင့် ကိုယ်ပေါ်မှ မည်းညစ်ညစ်ကြေး(ချေး)များအလိပ်လိုက်ကျလာသည်။ သူတို့က ဆပ်ပြာမသုံး၊ ရေလည်းသိပ်မသုံးချေ။ တစ်ကိုယ်လုံးခြစ်ပြီးမှ ရေလောင်းချလိုက်သည်။

"လေးနှစ်ရှိပြီ။ ငါ ရေမချိုးတာ လေးနှစ်ရှိပြီ။ ဟိုးအဝေးသဲကန္တာရ ရှယိမာမှာနေတယ်။ သိပ်ဝေးပါတယ်"

အမျိုးသမီးတစ်ယောက်က ကျွန်မကို ရယ်ကျဲကျဲပြော၏။ ရှယိမာဆိုသည်မှာ ရွက်ဖျင်တဲကို ဆိုလိုသည်။ ကျွန်မကို သူစကားပြောချိန် ကျွန်မအသက်အောင့်ထားရသည်။ ရေပုံးကို ခေါင်းအထိမြှောက်ပြီး သူလောင်းချလိုက်သည်။ သူလောင်းချလိုက်သော ကြေး(ချေး)ပါသည့် ရေညစ်ညစ်က ဖြူဖွေးသော ကျွန်မ၏ ခြေထောက်အောက်က ဖြတ်ဆင်းသွားသည်ကို ရေငွေ့များကြားမှ ကျွန်မတွေ့လိုက်ရသည်။ ကျွန်မရင်ထဲ ပျို့တက်လာ၏။ အောက်နှုတ်ခမ်းကို ကိုက်ပြီး နေရာမှာပင် မလှုပ်မယှက် ကျွန်မရပ်နေမိလိုက်သည်။

"နင် ဘာလို့မချိုးသေးတာလဲ။ ကျောက်တုံး နင့်ကိုငှားပေးမယ်" သူက စေတနာပါပါဖြင့် ကြေး(ချေး)တွန်းကျောက်ကို ကမ်းပေးသည်။

"ငါ မညစ်ပတ်ဘူး။ ငါ အိမ်မှာချိုးခဲ့ပြီးပြီ"

"မညစ်ပတ်ရင် လာချိုးစရာမလိုပါဘူး။ ငါဆိုရင် သုံး၊ လေးနှစ်နေမှ တစ်ခါလာတယ်" သူရေချိုးထားသော်လည်း ကြည့်ရသည်က ညစ်ပတ်နေသေးသည်။

ထိုအခန်းက သေးလွန်းပြီး ပြတင်းပေါက်မရှိ။ အငွေ့ထောင်းထောင်းထနေသော ရေကန်တစ်ခုကလည်းရှိသည်မို့ ကျွန်မနလုံးခုန် မြန်သည်ထက်မြန်လာပြီး ချွေးပြိုက်ပြိုက်ကျလာသည်။ အခန်းအတွင်းတွင် လူကလည်းများသည်မို့ ရောစပ်နေသည့် ခန္ဓာကိုယ်အနံ့အသက်များက ကျွန်မကို ပျို့အန်စေချင်နေသည်။ စိုစွတ်စွတ် နံရံထောင့်တစ်နေရာသို့ ကျွန်မရွှေ့သွားမှ နံရံပေါ်တွင် နပ်ချေးသဖွယ် ချော်ကျိုကျိုအရာများ ထူထူထဲထဲ ကပ်နေသည်ကို သတိပြုမိသည်။ ကျွန်မနောက်ကျောတွင် အချပ်ကြီးတစ်ချပ် ကပ်နေသေးသည်။ နှုတ်ခမ်းကို တင်းတင်းကိုက်ပြီး တဘက်ဖြင့် နောက်ကျော ကို ကျွန်မ ဖိတိုက်နေမိလိုက်သည်။

သဲကန္တာရတွင် ဝသည့်အမျိုးသမီးသာ လှ၏။ ထို့ကြောင့် အမျိုးသမီးအများစုက ကိုယ့်ကိုယ်ကိုယ်ဝအောင် အတတ်နိုင်ဆုံး လုပ်ကြသည်။ အိမ်ထဲအိမ်ပြင်ထွက်သည့်အခါ အမျိုးသမီးများက ဂါဝန်ရှည်များအပြင် အဝတ်စကြီး တစ်ခုဖြင့် တစ်ကိုယ်လုံးကို ပတ်ထားသေးသည်။ ခေါင်းရောမျက်နှာပါ လေတိုးဝင်၍မရနိုင်အောင်ရှိသည်။ ခေတ်မီသူတချို့က နေကာမျက်မှန်တစ်လက်ပါ တပ်လိုက်သေး၏။ ထိုအခါ သူတို့မျက်နှာကို လုံးဝမမြင်ရတော့ပေ။

မာမီလို တစ်ကိုယ်လုံးထုပ်ထားသည့် အမျိုးသမီးများကို ကျွန်မ အမြဲတွေ့မြင်နေကျဖြစ်သော်လည်း အဝတ်ဗလာဖြင့် ခန္ဓာကိုယ်ဝဖြိုးသည့် သူတို့ကို ရုတ်တရက်တွေ့လိုက်ရသောအခါ တအံ့တသြ ဖြစ်မိသည်။ ရေချိုးခန်းထဲတွင် မြင်ရသည့်မြင်ကွင်းနှင့် နှိုင်းယှဉ်လျှင် ကျွန်မက နို့စားနွားမဘေးက မြက်တစ်ပင်လို အရောင်မှိန်လှသည်။

အမျိုးသမီးတစ်ဦးက တစ်ကိုယ်လုံးမည်းသည်းသွားအောင် ကြေး(ချေး)တွန်းပြီး ရေလောင်းမချခင် အပြင်ဘက်က သူ့ကလေးငိုသံကို ကြား၍ကိုယ်ဗလာဖြင့် ပြေးထွက်သွားသည်။ လသားသာရှိသည့် ကလေးငယ်ကို အခန်းထဲပွေ့ဝင်လာပြီး ကြမ်းပေါ်ထိုင်ကာ သူနို့တိုက်သည်။ သူ့မေးစေ့၊ လည်ပင်း၊ မျက်နှာ၊ ဆံပင်ပေါ်ရှိ ကြေး(ချေး)ညစ်ညစ်များက သူ့ရင်ဘတ်နားမှ စီးကျလာသည်။ ကလေးက ကြေး(ချေး) ညစ်ရောထားသည့်နို့ကို စို့နေလေ၏။ ထိုကြောက်မက်ဖွယ် ညစ်ထေးသောမြင်ကွင်းကို ကျွန်မငေးကြောင်ကြည့်နေမိသည်။ ရင်ထဲ တစ်ဖန် ဆို့တက်လာပြန်သည်။ မအောင့်အည်းနိုင်တာကြောင့် အခန်းအပြင်ဘက် ကျွန်မ ပြေးထွက်ခဲ့သည်။ အပြင်ဆုံးအခန်းအထိ မနားတမ်းကျွန်မပြေးခဲ့သည်။ လတ်ဆတ်သည့် လေကိုတစ်ဝကြီးရှူပြီးမှ ကြိုးတန်းတွင် လှန်းထားသော အဝတ်အစားကို ပြန်ယူဖြစ်သည်။

"နင်က ရေမချိုးဘဲ သူတို့ကိုပဲ ရပ်ကြည့်နေတယ်ဆို။ ဘာကြည့်စရာများရှိလို့လဲ" သူဌေးမက စိတ်ဝင်တစား ကျွန်မကိုမေး၏။ "နင်တို့ ဘယ်လိုရေချိုးလဲဆိုတာ ငါသိချင်လို့" ကျွန်မရယ်ရင်း ဖြေသည်။

"နင် ပိုက်ဆံ ၄၀ ပေးပြီးမှ ဒါကိုလာကြည့်တယ်" သူ့မျက်လုံး ပြူးသွားသည်။

"စျေးမကြီးပါဘူး... တန်ပါတယ်"

"ဒီနေရာက ခန္ဓာကိုယ်အပြင်ကို ဆေးတာ။ ခန္ဓာကိုယ်အထဲကို လည်း ဆေးရတယ်" သူက ဆက်၍ပြောသည်။

"အထဲကိုလည်း ဆေးရတယ်ဟုတ်လား" သူပြောသည်ကို ကျွန်မ နားမလည်၍ ထပ်မေးလိုက်သည်။ သူက အာခေါင်ထဲလက်နှိုက်လိုက်သည့်ပုံ လုပ်လိုက်သောကြောင့် ကျွန်မလန့်သွားသည်။

"ဘယ်မှာဆေးတာလဲ။ ငါ့ကို ပြောပြပါ" ကျွန်မစိတ်လှုပ်ရှားလွန်း၍ အကျီကြယ်သီးတောင် မှားတပ်မိသည်။

"ပင်လယ်ဘေးမှာ နင်သွားကြည့်လေ။ ပေါ်ဟာဒိုပင်လယ်ကွေ့မှာ အဲဒီမှာ ရှယိမာ (ရွက်ဖျင်တဲ) တွေ အများကြီး၊ နွေရာသီမှာ အဲဒီမှာ သွားတည်းပြီး ချိုးကြတယ်။ ခုနစ်ရက်ချိုးရတယ်"

ထိုညက ကျွန်မ ညစာလုပ်ရင်း ဟိုဆေးကို ပြောဖြစ်သည်။

"အထဲကိုလည်း ဆေးရတယ်လို့ သူကပြောတယ်။ ပေါ်ဟာဒို ပင်လယ်ကွေ့မှာတဲ့"

"နင် နားကြားမှားခဲ့တာ မဟုတ်လောက်ပါဘူးနော်" ဟိုဆေးလည်း လန့်သွားသည်။

"မမှားပါဘူး။ သူကတောင် ကျွန်မကို လက်ဟန်နဲ့ လုပ်ပြသေးတယ်။ ကျွန်မသွားကြည့်ချင်တယ်"

ဟိုဆေးကို ကျွန်မတောင်းဆိုသည်။

မြို့ငယ် Laayoune ကနေ အတ္တလန်တစ်ပင်လယ်ကမ်းသွားဖို့ သိပ်မဝေးပါ။ အသွားအပြန် ကီလိုမီတာ ၂၀၀ လောက်သာရှိသည်။ တစ်ရက်

တည်းသွားပြန်၍ရသည်။ ပေါ်ဟာဒိုတွင် ကမ်းခြေတစ်ခုရှိသည်ကို ကျွန်မတို့ ကြားဖူးထားသည်။ ကျန်သည့် ကီလိုမီတာ ၅၀၀ လောက်ရှိစပိန်ပိုင် ဆာဟာရ သဲကန္တာရပိုင်းတွင် ကျောက်ဆောင်များပေါ်များပြီး သဲသောင်ပြင်မရှိချေ။ ကားက သဲပြင်ပေါ်ရှိ တခြားသူမောင်းခဲ့သည့် ကားဘီးရာအတိုင်း ပင်လယ် ကမ်းစပ် ရောက်သည်အထိ လမ်းမမှားဘဲ မောင်းနှင်ခဲ့သည်။ ကျောက်ဆောင် ကနေ ပေါ်ဟာဒိုပင်လယ်ကွေ့ရောက်သည်အထိ တစ်နာရီကြာမျှ ဖြည်း ဖြည်းချင်း ဆင်းရသည်။

"ကြည့်... ဟိုးအောက်ဘက်ကိုကြည့်" ဟိုဆေးက ပြောသည်။

ကားကို ကျောက်ဆောင်တစ်ခုဘေးတွင် ကျွန်မတို့ ရပ်လိုက်၏။ ၁၀ မီတာ အဝေးအောက်ဘက်တွင် အပြာရောင်ပင်လယ်ရေက စက်ဝိုင်းခြမ်း သဏ္ဍာန်လို ပင်လယ်ကွေ့တစ်ခုထဲ ငြိမ်ငြိမ်သက်သက် စီးဆင်းနေသည်။ ပင်လယ်ကွေ့ ကမ်းစပ်တွင် အဖြူရောင်ရွက်ဖျင်တဲများ မိုးထားသည်။ အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်များ ဟိုဟိုဒီဒီသွားလာနေကြသည်။ ကြည့်ရသည်မှာ လွန်စွာသာယာချမ်းမြေ့လှသည်။

"ရုပ်ထွေးတဲ့ကမ္ဘာမှာ ဒီလိုဘဝမျိုးလည်းရှိသေးတယ်"

ကျွန်မ အားကျစွာ သက်ပြင်းချမိသည်။ တကယ့် နတ်နန်းဘုံတမျှ ပါပဲ။

"ဆင်းလို့မရဘူး။ ခြေချဖို့နေရာ အနှံ့ရှာပြီးပြီ။ ဆင်းလို့ရတဲ့နေရာ မတွေ့ဘူး။ အောက်က လူတွေမှာ လျှို့ဝှက်လမ်းတစ်ခုရှိမယ်ထင်တယ်" ဟိုဆေးက ကျောက်ဆောင်ပေါ် တစ်အောင့်လောက် လျှောက်ကြည့်ပြီး ပြောသည်။ ကားတွင်းက ဂုန်နီအိတ်ကြိုးသစ်တစ်ခွေကို ဟိုဆေးဆွဲထုတ်

လာသည်။ တစ်ဖက်ကို ကားဘမ်ပါတွင်ချည်ပြီး ကျောက်တုံးကြီးများဖြင့် ကားဘီးကို ခုထားလိုက်သည်။ သေချာချည်ပြီးနောက် ကျန်တစ်ဖက်ကို ကျောက်ဆောင်အောက် ပစ်ချလိုက်သည်။

"လာ နင့်ကို ငါပြမယ်။ နင့်တစ်ကိုယ်လုံးရဲ့အလေးချိန်ကို ကြိုးပေါ်မှာမထားနဲ့၊ ခြေထောက်အောက်က ကျောက်တုံးကို မြဲမြဲနင်းထား၊ ကြိုးက နင့်ကိုငြိမ်အောင်ပဲ ထိန်းပေးတာ။ ကြောက်လား..." ကျောက်ဆောင်ဘေးတွင်ရပ်ပြီး ဟိုဆေးရှင်းပြသည်ကို ကျွန်မနားထောင်နေသည်။ လေက လူကိုတုန်အောင် တိုက်နေသည်။

"ကြောက်လား" သူက မေးပြန်သည်။

"ကြောက်တယ်... တကယ်ကြောက်တယ်" ကျွန်မရိုးသားစွာဖြေသည်။

"ကောင်းပြီ... ကြောက်ရင် ငါအရင်ဆင်းမယ်။ နင် နောက်က လိုက်ခဲ့" ဟိုဆေးက ကင်မရာပစ္စည်းများ သယ်ပိုးပြီး ဆင်းသွားသည်။ ကျွန်မ ဖိနပ်ကိုချွတ်ပြီး ခြေဗလာဖြင့် လိုက်ဆင်းသွားသည်။ တစ်ဝက်အရောက်တွင် ငှက်တချို့ ကျွန်မအနား ရစ်သီရစ်သီ ပျံသန်းလာကြသည်။ ကျွန်မမျက်စိကို သူတို့ ထိုးဆိတ်မှာ ကြောက်သောကြောင့် အမြန်လျှောဆင်းလေ၏။ ငှက်ကြောင့် စိတ်အာရုံပျံ့သွားသည်မို့ အစကလောက်ကြောက်မနေတော့ဘဲ အောက်ကို ရောက်သွားတော့သည်။

"ရှူး... ဒီဘက်" ဟိုဆေးက ကျောက်တုံးကြီးတစ်တုံး နောက်ကွယ်ကနေ ခေါ်သည်။

အောက်ရောက်သည်နှင့် ဟိုဆေးက ကျွန်မကို အသံမထွက်ဖို့

ပြောသည်။ ဆာဟာရဝီအမျိုးသမီး လေး၊ ငါးဦးခန့်က ကိုယ်ဗလာဖြင့် ပင်လယ်ရေခပ်နေသောကြောင့်ဖြစ်သည်။

ထိုအမျိုးသမီးများက ပင်လယ်ရေကို သဲသောင်ပြင်အထိ သယ်လာပြီး ပုံးတစ်ခုထဲထည့်နေကြသည်။ ပုံးအောက်ဘက်တွင် ရာဘာပိုက်တစ်ခုရှိသည်။ အမျိုးသမီးတစ်ဦးက သဲပြင်ပေါ်ထက်ဝက်လဲနေပြီး ကျန်အမျိုးသမီးတစ်ဦးက ရာဘာပိုက်အား ထိုအမျိုးသမီး၏ ခန္ဓာကိုယ်ထဲ သွင်းနေ၏။ အူဆေးသည့်အတိုင်းဖြစ်သည်။ ပုံးကိုလည်း လက်ထဲတွင် ကိုင်မြှောက်ထားသည်။ ရေများက ပိုက်မှတစ်ဆင့် သူ့အူထဲ စီးဆင်းသွားသည်။

ဟိုဆေးကို ကျွန်မတစ်ချက်တွန်းလိုက်ပြီး အဝေးကြည့်မှန်ပြောင်းတပ်ဖို့ သူ့ကိုလက်ညှိုးထိုးပြလိုက်သည်။ သူ ကြောင်အမ်းအမ်းဖြစ်ကာ ဓာတ်ပုံရိုက်ဖို့ မေ့နေလေသည်။ ရေပုံးတစ်ပုံးကုန်သွားသောအခါ အခြားအမျိုးသမီးတစ်ဦးက ရေတစ်ပုံးကို လောင်းထည့်ပြန်သည်။ ထက်ဝက်လဲနေသောအမျိုးသမီးအား ရေသုံးပုံးခန့်လောင်းအပြီးတွင် အမျိုးသမီးမှာမခံမရပ်နိုင်စွာ တအင်းအင်းညည်းတော့သည်။ တစ်ဆက်တည်းမှာပင် နောက်ရေတစ်ပုံးလောင်းထည့်ခံရချိန်တွင် သူစတင်အော်ဟစ်တော့သည်။ ကြည့်ရသည်မှာ နာကျင်မှုကို တောင့်မခံနိုင်တော့သည့်ပုံရ၏။ ကျောက်တုံး နောက်ကွယ်မှနေပြီး ကျွန်မတို့ကြောက်လန့်တုန်လှုပ်နေကြသည်။

ရာဘာပိုက်ကို သူတို့ဆွဲထုတ်လိုက်ကြသည်။ ထိုရာဘာပိုက်ဖြင့် နောက်အမျိုးသမီးတစ်ဦး၏ ပိုက်ထဲသွင်းလိုက်ကြပြန်သည်။ ရေအပြည့်အသွင်းခံထားရပြီဖြစ်သောအမျိုးသမီးကို ပါးစပ်မှနေ၍ ရေထပ်သွင်းကြပြန်သည်။ "စမ်းရေ" ရှိသည့်အိမ်က သူဌေးမ၏အပြောအရ တစ်နေ့ကို ဒီလို

သုံးကြိမ်ဆေးကြောရသည်။ တစ်ပတ်ကြာမှ ဆေးကြောခြင်းပြီးမြောက်သည်။ တကယ့်နွေဦးရာသီ သန့်ရှင်းရေးဖြစ်သည်။ လူတစ်ယောက်၏ခန္ဓာကိုယ်တွင် ရေပမာဏများစွာဆံ့သည်မှာ မယုံနိုင်စရာဖြစ်သည်။

တစ်အောင့်ကြာသောအခါ ရေအသွင်းခံထားရသောအမျိုးသမီးမှာ တွားပြီး ထလာသည်။ ကျွန်မတို့ပုန်းအောင်းရာဘက် သူဖြည်းဖြည်းချင်း လျှောက်လာ၏။ သဲသောင်ပြင်တစ်နေရာတွင် သူထိုင်ချပြီး အညစ်အကြေး စစွန့်တော့သည်။ ဗိုက်ထဲက အညစ်အကြေးများစွာ ထွက်ကျလာခဲ့သည်။ အညစ်အကြေးတစ်ပုံစွန့်ပြီး သူသုံး၊ လေးလှမ်းလောက် ဆုတ်လိုက်သည်။ ပြီးတော့ ထပ်စွန့်၏။ လက်နှစ်ဖက်ဖြင့် သဲကိုဆုပ်ပြီး ရှေ့ကစွန့်ထားသော အညစ်အကြေးကို သူဖုံးလိုက်သည်။ ဤသို့ စွန့်လိုက်၊ အုပ်လိုက်ဖြင့် ၁၀ ပုံ ကျော်မျှ စွန့်ပြီးသည့်တိုင် သူမရပ်ခဲ့သေးပါ။

အညစ်အကြေးစွန့်ရင်း ရုတ်တရက် သူသီချင်းစဆိုသည့်အခါ ကျွန်မ မအောင့်နိုင်တော့ဘဲ တဟားဟား အော်ရယ်မိလိုက်သည်။ ထိုအခြေအနေ ထိုမြင်ကွင်းက ကျွန်မကို မအောင့်အည်းနိုင်ဘဲ ရယ်စေသည်။ ဟိုဆေးက ကျွန်မပါးစပ်ကို လှမ်းပိတ်ရန် ကြံစည်သော်လည်း နောက်ကျသွားခဲ့ပြီ။ ထို အဝတ်ဗလာအမျိုးသမီးက ခေါင်းလှည့်ကြည့်လိုက်သည်။ ကျောက်တုံး နောက်က ကျွန်မတို့ကိုတွေ့သည်နှင့် လန့်ပြီး မျက်နှာအမူအရာပါပြောင်းသွား သည်။ ပါးစပ်ကြီးဟာပြီး နောက်သို့ သူ ၁၀ လှမ်းမျှဆုတ်ကာ အော်ဟစ်တော့၏။

"ပြေး... အမြန်ပြေး... ဟိုဆေး"

ကျွန်မရယ်လည်း ရယ်ချင်စိတ်လည်း လှုပ်ရှားကာ ဟိုဆေးကို တစ်ချက်အော်ပြီး သုတ်ခြေတင် ပြေးတော့သည်။

"ကင်မရာသေချာကိုင်ထားနော်။ အရေးကြီးတယ်" ပြေးနေရင်းနောက်လှည့်ပြီး ကျွန်မအော်ပြောသည်။

ကြိုးကျရာနေရာဆီ ကျွန်မတို့ပြေးသွားသည်။ ဟိုဆေးက အားဖြင့် ကျွန်မကိုတွန်းတင်သည်။ ကျွန်မလည်း ဘယ်ကရောက်လာသည့် ခွန်အားမှန်းမသိ၊ တစ်ခဏချင်းမှာပင် ကျောက်ဆောင်ပေါ်ရောက်သွားသည်။ ဟိုဆေးလည်း အမြန်တွယ်တက်လာသည်။ ပြေးလိုက်လာသည့် လူတချို့က လမ်းမရှိသည့်ကျောက်ဆောင်တွင် ကြိုးပင်မသုံးဘဲ မည်သည့်လျှို့ဝှက်လမ်းဖြင့်လိုက်လာသည်မသိ၊ ကျွန်မတို့ရှေ့က ဘွားခနဲပေါ်လာကြသည်။

ကားဘီးတွင် ခုထားသောကျောက်တုံးကို ကျွန်မတို့ အမြန်ဖယ်လိုက်ကြသည်။ ကြိုးဖြုတ်ရန်ပင် အချိန်မရဘဲ ကိုယ်ကို ကားထဲပစ်ဝင်ပြီး ကျည်ဆန်သဖွယ် အပြင်းမောင်းထွက်လာခဲ့သည်။ တစ်ပတ်ကျော်ကြာသည်အထိ ကျောက်ဆောင်ဘေးတွင် ထားရစ်ခဲ့သော ကျွန်မ၏လှပသောဖိနပ်ကို ကျွန်မသတိရနေမိသည်။ နောက်တစ်ခေါက်လည်း ထပ်မသွားရဲတော့ပေ။ ဟိုဆေး အလုပ်ကပြန်လာသံကို ကျွန်မကြားလိုက်သည်။ သူက ဆာဟာရဝီမိတ်ဆွေတစ်ဦးနှင့် စကားရပ်ပြောနေသည်။

"အရှေ့တိုင်းက အမျိုးသမီးတစ်ယောက် သူများရေချိုးတာကို လိုက်ချောင်းကြည့်နေတယ်လို့ အခုတစ်လော ပြောသံကြားတယ်။ ခင်ဗျားရဲ့..." ဆာဟာရဝီမိတ်ဆွေက ဟိုဆေးအား စူးစမ်းသလိုမေးသည်။

"ကျွန်တော်မကြားမိဘူး။ ကျွန်တော့်အမျိုးသမီးလည်း ပေါ်ဟာဒိုပင်လယ်ကွေ့ဆီ မရောက်ဖူးပါဘူး" ဟု ဟိုဆေးက ပြန်ဖြေနေသည်။ ဘုရားရေ... ဒီငတုံးက သဲလွန်စဖော်နေပါလား။ ကျွန်မ အမြန်ပြေးထွက်သွားသည်။

"ဟုတ်တယ်… အရှေ့တိုင်းအမျိုးသမီးတစ်ယောက် သူများရေချိုးတာကို ချောင်းကြည့်တာ ကျွန်မသိတယ်" ကျွန်မရယ်ကျဲကျဲဖြင့် ပြောသည်။ ဟိုဆေးမျက်နှာ တအံ့တသြထိတ်လန့်သွားသည်။

"ရှေ့တစ်ပတ်က လေယာဉ်နဲ့ ဂျပန်ခရီးသွားတချို့ရောက်လာခဲ့တယ်မဟုတ်လား။ ဂျပန်တွေက သူများ ဘယ်လိုရေချိုးတယ်ဆိုတာကို လိုက်လေ့လာတတ်တယ်။ အထူးသဖြင့် ဂျပန်အမျိုးသမီးတွေပေါ့။ ဘယ်နေရာမှာ ရေချိုးလို့ရလဲဆိုပြီး လျှောက်မေးနေကြတယ်"

ဟိုဆေးက ပါးစပ်ကြီးဟာပြီး ကျွန်မကို လက်ညှိုးထိုးနေသည်။ သူ့လက်ကို ကျွန်မသပ်ချလိုက်သည်။ ကျွန်မ ပြောသည်ကို ဆာဟာရဝီမိတ်ဆွေက ထူးဆန်းစွာဖြင့် "ဪ… ဂျပန်တွေလား။ ငါက ဟိုဒင်း… ဟိုဒင်း… ထင် နေတာ" ကျွန်မမျက်နှာကို သူတစ်ချက်ကြည့်လိုက်ရင်း သူ၏မျက်နှာ နီမြန်းသွားတော့သည်။

"ဘာလဲ… ရှင်က ကျွန်မလို့ထင်တာလား။ ကျွန်မက ထမင်းဟင်းချက်၊ အဝတ်လျှော်တာကလွဲပြီး ဘာမှစိတ်မဝင်စားပါဘူး။ ရှင် လူမှားနေပြီ"

"တောင်းပန်ပါတယ်။ ငါ အတွေးမှားသွားတာ။ ဆောရီး…" သူ့မျက်နှာနီသွားပြန်သည်။ ဆာဟာရဝီမိတ်ဆွေ အဝေးကိုထွက်သွားမှ တံခါးဘောင်ကို မှီပြီး ကျွန်မရယ်မိသည်။ ဟိုဆေးက ကျွန်မခေါင်းကို တစ်ချက်ရိုက်ပြီး… "ငေးမနေနဲ့… အထဲဝင် ထမင်းချက်တော့" ဟု ဆိုလေသည်။

* * *

## အချစ်ရှာပုံတော်

ကျွန်မနေသည့်အိမ်အနီးတွင် ခုနစ်လ၊ ရှစ်လခန့်က ကုန်စုံဆိုင်လေးတစ်ဆိုင်ဖွင့်လိုက်သည်။ ထိုဆိုင်တွင် ပစ္စည်းအစုံအလင်ရနိုင်သည်။ ကျွန်မတို့လို မြို့တွင်းနှင့်ဝေးသူများအဖို့ အလွန်အဆင်ပြေ၏။ ကျွန်မလည်း အိတ်ကြီး၊ အိတ်ငယ်ဆွဲပြီး နေပူကြီးထဲတွင် လမ်းဝေးဝေးလျှောက်စရာ မလိုတော့ပေ။

ထိုဆိုင်လေးဆီ ကျွန်မနေ့တိုင်း လေးငါးခါရောက်၏။ တစ်ခါတစ်ရံ မီးဖိုပေါ်အိုးတည်ရင်း ဆိုင်လေးဆီအပြေးသွားပြီး သကြားဝယ်လိုက်၊ ဂျုံမှုန့်ဝယ်လိုက်လုပ်သည်။ အလျှင်လိုတာကြောင့် အချိန်တော်တော်များများမှာ ပစ္စည်းဝယ်ချိန် အကြွေအမ်းသည့်အခက်အခဲ အမြဲကြုံရသည်။ တစ်ခါ

သွားဝယ်တိုင်း ကျွန်မဆန္ဒအလျောက် စက္ကန့်ပိုင်းလောက်နှင့် မရသဖြင့် စိတ်လောသော ကျွန်မအတွက် အဆင်မပြေခဲ့ပါ။ တစ်ပတ်ကြာမျှ ဝယ်ပြီးနောက် ဆိုင်စောင့်သည့် ဆာဟာရဝီလူရွယ်အား စာရင်းစာအုပ်ပြုလုပ်ရန် ကျွန်မအကြံပေးလိုက်သည်။ နေ့လယ်ဝယ်ခဲ့သမျှကို ညတိုင်း ကျွန်မ စာရင်းပြုလုပ်ပြီး တစ်ထောင်ဖိုးပြည့်ခါနီးတွင် စာရင်းတစ်ခါရှင်းမည်။ ဆိုင်စောင့်လူရွယ်က သူ့အစ်ကိုအား မေးမြန်းပြီးမှ ကျွန်မကို အကြောင်းပြန်မည်ဟု ဆိုသည်။ နောက်တစ်နေ့တွင် သူက ကျွန်မစာရင်းလုပ်ရန်ခွင့်ပြုကြောင်း ပြော၏။ သူတို့က စာမတတ်ကြပါ။ ထို့ကြောင့် ကျွန်မကိုစာရင်းစာအုပ်ထူကြီး တစ်အုပ်ပေးပြီး ကျွန်မကိုယ်တိုင် သူတို့ဆီက အကြွေးယူသည့်ပစ္စည်းများ မှတ်ခိုင်းသည်။ ထိုအချိန်ကစပြီး ဇလွှင်နှင့် ကျွန်မရင်းနှီးခဲ့သည်။

ဇလွှင်က ဆိုင်၌တစ်ယောက်တည်းအနေများသည်။ သူ့အစ်ကိုက တခြားလုပ်ငန်းလည်းရှိသည်မို့ နံနက်၊ ညသာ ဆိုင်ခဏလာသည်။ ဆိုင်၌ ကျွန်မစာရင်းသွားရှင်းသည့်အခါတိုင်း ဇလွှင်က စာရင်းတိုက်စစ်တာမျိုး မလုပ်ခဲ့။ အကယ်၍ ကျွန်မက သူ့ကိုအားနာလျှင် သူသည် စကားမပြောနိုင်လောက်အောင် နားရွက်၊ မျက်နှာများ နီမြန်းတတ်၏။ နောက်ပိုင်းကျွန်မလည်း စာရင်းစစ်ဆေးဖို့ သူ့အား မတိုက်တွန်းတော့ပါ။

ကျွန်မ၏စာရင်းက အသေးစိတ်သောကြောင့် ကျွန်မကို သူ ယုံကြည်သည်။ ကျွန်မလည်း စာရင်းမှား၍ သူအဆူအဆဲခံရတာမျိုး မဖြစ်စေချင်။ ထိုဆိုင်က သူ့ဆိုင်မဟုတ်သော်လည်း သူတာဝန်ယူနေရသည်။ ည၌ ဆိုင်ပိတ်လည်း သူသည် မြို့ထဲသို့မသွားဘဲ တစ်ယောက်တည်း မြေပြင်ပေါ်တွင်ထိုင်ပြီး မှောင်မည်းမည်းကောင်းကင်ကို မော့ကြည့်နေတတ်သည်။

သူက အလွန်ရိုးအ,လှ၏။ ဆိုင်ဖွင့်ပြီး တစ်လကြာသည်အထိ မိတ်ဆွေတစ်ယောက်မျှ သူရခဲ့ဟန်မပေါ်ချေ။

တစ်ညနေတွင် သူ့ဆီသွားပြီး ကျွန်မစာရင်းသွားရှင်းပြန်သည်။ ပိုက်ဆံရှင်းပေးပြီး ဆိုင်ထဲက ထွက်မည်အလုပ် ဇလွင်က ကျွန်မ၏ စာရင်းစာအုပ်ကို လှန်လှောကစားနေသည်။ သူ့ပုံစံက ပြန်ပေးဖို့ မေ့နေသည့်ပုံစံမျိုး မဟုတ်ဘဲ တစ်ခုခုပြောချင်နေပုံရသည်။

သူ့ကို နှစ်စက္ကန့်လောက် ကျွန်မစောင့်လိုက်သည်။ သူ့ဆီက မည်သည့်အသံမျှမထွက်လာဘဲ စာအုပ်သာ လှန်လှောနေ၏။ သူ့လက်ထဲက စာရင်းစာအုပ်ကို ကျွန်မဆွဲယူလိုက်ပြီး "ကျေးဇူးပဲ… မနက်ဖြန်တွေ့မယ်" ဟု ပြောကာ လှည့်ထွက်ခဲ့သည်။

ထိုအချိန်ကျမှ သူရုတ်တရက်ခေါင်းထောင်လာပြီး "ဆမ်မောက်" ဟုခေါ်သည်။ သူစကားဆက်ပြောဖို့ ကျွန်မရပ်နေလိုက်သည်။ သူထပ်မပြောတော့ဘဲ မျက်နှာနီနှင့် ရပ်နေသည်။

"ဘာကိစ္စရှိလဲ" သူ စိတ်ပိုလှုပ်ရှားသွားမည် စိုးသောကြောင့် သူ့အား စိတ်လိုလက်ရ ကျွန်မမေးလိုက်သည်။

"ငါ… ငါ… နင့်ကို အရေးကြီးတဲ့စာတစ်စောင် ရေးခိုင်းချင်လို့" စကားပြောချိန် ကျွန်မကို သူခေါင်းထောင်မကြည့်ရဲခဲ့ပေ။

"ရတယ်လေ… ဘယ်သူ့ကို ရေးပေးမှာလဲ" သူ့ကို ကျွန်မမေးတော့ သူ တကယ်ရှက်သွားသည်။

"ငါ့မိန်းမကို…" အသံကို မကြားရလောက်အောင် သူနှိမ့်ချပြောသည်။

"နင် အိမ်ထောင်ကျပြီပေါ့" ကျွန်မအံ့သြသွား၏။ ဇလွင်ကစားလည်း ဒီဆိုင်၊ အိပ်လည်း ဒီဆိုင်၊ မိဘကလည်းမရှိ၊ အစ်ကိုဖြစ်သူကလည်း သူ့အပေါ် သိပ်ဂရုမစိုက်သောကြောင့် သူ့တွင်ဇနီးရှိကြောင်း ကျွန်မမသိခဲ့ချေ။ ခေါင်းကို သူအဆက်မပြတ်ညိတ်ပြနေသည်။ သူစိတ်လှုပ်ရှားနေသည့်ပုံက ကျွန်မကို လျှို့ဝှက်ချက်ကြီးတစ်ခု သူထုတ်ဖော်ပြလိုက်သလို ဖြစ်နေသည်။ ကောင်တာ အောက်မှနေပြီး ကာလာဓာတ်ပုံတစ်ပုံကို သူရုတ်တရက် ဆွဲထုတ်လိုက်ကာ ကျွန်မလက်ထဲသို့ ထည့်လိုက်သည်။ ပြီးတော့ ခေါင်းငုံ့ကာနေပြန်သည်။

ထိုဓာတ်ပုံမှာ စက္ကူထောင့်ပတ်လည်ပင် ပွန်းပဲ့နေပြီဖြစ်သော ဓာတ်ပုံဖြစ်သည်။ ဓာတ်ပုံမှာ ဥရောပဝတ်စုံဝတ်ထားသည့် အာရပ်အမျိုးသမီး တစ်ဦးဖြစ်သည်။ မျက်နှာပေါက်လှပြီး မျက်လုံးဝိုင်းစက်၏။ ကြီးရင့်သည့် မျက်နှာပေါ်တွင် မိတ်ကပ်၊ ပါးနီ ထူထူထဲထဲ ဆိုးထားသည်။ နီတစ်ကွက်၊ စိမ်းတစ်ကွက်နှင့် အရောင်စုံလှ၏။ ဝတ်ဆင်ထားသည့် အပေါ်ပိုင်းအဝတ် အစားမှာ ရင်ပေါ်လက်ပြတ် ပန်းကွက်ရုပ်အင်္ကျီဖြစ်ပြီး အောက်ပိုင်းတွင် သိပ် မခေတ်စားတော့သည့် ပန်းသီးစိမ်းရောင်၊ တိုနံ့နံ့မီနီစကပ်တစ်ထည်ဖြစ် သည်။ ခါးတွင် ကြေးခါးပတ်တစ်ခုပတ်ထားပြီး ခပ်တုတ်တုတ်ခြေသလုံး၏ အောက်တွင် အဝါရောင်ဒေါက်ဖိနပ် ခပ်မြင့်မြင့်တစ်ရံကို စီးထားသည်။ ဖိနပ်ကြိုးကို ကြက်ခြေခတ်သဏ္ဍာန်ဖြင့် ဒူးအထိ ရစ်ထားသည်။ ဆံပင်နက် တချို့အား ငှက်သိုက်သဏ္ဍာန်ဖြီးထားပြီး ကျန်တချို့အား ပခုံးပေါ်ဖားလျား ချထား၏။ တစ်ကိုယ်လုံး အပေါစားလက်ဝတ်လက်စားများ ဝတ်ဆင်ထားပြီး အရောင်လက်သည့် သားရေအိတ်အမည်းကို လွယ်ထားသည်။

ဓာတ်ပုံကြည့်ရုံနှင့် မျက်စိကို ရှုပ်ယှက်ခတ်စေသည်။ စတိုင်လ်

မလှသလို အကယ်၍ အပြင်မှာသာတွေ့ခဲ့လျှင် မွေးရန့်မျိုးစုံနှင့် ပိုထူးခြားဆန်းကြယ်တော့မည်။ ဇလွင်ကိုကြည့်လိုက်တော့ ခါတ်ပုံကြည့်နေသည့် ကျွန်မဆီက တုံ့ပြန်မှုတစ်ခုခုကို စိတ်ပြင်းပြစွာ သူစောင့်နေသည်။ သူ၏ နှစ်လိုမှုကို ကျွန်မ မဖျက်ဆီးချင်။ သို့သော် ထို "လူလုပ်ပန်း" တစ်ပွင့်ကို ချီးကျူးနိုင်မည့်စကားလုံးကို ကျွန်မရှာမရခဲ့။ ခါတ်ပုံကိုသာ ကောင်တာပေါ် ကျွန်မ ဖြည်းဖြည်းလေး တင်လိုက်မိသည်။

"ခေတ်သိပ်ဆန်တယ်။ ဒီက ဆာဟာရဝီအမျိုးသမီးတွေနဲ့ လုံးဝ မတူဘူး" ထိုစကားကိုသာ ကျွန်မပြောနိုင်ခဲ့၏။ သူ့အား စိတ်မထိခိုက်စေချင်သလို ကျွန်မလည်း လိပ်ပြာမသန့်စွာ မညာချင်ခဲ့။

"သူ တကယ်ခေတ်မီတယ်။ သိပ်လှတယ်။ ဒီက မိန်းမတွေ တစ်ယောက်မှ သူ့ကိုမမီဘူး" ကျွန်မအပြောကို ဇလွင်က ဝမ်းသာအားရပြန်ပြောသည်။

"သူ ဘယ်မှာနေတာလဲ" ကျွန်မ ပြုံးပြုံးရယ်ရယ်မေးလိုက်သည်။

"သူ မွန်တီကာလို (Monte Carlo) မှာ နေတယ်" သူ့မိန်းမအကြောင်းကို နတ်သမီးတစ်ပါးအကြောင်းပြောသည့်အလား သူပြောလေ၏။ "နင် မွန်တီကာလိုသွားဖူးလား" ကျွန်မနားကြားလွဲသွားသလား အောက်မေ့မိသည်။

"မသွားဖူးဘူး။ ငါတို့က အယ်လ်ဂျီးရီးယား (Algeria) မှာ မနှစ်က မင်္ဂလာဆောင်တယ်"

"မင်္ဂလာဆောင်ပြီး သူ ဘာလို့ သဲကန္တာရဆီ လိုက်မလာတာလဲ" ကျွန်မအမေးကြောင့် သူ့မျက်နှာညှိုးကျသွားသည်။ တက်ကြွသည့်ပုံလည်း ရုတ်ချည်းပျောက်သွားသည်။

"ဇာရင်းသာက ငါ့ကိုအရင်ပြန်တဲ့။ သူက ရက်နည်းနည်းကြာရင် သူ့အစ်ကိုနဲ့အတူ ဆာဟာရကိုလာခဲ့မယ်တဲ့။ ဒါပေမဲ့… ဒါပေမဲ့…"

"လုံးဝပေါ်မလာဘူး" သူ့စကားကို ကျွန်မဆက်ပေးလိုက်သည်။ သူ ခေါင်းညိတ်ရင်း ကျွန်မကို ကြည့်နေသည်။

"ဘယ်လောက်ကြာပြီလဲ…"

"တစ်နှစ်ကျော်ပြီ"

"ဘာဖြစ်လို့ စောစောစီးစီး စာရေးမမေးတာလဲ"

"ငါ… ငါ ဘယ်သူ့ကို သွားပြောရမှာလဲ"

ဇလွှင်ကြည့်ရသည်မှာ လည်ပင်း၌ တစ်ခုခုခံနေသလို။ သူသက်ပြင်း ချလိုက်သည်။ တခြားသူကို မပြောရဲဘဲ သူနှင့် မည်သို့မျှမသက်ဆိုင်သည့် ကျွန်မကိုကျမှတော့ ဘာဖြစ်လို့ လာပြောပြနေရသလဲဟု ကျွန်မစိတ်ထဲတွေးနေမိသည်။ "လိပ်စာပြကြည့်…" သူ့ကို ကူညီဖို့ ကျွန်မ ဆုံးဖြတ်ချက်ချလိုက် သည်။ လိပ်စာကို ယူကြည့်လိုက်တော့ တကယ်ပင် မိုနာကိုက မွန်တီကာလိုမြို့ ဖြစ်နေ၏။ အယ်လ်ဂျီးရီးယား (Algeria) က မဟုတ်။

"ဒီလိပ်စာက ဘယ်က ရတာလဲ" သူ့ကို ကျွန်မက မေးသည်။

"လွန်ခဲ့တဲ့ သုံးလက အယ်လ်ဂျီးရီးယားမှာ သူ့ကို ငါသွားရှာသေး တယ်" သူက ထစ်ထစ်ငေါ့ငေါ့ ပြောသည်။

"အာ… ဘာလို့စောစောက မပြောတာလဲ။ နင်ကလည်း စကားကို ရှင်းရှင်းလင်းလင်း မပြောဘူး။ သွားရှာခဲ့ဖူးသေးတာပဲ"

"သူမရှိဘူး။ သူ့အစ်ကိုက သူထွက်သွားပြီလို့ ပြောတယ်။ ငါ့ကို ဒီဓာတ်ပုံနဲ့ လိပ်စာပေးပြီး ပြန်တော့လို့ပြောလိုက်တယ်"

မိုင်ထောင်ပေါင်းများစွာ ခရီးဝေးသွားခဲ့သည်က ဓာတ်ပုံထဲမှ ထို အမျိုးသမီးကြောင့်တဲ့။ ဇလွင်၏ ရိုးသားသည့်မျက်နှာကိုကြည့်ရင်း ကျွန်မ သက်ပြင်းချမိသည်။

"ဇလွင်… နင့်ကို ငါမေးမယ်။ မင်္ဂလာဆောင်တော့ လက်ဖွဲ့ဘယ် လောက်ပေးလိုက်လဲ" သူတို့၏အစဉ်အလာကိုသိ၍ ကျွန်မ မေးလိုက်သည်။

"အများကြီးပဲ" သူခေါင်းငုံ့လိုက်ပြန်သည်။ ကြည့်ရသည်က သူ၏ ဒဏ်ရာကို ကျွန်မထပ်မံဆွမိပြီထင်သည်။

"ဘယ်လောက်လဲ" သူ့ကို ကျွန်မ ညင်ညင်သာသာမေးသည်။

"သုံးသိန်းကျော်" (ယနေ့ခေတ်ငွေဈေးအရ ဒေါ်လာခုနစ်ထောင် နီးပါး။ ဘာသာပြန်သူ)

"နင့်မှာ အဲဒီလောက်ပိုက်ဆံမရှိလောက်ပါဘူး။ လျှောက်ပြော နေတယ်" ကျွန်မလန့်သွားပြီး သံသယအမေးဖြင့် မေးလိုက်မိသည်။

"ရှိတယ်… ရှိတယ်… မနှစ်တုန်းက ငါ့အဖေဆုံးခါနီး ငါ့ကို ပေးထား တာ။ ငါ့အစ်ကိုကို နင်မေးလို့ရတယ်" သူရှင်းရှင်းလင်းလင်း ပြောပြနေသည်။

"ကောင်းပြီ၊ ဒါဆို ငါခန့်မှန်းကြည့်မယ်။ မနှစ်က နင့်အဖေပေးတဲ့ ငွေနဲ့နင်အယ်လ်ဂျီးရီးယားမှာ ကုန်သွားဝယ်တယ်။ ဆာဟာရဆီ ပို့ပြီး ရောင်းဖို့။ နောက်ဆုံးမှာတော့ ကုန်မဝယ်ဖြစ်ဘဲ ဒီဓာတ်ပုံထဲက အမျိုးသမီးကို နင်ယူ လိုက်တယ်။ ပိုက်ဆံတွေ သူ့ကိုပေးလိုက်ပြီး နင်ပြန်လာခဲ့တယ်။ သူလိုက် မလာခဲ့ဘူး။ ငါပြောတာ ဟုတ်တယ်မဟုတ်လား" ထိုဇာတ်ကြောင်းက အလွယ် တကူသိနိုင်သော ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

"ဟုတ်တယ်… နင်ပြောတာ မှန်တယ်။ နင်မြင်ပြီး ပြောနေသလိုပဲ"

ကျွန်မ ခန့်မှန်းချက် မှန်သွားသည်ကိုပင် သူဝမ်းသာနေသည်။

"ဒါကိုတောင် နင်သဘောမပေါက်ဘူးပေါ့..." ကျွန်မမျက်လုံး မျက်ဆန်ပြူးပြီး အံ့သြမိသည်။

"သူ ဒီကိုဘာလို့ လိုက်မလာလဲဆိုတာ ငါမသိဘူး။ ဒါကြောင့် စာတစ်စောင်ရေးပေးဖို့နင့်ဆီအကူအညီတောင်းတာပေါ့။ သူ့ကို ပြောပြလိုက်ပါ။ ငါ... ငါ..." သူ စိတ်လှုပ်ရှားစွာဖြင့် ခေါင်းကို လက်နှစ်ဖက်နှင့် ကိုင်ထားသည်။ "အခုအချိန်မှာ ငါ့မှာ ဘာမှမရှိတော့ဘူး" ဟု သူ တီးတိုးရေရွတ်သည်။

ရိုးအ,ဖြောင့်မတ်သောသူ၏ ရင်ဖွင့်စကားကိုကြားတော့ ကျွန်မ စိတ်ထဲအကြီးအကျယ်ခံစားမိသောကြောင့် သူ့ကိုကြည့်နေသည့် ကျွန်မ အကြည့်ကို အမြန်လွှဲလိုက်မိသည်။ သူ့ကို ပထမဆုံးအကြိမ် စတွေ့သည့် အချိန်ကတည်းက သူ့ကိုယ်ပေါ်တွင် အထီးကျန်ဝမ်းနည်းသည့် အရိပ်အငွေ့ လွှမ်းခြုံနေသည်ဟု ကျွန်မခံစားခဲ့မိသည်။ ဆိုဗီယက်ခေတ်ဟောင်း ဝတ္ထု စာအုပ်ထဲက လူလိုကြီးမားသည့်ဆင်းရဲဒုက္ခကို အောင့်အည်းခံနေရသည်နှင့် တူသည်။

"လာ... ငါတို့စာရေးရအောင်။ ငါအချိန်အားတယ်" ကျွန်မအားတက်သရောပြင်ရင်း ပြောသည်။

"ဒီစာရေးတဲ့အကြောင်း ငါ့အစ်ကိုကို မပြောပါနဲ့နော်" ဇလွင်က ကျွန်မကို ညင်ညင်သာသာတောင်းဆို၏။ "မပြောပါဘူး... စိတ်ချ" စာရင်း စာအုပ်ကို ကျွန်မဖွင့်ပြီး ရေးဖို့ ပြင်သည်။

"ကောင်းပြီ... နင်ပြော... ငါရေးမယ်။ ပြောလေ..." သူ့ကို ကျွန်မ အလောတကြီးပြောလိုက်သည်။

"ဇာရင်းသာ… ကိုယ့်မိန်းမ…" ဇလွှင်ထံမှ စကားလုံးတချို့ထွက်ကျလာပြီး ရပ်တန့်သွားပြန်သည်။

"နေဦး… ငါက စပိန်လိုပဲ ရေးတတ်တာ။ သူ ဘယ်လိုဖတ်မလဲ"

ဂုဏ်လူလိမ်အမျိုးသမီးက ထိုစာကိုမဖတ်မှန်း၊ ဇလွှင်၏မိန်းမပါဟု ဝန်ခံမည်မဟုတ်မှန်းသိ၍ ကျွန်မ ထိုစာကို မရေးချင်ပြန်တော့။

"ကိစ္စမရှိဘူး… ရေးပါ။ သူ တခြားသူကို ဖတ်ခိုင်းလိုက်မယ်။ ရေးပါနော်" ဇလွှင်က ကျွန်မ မရေးတော့မည်ကို စိုးရိမ်ပြီး အလျင်စလို တောင်းပန်ပြန်သည်။

"အေးလေ… ဒါဆို ဆက်ပြော" ခေါင်းငုံ့ပြီး ကျွန်မ ဆက်၍ရေးလိုက်သည်။

"မနှစ်က ငါတို့လမ်းခွဲပြီးကတည်းက နင့်ကို ငါမေ့မရခဲ့ဘူး။ အယ်လ်ကျီးရီးယားသွားပြီး နင့်ကိုငါသွားရှာခဲ့သေးတယ်" အကယ်၍ဇလွှင်သာ ထိုအမျိုးသမီးအပေါ် နက်နက်နဲနဲမချစ်ခဲ့မိလျှင် သူ့အရှက်အကြောက်ကို မမှုဘဲ သူစိမ်းတစ်ယောက်ရှေ့တွင် သူ့ရင်ထဲကွယ်ဝှက်သိမ်းဆည်းထားသော ချစ်ခြင်းကို ထုတ်ဖော်ပြောပြလိမ့်မည်မဟုတ်ဟုဆိုသည်ကို ကျွန်မကြည့်သည်နှင့်သိသည်။

"ကဲ… ပြီးပြီ။ နင် လက်မှတ်လာထိုး" ရေးပြီးသားစာမျက်နှာကို စာရင်းစာအုပ်ပေါ်ကနေ ကျွန်မဆွဲဖြဲပြီး ဇလွှင်ကို အာရဗီလို သူ့နာမည်အား ထိုးခိုင်းလိုက်သည်။ ဇလွှင်က သေသေချာချာ လက်မှတ်ထိုးလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုအချိန်မှာတော့ ပြန်စာကိုပဲ စောင့်နေလိုက်ရုံပေါ့" ဟု မျှော်လင့်

ချက်ဖြင့် သူပြောသည်။ သူ့ကို ကျွန်မ တစ်ချက်ကြည့်ပြီး မည်သို့ပြောရမည်မှန်းမသိ၍ နှုတ်ဆိတ်နေလိုက်မိသည်။

"ပြန်စာလိပ်စာကို နင်တို့ရဲ့စာတိုက်ပုံးနံပါတ် သုံးလို့ရလား။ ဟိုဆေးက ဘာမှမပြောလောက်ဘူး ထင်တယ်နော်"

"နင်စိတ်ချပါ... ဟိုဆေးက ဒါတွေဂရုမစိုက်ပါဘူး။ လာ... ပြန်စာအတွက် လိပ်စာကို ငါရေးပေးလိုက်မယ်"

ပြန်စာလိပ်စာပေးရမည်ကို စစချင်း ကျွန်မမစဉ်းစားခဲ့မိပါ။

"အခု ငါကိုယ်တိုင် စာသွားထည့်မယ်" ဇလွင်သည် ကျွန်မဆီက တံဆိပ်ခေါင်းတောင်းပြီး ဆိုင်တံခါးကိုပိတ်ကာ မြို့ထဲ အလျင်အမြန်ပြေးလွှားသွားလေတော့သည်။

စာထည့်ပြီး နောက်တစ်ရက်မှစ၍ ဇလွင်သည် ဆိုင်ထဲ ကျွန်မဝင်လာသည်ကိုတွေ့တိုင်း ထခုန်မတတ် ဝမ်းသာနေ၏။ အကယ်၍ ကျွန်မခေါင်းခါပြသည်ကိုတွေ့လျှင် သူ့မျက်နှာပေါ်တွင် မျှော်လင့်ချက်မဲ့သည့် အရိပ်အယောင် ချက်ချင်းပေါ်လာသည်။ ပြန်စာစောင့်သည့်နာကျင်မှုကို ယခုကတည်းက ခံစားနေရလျှင် နောက်ပိုင်းနေ့ရက်များကို သူ မည်သို့ဖြတ်သန်းမည်မသိပါ။ တစ်လတာ ကုန်လွန်သွားသည်။ ဇလွင်၏ အသံမဲ့စိတ်ဒုက္ခပေးမှုကြောင့် ကျွန်မ အင်မတန်ခေါင်းကိုက်ရသည်။ သူ့ဆိုင်မှာ ကျွန်မဈေးသွားမဝယ်တော့။ "ပြန်စာမလာဘူး... မလာဘူး... မမျှော်နဲ့တော့" ဟု သူ့ကို ကျွန်မ မည်သို့ပြောရမှန်းမသိ။ သူ့ဆိုင်ကို ကျွန်မမသွားတော့။ သူက ဆိုင်ပိတ်ပြီး ကျွန်မတို့အိမ်ပြတင်းပေါက်ရှေ့တိတ်တဆိတ်လာရပ်၏။ တံခါးလည်းမခေါက်၊ သူ့အား ကျွန်မတွေ့သည်အထိစောင့်ပြီး စာမလာ

ကြောင်းကျွန်မပြောမှ သူက ကျေးဇူးတင်စကားဖြည်းဖြည်းပြောပြီး ဆိုင်ဘက်သို့ နေးကွေးစွာဖြင့် လျှောက်သွားသည်။ ထို့နောက် ဆိုင်ရှေ့ရှိ မြေပြင်ပေါ် ထိုင်ပြီး ကောင်းကင်ကို အချိန်အတော်ကြာ သူငေးကြည့်နေသည်။

ဒီလိုနှင့် ကာလအတန်ကြာခဲ့သည်။ တစ်နေ့တွင် ကျွန်မစာတိုက်ပုံး ဖွင့်ကြည့်တော့ အထဲ၌ ကျွန်မအတွက် စာသုံး၊ လေးစောင်ရှိနေသည်။ ထို့ပြင် စာတိုက်တွင် ပစ္စည်းလာရွေးရန် စာတိုက်ရုံးက အကြောင်းကြားသည့် ဖြတ်ပိုင်းတစ်ခုပါရှိနေသည်။

"ဘာများလဲရှင်..." စာတိုက်ရုံးက လူကို ကျွန်မမေးလိုက်သည်။

"ရီဂျစ်စတာလုပ်ထားတဲ့ စာတစ်စောင်ပါ။ ခင်ဗျားစာတိုက်ပုံးနဲ့ ဇလွင်ဟာမိတာဆိုတဲ့ လူအတွက်ပါ။ ခင်ဗျားမိတ်ဆွေလား၊ ဒါမှမဟုတ် စာပို့မှားတာလား"

"ဟာ..." မိုနာကိုက ပို့လိုက်သည့်စာအိတ်ကို ကောက်ကိုင်ပြီး ကျွန်မ အော်မိသည်။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွား၏။ စာကိုယူပြီး အိမ်အပြန်လမ်းတွင် ကျွန်မခြေလှမ်း သွက်နေမိသည်။ ထိုကိစ္စကို ကျွန်မ ခန့်မှန်းသည်က မှားသွားခဲ့သည်။ သူ လူလိမ်မ မဟုတ်ပါ။ သူ့ဆီက စာလာပြီ။ ရီဂျစ်စတာလုပ်ထားသည့်စာဖြစ်၏။ ဇလွင် ဘယ်လောက်များ ပျော်လိမ့်မည်မသိ။

"မြန်မြန်ဖတ်...မြန်မြန်ဖတ်..." ဇလွင်က တစ်ဖက်က ဆိုင်ပိတ်ရင်း တစ်ဖက်ကပြောသည်။ သူ တုန်ယင်နေပြီး သူ့မျက်လုံးအိမ်တွင် ရှုံးသွပ်သည့် အလင်းများ ဖြာထွက်နေသည်။

စာဖောက်လိုက်သည့်အခါ ရေးထားသည်က ပြင်သစ်စာ ဖြစ်နေသည်။ ဇလွင်ကို ကျွန်မအားနာမိသည်။

"ပြင်သစ်လို ရေးထားတယ်" လက်ညှိုးကို ကျွန်မကိုက်လိုက်သည်။ ဇလွှင်က လမ်းစပျောက်သွားသည့်နှယ် စိုးရိမ်နေသည်။

"ငါ့ကို ပေးတဲ့စာ ဟုတ်ပါတယ်နော်" အသံကျယ်သွားလျှင် လှုပသည့်အိပ်မက်မှ လန့်နိုးသွားမည့်အလား သူက တိုးတိုးမေးသည်။

"ဟုတ်တယ်… နင့်စာပဲ။ နင့်ကို သူချစ်တယ်တဲ့"

ထိုစာတစ်ကြောင်း သာ ကျွန်မဖတ်တတ်သည်။

"ဘာတွေ ဆက်ရေးထားလဲ မှန်းကြည့်။ တောင်းပန်ပါတယ်" ဇလွှင်က အရူးတစ်ယောက်လို ပြောသည်။

"ငါမမှန်းတတ်ဘူး။ ဟိုဆေး အလုပ်အပြန်ကို စောင့်လိုက်တော့"

ကျွန်မ အိမ်ဘက်ပြန်လာလိုက်သည်။ ဇလွှင်က မာမီတစ်ကောင်လို ကျွန်မ နောက်တွင် တောင့်တောင့်တင်းတင်းလိုက်ပါလာသည်။ သူ့ကို အိမ်ထဲခေါ်ပြီး ဟိုဆေးကို စောင့်ခိုင်းနေစေလိုက်သည်။

ဟိုဆေးက အလုပ်တွင် လုပ်ဖော်ကိုင်ဖက်နှင့် စိတ်တိုင်းမကျလာတိုင်း မျက်နှာမာထန်ထန်ဖြင့် အိမ်ပြန်လာတတ်သည်။ အဲဒါက ကျွန်မအတွက် ရိုးနေပြီဖြစ်သောကြောင့် စိတ်ထဲ သိပ်မထား။ ထိုညနေက ခါတိုင်းထက် သူ အိမ်ပြန်စောသည်။ ဇလွှင်ကိုတွေ့သည်နှင့် အေးတိအေးစက်ခေါင်းညိတ်ပြပြီး စကားတစ်ခွန်းမျှမပြောဘဲ သူ့ဖိနပ်သွားလဲနေလိုက်သည်။ ဇလွှင်က လက်ထဲတွင် စာကိုကိုင်ထားပြီး သူ့ကို ဟိုဆေးသတိထားမိစေလိုသည်။ သို့သော် ဟိုဆေးက သူ့ကို ဂရုမစိုက်ဘဲ အိပ်ခန်းထဲဝင်သွားပြန်သည်။ အိပ်ခန်းကနေ ထွက်လာတော့ ကိုယ်ပေါ်တွင် ဘောင်းဘီတိုသာပါပြီး ရေချိုးခန်းထဲ ဝင်သွားပြန်သည်။

ဇလွှင်၏စိတ်လှုပ်ရှားမှုက ထိုအချိန်၌ အထွတ်အထိပ်ကို ရောက်နေခဲ့ပြီ။ မည်သို့မျှမပြောဘဲ စာရွက်ကိုင်ပြီး ဟိုဆေးရှေ့ ရုတ်တရက် သူဒူးထောက်ချလိုက်၏။ ဟိုဆေး၏ပေါင်အား ပွေ့ဖက်မတတ် ကွေးချလိုက်သည်။ မီးဖိုခန်းမှနေပြီး ထိုမြင်ကွင်းကို ကျွန်မတွေ့တော့ လန့်ဖျပ်သွားသည်။ ဇလွှင် လွှန်လွှန်းလှပြီ။ ထိုအရူးတစ်ယောက်ကို အိမ်ငယ်လေးထဲ ခေါ်ဆောင်လာပြီး ပြဿနာလုပ်မိသည့် ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်မိ၏။ ဟိုဆေးက သူ့စိတ်နှင့်သူ စီးမျောနေချိန်၌ ရုတ်တရက် သူ့ရှေ့တွင် ဇလွှင်က ဒူးထောက်ချလိုက်သဖြင့် လန့်ဖျပ်ပြီး ထ၍အော်တော့သည်။

"ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ... ဆမ်မောက်... အမြန်လာကယ်ပါဦး" ဇလွှင်ကို ကျွန်မ ခက်ခဲပင်ပန်းစွာ ဆွဲထူလိုက်ရ၏။ သူရောဟိုဆေးပါ ငြိမ်သက်သွားချိန် ကျွန်မမှာ မောပန်းလွန်း၍ စကားပင်မပြောချင်တော့။ ဇလွှင်မြန်မြန်ထွက်သွားဖို့သာ မျှော်လင့်မိသည်။ စာကို ဟိုဆေးဖတ်ပြီးနောက် ဇလွှင်အား ပြောပြသည်။

"မင်းမိန်းမက ပြောတယ်။ သူလည်း မင်းကိုချစ်တယ်တဲ့။ အခုအချိန်မှာ ပိုက်ဆံမရှိလို့ ဆာဟာရကို သူမလာနိုင်သေးဘူးတဲ့။ အယ်လ်ဂျီးရီးယားမှာရှိတဲ့ သူ့အစ်ကိုဆီ မင်း ငွေတစ်သိန်း (စပိန်ငွေ) ထည့်ပေးပါတဲ့။ ဒီငွေတွေနဲ့ သူလေယာဉ်လက်မှတ်ဝယ်ပြီး မင်းဆီကိုလာခဲ့မယ်တဲ့။ အဲဒီနောက် ဘယ်တော့မှ မခွဲတော့ဘူးတဲ့"

"ဘာ... ဒီမိန်းမစုတ်... ငွေတောင်းပြန်ပြီ" ကျွန်မအော်မိသည်။

ဇလွှင်က စိတ်မပျက်သည့်အပြင် ဟိုဆေးကို တစ်ကျော့ပြီး တစ်ကျော့ မေးနေသည်။

"ဇာရင်းသာက သူလာနိုင်တယ်တဲ့ ဟုတ်လား။ သူလာနိုင်တယ်တဲ့ ဟုတ်လား..." သူ့မျက်လုံးများက အိပ်မက်မက်နေသလို ပျော်ရွှင်မှုများဖြင့် ရစ်ဝဲနေသည်။ "ပိုက်ဆံက ပြဿနာမဟုတ်ဘူး။ အဆင်ပြေပါတယ်... အဆင်ပြေပါတယ်..." သူက တတွတ်တွတ်ရွတ်ပြီး ပြောသည်။

"ထားလိုက်တော့ ... ဇလွင်..." ကျွန်မ၏သတိပေးမှုက သူ့ကို မလှုပ်နိုးနိုင်ခဲ့ပါ။

"ဒါ နင့်ကိုပေးမယ်" အပြောကြောင့် ဦးနှောက်ပျက်သွားသည့်နယ် ဇလွင်က သူ့လက်ညှိုးပေါ်က ငွေလက်စွပ်ကို ချွတ်ပြီး ဟိုဆေး၏လက်ထဲ ထိုးထည့်လိုက်သည်။

"ဇလွင်... ငါ လက်ခံလို့မဖြစ်ဘူး။ မင်းဟာမင်းဝတ်ထားလိုက်ပါ" ဟိုဆေးက လက်စွပ်ကို သူ့လက်မှာ ပြန်စွပ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်။ နင်တို့ ငါ့ကိုအများကြီးကူညီလိုက်တယ်" ဇလွင်က ကျေးဇူးတင်သောမျက်နှာဖြင့် ပြန်သွားခဲ့သည်။

"ဇလွင်ရဲ့မိန်းမဆိုတာ ဘာလဲ။ သူ့ကြည့်ရတာ အဲဒီမိန်းမအတွက် ရူးနေသလိုပဲ" ဟိုဆေးက ဘုမသိဘမသိ ပြောသည်။

"ဘာမိန်းမလဲ... လူလိမ်မတစ်ယောက်ပါ" အဲဒီပန်းအတုကို ဒီလိုပဲခေါ်ထိုက်သည်။ ထိုစာကိုရပြီးနောက် အချိန်ပိုင်းအလုပ်တစ်ခုကို ဇလွင်ရှာခဲ့၏။ နေ့လယ်၌ ဆိုင်စောင့်၊ ညဉ့်၌မြို့ထဲက ပေါင်မုန့်ဆိုင်တစ်ဆိုင်တွင် သူအလုပ်လုပ်သည်။ နေ့နေ့ညည ပင်ပင်ပန်းပန်းအလုပ်လုပ်ပြီး နံနက် ၅ နာရီမှ ၈ နာရီအထိသာ သူအိပ်ခဲ့သည်။

လဝက်လောက်အကြာတွင် သူချုံးချုံးကျလာ၏။ တော်တော်

ပိန်ကျသွားပြီး မျက်လုံးအိမ်တွင် သွေးကြောများပြည့်လာသည်။ ဆံပင်ဖုတ်သိုက်နှင့် ညစ်ပတ်နေသည်။ အင်္ကျီက လက်နီးစုတ်နှင့်တူနေသည်။ သူက စကားများလာသည်။ စကားထဲတွင် မျှော်လင့်ချက်များပြည့်နေသည်။ သို့သော် သူ့ရင်ထဲတွင် ကြီးမားသည့်နာကျင်မှုကို ခံစားနေရသည်ဟု ကျွန်မထင်၏။ သိပ်မကြာပါ။ သူ ဆေးလိပ်လည်းဖြတ်လိုက်သည်ကို ကျွန်မ သတိထားမိသည်။

"တစ်ပြားတစ်ချပ်လည်း စုရမှာပဲ။ ဆေးလိပ်သောက်ရ၊ မသောက်ရ အရေးမပါတော့ဘူး"

"ဇလွင်... နင် နေ့နေ့ညညအလုပ်လုပ်နေတာ ဘယ်လောက် စုမိပြီလဲ"

နှစ်လအကြာတွင် သူသည် အရိုးခြောက်ဖြစ်နေခဲ့ပြီ။

"တစ်သောင်းစုမိပြီ။ နှစ်လအတွင်းမှာ တစ်သောင်းစုမိတယ်။ မြန်တယ်... မြန်တယ်... ငါ့အတွက် နင်စိတ်မပူပါနဲ့" သူ့စကားများက အဆက်အစပ်မရှိ။ ကာလကြာ အိပ်ရေးပျက်ထားသောကြောင့် သူ အလွန်အမင်း အင်အားချည့်နဲ့နေခဲ့ပြီ။

သူနှင့်သုံးရက်သာပေါင်းသင်းခွင့်ရခဲ့သည့် ယောက်ျားတစ်ယောက်ကို သူ့ကိုစွဲစွဲလမ်းလမ်းဖြစ်စေအောင်၊ သူပေးသည့်ပျော်ရွှင်မှုကို မမေ့ရက်ဖြစ်စေအောင် ဇာရင်းသာမှာ မည်သည့်ဆွဲဆောင်မှုရှိသလဲဟု ကျွန်မအမြဲတွေးနေမိသည်။ ကာလအနည်းငယ်ကြာသွားခဲ့ပြီ။ ဇလွင်က မသေမပျောက်၊ သူ့စိတ်ကူး သူယဉ်နေတုန်း၊ ဘယ်လောက်အထိ သူတောင့်ခံနိုင်မှာလဲ။ တစ်ညမှာ အရမ်းပင်ပန်းနွမ်းနယ်နေသောဇလွင် သူ့လက်နှစ်ဖက်ကို နီရဲပူပြင်းနေသည့် သံပြားပေါ်တင်လိုက်မိသောကြောင့် လက်နှစ်ဖက်စလုံး ထိခိုက်ဒဏ်ရာရ

ခဲ့သည်။ နေ့လယ်ဘက် ဆိုင်တွင် အလုပ်လုပ်တော့ သူ့အစ်ကိုက သူ့အား ဆိုင်ပိတ်ပြီး အနားယူဖို့ ခွင့်မပြုခဲ့ချေ။

သူရေးရောင်းချိန် လက်ကောက်ဝတ်နစ်ဖက်ဖြင့် ပစ္စည်းကိုညှပ်ပြီး ပေးရသည်ကို ကျွန်မမြင်၏။ ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့် ပစ္စည်းများက ဟိုတစ်ခု၊ ဒီတစ်ခု ထွက်ကျကုန်သည်။ သူ့အစ်ကိုက ဆိုင်ရောက်လာပြီး မျက်လုံးစိမ်းဖြင့် သူ့အားကြည့်လျှင် သူစိတ်ပိုလှုပ်ရှားကာ ပစ္စည်းများပြုတ်ကျကုန်သည်။ ပစ္စည်းကို အမြန်ပြန်ကောက်ချိန်တွင် လက်ညှိုး၌ ပြည်တည်နေသောကြောင့် မျက်ရည်ဝဲမတတ် သူနာကျင်ရသည်။

သနားစရာ ဇလွှင်လေးပါ။ ဘယ်သောအခါမှ ဇာရင်းသာအပေါ် ရှုးရှုးသွပ်သွပ်စွဲလမ်းသည့်စိတ်ကို အလွတ်ပေးနိုင်မည်မသိ။ သူ ပိုအထီးကျန်ဆန်လာသည်မှာ မြင်သာသည်။ သူ၏လက် အပူလောင်ပြီးသည့်နောက် ဇလွှင်က ညတိုင်း ကျွန်မဆီ ဆေးလာလိမ်းသည်။ ပြီးမှ ပေါင်မုန့်ဆိုင်ပြေး၏။ ကျွန်မတို့အိမ်မှာသာ သူ့ရင်ထဲက ခံစားချက်ကို သူစိတ်လိုလက်ရ ထုတ်ပြနိုင်သည်။ ငွေပိုစုမိလျှင် သူစိတ်ကူးသည့် ပျော်ရွှင်ခြင်းနှင့် ပိုနီးစပ်မည်ဟု သူထင်ပြီး ယခင်က ဇာရင်းသာပေးခဲ့ဖူးသောဝေဒနာကို သူလုံးဝမေ့သွားခဲ့ပုံရ၏။ ထိုညက ခါတိုင်းလို သူ ဆေးလာလိမ်းသည်။ ကျွန်မတို့နှင့်အတူ ထမင်းစားဖို့ သူ့ကိုခေါ်၏။ သူက သူ့လက်အဆင်မပြေသောကြောင့် အစာပင် မစားတော့ဟု ဆိုသည်။

"ပျောက်တော့မှာပါ။ လက်အနာပျောက်တော့မှာပါ။ ဒီနေ့တော့ ပေါင်မုန့်ဖုတ်နိုင်လောက်ပြီထင်တယ်။ ဇာရင်းသာ သူ..." မပြောင်းလဲသော သူ့အိပ်မက်ကို သူ စ၍ပြောပြန်သည်။

ဒီတစ်ကြိမ်မှာတော့ ဟိုဆေးက သူ့အား သနားကြင်နာနွေးထွေးစွာ စကားပြောသည်။ ကျွန်မက ဇွမ်းစကိုယူပြီး ဇလွင်အား ပတ်တီးလဲပေးဖို့ ပြင်သည်။ ထိုအကြောင်းကိုသာ ပြောနေသည့် ဇလွင်ကိုလည်း စိတ်ပျက်လာသောကြောင့် ကျွန်မပြောမိသည်။

"ဇာရင်းသာ... ဇာရင်းသာ... နဲ့ တစ်ချိန်လုံး သူ့အကြောင်းပဲ ပြောနေတယ်။ နင်က တကယ်မသိတာလား။ မသိချင်ဟန်ဆောင်နေတာလား။ ဇာရင်းသာက လူလိမ်မဟုတ်လား..."

ထိုစကားတစ်ခွန်းက ကျွန်မပါးစပ်ကနေ လွှတ်ခနဲထွက်သွားသည်။ ပြန်လည်ဆယ်ယူ၍ မရတော့။ ဟိုဆေးက ခေါင်းကို ဆတ်ခနဲထောင်ပြီး ဇလွင်အားကြည့်လိုက်သည်။ အိမ်ခန်းတစ်ခုလုံး အေးခဲမတတ် တိတ်ဆိတ်သွား၏။ ဇလွင်ခုန်ထပြီး ကျွန်မကိုရန်ရှာမည်ဟု ကျွန်မထင်မိသည်။ သို့သော် သူဘာမျှမလုပ်။ ကျွန်မပြောလိုက်သောစကားက သူ့အား တုတ်ကြီးကြီးဖြင့် ခပ်ပြင်းပြင်းရိုက်ချသလိုရှိသည်။ သူဖြည်းဖြည်းချင်းခေါင်းလှည့်ပြီး ကျွန်မအား စူးစိုက်ကြည့်၏။ စကားပြောမည်ဟုလုပ်ပြီး တစ်ခွန်းမျှ ထွက်မလာခဲ့။ ကျွန်မလည်း တစ္ဆေသရဲလို အရိုးပြိုင်းပြိုင်းထနေသော သနားစရာ သူ့မျက်နှာအား စေ့စေ့ကြည့်နေလိုက်သည်။

သူ့မျက်နှာပေါ်တွင် ဒေါသအရိပ်အငွေ့မတွေ့ရ။ အပူလောင်ထားသည့် သူ့လက်နှစ်ဖက်ကိုသာ သူမြှောက်ပြီး ကြည့်နေသည်။ ကြည့်နေရင်းက ရုတ်တရက် သူ့ပါးပြင်ပေါ် မျက်ရည်များစီးကျလာသည်။ စကားတစ်ခွန်းမျှ သူ မပြောဘဲ ထထွက်ကာ မည်းမှောင်သည့် ကန္တာရဘက်ဆီ ဦးတည်ပြေးသွားသည်။

"သူအလိမ်ခံရပြီဆိုတာကို သူသိသွားတာလား" ဟိုဆေးက ကျွန်မကို ညင်ညင်သာသာမေးသည်။

"ဟိုအစကနေ အခုအချိန်ထိ သူ့စိတ်ထဲမှာ သူသိနေတာပဲ။ သူ ကိုယ်တိုင်က မနိုးလာချင်တာပါ။ သူ့ကိုယ်သူမကယ်ရင် ဘယ်သူက ကယ်နိုင်မှာလဲ" ဇလွှင်၏ခံစားချက်ကို ကျွန်မကောင်းကောင်းသိသည်။

"ဇာရင်းသာက သူ့ကို အောက်လမ်းနဲ့လုပ်ထားတာ" ဟိုဆေးက ပြောသည်။

"သူ့ရဲ့စိတ်ဆန္ဒကိုပဲ ဇာရင်းသာက စွဲလမ်းအောင်လုပ်လိုက်တာ။ ဇလွှင်က ဇာရင်းသာရဲ့အသွေးအသားပါ ပိုင်ဆိုင်ချင်တာ။ ဒါက သူ့ဘဝမှာ လစ်ဟာင်းနေတဲ့အရာတစ်ခုကို အစားထိုးတာပဲ။ သူလိုတာက ချစ်ခြင်းမေတ္တာ၊ မိသားစုအချစ်၊ အိမ်နဲ့ နွေးထွေးမှုပါ။ အထီးကျန်နေဆန်တဲ့ လူငယ်တစ်ယောက်ရဲ့စိတ်က အချစ်တုနဲ့ နည်းနည်းလေးထိတွေ့မိတာနဲ့ ဘာကိုမှ အလေးမစိုက်တော့ဘဲ အတင်းအဓမ္မ ဖမ်းဆုပ်လိုက်တော့တာပဲ"

ဟိုဆေးဆီက မည်သည့်အသံမျှ ထွက်မလာခဲ့ပါ။ မီးကိုငြိမ်းပြီး အမှောင်ထဲတွင်သာ ထိုင်နေလိုက်တော့သည်။

နောက်တစ်နေ့တွင် ဇလွှင်မလာတော့ဟု ကျွန်မထင်သည်။ သို့သော် သူလာပြန်၏။ သူ့ကို ဆေးလဲပေးရင်း "ကောင်းတော့မယ်။ ဒီညပေါင်မုန့်ဖုတ်ရင် နာတော့မှာမဟုတ်ဘူး။ ရက်နည်းနည်းကြာရင် အရေခွံတွေ အကုန်လုံး နဂိုအတိုင်း ဖြစ်သွားတော့မယ်" ဟု ကျွန်မကပြောလိုက်၏။ ဇလွှင်တိတ်ဆိတ်နေ၏။ စကားလည်း သိပ်မပြော။ ပြန်ခါနီးတွင် တစ်ခုခု ပြောမည့်ဟန်ပြင်ပြီး သူမပြောတော့။ တံခါးဝရောက်ခါနီးမှ ကိုယ်လှည့်ပြီး

"ကျေးဇူးတင်ပါတယ်" ဟု သူက စကားတစ်ခွန်းပြောသည်။ ကျွန်မစိတ်ထဲ ထူးဆန်းသည့်ခံစားမှုမျိုး ခံစားရ၏။ ပါးစပ်ကတော့ "ဘာကျေးဇူးတင်တာလဲ။ နင် ထပ်မရှုံးရင် ရပြီ။ သွား… အလုပ်မြန်မြန် သွားတော့" ဟု ပြောမိသည်။

သူလည်း ထူးထူးဆန်းဆန်း ကျွန်မကိုရယ်ပြသည်။ တံခါးပိတ်ချိန် ကျွန်မရင်ထဲ ကျင်ခနဲဖြစ်သွားမိသည်။ တစ်ခုခုထူးခြားနေသလိုပင်။ ဇလွှင် ဘယ်တော့မှ မရယ်တတ်ဘူးလေ။ နောက်တစ်နေ့ တံခါးဖွင့်ပြီး ကျွန်မ အမှိုက်သွားသွန်တော့ ရဲနှစ်ယောက်က ကျွန်မဘက် လျှောက်လာသည်ကိုတွေ့၏။

"ဆမ်မောက်ဆိုတာ ခင်ဗျားလား…"

"ဟုတ်… ဟုတ်ပါတယ်"

ဇလွှင်သေပြီဟု ကျွန်မစိတ်ထဲပြောမိသည်။

"ဇလွှင်ဟာမိတာဆိုတဲ့လူ"

"ဟုတ်ကဲ့… ကျွန်မမိတ်ဆွေပါ" ကျွန်မ တည်ငြိမ်စွာ ဖြေသည်။

"သူ ဘယ်ကိုသွားတတ်သလဲ။ ခင်ဗျားသိလား"

"သူလား…"

"မနေ့ညက သူ့အစ်ကိုဆိုင်က ပစ္စည်းဖိုးတွေသူယူတယ်။ ပေါင်မုန့်ဆိုင်က ပိုက်ဆံတွေကိုလည်း ယူပြီး သူထွက်ပြေးသွားတယ်"

"ရှင်…" ဇလွှင် ဤသို့ ရွေးချယ်လိမ့်မည်ဟု ကျွန်မတွေးမထားမိခဲ့။

"ဒီတစ်လော သူ့ဆီက ဘာထူးဆန်းတဲ့စကားတွေများ ကြားမိသလဲ။ ဥပမာ – သူ ဘယ်ကိုသွားမယ်ဆိုတာမျိုးတွေ" ဟု ရဲက မေးသည်။

"မရှိပါဘူး။ ရှင်တို့သာ ဇလွှင်နဲ့ခင်ရင် သိမှာပါ။ သူက စကားအရမ်းနည်းပါတယ်"

ရဲထွက်သွားပြီးနောက် တံခါးပိတ်ပြီး ကျွန်မတရေးအိပ်လိုက်သည်။

"ဒီသဲကန္တာရကို ဇလွင်ထားသွားနိုင်မယ်လို့ နင်ထင်လား၊ ဒီနေရာက ဆာဟာရဝီတို့ရဲ့အရင်းအမြစ်လေ" ဟိုဆေးက ထမင်းစားနေချိန်ပြောသည်။

"သူ ပြန်လာလို့မှ မဖြစ်တော့တာ။ သူ့ကို နေရာအနှံ့ရှာနေကြပြီ" ထမင်းစားပြီးနောက် အိမ်ခေါင်မိုးပေါ် ကျွန်မတို့ တက်ထိုင်နေကြသည်။ ထိုညက လေမတိုက်၊ ဟိုဆေးက ကျွန်မကို မီးထွန်းဖို့ပြောသည်။ မီးလင်းတော့ ပိုးဖလံများက အုပ်လိုက် မီးရှိရာဆီ ပျံသန်းလာကြသည်။ အလင်းက သူတို့ရှင်သန်ဖို့ တစ်ခုတည်းသောအရာသဖွယ် အလင်းကိုပတ်ပြီး သူတို့မနားတမ်း ပျံနေကြသည်။ ထိုပိုးဖလံများကို ကျွန်မတို့ ထိုင်ကြည့်နေကြသည်။

"နင် ဘာတွေးနေသလဲ" ဟိုဆေးက မေးသည်။

"ပိုးဖလံတွေ မီးကို တိုးချိန်မှာ အရမ်းပျော်ရွှင်နေကြမှာပဲလို့ တွေးနေတာ" ဟု ကျွန်မ ပြန်ဖြေလိုက်သည်။

* * *

## အိမ်နီးနားချင်း

ကျွန်မ၏အိမ်နီးချင်းများက ကြည့်လိုက်သည်နှင့် စုတ်တီးစုတ်ပြတ် ညစ်ပတ်ပေရေနေသော ဆာဟာရဝီများဖြစ်ကြသည်။ သပ်ရပ်သန့်ရှင်းစွာ မဝတ်ဆင်သည့်အပြင် အနံ့အသက်ကလည်းရှိသည်။ တစ်ပြိုင်နက်တည်း မှာပင် သူတို့က ဆင်းရဲနွံ့ချာသည့်လူမျိုးဟု အထင်ရောက်စေသည်။ တကယ် တမ်းမှာမူ ကျွန်မ၏ပတ်ဝန်းကျင်က မိသားစုတိုင်းသည် စပိန်အစိုးရ၏ ထောက်ပံ့ငွေကို ရရှိထားပြီး အလုပ်အကိုင်ရှိကြသူများဖြစ်သည်။ သူတို့ ပိုင်သည့်အိမ်ကို ဥရောပသားများအား ငှားရမ်းထားတာရှိသလို ဆိတ်အုပ်ကြီး ကို ပိုင်ဆိုင်သူများလည်း ရှိကြသည်။ တချို့က မြို့ထဲတွင် ဆိုင်များဖွင့်ထား သေးသည်။ သူတို့တွင် ဝင်ငွေကြီးကြီးမားမားရှိကြသည်။

ထို့ကြောင့် အခြေခံဝင်ငွေမရှိသည့် ဆာဟာရဝီများက Laayoune တွင် လာရောက်နေထိုင်ကြမည်မဟုတ်ဟု နယ်ခံများက အမြဲပြောသည်။ ဆာဟာရဆီ ကျွန်မလာခါစ လပိုင်း၌ ဟိုဆေးနှင့် မင်္ဂလာမဆောင်ရသေးသောကြောင့် လူသူနှင့်ဝေးသည့် သဲကန္တာရထဲ မကြာခဏခရီးထွက်ဖြစ်ခဲ့သည်။ ခရီးကပြန်လာတိုင်း ဓားပြတိုက်ခံထားရသလို တစ်ကိုယ်လုံး ဘာမျှမကျန်ဘဲ ပြန်လာရတတ်သည်။ သဲကန္တာရထဲမှ ဆာဟာရဝီလူမျိုးများသည် ဆင်းရဲလွန်းသောကြောင့် ကျွန်မ၏ရှက်ဖျင်တဲပေါ်က သံကိုပင် နုတ်ယူသွားတတ်ကြသည်။ ကိုယ်ပေါ်ပါသည့် ပစ္စည်းများဆိုလျှင် ပြောမနေပါနှင့်တော့...။

ရွှေလမ်း၊ ငွေလမ်းဟုခေါ်သည့် ထိုလမ်းထဲလာနေဖို့ စိတ်ဆုံးဖြတ်ပြီးသည့်နောက်ပိုင်း ကျွန်မအတူနေမည့်အိမ်နီးချင်းများက သဲကန္တာရသူဌေးများဟု ကြားသိရသောအခါ ငွေကြေးချမ်းသာသူများနှင့် အိမ်နီးချင်းဖြစ်ရမည့် ကောင်းကွက်များကို ကျွန်မစိတ်ကူးယဉ်ကြည့်ခဲ့မိသည်။

နောက်ပိုင်းဖြစ်ပျက်သည့် အဖြစ်အပျက်များမှာတော့ ကျွန်မအမှားများဟုပင် ဆိုရပါမည်။ ပထမဆုံးအကြိမ် အိမ်နီးချင်းဂန္တီက လက်ဖက်ရည်သောက်ဖို့ ကျွန်မတို့ကိုဖိတ်၏။ လက်ဖက်ရည်သောက်ပြီး အိမ်ပြန်အရောက်၌ ဟိုဆေးနှင့် ကျွန်မတို့၏ ဖိနပ်ပေါ်တွင် ဆိတ်ချေးများ ပေနေသည်ကို တွေ့ခဲ့ရသည်။ ကျွန်မ၏ဂါဝန်ရှည်ပေါ်မှာလည်း ဂန္တီ၏သားတံတွေးများအကွက်လိုက်ပေနေခဲ့သည်။ နောက်တစ်နေ့တွင် ဂန္တီ၏သမီးများကို ရေဖြင့်ကြမ်းတိုက်တတ်အောင် ကျွန်မသင်ပေးလိုက်သည်။ တတ်အောင်၊ ဖျာများ နေထုတ်လှန်းတတ်အောင် ကျွန်မသင်ပေးလိုက်သည်။ ရေပုံး၊ ဆပ်ပြာ၊ ကြမ်းတိုက်တုတ်နှင့် ရေကိုတော့ ကျွန်မဘက်က ထုတ်ပေးရ၏။ အိမ်နီးချင်းများနှင့် ထိုသို့ချစ်ခင်ရင်းနှီးမိသောကြောင့် ကျွန်မ၏ရေပုံးနှင့်

ကြမ်းတိုက်တုတ်မှာ ညနေစောင်းသည်အထိ ကျွန်မသုံးဖို့ပင် အလှည့်မရောက်ဘဲ တစ်အိမ်နှင့်တစ်အိမ်ကြား ကူးလူးနေသေးသည်။ ဤသည်က မပြောပလောက်ပါ။ ထိုအရာနှစ်ခုကို သူတို့သုံးပြီးချိန်တွင် ပြန်လာပေးတတ်သောကြောင့်ဖြစ်သည်။

ရွှေလမ်း၊ ငွေလမ်းတွင် ကျွန်မနေသော်လည်း ကျွန်မနေသည့်အိမ်၌ အိမ်နံပါတ်မရှိပါ။ သို့သော် ရပ်နီးရပ်ဝေးအိမ်နီးချင်းများက ကျွန်မဆီ အမြဲလာတတ်ကြသည်။ သူတို့ကို ဆေးဝါးများ ကျွန်မပေးတတ်သော်လည်း သူတို့နှင့် ကင်းနိုင်သမျှ ကျွန်မကင်းကင်းရှင်းရှင်းနေခဲ့သည်။

အနေကြာလာသောအခါ ကျွန်မတို့နေသည့်အိမ်က တံခါးအမြဲဖွင့်ချည်၊ ပိတ်ချည်လုပ်ရ၏။ ကျွန်မတို့တံခါးဖွင့်လိုက်သည်နှင့် မိန်းမနှင့်ကလေးများက အိမ်ထဲပြေးဝင်လာတတ်ကြသည်။ ထို့ကြောင့် ကျွန်မတို့၏ နေထိုင်စားသောက်မှုနှင့် နေ့စဉ်သုံးပစ္စည်းများက သူတို့အကြည့်ထဲတွင် အမြဲရှိနေခဲ့သည်။

ဟိုဆေးနှင့်ကျွန်မတို့က တွန့်တိုတတ်သူများ မဟုတ်ကြသောကြောင့် လူများအပေါ် ဖော်ဖော်ရွေရွေရှိသည်ဟု ပြော၍ရသည်။ အဲဒါကို အိမ်နီးချင်းများက အခွင့်ကောင်းယူပြီး ထိုအားနည်းချက်အပေါ်အမြတ်ထုတ်ကြတော့၏။ နံနက်တိုင်း ၉ နာရီဝန်းကျင်ခန့်ကစပြီး ဟိုအိမ်၊ ဒီအိမ်မှ ကလေးများ လာရောက်ပြီး ပစ္စည်းတောင်းတတ်ကြသည်။

"ငါ့အစ်ကိုက ပြောတယ်။ မီးသီးတစ်လုံးငှားပါတဲ့"

"ငါ့အမေက ကြက်သွန်နီတစ်လုံးပေးပါတဲ့"

"ငါ့အဖေက ဓာတ်ဆီတစ်ပုလင်းတောင်းခိုင်းလိုက်တယ်"

"ငါ ဝါဂွမ်းလိုချင်လို့"

"ငါ့ကို လေမှုတ်စက်ငှားပါ"

"ငါ့အစ်မက နင့်မီးပူပေးငှားပါတဲ့"

"ငါ သံချောင်းတချို့လိုချင်တယ်။ ပြီးတော့ မီးကြိုးတချို့ရောပဲ"

ထူးထူးဆန်းဆန်းအရာများလည်း လာရောက် တောင်းတတ်ကြသည်။ ကျွန်မတို့အိမ်ကလည်း သူတို့လိုချင်သည့်အရာများ ရှိနေတတ်သည်က မုန်းစရာပါ။ မပေးပြန်တော့လည်း စိတ်ထဲနေ၍မကောင်း၊ ပေးပြန်တော့လည်း ပြန်ပေးတတ်ကြသူများ မဟုတ်ကြ။

"အဲဒီအမြင်ကတ်စရာလူတွေ ဘာဖြစ်လို့ မြို့ထဲသွားမဝယ်ကြတာလဲ" ဟိုဆေးက ထိုသို့အမြဲပြောသော်လည်း ကလေးများလာတောင်းတိုင်း သူပေးလိုက်ပြန်သည်။

မည်သည့်အချိန်က စမုန်းမသိ။ အိမ်နီးချင်းကလေးများ လက်ဖြန့်ပြီး ပိုက်ဆံတောင်းလာကြသည်။ ကျွန်မတို့ အိမ်ထဲမှ အိမ်ပြင်ထွက်သည်နှင့် ကလေးများဝိုင်းအုံလာကြပြီး "ငါ့ကို ပိုက်ဆံပေးပါ။ ငါ့ကို ပိုက်ဆံပေးပါ" ဟု တောင်းလာကြသည်။

ပိုက်ဆံတောင်းသည့်ကလေးများတွင် အိမ်ရှင်၏သားသမီးများလည်းပါသည်။ ပိုက်ဆံတောင်းလျှင် ကျွန်မက လုံးဝမပေးပါ။ သို့သော် ကလေးများက ဇွဲရှိသည်။ နေ့တိုင်း ကျွန်မနားကပ်နေတတ်သည်။ တစ်နေ့ အိမ်ရှင်၏ ကလေးကို ကျွန်မက "နင့်အဖေက ငါ့ကို ဒီအိမ်စုတ်ငှားပေးတာ၊ တစ်လ တစ်သောင်းပေးရတယ်။ နင့်ကို ငါက နေ့တိုင်းပိုက်ဆံထပ်ပေးနေရရင် ငါအိမ်ပြောင်းတော့မှာပေါ့" ဟု ပြောလိုက်သည်။

ထိုနေ့မှစ၍ ငှင်းကလေးများ ပိုက်ဆံလာမတောင်းကြတော့။ ချိုချဉ်လောက်သာ တောင်းကြတော့သည်။ ချိုချဉ်ဆိုလျှင် ကျွန်မက စိတ်လိုလက်ရ ပေးတတ်သည်။ ကျွန်မအိမ်ပြောင်းမည်ကို မလိုလားသောကြောင့် သူတို့ပိုက်ဆံမတောင်းကြတာလည်းဖြစ်မည်ဟု ကျွန်မထင်သည်။

တစ်နေ့တွင် ကလေးမလေး လာဘု တံခါးလာခေါက်သည်။ ကျွန်မ တံခါးဖွင့်ကြည့်တော့ ဆိတ်သာသာရှိသော ကုလားအုတ်သေတစ်ကောင် လဲနေသည်ကိုတွေ့သည်။ သူ့ကိုယ်ပေါ်တွင် သွေးစိမ်းရှင်ရှင်များ စီးဆင်းနေသေးသည်။ ထိုအရာက လူကို အထိတ်တလန့် ဖြစ်စေသည်။

"ငါ့အမေက ဒီကုလားအုတ်ကို နင့်ရေခဲသေတ္တာထဲ ထည့်ထားပေးပါတဲ့" ဖိနပ်ထည့်သည့်သေတ္တာလောက်သာရှိသော ရေခဲသေတ္တာကို ကျွန်မနောက်ပြန်လှည့်ကြည့်ပြီး သက်ပြင်းတစ်ချက်ချမိသည်။

"လာဘု... နင့်အမေကိုပြောလိုက်။ တကယ်လို့ နင်တို့အိမ်ကို ငါ့ရဲ့အပ်နဲ့အပ်ချည်ထည့်ဖို့ပေးရင် ဒီကုလားအုတ်ကို ငါ့ရေခဲသေတ္တာထဲ ထည့်ပေးမယ်လို့" ဟု ဒူးထောက်ချပြီး လာဘုကို ကျွန်မပြောသည်။

သူက ချက်ချင်းပင် "နင့်ရဲ့အပ်က ဘယ်မှာလဲ" ဟု မေးသည်။

ကုလားအုတ်ကို ရေခဲသေတ္တာထဲ မထည့်ခဲ့ပါ။ သို့သော် လာဘု၏ အမေမျက်နှာသုန်မှုန်တာ တစ်လခန့်ကြာခဲ့၏။ ကျွန်မကို သူစကားတစ်ခွန်းသာပြောခဲ့သည်။ "နင် ငါ့ကိုငြင်းတယ်။ ငါ့ရဲ့ဂုဏ်ယူဝင့်ကြွားမှုကို နင်ထိခိုက်လိုက်တယ်" ဟု ဆိုသည်။ ဆာဟာရဝီတိုင်းက အမြဲဂုဏ်ယူဝင့်ကြွားနေကြသည်။ သူတို့ကို ကျွန်မ မကြာခဏ မထိခိုက်လိုသောကြောင့် ပစ္စည်းများ မငှားရဲမနေဘဲ ရှိနေခဲ့သည်။

တစ်နေ့တွင် အမျိုးသမီးတချို့က ကျွန်မဆီ "ဆေးနီရည်" လာတောင်းသည်။ ကျွန်မ မပေးနိုင်ပါ။ "ဘယ်သူဒဏ်ရာရခဲ့သလဲ။ ဒဏ်ရာရတဲ့သူကို လာယူလို့ပြောလိုက်" ဟုသာ ဆိုသည်။ သို့သော် သူတို့က ယူပြီးလိမ်းမည်ဟုသာ ခေါင်းမာနေခဲ့သည်။

အချိန်တစ်အောင့်ကြာသောအခါ ပုံသံကြား၍ ကျွန်မထွက်ကြည့်တော့ အများသုံးလေသာဆောင်ပေါ်တွင် ခုနက အမျိုးသမီးများသည် ကျွန်မ၏ဆေးနီရည်ကို အသုံးပြု၍ မျက်နှာနှင့်လက်နှစ်ဖက်ကို နီရဲအောင် လိမ်းထားပြီးခန္ဓာကိုယ်ကိုလိမ်၍လိမ်၍ ပျော်ပျော်ရွှင်ရွှင် ကခုန်နေကြသည်ကို တွေ့လိုက်သည်။ ဆေးနီရည်မှာလည်း ဤသို့ထူးခြားသည့်အကျိုးရှိသည်ကို တွေ့လိုက်ရသောအခါ ကျွန်မလည်း စိတ်ဆိုးရခက်သွားတော့သည်။

လူကို ပိုဦးနှောက်ခြောက်စေသည့် အဖြစ်တစ်ခုက ဆေးရုံတွင်အလုပ်လုပ်သည့် အိမ်နီးချင်း ဆာဟာရဝီ အမျိုးသားတစ်ယောက်က စာပေယဉ်ကျေးမှုကို သိနားလည်သောကြောင့် မိသားစုနှင့်အတူ လက်ဖြင့်ထမင်းစားရမည်ကို ငြင်းဆန်ခဲ့သည်။ ထို့ကြောင့် ထမင်းစားခါနီးတိုင်း သူ၏သားက လာပြီး ကျွန်မတံခါးကို လာခေါက်သည်။

"ငါ့အဖေထမင်းစားတော့မယ်။ ငါ ဇွန်း၊ ခက်ရင်းလာယူတာ" ဟုပြောတတ်သည်။

သူက ဇွန်း၊ ခက်ရင်းငှားပြီးတိုင်း အမြဲတမ်း ပြန်လာပို့တတ်သော်လည်း ကျွန်မမှာ ဦးနှောက်ခြောက်လှသည်။ ထို့ကြောင့် ဇွန်း၊ ခက်ရင်းတစ်စုံဝယ်ပြီး နောက်တစ်ခါမလာဖို့ ပေးလိုက်သည်။ သို့သော် နှစ်ရက်အကြာတွင် ကျွန်မ၏ အိမ်ရှေ့သို့ သူရောက်လာပြန်သည်။

"ဘာလို့လာပြန်တာလဲ။ ဟိုနေ့ကပဲ ငါ တစ်စုံ လက်ဆောင်ပေး လိုက်ပြီလေ" ဟု မျက်နှာတည်နှင့် ကျွန်မမေးလိုက်သည်။

"ငါ့အမေက ပြောတယ်။ အဲဒီတစ်စုံက အသစ်မို့ သိမ်းထားရမယ်တဲ့။ အခု ငါ့အဖေထမင်းစားတော့မယ်"

"နင့်အဖေထမင်းစားမှာ ငါနဲ့ဘာဆိုင်လဲ" သူ့ကို ကျွန်မအော်မိသည်။ ကလေးက ငှက်တစ်ကောင်လို ကျုံ့ဝင်သွားတာတွေ့တော့ ကျွန်မစိတ်မကောင်းဖြစ်ရသည်။ ဒီလိုနှင့် ဇွန်း၊ ခက်ရင်း ငှားလိုက်ရပြန်သည်။ ထမင်းစားတာကလည်း အရေးအကြောင်းကြီးပဲ မဟုတ်လား။

သဲကန္တာရမှ အိမ်များ၌ အိမ်အလယ်တွင် ခေါင်မိုးကို အလွတ်ထားကြသည်။ ကျွန်မတို့အိမ်တွင် ထမင်းပဲစားစား၊ အိပ်ပဲအိပ်အိပ် အိမ်နီးချင်းကလေးများက ခေါင်မိုးပေါ်တက်ပြီး လာ၍ကြည့်တတ်ကြသည်။

တစ်ခါတလေ သဲလေကြမ်းတိုက်ချိန် အိမ်ထဲသို့ သဲများ မိုးရွာချသလိုကျလာတတ်သည်။ ထိုဥတုရှိသည့်ဒေသတွင်နေထိုင်သော ဟိုဆေးနှင့် ကျွန်မသည် ဝက်ဖြစ်မှတော့ မစင်ကိုမကြောက်ဆိုသလို တခြားရွေးချယ်စရာလမ်းမရှိခဲ့ပါ။

အိမ်ခေါင်မိုးကိုမိုးဖို့ အိမ်ရှင်အား ဟိုဆေး အကြိမ်ကြိမ်တောင်းဆိုခဲ့ဖူးသည်။ သို့သော် အိမ်ရှင်က မမိုးခဲ့။ ဒါကြောင့် ကျွန်မတို့ဘာသာ လိုအပ်သည့်ပစ္စည်းများဝယ်ကာ အလုပ်အားသည့် တနင်္ဂနွေသုံးခုလောက်ကို အသုံးပြုပြီး အဝါရောင်ဖန်ခေါင်မိုးတစ်ခု မိုးဖြစ်လိုက်၏။ အလင်းတိုက်ရိုက်ဝင်လာနိုင်သဖြင့် လှပသပ်ရပ်နေခဲ့၏။ ကျွန်မက ကျွန်မစိုက်ပျိုးထားသော ပန်းအိုးကိုးအိုးကို ခေါင်မိုးအသစ်အောက်တွင် ထားထားလိုက်သည်။

တစ်အိမ်လုံး စိမ်းစိုနေခဲ့၏။ ထို့ကြောင့် ကျွန်မ၏ နေ့စဉ်နေထိုင်မှုများ အတော်အသင့်တိုးမြင့်လာခဲ့သည်။

တစ်ညနေတွင် မီးဖိုဆောင်ထဲ၌ မုန့်ဖုတ်စာအုပ်ကြည့်ရင်း ကျွန်မ အာရုံစိုက်ပြီး မုန့်ဖုတ်နေသည်။ တစ်ပြိုင်နက်တည်းမှာပင် သီချင်းလည်း နားထောင်နေသည်။ ထိုအချိန်၌ ဖန်ခေါင်မိုးကို လူနင်းလိုက်သည့်အသံ ရုတ်တရက် ကျွန်မကြားလိုက်မိသည်။ ကျွန်မခေါင်းပြူပြီးကြည့်လိုက်တော့ ကျွန်မ၏ခေါင်းထက်တွင် တောင်ဆိတ်တစ်ကောင်၏အရိပ်ကို ရှင်းရှင်းလင်းလင်းမြင်လိုက်ရသည်။ ထိုဆိတ်စုတ်က စောင်းနေသည့် ကျွန်မတို့၏ အိမ်ခေါင်မိုးကို တောင်ကုန်းဟု ထင်ပုံရ၏။ ကျွန်မစားမကိုင်ပြီး ခေါင်မိုးသွားရာ လှေကားဆီ ပြေးသွားလိုက်သည်။ ခေါင်မိုးဆီမရောက်ခင်မှာ ပျဉ်အက်သံတိုးတိုးကို ကြားလိုက်မိသည်။ ထို့နောက် ကမ္ဘာကြီး တုန်ဟည်းသွားမတတ် ကျယ်လောင်သည့်အသံနှင့်အတူ ပျဉ်ချပ်၊ ဖန်ကွဲစများက မိုးပြိုသည့်အလား ပြိုကျသွားတော့သည်။ တောင်ဆိတ်လည်း ကျွန်မ၏အိမ်ငယ်လေးထဲသို့ ဒရောသောပါးရောကျလာသည်။ ကျွန်မတုန်လှုပ်ချောက်ချားသွားသည်။ တံမြက်စည်းဖြင့် တောင်ဆိတ်ကိုအမြန်မောင်းထုတ်လိုက်သည်။ အပေါက်ကြီးအဖြစ်ကျန်နေခဲ့သည့် ခေါင်မိုးမှတစ်ဆင့် ကောင်းကင်ပြာကိုကြည့်ပြီး ကျွန်မ ဒေါသထွက်နေတော့၏။ ခေါင်မိုးပေါက်တော့ ဘယ်သူလာအလျော်ပေးမလဲ။ ကိုယ်တိုင်ပဲ ပစ္စည်းဝယ်ပြီး ဖာရတာပါပဲ။

"ဒီတစ်ခါကျရင် ကျောက်ဝွမ်းသွပ်ဝယ်မိုးရအောင်" ဟုဆိုးကို ကျွန်မပြောသည်။

"မရဘူး။ အိမ်က လမ်းဘက်မျက်နှာမူတဲ့ ပြတင်းတစ်ပေါက်ပဲ

ရှိတယ်။ ကျောက်ဂွမ်းသွပ်မိုးလိုက်ရင် အလင်းမရတော့ဘူး” ဟိုဆေး စိတ်ညစ်နေလေပြီ။ တနင်္ဂနွေနေ့ပါ အလုပ်လုပ်ရသောကြောင့်ဖြစ်သည်။ သိပ်မကြာလိုက်ပါ။ အဖြူရောင် အလင်းဖောက် ပလတ်စတစ်ပြားသစ်ကြီး တစ်ခုက ခေါင်မိုးပေါ်ရောက်သွားခဲ့သည်။ လူတစ်ဝက်စာမြင့်သည့် စည်းရိုး ကိုပါ ဟိုဆေးပြုလုပ်လိုက်ပြီး ဘေးအိမ်က ခေါင်မိုးနှင့်ခြားထားလိုက်သည်။ ထိုစည်းရိုးက ဆိတ်ကို ကာကွယ်ရုံတင်မက အိမ်နီးချင်းကလေးများ၏ဒဏ် ကိုပါ ကာကွယ်ခြင်းဖြစ်သည်။ သူတို့က ခေါင်မိုးပေါ်အမြဲတက်လာလေ့ရှိပြီး ကျွန်မ လှန်းထားသည့် အတွင်းခံများကို ခိုးယူတတ်ကြသည်။ သူတို့က သူခိုးတော့မဟုတ်။ ဝတ်ပြီး သုံးပြီး သုံး၊ လေးရက်အကြာ၌ ပြန်လာထားတတ် သောကြောင့်ဖြစ်သည်။ လေတိုက်၍ လွင့်သွားသည့်ပုံမျိုး လုပ်တတ်ကြသည်။

ခေါင်မိုးက ပလတ်စတစ်ပြားဆိုသော်လည်း နှစ်ဝက်အတွင်း တောင်ဆိတ် လေးခါကျလာခဲ့ဖူးသည်။ ကျွန်မတို့ သည်းခံနိုင်စွမ်းကုန်ခဲ့၍ အိမ်နီးချင်းများကို ဆိတ်များအား သေချာဂရုစိုက်ဖို့၊ နောင်အခါ ခေါင်မိုးပေါ် ဆိတ် တက်လျှင် ဖမ်းပြီးသတ်စားပစ်မည်။ သူတို့ကိုပြန်မပေးဟုပြောလိုက်၏။ အိမ်နီးချင်းများကလည်း လည်လွန်းသည်။ ကျွန်မတို့ မည်သို့ပင်ပြောပြော သူတို့က ဂရုမစိုက်သည့်အပြင် ဆိတ်ကိုပွေ့ချီပြီး ကျွန်မတို့ရှေ့တွင် ပြုံးစိစိ လာလုပ်ပြနေသေးသည်။

ဆိတ်ပြုတ်ကျသည့်အဖြစ် ထပ်မံဖြစ်ပွားသော်လည်း ဆိတ်ပြုတ် ကျတိုင်း အိမ်၌ ဟိုဆေးမရှိသောကြောင့် ထိုအဖြစ်က မည်သို့ခံစားရသည်ကို သူ မသိနိုင်ချေ။ တနင်္ဂနွေနေ့ညနေ တစ်ညနေတွင်ဖြစ်သည်။ စည်းရိုးကို ကျော်ပြီး ဆိတ်တစ်အုပ်က ခေါင်မိုးပေါ်သို့ ရှုးရှုးမိုက်မိုက်တက်လာသည်။

"ဟိုဆေး... ဟိုဆေး... ဆိတ်လာပြီ" ကျွန်မအော်ပြောလိုက်သည်။

လက်ထဲက မဂ္ဂဇင်းကိုပစ်ချပြီး အိမ်ထဲကနေ ဟိုဆေးတစ်ဟုန်ထိုး ပြေးထွက်၏။ သို့သော် မမီတော့ချေ။ ဆိတ်ကောင်ကြီးတစ်ကောင်က ပလတ်စတစ်ပြားကို ထိုးဖောက်ပြီး ဟိုဆေးခေါင်းပေါ် ခပ်ပြင်းပြင်းကျလာသည်။ နစ်ကောင်သား မြေပြင်ပေါ်လဲကျသွားသည်။ ဟိုဆေး အရင်ဆတ်ခနဲ ထပြီး ကြိုးတစ်ချောင်းယူကာ ဆိတ်ကို တိုင်တွင် ချည်ထားလိုက်သည်။ ထို့နောက် ခေါင်မိုးပေါ်တက်ပြီး မည်သည့်အိမ်က ဆိတ်လွှတ်လိုက်သလဲ ဆိုသည်ကို ရှာသည်။ ခေါင်မိုးပေါ်တွင် လူတစ်ယောက်မျှမတွေ့။

"မနက်ဖြန် သတ်စားပစ်မယ်" ဟိုဆေးက အံကြိတ်ပြီးပြောသည်။

ခေါင်မိုးပေါ်ကနေ ကျွန်မတို့ဆင်းပြီး ချည်ထားသောဆိတ်ကို သွားကြည့်ကြသည်။ ထိုဆိတ်မက မအော်သည့်အပြင် မျက်နှာက ရယ်နေသည်နှင့်တူသည်။ ခေါင်းငုံ့ကြည့်လိုက်တော့။ ဘုရားရေ... ကျွန်မ တစ်နစ်လုံး ပင်ပင်ပန်းပန်းစိုက်ထားသည့် ပန်းအိုးကိုးလုံးမှ အရွက်နစ်ဆယ့်ငါးရွက်စလုံးကို တစ်ရွက်မကျန် သူစားပစ်လိုက်ပြီ။

ကျွန်မထူးဆန်းအံ့သြပြီး ဒေါသထွက်သလို ဝမ်းလည်းနည်းမိသည်။ လက်မြှောက်ပြီး ရှိသမျှအားအစွမ်းဖြင့် ဆိတ်ပါးကိုပြင်းပြင်းတစ်ချက်ရိုက်ပစ်လိုက်သည်။ ဟိုဆေးဘက်လှည့်ပြီး "ကြည့်စမ်း... ကြည့်စမ်း" ဟု အော်သည်။ ထို့နောက် ရေချိုးခန်းထဲပြေးဝင်ပြီး တဘက်ကြီးတစ်ထည်ဖြင့် မျက်နှာကိုအုပ်ကာ မျက်ရည်ပေါက်ပေါက်ကျမိသည်။ ဤသည်က သဲကန္တာရ ဘဝကို ကျွန်မ ပထမဆုံးအကြိမ် မျက်ရည်ကျမိခြင်းဖြစ်သည်။ ဆိတ်ကိုတော့ ကျွန်မတို့ မသတ်ခဲ့ပါ။

အိမ်နီးနားချင်းများနှင့်လည်း ပစ္စည်းငှားသည့်တံခါးက ဖွင့်ချည်၊ ပိတ်ချည်ဖြင့် သင့်မြတ်နေပါသေးသည်။ တစ်ခါက ကျွန်မ မီးခြစ် သုံးကုန်သွားသည်။ ထို့ကြောင့် ဘေးအိမ်က အိမ်ရှင်ထံတွင် မီးခြစ်သွားငှားသည်။

"မရှိဘူး... မရှိဘူး..." ဟု အိမ်ရှင်မိန်းမက ရယ်ကျဲကျဲပြောသည်။ နောက်တစ်အိမ်သို့ ကျွန်မပြေးရပြန်သည်။

"ငါ့မှာလည်း သုံးချောင်းပဲရှိတော့တယ်။ ကိုယ်တိုင်သုံးဖို့ သိပ်မများတော့ဘူး" ဟာဒီယဲ့က မျက်နှာတည်နှင့်ပြောသည်။

"နင့်ရဲ့ဒီမီးခြစ်ဘူးကတောင် ရှေ့တစ်ပတ်က ငါပေးထားတာပဲ။ နင့်ကိုငါ ငါးဘူးပေးလိုက်တယ်လေ... နင်မေ့ပြီလား" ကျွန်မ ဒေါသဖြစ်မိသည်။

"အေးလေ... အခု တစ်ဘူးပဲကျန်တယ်။ နင့်ကိုပေးလို့မဖြစ်ဘူး" သူက မကျေမနပ်နှင့် ပြောသည်။

"ငါ့ရဲ့ ဂုဏ်ယူဝင့်ကြွားမှုကို နင်ထိခိုက်လိုက်ပြီ" ကျွန်မလည်း သူတို့လေသံအတိုင်း ဟာဒီယဲ့ကိုပြန်ပြောလိုက်သည်။ မီးခြစ်ဆံ သုံးချောင်းကို ယူပြီး အိမ်ပြန်လာရင်း ကျွန်မတွေးမိသည်။ ဝေသဏ္ဌရာလုပ်ဖို့ သိပ်မလွယ်ပါလား။

ထိုဒေသတွင် ကျွန်မတို့နေထိုင်သည့် နှစ်ဝက်တာ ကာလ၌ ဟိုဆေးသည် အိမ်နီးချင်းများ၏ လျှပ်စစ်ပြင်သူ၊ လက်သမား၊ ပန်းရန်လည်း ဖြစ်ခဲ့သည်။ ကျွန်မလည်း စာရေးပေးသူ၊ သူနာပြု၊ ဆရာမ၊ အပ်ချုပ်သမ ဖြစ်ခဲ့သည်။ အဲဒါတွေက အိမ်နီးချင်းများက ကျွန်မတို့ကို လေ့ကျင့်ပေးလိုက်ခြင်းဖြစ်သည်။

ဆာဟာရဝီအမျိုးသမီးငယ်များ၏ အသားအရေမှာ ညိုသည်။ မျက်နှာပေါက်က အင်မတန်လှသည်။ သူတို့က သာမန်အချိန် လူရှေ့သူရှေ့တွင် မျက်နှာကို အုပ်ထားသည်။ သို့သော် ကျွန်မတို့အိမ်ရောက်လျှင် မျက်နှာအုပ်အဝတ်စကို သူတို့ဖယ်လိုက်တတ်ကြသည်။

သူတို့ထဲတွင် မီနာဟုခေါ်သည့် ကောင်မလေးတစ်ယောက်ရှိသည်။ ရုပ်ရည်ချောမောလှပ၏။ ကျွန်မကို သူချစ်ခင်ရုံမက ဟိုဆေးကိုပါ သူချစ်ခင်သည်။ ဟိုဆေးတစ်ယောက်တည်းအိမ်မှာရှိလျှင် သူလှလှပပ သန့်သန့်ရှင်းရှင်း ပြင်ပြီး ကျွန်မတို့အိမ်တွင် လာထိုင်တတ်သည်။ ကျွန်မတို့အိမ်တွင် ထိုင်နေရသည်မှာ အဓိပ္ပာယ်မရှိလှ၍ ဟိုဆေးကို သူတို့အိမ်သို့လာရန် အကြောင်းအမျိုးမျိုး ရှာတော့သည်။ တစ်နေ့တွင် အိမ်ကိုသူလာပြန်သည်။ ပြတင်းပေါက်အပြင်ဘက်တွင် ရပ်ပြီး ဟိုဆေးကို သူအော်ခေါ်သည်။

"ဟိုဆေး... ဟိုဆေး..."

"ဟိုဆေးကိုရှာပြီး ဘာလုပ်ဖို့လဲ" ကျွန်မတို့ ထမင်းစားနေချိန်ဖြစ်၍ ကျွန်မက သူ့ကိုပြန်မေးသည်။

"ငါတို့အိမ်က တံခါးပျက်သွားလို့... ဟိုဆေးလာပြင်ပေးဦး"

ဟိုဆေးက ကြားသည်နှင့် စားလက်စကို ချပြီး ထရပ်သည်။

"သွားစရာမလိုဘူး... ထမင်းဆက်စား" ဟင်းများကို ဟိုဆေးပန်းကန်ထဲ ကျွန်မထည့်ပေးပြီး ပြောသည်။ ဒီကလူများက မိန်းမလေးယောက်ယူ၍ရသည်။ ဟိုဆေး၏ဝင်ငွေကိုမိန်းမလေးယောက် ခွဲဝေယူမည့်အဖြစ်မျိုးကို ကျွန်မ မလိုလားပါ။ မီနာကလည်း မသွား။ ပြတင်းပေါက်အပြင်တွင် ရပ်မြဲရပ်နေသည်။ ဟိုဆေးက သူ့ကို တစ်ချက် ကြည့်လိုက်သည်။

"သွားကြည့်မနေနဲ့... သူ့ကို "တံလျှပ်"လို့ပဲ သဘောထားလိုက်" ဟု ကျွန်မတင်းတင်းကျပ်ကျပ်ပြောသည်။

ထိုလှပသော "တံလျှပ်" သည် တစ်နေ့တွင် အိမ်ထောင်ကျသွားတော့သည်။ ကျွန်မဝမ်းသာလှ၏။ သူ့အား အဝတ်စကြီးတစ်စ လက်ဆောင်ပေးလိုက်လေသည်။

ကျွန်မတို့နေ့စဉ်သုံးရေကို အစိုးရက တာဝန်ယူသည်။ နေ့တိုင်း ပုံးကြီးတစ်ပုံးသာ ပို့၏။ ထို့ကြောင့် ရေချိုးလျှင် အဝတ်လျှော်မရ၊ အဝတ်လျှော်လျှင် ပန်းကန်ဆေးမရဖြစ်သည်။ ခေါင်မိုးတွင် တင်ထားသော ရေပုံးထဲက ရေပမာဏကို ခန့်မှန်းပြီး လုပ်စရာရှိသည်ကို စေ့စပ်သေချာစွာ လုပ်ရသည်။ ခေါင်မိုးပေါ်မှ ရေပုံးရေက ငန်သည်။ သောက်မရ။ နေ့စဉ် သောက်သုံးရေကို ကုန်စုံဆိုင်တွင် သွားဝယ်ရသည်။ ထိုဒေသတွင် ရေက ရှားပါးအဖိုးတန်၏။

တနင်္ဂနွေနေ့၌ မြို့ပေါ်တွင် ပြုလုပ်မည့် "ကုလားအုတ် အပြေးပြိုင်ပွဲ" ၌ ကျွန်မတို့ ပါဝင်နိုင်ရန် ကီလိုမီတာပေါင်းများစွာဝေးကွာသည့် ပျော်ပွဲစား စခန်းချရာနေရာ သဲကန္တာရမှအိမ်သို့ ကျွန်မတို့ အမီပြန်လာခဲ့ကြသည်။

ထိုနေ့က သဲမုန်တိုင်းတိုက်ခတ်နေသည်။ အိမ်ပြန်ရောက်ချိန် ကျွန်မတစ်ကိုယ်လုံး သဲအလူးလူးဖြစ်နေခဲ့ပြီ။ ကြည့်ရရုပ်ဆိုးလွန်းလှသည်။ အိမ်ထဲရောက်သည်နှင့် ရေချိုးခန်းထဲ အမြန်ဝင်ပြီး ရေချိုးလိုက်သည်။ ဒါမှ ကုလားအုတ်ပြိုင်ပွဲသွားကြည့်ချိန် တစ်ကိုယ်လုံး သန့်ရှင်းသပ်ရပ်နေမည်ဖြစ်သည်။ သဲကန္တာရအခြေစိုက် စပိန်ရုပ်သံကုမ္ပဏီက သတင်းထောက်က ကျွန်မကို သတင်းထဲပါအောင်ရိုက်မည်ဟု ပြောထားသောကြောင့်ဖြစ်သည်။

ကျွန်မတစ်ကိုယ်လုံး ဆပ်ပြာတိုက်ပြီးချိန်တွင် ရေမလာတော့ပါ။ ဟိုဆေးကို ကျွန်မအမြန်ခေါ်ပြီး ခေါင်မိုးပေါ်က ရေပုံးကို သွားကြည့်ခိုင်းလိုက်သည်။

"အလွတ်ကြီး... ရေမရှိဘူး" ဟိုဆေးက ပြောသည်။

"မဖြစ်နိုင်တာ... ဒီတစ်ရက်၊ နှစ်ရက် ငါတို့အိမ်မှာမှမရှိတာ။ ရေ တစ်စက်တောင် မသုံးခဲ့ဘူးပဲ" ကျွန်မ စိုးရိမ်လာမိသည်။

တဘက်ကြီးတစ်ထည်ပတ်ပြီး ခြေဗလာနှင့်ခေါင်မိုးပေါ် ကျွန်မ ရောက်သွားသည်။ တကယ်ပင် ရေပုံးတွင် ထူးထူးဆန်းဆန်း ရေတစ်စက်မျှ မရှိ။ ဘေးအိမ်က ခေါင်မိုးကို တစ်ချက်ကြည့်လိုက်တော့ ဂျုံအိတ်ခွံများ ၁၀ အိတ်လောက် လျှော်လှန်းထားသည်ကို တွေ့လိုက်ရသည်။ ဩော်... လက်စသတ်တော့ ရေတွေက သူတို့သောက်ပစ်လို့ ကုန်တာကိုး...။

ကိုယ်ပေါ်က ဆပ်ပြာမြှုပ်များကို တဘက်နှင့်သုတ်ပြီး ဟိုဆေးနှင့် အတူ ကုလားအုတ်ပြိုင်ပွဲဆီ ကျွန်မသွားလိုက်သည်။ ထိုနေ့ ညနေက ပျော်ပါးတတ်သော စပိန်မိတ်ဆွေများ အားလုံးလိုလို ကုလားအုတ်ပေါ်၌ ခုန်ပေါက်နေကြသည်။ ကျွန်မတစ်ယောက်သာ နေပူကျဲကျဲအောက်တွင် သူတို့ကိုကြည့်နေ၏။ သူတို့က ကျွန်မဆီပြေးလာပြီး... "ဟော့... သတ္တိနည်းတဲ့ သူ၊ မစီးရဲတဲ့သူ" ဟု ပြောကာ လှောင်ရယ်လိုက်သေးသည်။

ကျွန်မ ကုလားအုတ်မစီးဖြစ်သည့်အကြောင်းရင်းက ချွေးထွက် များလာလျှင် ကျွန်မကိုယ်ယားယံလာရုံမက ဆပ်ပြာမြှုပ်ပါထွက်လာနိုင် ကြောင်း သူတို့ကို ကျွန်မ ဘယ်ပြောပြနိုင်မလဲ...။

အိမ်နီးချင်းများထဲတွင် ကူခါက ကျွန်မနှင့်အကောင်းဆုံးဖြစ်သည်။ သူက သိမ်မွေ့ပြီး ထက်မြက်သည့် မိန်းကလေးတစ်ဦးဖြစ်သည်။ တွေးတော

တတ်သည်။ သို့သော် သူ့တွေးတောမှုများက ကျွန်မတို့နှင့် အကွာကြီးကွာတတ်သည်။ တစ်နည်းပြောရလျှင် သူ၏တွေးတောဆုံးဖြတ်ချက်များက ကျွန်မကို အမြဲလိုလို ထူးဆန်းအံ့ဩစေခဲ့သည်။

တစ်ညတွင် ထိုဒေသက နိုင်ငံတော်ဟိုတယ်၌ပြုလုပ်သည့် ညှော်ခံပွဲတစ်ခုသို့ ကျွန်မနှင့် ဟိုဆေး တက်ရောက်ဖို့ရှိသည်။ မဝတ်တာကြာပြီဖြစ်သော ညှော်ခံပွဲဝတ် အနက်ရောင် အင်္ကျီကို ကျွန်မမီးပူတိုက်ထားလိုက်သည်။ ခါတိုင်း မဝတ်ဖြစ်သည့် အနည်းငယ်တန်ဖိုးရှိသော လက်ဝတ်လက်စားကိုလည်း ထုတ်ထားလိုက်သည်။

"ညှော်ခံပွဲက ဘယ်အချိန်လဲ" ဟု ဟိုဆေးက မေးသည်။

"ည ၈ နာရီ" ကျွန်မ နာရီကို ကြည့်လိုက်တော့ ည ၇ နာရီ ၄၅ မိနစ် ရှိပြီ။

အဝတ်အစားလဲပြီး ဆံပင်ကြိုးနားကပ်တပ်ပြီးချိန် ဖိနပ်စီးဖို့ ကျွန်မ ပြင်တော့ ဖိနပ်စင်ပေါ်တွင် ကျွန်မတင်ထားတတ်သည့် ကျားသစ်သားရေ ဒေါက်မြင့်ဖိနပ်မရှိတော့သည်ကို သတိပြုမိလိုက်သည်။ ဟိုဆေးကိုမေးတော့ သူ မယူဟု ပြောသည်။

"တစ်ရံရံကောက်စီးလိုက်ရင် ရပြီလေ" ဟိုဆေးက စောင့်ရသည့် အလုပ်ကို မုန်းသည်။ ဖိနပ်စင်ပေါ်တင်ထားသည့် ဖိနပ်များထဲတွင် အားကစား ဖိနပ်၊ သစ်သားခုံဖိနပ်၊ ခြေညှပ်ဖိနပ်၊ ဘွတ်ဖိနပ်၊ လည်ရှည်ဖိနပ်... တစ်ရံမှ ကျွန်မဝတ်ထားသည့် ဂါဝန်အနက်နှင့်မလိုက်ပေ။ ကျွန်မစိတ်လောနေမိပြီ။ သေချာထပ်ပြန်ကြည့်တော့... ဟင်း... ဒါကြီးက ဘယ်တုန်းက ဘယ်လို ရောက်လာတာလဲ... ဘာကြီးလဲ။

ဖိနပ်စင်ပေါ်တွင် မည်းမည်းသည်းသည်းနှင့် သဲကန္တာရစီး ထိပ်ချွန်ဖိနပ်တစ်ရံ ရောက်နေသည်။ ကြည့်လိုက်သည်နှင့် ကူခါ၏ဖိနပ်ဆိုသည်ကို ကျွန်မသိသည်။ သူ့ဖိနပ်က ကျွန်မ၏ ဖိနပ်စင်ပေါ်ရောက်နေလျှင် ကျွန်မ၏ဖိနပ်ကရော...ကူခါ၏အိမ်ဘက် ကျွန်မအမြန်ပြေးသွားလိုက်ပြီး သူ့အား ဆွဲ၍ ခပ်တင်းတင်း မေးလိုက်သည်။ "ငါ့ဖိနပ်ရော... ငါ့ဖိနပ် ဘယ်မှာလဲ။ နင်ဘာဖြစ်လို့ ခိုးသွားရတာလဲ"ပြီးတော့ တစ်ဆက်တည်းမှာပင် "အမြန်ထုတ်ပေး... သောက်ကောင်မရဲ့" ဟု အော်လိုက်သည်။ ကူခါက တုံ့နေးတုံ့နေးနှင့် ဖိနပ်ရှာတော့သည်။ မီးဖိုခန်းမှာ၊ ဖျာအောက်မှာ၊ ဆိတ်လှောင်အိမ်မှာ၊ တံခါးရွက်နောက်မှာ ရှာသော်လည်း ရှာမတွေ့ခဲ့ပေ။

"ငါ့ညီမစီးပြီး ထွက်သွားပြီ။ အခု ရှာမတွေ့ဘူး" ဟု သူက တည်တည်ငြိမ်ငြိမ်နှင့် ပြန်ပြောသည်။

"မနက်ဖြန် နင်နဲ့ငါ စာရင်းလာရှင်းမယ်" ကျွန်မအံကြိတ်ရင်း အိမ်ပြန်လာခဲ့သည်။ ထိုညက ညစာစားပွဲအတွက် ချည်မျှင်စ ဂါဝန်ဖြူ တစ်ထည်နှင့် ခြေညှပ်ဖိနပ်သာစီးပြီး ကျွန်မတက်ခဲ့ရသည်။ ရွှေငွေကျောက်သံပတ္တမြားတို့ဖြင့် လက်လက်ထနေသော ဟိုဆေးအထက်လူကြီးတို့၏ ဖနောင့်များကြားတွင် ကျွန်မမှာ မအပ်မစပ်ဖြစ်နေခဲ့သည်။ ဟိုဆေး၏ လုပ်ဖော်ကိုင်ဖက်များက ကျွန်မကို တမင်တကာ "နင် သိပ်လှတာပဲ။ ဒီညမှာ နင်က သိုးထိန်းမလိုပဲ။ လက်ထဲမှာ ကြာပွတ်တစ်ချောင်းပဲလိုတယ်" ဟုပြောလေ၏။ နောက်တစ်နေ့နံနက်တွင် ကူခါက ကျွန်မဖိနပ်ကို ပြန်လာပေးသည်။ ဖိနပ်က ဖိနပ်နှင့်ပင်မတူတော့။ သူ့ကို ကျွန်မတစ်ချက်စိုက်ကြည့်ပြီး ဖိနပ်ကို ဆတ်ခနဲဆွဲယူလိုက်သည်။

"ဟင်… နင် စိတ်တိုပေါ့… တိုပေါ့… ငါလည်း စိတ်တိုတတ်တာပဲ" ကူခါ၏မျက်နှာ နီရဲဖောင်းထလာသည်။

"နင့်ဖိနပ် ငါတို့အိမ်မှာ၊ ငါ့ဖိနပ်လည်း နင်တို့အိမ်မှာပဲ။ ငါက နင့်ထက်တောင် စိတ်တိုသေးတယ်" ကူခါက ဆက်၍ပြောသည်။ သူ၏ အဓိပ္ပာယ်မရှိသော ဖြေရှင်းချက်ကို နားထောင်ပြီး ကျွန်မ မအောင့်နိုင်ဘဲ အော်ရယ်မိသည်။

"ကူခါ… နင် အရူးဆေးရုံသွားသင့်တယ်" သူ့နားထင်ကိုထောက်ပြီး ကျွန်မပြောလိုက်သည်။

"ဘာဆေးရုံ" သူ နားမလည်ပေ။

"နားမလည်လည်းနေတော့… ကူခါ… နင့်ကို ငါအရင်မေးမယ်။ ပြီးတော့ နင်က တခြားအိမ်နီးနားချင်းမိန်းမတွေကို ထပ်မေးလိုက်။ ဒီအိမ်မှာ ငါရဲ့ "သွားတိုက်တံ" နဲ့ "ယောက်ျား" က လွဲပြီး ငါ့ဆီ သူတို့လာမငှားချင်တဲ့ ပစ္စည်း ဘာပစ္စည်းရှိသေးလဲလို့"

"နင့်ရဲ့သွားတိုက်တံဆိုတာ ဘယ်လိုမျိုးလဲ" ကူခါက ကျွန်မအပြောကို အိပ်မက်မှနိုးလာသူတစ်ယောက်လို အလျင်အမြန်ထပ်မေးသည်။

"ထွက်သွား… ထွက်သွား… နင်ထွက်သွား…" ကျွန်မ အော်ထည့်လိုက်မိသည်။

"ငါ့ကို သွားတိုက်တံပဲ ပေးကြည့်ပါ။ နင့်ယောက်ျားကိုတော့ ငါမယူပါဘူး။ တကတည်း…" ကူခါက နောက်ဆုတ်ရင်းပြောသည်။

တံခါးကို ကျွန်မပိတ်လိုက်သော်လည်း အပြင်ဘက်တွင် တခြားမိန်းမတစ်ယောက်ကို ကူခါလှမ်းပြောနေသည့်စကားသံကို ကျွန်မကြားလိုက်

ရသည်။ "ကြည့်စမ်း… ကြည့်စမ်း… ငါ့ရဲ့ဂုဏ်ယူဝင့်ကြွားမှုကို သူထိခိုက်နေတယ်"

အိမ်နီးနားချင်းများကို ကျွန်မကျေးဇူးတင်ရသည်။ သူတို့တစ်တွေ၏ လုပ်ရပ်ကြောင့် သဲကန္တာရနေ ကျွန်မဘဝက အရောင်စုံရသည်။ အထီးကျန် ပျင်းရိသည့် အရသာကိုပင် ကျွန်မ ထပ်၍မခံစားခဲ့ရတော့ပေ။

* * *

## ကန္တာရက တံငါသည်

တနင်္ဂနွေနေ့က ဟိုဆေး အချိန်ပိုဆင်းရသည်။ တစ်နေကုန် အိမ်၌မရှိ။ ကျွန်မက အချိန်ရှိသောကြောင့် ဒီနစ် မတ်လမှစပြီး ယနေ့အထိ ဟိုဆေးရရှိသည့် လခများကို စာရွက်အလွတ်တစ်ရွက်တွင်ရေးပြီး အသေးစိတ် သေသေချာချာတွက်ချက်ရင်း ဟိုဆေးအပြန်ကို စောင့်နေခဲ့၏။ ညအချိန် ဟိုဆေး အိမ်ပြန်လာချိန်၌ တွက်ချက်ထားသည့် စာရွက်ကို သူ့ရှေ့တွင် ချပြီး ကျွန်မပြောလိုက်သည်။

"ဟိုဆေး... ကြည့်... ဒီနစ်ဝက်အတွင်း ငါတို့ငွေ ဒီလောက်ရလိုက်တယ်"

သူက ကျွန်မတွက်ချက်ထားသည့်စာရင်းကို တစ်ချက်ကြည့်ပြီး

"ဒီလောက်အများကြီးတောင် ရလိုက်တာပဲ။ သဲကန္တာရဘဝကို အောင့်အည်းသည်းခံပြီးနေလာတာ တန်သွားပြီပေါ့" ဟု ကျေနပ်စွာ ပြောသည်။

"ငါတို့ အပြင်ထွက်စားရအောင်လေ... ဒီလောက် ပိုက်ဆံ အများကြီးရှိနေပြီပဲ" ဟိုဆေးက ဝမ်းသာအားရအကြံပြုသည်။

နိုင်ငံတော်ဟိုတယ်၌ တက်ရောက်စားသောက်ဖို့ ကျွန်မကို သူခေါ်သွားတော့မည်ကို ကျွန်မသိသည်။ ဒီလိုကိစ္စက ဖြစ်ခေါင့်ဖြစ်ခဲမို့ အဝတ်အစားအမြန်လဲပြီး သူနှင့်အတူ ကျွန်မလိုက်ထွက်ခဲ့သည်။

"ကျွန်တော်တို့ အကောင်းဆုံးပိုင်ယူမယ်။ ပင်လယ်စာဟင်းချိုရယ်၊ နောက်ပြီး ကျွန်တော်က အမဲသားယူမယ်။ ကျွန်တော့်အမျိုးသမီးအတွက် လေးယောက်စာ ပုစွန်တုပ်ယူမယ်။ အချိုပွဲကို ရေခဲမုန့်ကိတ်မုန့်ယူမယ်။ ဒါလည်း လေးယောက်စာပဲ။ ကျေးဇူး" ဟိုဆေးက စားသောက်ဆိုင်ဝန်ထမ်းကို မှာလိုက်သည်။ "ဒီနေ့ တစ်နေကုန် ဘာမှစားမထားလို့ တော်သေးတယ်။ အခု တစ်ဝကြီးစားလိုက်ရအောင်" ဟိုဆေးကို ကျွန်မတိုးတိုးပြောလိုက်သည်။

ထိုနိုင်ငံတော်ဟိုတယ်ကို စပိန်အစိုးရက တာဝန်ယူထားသည်။ စားသောက်ဆိုင်ကို အာရပ်နန်းတော်ကဲ့သို့ ခင်းကျင်းပြင်ဆင်ထား၏။ နယ်ခံမြေခံ အရသာရှိသည်။ မီးရောင်များ နူးညံ့သိမ်မွေ့၏။ စားသောက်သူများ သိပ်များများစားစားမရှိ။ ထိုနေရာက လေကောင်းလေသန့်ရပြီး ဖုန်၊ သလိပ်နံ့ကင်းစင်သည်။ ဇွန်း၊ ခက်ရင်းများ ပြောင်လက်နေ၏။ စားပွဲခင်းများ ပြန့်ပြူးစွာ တိုက်ထား၏။ ကြားတစ်ချက်၊ မကြားတစ်ချက် တေးဂီတသံက စမ်းရေလို သာယာငြိမ့်ညောင်းလှသည်။ စားသောက်ဆိုင်ထဲ၌ ထိုင်ပြီး ကိုယ့်ကိုယ်ကိုယ် ကန္တာရရောက်နေသည်ဟု ကျွန်မအထင်မရောက်တော့။ ကျော်လွှန်ဖြတ်သန်း

ခဲ့သော နေ့ရက်ကောင်းများဆီ ပြန်ရောက်သွားသည်ဟု ခံစားနေရသည်။ တစ်အောင့်အကြာတွင် ဟင်းများရောက်လာသည်။ လှပသော ပန်းကန်ကြီးထဲတွင် စိမ်းစိုသောဆလတ်ရွက်များနှင့် ပုဇွန်တုပ်ကြော်ကြီးများပါ၏။ ဖန်ခွက်ထဲတွင် အနီရင့်ရောင် စပျစ်ဝိုင်ထည့်ထားသည်။

"ဟော့... ကံကောင်းတဲ့ ငှက်ကလေးလာပြီ" ပန်းကန်ကြီးကိုကြည့်ပြီး ကျွန်မဝမ်းသာအားရ အော်ပြောမိသည်။

"သိပ်ကြိုက်တယ်... နောက်ဆို ခဏခဏလာလို့ရမလား"

ထိုညက ဟိုဆေးသည် သူကြွယ်ကြီးတစ်ဦးလို ရက်ရောလွန်းလှသည်။

သဲကန္တာရတွင် အနေကြာလာသောအခါ ကောင်းသည့်အရာတစ်ခုသင်ယူမိလိုက်သည်။ ထိုအရာက လက်တွေ့ဘဝထဲက မည်သည့်အရာလေးကိုမဆို ခံစားသွားတတ်ခြင်းဖြစ်သည်။ မဆိုစလောက်သောအရာလေးနှင့်ပင် စိတ်ဝိညာဉ်ကို ပြည့်ဝကျေနပ်သောခံစားမှုမျိုး ခံစားစေခြင်းပင်ဖြစ်သည်။ တစ်နည်းပြောရလျှင် ဦးနောက်ပြည့်ဝဖို့ထက် ဗိုက်ဝဖို့ကို ကျွန်မတို့ ပိုအလေးထားဖြစ်ခဲ့သည်။

စားသောက်ပြီးနောက် အစိမ်းရောင်ငွေစက္ကူနှစ်ရွက်ပေးလိုက်ရ၏။ ပျော်ရွှင်ကျေနပ်သော ခြေလှမ်းများဖြင့် ကျွန်မတို့အိမ်ပြန်လာခဲ့ကြသည်။ ထိုနေ့ညက ကျွန်မသည် ကံအကောင်းဆုံး အပျော်ဆုံးလူဖြစ်ခဲ့သည်။ နောက်တစ်နေ့တွင် အိမ်မှာပင် ချက်စားဖြစ်သည်။ ထမင်းစားစားပွဲပေါ်တွင် ဝိုင်းစက်သည့် အာလူးမုန့်တစ်ချပ်၊ ပေါင်မုန့်အဖြူထည်တစ်ချပ်နှင့် ရေတစ်ပုလင်းသာ ရှိသည်။

"လာ... ကျွန်မခွဲမယ်။ ရှင်က သုံးပုံနှစ်ပုံစား... ကျွန်မက သုံးပုံတစ်ပုံစားမယ်" ကျွန်မက ခွဲဝေပြီး ပေါင်မုန့်တစ်ချပ်လုံးကို ဟိုဆေးပန်းကန်ထဲ ထည့်ပေးလိုက်သည်။ အဲဒါမှ ပန်းကန်အပြည့်ဖြစ်သွားမည်။

"စားလို့ကောင်းပါတယ်။ ကျွန်မ ကြက်သွန်နီ ထည့်ထားတယ်။ စားလေ..." ကျွန်မ စ၍စားလိုက်သည်။ ဟိုဆေးက ပလုတ်ပလောင်းနှင့်တစ်ခဏချင်းမှာပင် ကုန်သွားပြီး မီးဖိုဘက်ဆီ ထသွားသည်။

"မရှိတော့ဘူး။ ဒီကနေ့ဒါအကုန်ပဲ" ကျွန်မက သူ့ကိုအမြန်ပြောလိုက်သည်။

"ဒီကနေ့က ဘယ်လိုဖြစ်ရတာလဲ" သူက နားမလည်စွာ ကျွန်မကိုကြည့်သည်။

"ဒါ ကြည့်လိုက်" သူ့အား စာရင်းစာရွက်နောက်တစ်ရွက် ကျွန်မထုတ်ပြလိုက်သည်။

"ဒါက နှစ်ဝက်အတွင်း သုံးလိုက်တဲ့ငွေ၊ မနေ့က ပြတာက ဝင်ငွေ၊ ဒါက သုံးငွေ" သူ့ပခုံးပေါ် မေးတင်ပြီး ကျွန်မ ရှင်းပြသည်။

"ဒီလောက်တောင် သုံးလိုက်တယ်။ အများကြီးပဲ။ သုံးလို့ကုန်ပြီပေါ့" ဟု သူက အော်ပြောသည်။

"ဟုတ်တယ်... အပေါ်မှာ ရှင်းရှင်းလင်းလင်းရေးထားတယ်လေ" ကျွန်မခေါင်းညိတ်လိုက်၏။ ဟိုဆေးက ကျွန်မလုပ်ထားသော စာရင်းစာရွက်ကို ဆွဲယူပြီးဖတ်သည်။

"ခရမ်းချဉ်သီး တစ်ကီလို ၆၀ (စပိန်ငွေ)၊ ဖရဲသီးတစ်လုံး ၂၂၀၊ ဝက်သားကီလိုဝက် ၃၀၀... ဘာလို့ ဒီလောက်ဈေးကြီးတဲ့ဟင်းတွေ ဝယ်ရ

တာလဲ... ငါတို့ ချွေတာစားလို့ရတယ်လေ...” စာရွက်ကို တစ်ဖက်က ဖတ်ရင်း တစ်ဖက် က သူရေရွတ်လိုက်သည်။

“ကားပြင်ခက တစ်သောင်းခွဲ၊ နှစ်ဝက်ရဲ့ဓာတ်ဆီကုန်ကျစရိတ်က နှစ်သောင်းလေးထောင်” ဆိုသည့်စာကြောင်းကို သူရွတ်နေချိန် အသံပိုမြင့်လာခဲ့ပြီး လူပါ ထရပ်လာလေသည်။

“ရှင်စိတ်မလှုပ်ရှားနဲ့လေ။ နှစ်ဝက်အတွင်း ကီလိုမီတာ ငါးသောင်း သုံးထောင်ကျော်မောင်းခဲ့ပြီပဲ။ ဒီလောက်ဓာတ်ဆီဖိုးကတော့ ကုန်မှာပေါ့”

“ဒါဆို ငါတို့ရှာထားတဲ့ပိုက်ဆံတွေကုန်ပြီပေါ့။ ပင်ပန်းရကျိုး မနပ်လိုက်တာ” ဟိုဆေးပုံစံက အလွန်ဦးနှောက်ခြောက်ပုံပေါ်၏။ အသွင်အပြင်ကလည်း ပြဇာတ်ဆန်လွန်းနေသည်။

“ငါတို့ မဖြုန်းပါဘူး။ နှစ်ဝက်မှာ အဝတ်အစားဖိုး တစ်ပြားမှတောင် မကုန်ခဲ့ဘူး။ ကုန်တာက မိတ်ဆွေတွေနဲ့ထမင်းစားတာရယ်၊ ဓာတ်ပုံရိုက်တာရယ်၊ ခရီးဝေးသွားတာရယ်ကြောင့်ပါ”

“အေး... ဒါဆိုရင် ဒီနေ့ကစပြီး တစ်ကိုယ်ရေသမားမိတ်ဆွေတွေ ထမင်းလာမစားရဘူး။ ဓာတ်ပုံဆိုလည်း အဖြူအမည်းပဲရိုက်မယ်။ ခရီးတော့ မသွားတော့ဘူး။ ဒီသဲကန္တာရထဲရောက်တာလည်း ဘယ်နှကြိမ်ရှိမှန်းတောင် မသိတော့ဘူး” ဟိုဆေးက စိတ်ဆုံးဖြတ်ချက်ချပြီး ကြေညာလေသည်။

ထိုသနားစရာမြို့ငယ်လေးတွင် ရုပ်ရှင်ရုံဆိုလည်း စုတ်စုတ်ပြတ်ပြတ် တစ်ရုံပဲရှိသည်။ လမ်းကရော... စည်ကားသည့်လမ်းတစ်လမ်းမျှမရှိ။ စာအုပ်၊ မဂ္ဂဇင်းများရတော့လည်း တစ်ဝက်လောက်က ရက်လွန်များဖြစ်သည်။ ရုပ်မြင်သံကြားကလည်း တစ်လမှာ သုံး၊ လေးကြိမ်လောက်သာ ဖမ်းမိသည်။

ပေါ်ထွက်လာသည့် ရုပ်ပုံများကလည်း သရဲတစ္ဆေလို ပိုးတိုးဝါးတား။ တစ်ယောက်တည်း အိမ်မှာနေလျှင် မကြည့်ရဲသည့်အရာမျိုး။ မီးမလာ၊ ရေမလာသည်ကတော့ ထုံးစံဖြစ်နေခဲ့ပြီ။ လမ်းလျှောက်ထွက်ချင်ရင်တောင် တစ်နေကုန် သဲကြမ်းတိုက်သည့်နေရာမျိုးဖြစ်သည်။

ဒီနေရာ၊ ဒီဒေသမှာ ဆာဟာရဝီလူမျိုးများသာ နေ့ရက်ကို သက်သောင့်သက်သာ ဖြတ်သန်းနိုင်သလောက် ဥရောပလူမျိုးများက အရက်သောက်၊ လင်မယားရန်ဖြစ်၊ တစ်ကိုယ်ရေသမားက ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သည်တို့က မကြာခဏဖြစ်ပျက်နေသည့်အရာဖြစ်သည်။ ထိုအရာအားလုံးက သဲကန္တာရကြောင့်ဖြစ်ပျက်ရသည့် ဝမ်းနည်းစရာ ဇာတ်လမ်းများဖြစ်သည်။ ကျွန်မတို့ကသာ "ဘဝနေထိုင်မှုအနုပညာ" ကို အတော်အသင့် နားလည်ထားသောကြောင့် ဆင်းရဲပင်ပန်းသည့်နေ့ရက်များကိုလည်း ဖြတ်သန်းနိုင်ခဲ့သည်။ နေထိုင်မှု သိပ်မဆိုးဝါးခဲ့။ ဟိုဆေး၏ ချွေတာရေးစီမံကိန်းကို ငြိမ်ငြိမ်လေး နားထောင်ပြီးနောက် ကျွန်မ သူ့ကို အသိပေးလေသည်။

"ဒီလောက်ချွေတာနေတာ… သုံးလောက်အကြာမှာ ငါတို့ရူးသွားရင် ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်လိုက်ရင် ဘယ်နယ့်လုပ်မလဲ"

"အေးနော်… ပိတ်ရက်မှာ မထွက်ရရင် ငါတို့အရှင်လတ်လတ် ပျင်းပြီး သေသွားနိုင်တယ်"

ဟိုဆေးက မချိတင်ကဲပြောသည်။

"ရှင်ပဲစဉ်းစားကြည့်လေ။ ကျွန်မတို့ အယ်လ်ကျီးရီးယားကုန်းမြေပြင်ဘက်မသွားဘဲ ပင်လယ်ဘေးသွားရင်ရော။ ကီလိုမီတာ ၅၀၀ ကျော် ရှည်လျားတဲ့ ကမ်းရိုးတန်းကို ကျွန်မတို့သွားလို့ရတာပဲ"

"ပင်လယ်ဘေးသွားမယ်... ဟုတ်လား။ ဒါလည်း သဲကန္တာရကို ဖြတ်ရမှာပဲ။ အသွားအပြန်နဲ့တင် ခါတ်ဆီဖိုးကုန်မှာပဲ"

"ငါးသွားဖမ်းမယ်လေ။ ငါးခြောက်လုပ်ထားရင် ဟင်းဖိုးသက်သာသလို ဓာတ်ဆီဖိုးလည်း ကာမိမှာပဲ" လည်စရာပတ်စရာအကြောင်း ပြောရလျှင် ကျွန်မက တက်ကြွ၍နေတတ်သည်။

နောက်တစ်ပတ်ပိတ်ရက်အရောက်တွင် ကျွန်မတို့ ရွက်ဖျင်တဲယူပြီး ကီလိုမီတာ ၅၀ ရှည်လျားသော သဲသောင်ပြင် စူးစမ်းလေ့လာရေး ထွက်ခဲ့သည်။ ညအချိန်ရောက်သော် ကျောက်ဆောင်ဘေးတွင် ရွက်ဖျင် ထိုး၍ အိပ်ကြ၏။ သဲသောင်မရှိသော ကျောက်ကမ်းပါးက တစ်မျိုးကောင်းသည်။ ကြိုးဖြင့် ချောက်ထဲဆင်းရသည်မှာ အဆင်ပြေသည်။ ဒီရေကျချိန် ကျောက်ဆောင်၊ ကျောက်တုံးပေါ်တွင် ခရုကမာများတွယ်ကပ်နေသည်။ ကျောက်တုံးများကြားတွင် ကဏန်းများ၊ ရေအိုင်ထဲတွင် ရေဘဝဲများ၊ မြွေနှင့်တူသည့် ငါးရှဉ့်များ၊ ပန်းကန်ပိုင်းသဏ္ဍာန် ငါးများ၊ ပြီးတော့ အခွံနက်ကမာကောင် ထောင်ပေါင်းများစွာ ကျောက်ဆောင်၊ ကျောက်တုံးပေါ်တွင် တွယ်နေတတ်သည်။ ရေညှိဟုခေါ်သည့် စားရသည့်အရွက်တစ်မျိုးကို ကျွန်မမှတ်မိသည်။ ထိုရေညှိကို အခြောက်လှန်းပြီး ဟင်းချိုချက်နိုင်သည်။ ရေနှင့်အတူ မျောနေပါသည့် သစ်၊ ဝါးများက ခေတ်ပေါ်ကနုတ်များဖြစ်သည်။ ကျောက်တုံး၊ ကျောက်ခဲဆန်းလေးများကို ကောက်ပြန်လာပြီး ကတ်ထူပြား ပေါ် ကပ်ထားလျှင်လည်း အနုပညာတစ်မျိုးဖြစ်သည်။ ထိုကမ်းစပ်သို့ လူသူ အရောက်အပေါက်နည်းသည်။ ထို့ကြောင့် သဘာဝပစ္စည်းများ အလျှံပယ် ဖြစ်နေသည်။

"ဒီနေရာက ဆိုလမွန်မင်းရဲ့ရတနာသိုက်ပေါ့။ ပွတာပဲ" ချော်ကျိုကျို ကျောက်တုံးများပေါ် ကျွန်မ ဟိုစုန်၊ ဒီကူးနှင့် အသံကျယ်ကြီးအော်ရင်း ပျော်နေလေသည်။

"ဒီကျောက်ပုံကြီး နင့်ကို ခွဲပေးမယ်။ မြန်မြန်ကောက်... ဒီရေကျနေပြီ" ဟိုဆေးက ကျွန်မဘက် ရေပုံးတစ်ပုံး၊ လက်အိတ်တစ်စုံ၊ ဓားမြှောင်တစ်ချောင်း ပစ်ပေးသည်။ သူက ရေငုပ်ဝတ်စုံဝတ်ဆင်ကာ ပင်လယ်ထဲ ဆင်းပြီး ငါးကြီးဖမ်းဖို့ ပြင်သည်။

တစ်နာရီပင် မကြာလိုက်။ ကျွန်မရေပုံးထဲတွင် ရေညှိနှင့် ခရုကမာများဖြင့် ပြည့်နေပြီဖြစ်သည်။ ဇလုံသေးလောက်ရှိသည့် ကဏန်းနီလည်း ၁၆ ကောင် ရထား၏။ ရေပုံးမဆံ့သောကြောင့် ကျောက်တုံးများဖြင့် ပတ်ပတ်လည်ကာပြီး ကဏန်းများကို ခေတ္တခဏ ထည့်ထားလိုက်သည်။ ရေညှိများကိုလည်း စုပြုံထားလိုက်၏။ ဟိုဆေး ကမ်းပေါ်တက်လာချိန် ခါးပတ်လည်တွင် ငါးကြီး ၁၀ ကောင်လောက် တွဲလွဲခိုပါလာသည်။ အားလုံးက နီဖျော့ဖျော့အရောင်များဖြစ်သည်။

"ကြည့်ဦး... ယူရတာ လက်မလည်ဘူး။ အများကြီးပဲ"

ထိုအချိန်ကျမှ လောဘကြီးသူတို့၏အရသာကို ကျွန်မခံစားမိသည်။

ဟိုဆေးက ကျွန်မဖမ်းထားသော ကဏန်းများကိုကြည့်ပြီး မီးခိုးရောင် ကဏန်းသေးလေးများ အကောင် ၂၀ လောက် သွားဖမ်းလာခဲ့သည်။

"ဒီအသေးက နီကိုလတ်စ်လို့ခေါ်တယ်။ အကြီးထက် စားလို့ကောင်းတယ်" ဟု သူက ပြောသည်။ ဒီရေများ တရိပ်ရိပ်တက်လာနေပြီ။ ကျောက်ဆောင်အောက်အထိ ကျွန်မတို့ဆုတ်သွားပြီး ငါးအကြေးများခြစ်၏။ ငါးဗိုက်

များ ဆေးကြောပြီးနောက် အိတ်ကြီးတစ်အိတ်ထဲ ထည့်လိုက်ကြသည်။ ဘောင်းဘီအရှည်ကို ကျွန်မချွတ်ချပြီး ခြေဝနစ်ခုကို အထုံးထုံးလိုက်သည်။ ထို့နောက် ကဏန်းများကို ပစ်ထည့်လိုက်သည်။ ရေပုံးကိုလည်း ကြိုးတွင် ချည်လိုက်ပြီး ကျောက်နံရံပေါ်တွယ်တက်ခဲ့သည်။ အဲဒါက ပထမဆုံးအကြိမ် စူးစမ်းလေ့လာမှုဆိုပေမည့် တစ်နင့်တစ်ပိုးနင့် အိမ်အပြန်လှခဲ့သည်။

"မြန်မြန်မောင်း... မြန်မြန်မောင်း... ဟိုအပျို၊ လူပျိုကြီးတွေကို အိမ်မှာထမင်းစားဖိတ်ရအောင်" အပြန်လမ်းတွင် ဟိုဆေးကို ကျွန်မ အလောတကြီး ပြောလိုက်သည်။

"နင် ငါးခြောက်မလုပ်တော့ဘူးလား" ဟိုဆေးက မေးလိုက်သည်။

"ပထမဆုံးအကြိမ်ဆိုတော့ ထားလိုက်တော့... သူတို့ကို ထမင်းစား ဖိတ်လိုက်မယ်။ သူတို့လည်း ကောင်းကောင်းစားကြရတာ မဟုတ်ဘူး"

ဟိုဆေးလည်း အရမ်းဝမ်းသာနေသည်။ အပြန်လမ်းတွင် ဘီယာ တစ်သေတ္တာနင့် ဝိုင်ခြောက်ပုလင်း ဝယ်လိုက်သည်။

နောက်ပိုင်း အလုပ်နားရက်များတွင် မိတ်ဆွေများက ကျွန်မ တို့နင့်အတူတူ ငါးလိုက်ဖမ်းမည်ဟုဆို၏။ ကျွန်မတို့လည်းပျော်ပြီး အမဲသား ၁၀ ကီလို၊ မုန်ညင်းဖြူငါးပင်ဝယ်လိုက်သည်။ ကြက်ဥမုန့်တချို့လုပ်ပြီး ရေခဲသေတ္တာအသေး တစ်ခု၊ မီးသွေးမီးဖို တစ်ခု၊ ရေပုံးကြီး ငါးပုံး၊ လက်အိတ် ခြောက်စုံ၊ ဘီလပ်ရည် တစ်သေတ္တာနင့် နွားနို့တစ်သေတ္တာကိုဝယ်လိုက်သည်။ ခမ်းခမ်း နားနားနင့် ကား နစ်စီးဖြင့် ကမ်းရိုးတန်းတစ်လျှောက် မောင်းနင်ခဲ့၏။ ညဘက် စခန်းချချိန်တွင် အသားကင်လိုက်၊ တောအကြောင်း၊ တောင် အကြောင်းပြောလိုက်နင့် အပျော်ကြီးပျော်နေခဲ့သည်။ ပိုက်ဆံစုမယ်၊ ချွေတာ

မယ်ဆိုသည့် အကြောင်းက ဘုမသိ ဘမသိနှင့် မေ့လျော့သွားခဲ့သည်။ ကျွန်မတို့အိမ်တွင် ပိုက်ဆံကို မည်သူမျှ မထိန်းသိမ်းချေ။ ပိုက်ဆံကို တရုတ်ဖြစ် ဝွမ်းဂျာကင်အိတ်ကပ်တွင် ထည့်ထားသည်။ မည်သူဖြစ်ဖြစ် ပိုက်ဆံသုံးစရာ ရှိလျှင် ထိုအိတ်ကပ်ထဲမှ တစ်ရွက်ဆွဲထုတ်၏။ စာရင်းကို အမှတ်ရလျှင် ရေးသည်။ ရေးသည့်အခါ၌လည်း တွေ့ကရာစက္ကူပေါ်တွင်ရေးပြီး ချိုချဉ် ထည့်သည့် ပုလင်းကြီးထဲ ပစ်ထည့်ထားလိုက်သည်။ ပင်လယ်ဘက် အကြိမ် အနည်းငယ်သွားပြီးသည့်နောက် အိတ်ကပ်ဗလာဖြစ်လာ၏။ ချိုချဉ်ဘူးတွင် စာရွက်တိုများ ပြည့်လာသည်။

"မရှိတော့ပြန်ဘူး။ သိပ်မြန်တာပဲ" ဝွမ်းဂျာကင်ကိုပိုက်ပြီး ကျွန်မ တတွတ်တွတ်ရေရွတ်မိသည်။

"စစချင်း ပင်လယ်မှာ ငါးသွားဖမ်းတာက ငါးခြောက်လုပ်ဖို့၊ ပြီးတော့ ဟင်းဖိုးချွေတာဖို့မဟုတ်လား။ ဘယ်လိုလုပ်ပြီး ဒီလောက်ငွေတွေ ကုန်သွား ပြန်တာလဲ"

ဟိုဆေးက နားမလည်စွာ ခေါင်းကုတ်ပြီး ပြောလေသည်။

"မိတ်ဆွေဆိုတာ အဖိုးမဖြတ်နိုင်တဲ့ရတနာပါ" သူ့ကို ဒီလိုပဲ ကျွန်မ နှစ်သိမ့်လိုက်နိုင်သည်။

"နောက်တစ်ပတ်ကျရင် ငါးဖမ်းပြီး ရောင်းရအောင်" ဟိုဆေးက ထိုသို့ ဆုံးဖြတ်ချက်ချပြန်သည်။

"ဟုတ်သားပဲ... ငါးတွေစားလို့ရရင် ရောင်းလို့လည်းရတာပေါ့။ သိပ်တော်တာပဲ။ ကျွန်မတောင် မစဉ်းစားမိဘူး"

ကျွန်မ ထခုန်ပြီး ဟိုဆေးခေါင်းကို တစ်ချက်ပုတ်လိုက်သည်။

"သွားလည်တဲ့ကုန်ကျစရိတ် ပြန်ရရင် ရပါပြီ"

ဟိုဆေးက လောဘကြီးသူ မဟုတ်ပါ။

"ကောင်းပြီ... ကောင်းပြီ... နောက်တစ်ပတ် ငါးရောင်းမယ်... ငါးရောင်းမယ်"

ကျွန်မက စိတ်ဆန္ဒပြင်းပြစွာပြောလိုက်၏။ ဝင်ငွေအများကြီး ရဖို့လည်း မျှော်လင့်မိသည်။

စနေနေ့နံနက် ၄ နာရီခွဲခန့်ကတည်းက မှောင်မှောင်မည်းမည်း ဖြင့် ကျွန်မတို့ကားပေါ်တက်ကြသည်။ တစ်လမ်းလုံးအေးလွန်း၍ သွားချင်း ရိုက်နေ၏။ သွားရဲလာရဲပြီး လမ်းကျွမ်းကျင်သောကြောင့် မှောင်မည်းမည်း သဲကန္တာရတွင် ကားမောင်းနေခဲ့သည်။

နံနက် ၈ နာရီကျော် နေထွက်စ သိပ်မကြာခင် ကျောက်ကမ်းပါး ဘေးသို့ ကျွန်မတို့ရောက်လာခဲ့ပြီ။ ကားပေါ်က ကျွန်မတို့ဆင်းလိုက်ကြ သည်။ နောက်ဘက်တွင် လျှို့ဝှက်ချက်များပြည့်နက်သော လွင်ခေါင်ခေါင် သဲကန္တာရဖြစ်ပြီး မျက်စိရှေ့တွင် လှိုင်းတံပိုးပြင်းထန်သည့် ပင်လယ်ပြင်နှင့် ကျောက်ဆောင်၊ ကျောက်ခဲများ ဖြစ်သည်။ ပြာလွင့်သောကောင်းကင်တွင် တိမ်တစ်စမျှမရှိ။ ပင်လယ်ငှက်များ အုပ်လိုက် ဟိုဟိုဒီဒီ ပျံသန်းနေသည်။ တစ်ခါတစ်ရံ တွန်ကျူးလိုက်သော အသံကြောင့် အရပ်ဝန်းကျင်တစ်ခုလုံး ပိုပြီးချောက်ချား အထီးကျန်လှ၏။ ဂျာကင်ကော်လာကို ကျွန်မလှန်လိုက်ပြီး ပခုံးနှစ်ဖက်ကို စွင့်ကားလိုက်သည်။ ခေါင်းကိုမော့ကာ လေတိုက်ခံနေရင်း ထိုပုံစံအတိုင်း မလှုပ်မယှက်နေနေသည်။

"ဘာတွေးနေတာလဲ" ဟု ဟိုဆေးက မေးသည်။

"ရှင်ရော" သူ့ကို ကျွန်မ ပြန်မေးလိုက်သည်။

"Jonathan Livingston Seagull ဆိုတဲ့ စာအုပ်ထဲက ပြောထားတာလေးတွေကို တွေးနေတာ"

ဟိုဆေးက လန်းဆန်းတောက်ပသူဖြစ်သည်။ ဒီအချိန် ဒီမြင်ကွင်းမှာ သူ အဲဒီစာအုပ်အကြောင်း တွေးနေလောက်သည်မှာ မလွဲမသွေပေ။

"နင်ရော..." ကျွန်မကို သူက ထပ်မံမေးပြန်သည်။

"ကျွန်မလား... ခန့်ညားချောမောလှပသော ခြေသလုံးအိမ်တိုင်ရဲမက်တစ်ဦးကို ကျွန်မရူးသွပ်စွာ ချစ်ခဲ့မိသည်။ သူနှင့်ကျွန်မ ဤကုန်းပြင်မြင့်ထက်တွင် လမ်းလျှောက်နေ၏။ ဘေးပတ်လည်တွင် လှပသည့် တောရိုင်းပန်းများအနံ့ဖူးပွင့်နေသည်။ လေက ရှုပ်ပွနေသော ကျွန်မဆံပင်ကို ပွတ်တိုက်နေ၏။ သူက ကျွန်မအား နွေးထွေးနူးညံ့စွာ စူးစိုက်ကြည့်နေ၏။ ရိုမန်တစ်ဆန်သော ဆင်းရဲပင်ပန်းလှသည့် နေ့ရက်များပါတကား" ဟု ကျွန်မက ညည်းပြီး ပြောလိုက်လေသည်။

ပြောပြီးသည်နှင့် မျက်လုံးကိုမှိတ်ပြီး လက်မောင်းနှစ်ဖက်ဖြင့် ကိုယ့်ကိုယ်ကိုယ် ကျွန်မပွေ့ဖက်ထားလိုက်ကာ ကျေနပ်အားရစွာဖြင့် လေမှုတ်တစ်ချက် မှုတ်ထုတ်လိုက်လေသည်။

"နင် ဒီနေ့သရုပ်ဆောင်တာက "Ryan's Daughter" မဟုတ်လား" ဟု ဟိုဆေးက ပြောသည်။

"မှန်တယ်... ကောင်းပြီ... ကျွန်မတို့ အလုပ်စလုပ်ရအောင်"

လက်ခုပ်တစ်ချက်တီးပြီး ကြိုးစကို ဆွဲလိုက်ကာ ကျောက်ဆောင်အောက်သို့ ဆင်းရန် ကျွန်မပြင်သည်။ ရူးသွပ်စွာ စိတ်ကူးယဉ်မှုက အလုပ်လုပ်ရာတွင်

ပိုတက်ကြွစေ၏။ ဒါက ကျွန်မ၏ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသောဘဝကို ထိန်းညှိဖို့ စဉ်းစားမိလိုက်သည့် နည်းလမ်းများဖြစ်သည်။

"ဆမ်မောက်… ဒီနေ့ သေသေချာချာလုပ်မယ်… နင် သေချာကူရမယ်နော်" ဟိုဆေးက တည်တည်တံ့တံ့ပြောသည်။

ထိုးထိုးထောင်ထောင်ကျောက်ဆောင်ပေါ် ကျွန်မတို့ရပ်လိုက်ကြသည်။ ဟိုဆေး ရေငုပ်လေ၏။ သူက ငါးတစ်ကောင်ပစ်ရတိုင်း ရေတိမ်ရာဘက်ဆီသို့ ပစ်ပေးသည်။ ကျွန်မက အမြန်ဆယ်ယူသည်။ ထို့နောက်ကျောက်တုံးပေါ် ဒူးထောက်ချပြီး ဓားဖြင့် အကြေးခွံနွှာ၊ ဗိုက်ခွဲဆေးကြောသန့်ရှင်း၏။ ပြီးလျှင် ပလတ်စတစ်အိတ်တစ်ခုထဲသို့ ထည့်လိုက်သည်။

ငါးကြီး သုံးကောင်ကို အကြေးခွံနွှာပြီးသည့်နောက် ကျွန်မ၏လက်နစ်ဖက်စုတ်ပြဲပြီး သွေးထွက်လာသည်။ ရေက ရေငန်ဖြစ်သောကြောင့် စပ်လှ၏။ ဟိုဆေးက ငုပ်လိုက်၊ ပေါ်လိုက်နှင့် ငါးများ အဆက်မပြတ်ပစ်ပေးသည်။ ကျွန်မလည်း အပတ်တကုတ်ကြိုးစားသည်။ ခွဲပြီး၊ ဆေးပြီးသားငါးများကို ပလတ်စတစ်အိတ်ထဲ ညီညီညာညာစီထားလိုက်သည်။

"ပိုက်ဆံရှာရတာ သိပ်မလွယ်ပါလား" ဟု ခေါင်းခါရင်း ကျွန်မညည်းသည်။ ထောက်ထားသည့်ဒူးပင် ယောင်ကိုင်းလာပြီ။ အကြာကြီးနေမှဟိုဆေး ကမ်းပေါ်တက်လာသည်။ သူ့အား ကျွန်မ နွားနို့အမြန်ကမ်း၏။ သူမျက်စိမှိတ်ပြီး မျက်နှာဖြူရော်ရော်နှင့် ကျောက်ချပ်ပေါ် လဲလျောင်းနေသည်။

"ဘယ်နကောင်ရပြီလဲ" သူက မေးသည်။

"၃၀ ကျော်ပြီ။ အကောင်ကြီးတွေပဲ။ အားလုံး ကီလို ၆၀၊ ၇၀ လောက်ရှိမယ်"

"မဖမ်းတော့ဘူး။ မောလို့သေတော့မယ်" ဟု ပြောပြီး ဟိုဆေး မျက်စိတစ်ဖန် မှိတ်သွားပြန်သည်။

သူ့ကို နွားနို့သွန်ပေးရင်း တစ်ဖက်ကလည်း "ကျွန်မတို့လိုလူမျိုး က ရိုးရှင်းတဲ့ တံငါသည်လို့ခေါ်သင့်တယ်" ဟု ကျွန်မက ပြောသည်။

"ငါးက သက်သတ်လွတ်မဟုတ်ဘူး ဆမ်မောက်"

("ရိုးရှင်း" နှင့် "သက်သတ်လွတ်" တရုတ်အသံထွက်တူသည်။ ဘာသာပြန်သူ)

"ကျွန်မပြောတာက အဲဒီသက်သတ်လွတ်မဟုတ်ဘူး။ အရင်တုန်း က ပဲရစ်မှာ လူတစ်အုပ်ရှိတယ်။ သူတို့က နေ့တိုင်းအလုပ်လုပ်ပြီး တနင်္ဂနွေနေ့ ကျမှ ပန်းချီဆွဲတယ်။ သူတို့က သူတို့ကိုယ်တိုင် ရိုးရှင်းတဲ့ ပန်းချီဆရာလို့ ခေါ်တယ်။ ကျွန်မတို့လည်း တနင်္ဂနွေနေ့ကျမှ ငါးထွက်ဖမ်းတော့ ရိုးရှင်းတဲ့ တံငါသည်ပေါ့။ ဟုတ်ဘူးလား"

"နင့်မှာလည်း အကြံအစည်များလိုက်တာ။ ငါးဖမ်းတာတောင် ဒီလိုနာမည်အသစ်ထွင်နိုင်သေးတယ်" ဟိုဆေးကြည့်ရတာ သိပ်စိတ်မဝင် စားပေ။ အနားယူ၍ဝသောအခါ ငါးများကို ကျွန်မတို့သုံးခါခွဲပြီး ကမ်းပါးပေါ် သယ်ကြသည်။ ကားထဲထည့်ပြီး အပေါ်တွင် ရေခဲသေတ္တာငယ်လေးထဲက ရေခဲများဖြင့် အုပ်လိုက်၏။ ပူပြင်းလှသောသဲကန္တာရတွင် ကီလိုမီတာ ၁၀၀ ကျော်သော အပြန်ခရီးကလည်း ပင်ပန်းဦးမည်။ ထူးဆန်းသည်မှာ ဒီ တစ်ခေါက်က အရင်တစ်ခေါက်လောက် ပျော်စရာမကောင်းသလို လူလည်း ပင်ပန်းလှသည်။ မြို့ထဲရောက်ခါနီး ဟိုဆေးအား ကျွန်မ တီးတိုးတောင်းဆို မိသည်။

"ကျွန်မကို တရေးလောက်ပေးအိပ်ပါနော်။ ပြီးမှ ငါးသွားရောင်းမယ်နော်။ ပင်ပန်းလွန်းလို့ပါ"

"မရဘူး... ငါးတွေ နံကုန်မယ်။ နင်ပြန်နား... ငါသွားရောင်းမယ်"

"ရောင်းမယ်ဆို အတူတူသွားရောင်းမှာပေ့ါ... ကျွန်မ ခဏလောက်တောင့်ခံလိုက်ပါ့မယ်" ဟု ကျွန်မပြန်ပြောမိသည်။

ရဲတိုက်၏ခြံစည်းရိုးသဖွယ် ကာရံထားသော နိုင်ငံတော်ဟိုတယ်ရှေ့အဖြတ် ကျွန်မဦးနောက်လင်းခနဲဖြစ်သွားပြီး "ရပ်..." ဟု အော်လိုက်သည်။ ကားဘရိတ်ကို ဟိုဆေးနင်းလိုက်၏။ ခြေဗလာဖြင့် ကားပေါ်မှကျွန်မခုန်ချပြီး ဟိုတယ်တံခါးဝထဲ ခေါင်းပြူကြည့်သည်။ "ဟေ့... ဟေ့..." ကောင်တာကအန်ထော်နီရိုကို ကျွန်မအသံတိုးတိုးဖြင့် ခေါ်လိုက်သည်။ သူက ကျွန်မကိုတွေ့တော့... "ဟေ့... ဆမ်မောက်" ဟု ပြန်၍ နှုတ်ဆက်သည်။

"ရှူး... မအော်နဲ့... နောက်ဖေးတံခါး ဘယ်မှာလဲ" သူ့အား တိုးတိုးမေးပြန်သည်။

"နောက်ဖေးတံခါး... နင် နောက်ဖေးသွားပြီး ဘာသွားလုပ်မှာလဲ" သူ့အား ကျွန်မရှင်းမပြခင် သူတို့၏အကြီးအကဲမန်နေဂျာ ကျွန်မတို့ဘက်လျှောက်လာသည်ကို တွေ့လိုက်သည်နှင့် တိုင်တစ်တိုင်နောက် ကျွန်မပြေးပုန်းတော့သည်။ သူလည်းဆန့်ကြည့်သောအခါ အပြင်ဘက်ကားရှိရာဆီသို့ ကျွန်မ တစ်ဟုန်ထိုးပြေးလေသည်။

"မရဘူးကွာ... ကျွန်မမရောင်းတတ်ဘူး။ သိပ်အားနာစရာ ကောင်းတယ်"

မျက်စိပျက် မျက်နှာပျက်နှင့် ကျွန်မပြောလိုက်သည်။

"ဒါဆို ငါသွားမယ်" ဟုဆိုကာ ကားတံခါးကို ဆောင့်ပိတ်ပြီး ဟိုတယ်ဘက်ဆီ ခြေလှမ်းကျဲဖြင့် ဟိုဆေးသွားလေသည်။

"ဟဲလို... မန်နေဂျာကြီး..." ဟိုဆေးနှုတ်ဆက်လိုက်သည်နှင့် မန်နေဂျာက လျှောက်လာသည်။ ဟိုဆေးနောက်တွင် ကျွန်မကွယ်နေသည်။

"ကျွန်တော်တို့မှာ လတ်ဆတ်တဲ့ငါးရှိတယ်။ ခင်ဗျားဝယ်မလား" ဟိုဆေးက မတွန့်မဆုတ် မျက်နှာပင် မနီဘဲ တိုက်ရိုက်မေးလေ၏။ ကြည့်ရသည်မှာ သူက ရဲဆေးတင်းထားပုံရသည်။

"ဘာ... နင်တို့ ငါးရောင်းမယ်..." မန်နေဂျာက ကျွန်မတို့၏စုတ်ပြတ်နေသော ဘောင်းဘီကိုကြည့်ပြီး မျက်နှာအရောင်ပြောင်းသွားသည်။ သူ့ကိုပင် ကျွန်မတို့က စော်ကားလိုက်သလို...။

"ငါးရောင်းမယ်ဆို ဘေးတံခါးကနေဝင်... မီးဖိုဆောင်က တာဝန်ရှိသူတွေနဲ့ သွားပြော..." ဘေးတံခါးကို လက်ညှိုးထိုးပြကာ မာန်ဖြင့် သူပြောသည်။ ကျွန်မ၏ခန္ဓာကိုယ် ပိုကျုံ့ဝင်သွားတော့သည်။ ဟိုဆေးကို အတင်းဆွဲထုတ်ပြီး "ကြည့်စမ်း... ကျွန်မတို့ကို အမြင်သေးတာ... ကျွန်မတို့ တခြားမှာ သွားရောင်းရအောင်... နောက်တစ်ခါ ဒီဟိုတယ်မှာ ညစာလာစားရင် ဒီမန်နေဂျာနဲ့ တွေ့နေရဦးမှာ" ဟု ကျွန်မက ပြောလိုက်သည်။

"ဒီမန်နေဂျာက အလကား... မကြောက်နဲ့... လာ ငါတို့မီးဖိုဆောင်သွားမယ်" မီးဖိုဆောင်မှလူများက ကျွန်မတို့ကို လူထူးလူဆန်းသဖွယ် ဝိုင်းအုံကြည့်ကြသည်။

"တစ်ကီလို ဘယ်လောက်လဲ" ဟိုဆေးနှင့်ကျွန်မ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။ စကားတစ်လုံးမျှ ထွက်မလာခဲ့။

"အင်း... တစ်ကီလို ၅၀" ဟု ဟိုဆေးက စျေးဖွင့်သည်။

"ဟုတ်တယ်... ဟုတ်တယ်... ၅၀" ကျွန်မလည်း အမြန် သံယောင်လိုက်သည်။

"ကောင်းပြီ... ၁၀ ကောင်ပေးပါ။ ချိန်ကြည့်ကြတာပေါ့" မီးဖိုဆောင်တာဝန်ရှိသူက ဖော်ရွေသည်။ ကျွန်မတို့ အပျော်ကြီးပျော်သွားသည်။ ကားဆီ အလျင်အမြန်ပြေးသွားပြီး ငါးကြီး ၁၀ ကောင်ကို ရွေးပေးလိုက်သည်။

"ဒီလ ၁၅ ရက်ကျော်တာနဲ့ ဒီစာရင်းစာရွက်နဲ့အတူ ငွေရှင်းကောင်တာမှာ ပိုက်ဆံလာထုတ်လို့ရတယ်"

"ငွေသားလက်ငင်း မရှင်းဘူးလား"

"နိုင်ငံတော်ကမို့... သည်းခံနားလည်ပေးပါ"

ငါးများဝယ်ပြီး မီးဖိုဆောင်မန်နေဂျာက ကျွန်မတို့ကို လက်ဆွဲနှုတ်ဆက်၏။ ပထမဆုံး ငါးရောင်းရသည့် ငွေ ၁၀၀၀ ကျော်စာရင်းစာရွက်ကို ကျွန်မတို့ယူပြီး သေချာထပ်ကြည့်လိုက်သည်။ ထို့နောက် ဘောင်းဘီအိတ်ထဲသို့ ကျွန်မ ဂရုတစိုက် ထည့်လိုက်သည်။

"လာ... အခု တီတီဟိုတယ်ကိုသွားမယ်" ဟိုဆေးက ပြောသည်။

တီတီဟိုတယ်က ဆာဟာရတွင် နာမည်ကြီး၏။ သူတို့က အလုပ်သမားများအတွက် ထမင်းထုပ်ရောင်း၏။ ညပိုင်း အရက်ရောင်း၏။ ဟိုတယ်အခန်းငှား၏။ ဟိုတယ်အပြင်ပိုင်းကို နီညိုရောင်ဆေးသုတ်ထား၏။ အတွင်းပိုင်း၌ ခေတ်ပေါ်သီချင်း တစ်နေကုန်ဖွင့်၏။ မီးရောင်က အစိမ်းရောင်ဖြစ်သည်။ အထဲတွင် လူဖြူအမျိုးသမီးများ ဟန်ပန်မူရာနည်းမျိုးစုံဖြင့် အလုပ်လုပ်နေကြသည်။

စပိန်ကလာသည့် လမ်းပြင်အလုပ်သမားများ လခထုတ်သည်နှင့် တီတီဟိုတယ်ပြေးကြသည်။ အရက်မူးလျှင် အပြင်ဆွဲထုတ်ခံရသည်။ တစ်လတာ ပင်ပင်ပန်းပန်းရှာခဲ့သည့် လခထက်ဝက်လောက်က ထိုအမျိုးသမီးများ၏ အိတ်ကပ်ထဲ ရောက်ကုန်ကြသည်။ ဟိုတယ်ရှေ့ရောက်သည်နှင့် ဟိုဆေးအား ကျွန်မပြောသည်။

"ရှင် ဝင်သွားလိုက်... ကျွန်မအပြင်မှာ စောင့်နေမယ်"

မိနစ် ၂၀ လောက်ကြာသော်လည်း ဟိုဆေး၏အရိပ်အယောင်ကို မတွေ့ရတော့။ ငါးတစ်ကောင်ဆွဲပြီး ကျွန်မလည်း လိုက်ဝင်သွားသည်။ ဝင်သွားသည်နှင့် ကောင်တာရှေ့တွင် ဆက်စီကျ လှပသော "တီတီ" က ဟိုဆေး မျက်နှာအား ပွတ်သပ်နေသည်ကို တွေ့လိုက်၏။ ဟိုဆေးက ဆေးမိသွားသည့် ငှက်ကလေးတစ်ကောင်လို ကြောင်တောင်တောင် ရပ်နေသည်။ ကျွန်မ ခြေလှမ်းကျဲကျဲဖြင့် ရှေ့တက်ပြီး ထိုအမျိုးသမီးကို မျက်နှာတင်းတင်းနှင့် အော်ပြောလိုက်သည်။

"ငါးဝယ်မလား၊ မဝယ်ဘူးလား။ တစ်ကီလို ၅၀၀"

လက်ထဲက ငါးကိုလည်း ကောင်တာပေါ် ဝုန်းခနဲ ပစ်တင်လိုက်၏။

"ဘာလို့ ဈေးလျှော့တင်နေတာလဲ။ ခုနပဲ တစ်ကီလို ၅၀ ဆို"

သူ့ကို ကျွန်မစေ့စေ့ကြည့်လိုက်ပြီး စိတ်ထဲကလည်း "နင် ဟိုဆေး မျက်နှာကို ထပ်ကိုင်ရင် တစ်ကီလို ၅၀၀၀ တက်ပစ်မယ်" ဟု ကြုံးဝါးခဲ့သည်။

"နင် ဝင်ရှုပ်ဖို့ပဲတတ်တယ်။ သူ့ကို ငါ ငါးအကုန်ရောင်းတော့မလို့"

ဟိုဆေးက ကျွန်မကို ဟိုတယ်အပြင်ဘက်တွန်းထုတ်ရင်း တီးတိုးပြောသည်။

"မဝယ်ချင်နေ... ရှင်က ငါးရောင်းတာလား၊ အပြုံးရောင်းတာလား။

ဘာလို့ ပါးပေးပွတ်နေရတာလဲ" ပြောပြောဆိုဆို ဟိုဆေးကို ကျွန်မ လက် မြှောက်ရိုက်လိုက်သည်။ ဟိုဆေးကလည်း သူ့လွန်မှန်းသိ၍ ငြိမ်ခံနေ၏။ ဟိုတယ်ထဲ ကျွန်မထပ်မံပြေးဝင်သွားပြီး ကောင်တာပေါ်ကငါးကို စိတ်တိုတို နှင့် ဖျတ်ခနဲ ဆွဲယူခဲ့တော့သည်။

ပူပြင်းသောနေရောင်အောက်တွင် ကျွန်မတို့ ပူလောင်၊ ဆာလောင်၊ ရေငတ်ပင်ပန်းနွမ်းနယ်နေကြ၏။ အချင်းချင်းကလည်း စိတ်ကောက်နေကြ ပြီမို့ ငါးများကို ကျွန်မ လွှင့်ပစ်လိုက်ချင်မိသည်။

"ကန္တာရစစ်တပ်ထဲက စားဖိုမှူးပါကော်ကို ရှင်သိလား"

"နင်က စစ်တပ်ကို ငါးရောင်းပေးမလို့"

"အင်း..."

ဟိုဆေး မည်သို့မျှ ထပ်မပြောဘဲ ကားကို စစ်တပ်ဘက် ဦးတည် လိုက်သည်။ တပ်မရောက်ခင် လမ်းတွင် ပါကော်အား တိုက်တိုက်ဆိုင်ဆိုင် တွေ့သည်။

"ပါကော်... ငါး လတ်လတ်ဆတ်ဆတ် ဝယ်မလား" သူ့အား ကျွန်မ အော်ခေါ်ပြီး မျှော်လင့်ချက်နှင့် မေးလိုက်သည်။

"ငါး... ဘယ်မှာလဲ"

"ကားထဲမှာ... အကောင် ၂၀ ကျော်လောက်ရှိတယ်"

ပါကော်က ကျွန်မအား စိုက်ကြည့်ပြီး ခေါင်းခါသည်။

"ဆမ်မောက်... လူ ၃၀၀၀ ကျော်ရှိတဲ့ စစ်တပ်မှာ နင့်ငါး အကောင် ၂၀ နဲ့ ဘယ်လောက်မလဲ"

သူက ငြင်းလိုက်သည်။

"ဒါတော့ ပြောလို့ ဘယ်ရမလဲ ပါကော်... အရင်ဝယ်ပြီး သွားချက်ကြည့်လေ။ ယေရှုရဲ့မုန့် ငါးချပ်၊ ငါး နှစ်ကောင်နဲ့တောင် လူ ၅၀၀၀ ကိုဝအောင် ကျွေးခဲ့တာပဲ။ ဒါကိုကျတော့ ရှင်ဘယ်လိုပြောမလဲ"

"လာ... နင့်ကို ငါသင်ပေးမယ်။ စာတိုက်ရုံးရှေ့မှာ သွားရောင်း။ အဲဒီမှာ လူများတယ်" ပါကော်က ပြောသည်။ ဥရောပသားများကိုသာ ကျွန်မတို့က ငါးရောင်းပေးနိုင်သည်။ ဆာဟာရဝီများ ငါးမစားသောကြောင့်ဖြစ်သည်။ ဒီလိုနှင့် ကုန်စုံဆိုင်တစ်ဆိုင်တွင် ကျောက်သင်ပုန်းတစ်ချပ်၊ မြေဖြူတချို့ကို ကျွန်မတို့ဝယ်လိုက်၏။ ခင်မင်ရင်းနှီးနေသော ကုန်စုံဆိုင်ပိုင်ရှင်ထံ ချိန်ခွင်တစ်ခုကို ငှားလိုက်သေးသည်။ ကျောက်သင်ပုန်းပေါ်တွင် ခုန်နေသော ငါးတစ်ကောင်ပုံဆွဲပြီး ဘေးတွင် "လတ်ဆတ်သည့်ငါးရောင်းသည်။ တစ်ကီလို ၅၀" ဟု ရေးလိုက်သည်။

စာတိုက်ရှေ့ရောက်ချိန်မှာ ညနေ ၅ နာရီရှိနေခဲ့ပြီ။ လေယာဉ်နှင့် အတူပါလာသည့် ပါဆယ်ထုပ်များ၊ စာများရောက်ရှိချိန်ဖြစ်၍ လူများဖြင့် စည်ကားနေသည်။ ကားကို ကျွန်မတို့ရပ်လိုက်ပြီး ကျောက်သင်ပုန်းကို ကားပြတင်းပေါက်တွင် ထောင်လိုက်ကာ ကားနောက်ဖုံးကို ဖွင့်ထားလိုက်၏။ ထိုအပြုအမူလေးနှင့်ပင် ကျွန်မတို့မျက်နှာ နီမြန်းနေခဲ့ပြီ။ လူသွားလမ်းစကြံဘက် ကျွန်မတို့ထိုင်နေလိုက်သည်။ လမ်းသွားလမ်းလာတွေကို မကြည့်ရဲခဲ့။ လူများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ သွားလာနေကြသည်။ မည်သူကမျှ ရပ်တန့်ပြီး ငါးမဝယ်ကြ။ တစ်အောင့်လောက်ထိုင်ပြီး ဟိုဆေးက "ဆမ်မောက်... နင်ပြောတော့ ငါတို့က အနုပညာသည်တွေဆို... အနုပညာသည်ဆိုရင် တခြားအပိုပစ္စည်းတွေရောင်းပြီး ဝမ်းစာရှာစရာမလိုဘူး မဟုတ်လား" ဟု ပြောသည်။

"ပြန်တော့မလို့လား... ကျွန်မလည်း တက်ကြွမနေတော့ဘူး" ထိုအချိန်၌ ဟိုဆေး၏လုပ်ဖော်ကိုင်ဖက်တစ်ယောက်က ကျွန်မတို့ဘက် လျှောက်လာပြီး နှုတ်ဆက်သည်။

"လေညင်းခံနေကြတာလား"

"မဟုတ်ပါဘူး" ဟိုဆေးကပြောပြီး ခါးဆန့်ရင်း ထရပ်လိုက်သည်။

"ငါးရောင်းနေတာ" လမ်းတစ်ဖက်က ကားကို လက်ညှိုးထိုးပြရင်း ကျွန်မပြောသည်။ ထိုမိတ်ဆွေက လူပျိုကြီးဖြစ်သည့်အပြင် သန်သန်မာမာ ဖြစ်သည်။ ကားရှိရာဆီ သူသွားလိုက်ပြီး ကျောက်သင်ပုန်းပေါ်ရေးထားသည် ကို ဖတ်၏။ ထို့နောက် ကားနောက်ဖုံးကိုဖွင့်ပြီး ကြည့်၏။ ထို့နောက် သဘော ပေါက်သွားသလို လမ်းအမြန်ကူးလာပြီး ကျွန်မတို့နှစ်ယောက်ကို ကားနား ဆွဲခေါ်သွားတော့သည်။

"ငါးရောင်းရင် အော်ရောင်းရတယ်။ မင်းတို့ ရှက်နေလို့မရဘူး။ လာ... လာ... ငါရောင်းကူမယ်" ထိုမိတ်ဆွေက ငါးတစ်ကောင်ကို ကောက်ယူ လိုက်ပြီး အသံကျယ်ကျယ်နှင့် "ဟ ရို... လာနော်... လာ... လာ... လတ်ဆတ်တဲ့ ငါးရမယ်။ တစ်ကီလိုမှ ၇၅ ထဲ... ရို... ရို... ငါးရမယ်နော်... ငါး... ငါး..." ဟု အော်၏။ ဈေးနှုန်းလည်း သူ့ဘာသာသူ မြှင့်လိုက်သေးသည်။

သူ့အော်သံကြောင့် လူများဝိုင်းအုံလာကြသည်။ ငါးအကောင် ၂၀ မှာ ခဏလေးနှင့် ရောင်းလိုက်ရ၏။ ကျွန်မတို့ မျှော်လင့်ထားသည်ထက် ပိုဝမ်းသာပျော်ရွှင်ကြသည်။ ကားပေါ်တွင်ထိုင်ပြီး ကျွန်မတို့ စာရင်းတွက်နေ ကြသည်။ ငွေ ၃၀၀၀ ကျော်ရလိုက်၏။ ထိုမိတ်ဆွေကို ရှာကြည့်လိုက်တော့ သူက ပြုံးပြုံးနှင့် အဝေးကို ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

"ဟိုဆေး... သူ့ကို ကျေးဇူးတင်ဖို့ မှတ်ထားဦးနော်"

အိမ်ပြန်ရောက်တော့ တစ်ကိုယ်လုံးအားပြတ်နေခဲ့ပြီ။ ရေမိုးချိုးပြီးနောက် မီးဖိုခန်းထဲ ဝင်ကာ ကျွန်မ ရေနွေးတစ်အိုးကျိုလိုက်သည်။ ရေဆူလာတော့ ခေါက်ဆွဲတစ်စည်း ပစ်ထည့်လိုက်သည်။

"ဒါလေးပဲ စားမှာလား" ဟိုဆေးက မကျေနပ်စွာမေးသည်။

"ဖြစ်သလို စားလိုက်မယ်လေ... ကျွန်မပင်ပန်းလွန်းလို့ သေတော့မယ်"

ကျွန်မက ထမင်းပင် စားချင်စိတ်မရှိတော့။

"မနက်ကနေ အခုအချိန်ထိ ပင်ပန်းလိုက်တာ... နင်က ငါ့ကို ခေါက်ဆွဲလေးပဲကျွေးတယ်... မစားဘူး" ဟိုဆေးစိတ်ဆိုးလေပြီ။ အဝတ်အစားလဲကာ သူ အပြင်ထွက်သွားသည်။

"အပြင်ထွက်စားမလို့..." မာမာတင်းတင်းစကားက ဟိုဆေး၏ ပါးစပ်မှ ထွက်ကျလာသည်။

ကျွန်မလည်း အဝတ်အစားလဲပြီး သူ့နောက်လိုက်ပြေးရတော့သည်။ အပြင်ထွက်စားမည်ဆိုသည့်သဘောက စားဖို့ တစ်နေရာတည်းသာရှိသော နိုင်ငံတော်ဟိုတယ်တွင်ဖြစ်သည်။ ဟိုတယ်စားသောက်ဆိုင်တွင် ထိုင်တော့ ဟိုဆေးကို ကျွန်မအသံတိုးတိုးဖြင့် ပြောမိသည်။

"လောကမှာ ရှင့်လိုငတုံးအေကလည်း ရှိသေးတယ်။ ဈေးအပေါဆုံးဟင်းပဲမှာ၊ ကြားလား"

ထိုအချိန်၌ ဟိုဆေး၏ အရာရှိတစ်ယောက်က လက်ပြရင်းလျှောက်လာသည်။ ပါးစပ်ကလည်း "ဟာ... တိုက်တိုက်ဆိုင်ဆိုင်... ထမင်း

စားဖို့ ငါအဖော်ရှာနေတာကွ… မင်းတို့နဲ့ အတူတူစားရအောင်” ဟု ဆိုကာ သူက ကျွန်မတို့ဝိုင်းတွင် ထိုင်ချလိုက်သည်။

“မီးဖိုဆောင်မှာ ငါးလတ်လတ်ဆတ်ဆတ်တွေ ရထားတယ်လို့ ကြားတယ်။ ဘယ်လိုလဲ… ငါတို့ ငါးမှာစားရအောင်။ ဒီလိုလတ်ဆတ်တဲ့ ငါးမျိုးက ကန္တာရမှာ ရခဲတယ်နော်” ဟု သူက ဆက်၍ပြောနေသေးသည်။

အထက်လူကြီးကလည်း အထက်မှာပင် နေသည့်အကျင့်ရနေ၍ လားမသိ။ လက်အောက်ငယ်သားတို့၏ မျက်နှာရိပ်ကိုကြည့်ဖို့ မေ့နေခဲ့ပုံ ရသည်။ ကျွန်မတို့ကို သူမေးမြန်းမနေဘဲ “ဆလတ်ရွက်သုတ် သုံးပွဲ၊ ငါးက သုံးယောက်စာ၊ အရက်ကို အခုချပေးပါ။ အချိုပွဲကို ခဏမှချပါ” ဟု လှမ်းအော် ပြောလေသည်။

မီးဖိုဆောင်တာဝန်ကျသူမှာ နေ့လယ်က ကျွန်မတို့ထံမှ ငါးဝယ် သောသူဖြစ်သည်။ ကျွန်မတို့စားပွဲဘက် သူမတော်တဆရောက်လာသည်။ ကိုယ်ရောင်းထားသည့်ငါးကို အဆ ၂၀ ပေးပြီးပြန်ဝယ်စားနေသော ဟိုဆေး နှင့် ကျွန်မတို့ကို အရှုးနှစ်ယောက်ကိုတွေ့သည့်နှယ် ပါးစပ်ကြီးဟပြီး သူ အံ့သြနေလေသည်။ ငွေရှင်းတော့ ဟိုဆေးနှင့် အထက်လူကြီးတို့ လုရှင်း ကြသည်။

နောက်ဆုံးတွင် ဟိုဆေးနိုင်သွား၏။ ညနေက စာတိုက်ရှေ့တွင် ရောင်းရသည့်ငါးဖိုးကို ပေးလိုက်ရာ အကြွေအနည်းငယ်သာ ပြန်အမ်းခဲ့သည်။ ထိုအချိန်ကျမှ ကျွန်မသိလိုက်ရသည်က ၎င်းငါးများကို တစ်ကီလို ၅၀ ဖြင့် ရောင်းရောင်း၊ ၇၅ ဖြင့်ရောင်းရောင်း ဈေးပေါလွန်းသည်ဆိုသည်ပင်ဖြစ်သည်။ ကျွန်မတို့က သဲကန္တာရတွင် နေထိုင်သောကြောင့်ဖြစ်သည်။ နောက်တစ်နေ့

နေအတော်မြင့်မှ ကျွန်မတို့ထကြသည်။ အိပ်ရာထပြီး ကျွန်မ ကော်ဖီကျို၊ အဝတ်လျှော်သည်။ ဟိုဆေးက အိပ်ရာထက်တွင်လှဲရင်း ကျွန်မကိုပြောသည်။

"တော်သေးတယ်... နိုင်ငံတော်ဟိုတယ်မှာ ရစရာစာရင်းကျန်ခဲ့လို့... မဟုတ်ရင် မနေ့က ပင်ပန်းထားသမျှ သဲထဲရေသွန်ပဲ။ ဓာတ်ဆီဖိုးတောင် စိုက်လိုက်ရမှာ... ပင်ပန်းတာကိုတော့ ပြောမနေတော့ဘူး"

"စာရင်း... ရှင် ဘာစာရင်းကိုပြောနေတာလဲ..." ကျွန်မအော်ရင်း ရေချိုးခန်းဘက် ပြေးသွားလိုက်သည်။ အဝတ်လျှော်စက်ကို အမြန်ပိတ်ပြီး ဆပ်ပြာမြှုပ်များကြားက ကျွန်မဘောင်းဘီကို ဆွဲထုတ်လိုက်သည်။ ဘောင်းဘီအိတ်ထဲ လက်ထိုးထည့်လိုက်တော့ စာရင်းစာရွက်က စုတ်ပြဲနေခဲ့ပြီ။ ဖြူဖြူပျော့ပျော့ အလုံးတစ်လုံးဖြစ်သွားခဲ့ပြီ။ ဖြန့်၍ပင် မရတော့။

"ဟိုဆေးရေ... နောက်ဆုံး ငါးလည်း လွတ်သွားပါပြီကွာ... နောက်ဆုံးတော့လည်း ငါတို့ အာလူးမုန့်ပဲစားကြရတော့မှာပေါ့" ရေချိုးခန်း တံခါးဝတွင် ထိုင်ချလိုက်ပြီး မျက်ရည်အရွှဲသားနှင့် ကျွန်မ အော်ရယ်မိလိုက်တော့သည်။

* * *

## သိပ်ကြမ်းတဲ့ လက်ဖွဲ့

အစ္စလာမ်တို့၏ "Ramadan" ဥပုသ်လက မကြာခင် ပြီးဆုံးတော့မည်။ ထိုရက်အတောအတွင်း ညတိုင်းလိုလို ခေါင်မိုးပေါ်တက်ပြီး ကျွန်မလကိုသွားငေး၏။ ပထမ လ စပြည့်သည့်နေ့က အစ္စလာမ်တို့၏ဥပုသ်လ ပြီးဆုံးသည့်နေ့ဟု ဒေသခံများက ကျွန်မကိုပြောပြထားသောကြောင့်ဖြစ်သည်။

အိမ်နီးချင်းများက ဆိတ်သတ်၊ ကုလားအုတ်သတ်နှင့် အထိမ်းအမှတ်လုပ်ဖို့ စီစဉ်သည်။ ကျွန်မလည်း ဒီကအမျိုးသမီးများသည် "ဟေနာ" ဟုခေါ်သည့် ဆိုးဆေးတစ်မျိုးကို အသုံးပြုပြီး သူတို့၏လက်ဖမိုးပေါ်တွင် နီညိုရောင်အဖြစ် လှပစွာရေးခြယ်မည်ကို စောင့်နေခဲ့၏။ ဒါက ဒီလိုနေ့ထူးနေ့မြတ်တွင် ပြုလုပ်ရမည့်အရာများထဲက တစ်ခုဖြစ်သည်။ ကျွန်မလည်း

သူတို့ရိုးရာနောက်လိုက်ပြီး သူတို့လိုပြင်ဆင်ရသည်ကို အလွန်နှစ်သက်၏။ စနေနေ့က သဲကန္တာရဆီ သွားရောက်လည်ပတ်ဖို့ အစီအစဉ်မရှိသောကြောင့် အိမ်မှာပင်နေပြီး ဟိုဆေးနှင့်ကျွန်မတို့ တစ်နေကုန် စာထိုင်ဖတ်နေခဲ့ကြသည်။

နောက်တစ်နေ့ နေ့လယ်လောက်မှ အိပ်ရာမှထပြီး နံနက်လေယာဉ်နှင့်ရောက်လာသည့် စပိန်ဒေသခံသတင်းစာကို မြို့ထဲတွင် သွားရောက်ဝယ်ယူခဲ့သည်။ ရိုးရှင်းသည့်နေ့လယ်စာကိုစားသောက်ပြီးနောက် ဆေးကြောသိမ်းဆည်းပြီး ကျွန်မ ဧည့်ခန်းထဲ ဝင်လာခဲ့သည်။ ဟိုဆေးက သတင်းစာကို ခေါင်းမဖော်နိုင်လောက်အောင် ဖတ်နေသည်။ ကျွန်မက မြေပြင်ပေါ်လှဲပြီး သီချင်းနားထောင်နေသည်။

အိပ်ရေးဝထားသောကြောင့် ကျွန်မစိတ်က လန်းဆန်းနေသည်။ ညရောက်လျှင် မြို့ထဲ၌ ချာလီချက်ပလင်၏ ဟာသကားသွားကြည့်ဖို့ စိတ်ကူးနေခဲ့၏။ ထိုနေ့က လေက သန့်ပြီး ကောင်းကင်က ကြည်လင်နေသည်။ လေထဲတွင် သဲမှုန်များမပါခဲ့။ လှပသည့်တေးသီချင်းက တစ်အိမ်လုံးပြန့်နေခဲ့၏။ လူကို စိတ်ချမ်းသာပြည့်ဝမှုပေးသော အားလပ်သည့် တနင်္ဂနွေနေ့ဖြစ်သည်။

မွန်းလွဲ ၂ နာရီကျော်လောက်တွင် ပြတင်းပေါက်အပြင်ဘက်မှ ဆာဟာရဝီကလေးတစ်သိုက် ကျွန်မနာမည်ကို အော်ခေါ်နေသည်။ သူတို့က အသားထည့်ဖို့ အိတ်ကြီးတချို့တောင်းနေသည်။ ရောင်စုံပလတ်စတစ်အိတ်တစ်ထုပ်ကို ယူပြီး သူတို့အား ကျွန်မခွဲဝေပေးလိုက်သည်။ အိတ်ခွဲပေးပြီးနောက် သဲကန္တာရဘက်ဆီ ကျွန်မ ခေတ္တငေးမျှော်ကြည့်လိုက်သည်။

မျက်နှာချင်းဆိုင်လမ်းတစ်ဖက်တွင် အိမ်အသစ်တစ်လုံးဆောက်နေ၏။ လုပသည့်ကန္တာရ၏ရှုခင်းက တစ်နေ့ထက်တစ်နေ့ ပိုင်းဖြတ်ခံနေခဲ့ရပြီ။ ကျွန်မ အလွန်နှမြောမိသည်။

တစ်အောင့်ကြာ ကျွန်မရပ်နေချိန်တွင် မဝေးသည့်တစ်နေရာ၌ ဆာဟာရဝီကလေးနှစ်ယောက် ဘာကြောင့်မှန်းမသိ ထိုးနက်ရန်ဖြစ်နေသည်ကို တွေ့လိုက်မိသည်။ စက်ဘီးတစ်စီးက လမ်းဘေးတွင် လဲနေ၏။ သူတို့ အချင်းချင်းထိုးနေကြသည့်မို့ ကျွန်မလည်း သူတို့ဆီအပြေးသွားပြီး စက်ဘီးကို ယူကာ အနီးအနားတွင် တစ်ပတ်ပြီးတစ်ပတ် စီးနေလိုက်သည်။ သူတို့စိတ်လို လက်ရထိုးကြတော့မှ ဆက်မထိုးနိုင်အောင် ရန်ပွဲဖျဉ်ရန် စက်ဘီးကို ကျွန်မ ရပ်လိုက်သည်။

စက်ဘီးပေါ်က ဆင်းလိုက်သည်နှင့် မြေပြင်ပေါ်တွင် ဂုန်နီအိတ်ကြိုးဖြင့် လုပ်ထားသည့် ထိုဒေသဖြစ် ဆွဲကြိုးတစ်ကုံးကို ကျွန်မတွေ့လိုက်သည်။ ထိုဒေသက ယောကျ်ား၊ မိန်းမ ကြီးကြီးငယ်ငယ် ဆွဲထားတတ်သည့် အရာဖြစ်သည်။ ထိုအရာကို ကျွန်မကောက်ယူလိုက်သည်။ လက်ထဲတွင်ကိုင်ပြီး ကလေးနှစ်ယောက်ကို မေးလိုက်သည်။

"ဒါ မင်းတို့ဟာလား" ကလေးနှစ်ယောက်က ကျွန်မလက်ထဲက အရာကိုတွေ့သည်နှင့် ရန်လည်းဆက်မဖြစ်ကြတော့ဘဲ နောက်သို့ ခြေလှမ်း အနည်းငယ် ဆုတ်သွားကြသည်။ မျက်နှာမှာလည်း ကြောက်ရွံ့ဟန်ပြပြီး ထိပ်ပင်မထိဘဲ နှစ်ယောက်သားပြိုင်တူ "ငါတို့ဟာ မဟုတ်ဘူး... ငါတို့ဟာ မဟုတ်ဘူး" ဟု ဆို၏။ ကျွန်မလည်း စိတ်ရှုပ်ရှုပ်နှင့် "အေး... ငါ့အိမ်တံခါးဝမှာ ထားထားလိုက်မယ်။ တစ်ယောက်ယောက်က လာရှာရင် ငါ့အိမ်တံခါးဝ

အပေါ်မှာချိတ်ထားတယ်လို့ ပြောလိုက်နော်" ဟု ပြောပြီး အိမ်ပြန်ကာ သီချင်းဆက်၍ နားထောင်နေလိုက်သည်။

ညနေ ၄ နာရီကျော်ချိန် ကျွန်မတံခါးဖွင့်ကြည့်သည်။ လမ်းပေါ်တွင် လူခြေတိတ်နေသည်။ ဆွဲကြိုးက နေရာမှာပင် ချိတ်ဆွဲထားသေးသည်။ ဆွဲကြိုးကိုယူပြီး ကျွန်မသေချာကြည့်လိုက်သည်။ အဝတ်ထုပ်လေးတစ်ခု၊ အသည်းပုံသစ်စေ့တစ်ခုနှင့် ကြေးပြားတစ်ခုတို့ကို အတူတွဲချည်ထားသည်ကို တွေ့ရသည်။

ထိုကြေးပြားကို အစောကြီးကတည်းက ကျွန်မတစ်ခုလိုချင်နေခဲ့သည်။ မြို့ထဲမှာလည်း ရောင်းတာမတွေ့၊ အဝတ်ထုပ်နှင့် သစ်စေ့ကိုတော့ မမြင်ခဲ့ဖူးချေ။ ထိုတွဲချည်ထားသောအရာမှာ ညစ်ပတ်ပေရေနေသည်။ တန်ဖိုးတစ်ပြားမျှမရှိ။ တခြားသူက မလို၍ လွှင့်ပစ်ခဲ့ဟန်တူသည်။ ကျွန်မတစ်ချက်တွေးတောပြီး အိမ်ထဲယူလာခဲ့သည်။ အိမ်ရောက်သည်နှင့် ဟိုဆေးအား ကျွန်မဝမ်းသာအားရနှင့် ပြလိုက်သည်။

"ဒီလောက်ညစ်ပတ်တဲ့အရာ... သူများပစ်ထားတာကို နင်က သွားကောက်ခဲ့တယ်" ဟုပြောပြီး ဟိုဆေးက သတင်းစာကို ဆက်လက်ဖတ်နေလိုက်သည်။

ကျွန်မ မီးဖိုချောင်ထဲပြေးပြီး ကတ်ကြေးယူကာ ဂုန်နီကြိုးကို ဖြတ်လိုက်သည်။ အဝတ်ထုပ်က အနံ့တစ်မျိုးရှိသည်မို့ လွှင့်ပစ်လိုက်၏။ သစ်စေ့လည်း အနံ့နံသည်မို့ လွှင့်ပစ်လိုက်၏။ တိုဟူးတုံးသဏ္ဍာန် သံချေးရောင်ကြေးပြားက ချောလက်နေသည်။ ဘေးပတ်လည်တွင် လှပသည့်သံဖြူနှင့် ကွပ်ထား၏။ တခြားသူ လွယ်ထားသည်နှင့်မတူ။ ကျွန်မကြိုက်နှစ်သက်

မိသည်။ ထိုကြေးပြားကို ဆေးကြောသန့်စင်ပြီး ကြိုးတစ်ချောင်းရှာကာ လည်ပင်းပေါ် ပတ်လိုက်ကြည့်သည်။ ကြည့်ရသည်မှာ ခေတ်ဆန်လှသည်။

"အင်း ... လှတယ်။ ဟို ရင်ဟိုက်အင်္ကျီအနက်နဲ့ လိုက်တယ်။ နင် ဆွဲထားလိုက်တော့" ဟိုဆေးဆီ အပြေးသွားပြီး ကျွန်မပြလိုက်တော့ ဟိုဆေး က ပြောသည်။

ထိုကြေးပြားကို လည်ပင်းတွင်ဆွဲပြီး ကျွန်မသီချင်းဆက်နားထောင် လိုက်သည်။ တစ်အောင့်ကြာတော့ ထိုအဖြစ်ကို ကျွန်မလုံးဝမေ့သွားတော့၏။ ကက်ဆက်ခွေ အနည်းငယ် နားထောင်ပြီးနောက် ကျွန်မအိပ်ချင်လာသည်။ စိတ်ထဲတွင် ထူးဆန်းမိသည်။ အိပ်ရာမှထသည်မှာ မကြာသေး။ ဘာကြောင့် တစ်ကိုယ်လုံးနွမ်းလျနေပါလိမ့်။ နွမ်းနေသောကြောင့် ထပြီး ကက်ဆက်ခွေ မလဲရအောင် ကက်ဆက်ကိုရင်ဘတ်ပေါ် ကျွန်မတင်ထားလိုက်သည်။ ကျွန်မ လည်ပင်းတွင်ဆွဲထားသည့် ကြေးပြားက ကက်ဆက်နှင့်ထိနေ၏။ ထိုအချိန် မှာပင် အခွေက လည်နေရာမှ ရုတ်တရက် အမြန်လည်သွားပြီး အသံနှင့် သံစဉ်မကိုက်ဖြစ်သွားသည်။ ဒေါသတကြီးလည်နေသည်နှင့် တူ၏။ ဟိုဆေး ဖျတ်ခနဲထပြီး အပိတ်ခလုတ်ကိုနှိပ်လိုက်သည်။ တအံ့တဩ ဟိုကြည့်၊ ဒီကြည့် ကြည့်လိုက်ပြီး "အကောင်းကြီးကနေ ဘယ်လိုလုပ် ထဖောက်လာတာလဲ" ဟု သူက ပြောသည်။

ကျွန်မတို့ ကုန်းကုန်းကွကွနှင့် ဟိုစမ်း၊ ဒီစမ်းလုပ်ကြည့်ကြသည်။ ထိုအခါကျမှ ဖလင်များ ရှုပ်ထွေးရစ်ပတ်ကုန်ပြီး ပိုဆိုးသွားသည်။ ဆံညှပ်ဖြင့် ရှုပ်ထွေးနေသော ဖလင်ကို ကျွန်မတို့ကော်ထုတ်၊ ညှပ်ထုတ်ကြပြန်သည်။ ဟိုဆေးက ပစ္စည်းသွားရှာပြီး စ၍ ပြင်တော့သည်။

ဟိုဆေးပစ္စည်းသွားရှာနေခိုက် ကျွန်မက ကက်ဆက်ကို လက်နှင့် ရိုက်လိုက်သည်။ အိမ်တွင် လျှပ်စစ်ပစ္စည်းမကောင်းတိုင်း ကျွန်မက ဟိုတစ်ချက်၊ ဒီတစ်ချက် လျှောက်ရိုက်လိုက်သောအခါ ပြန်ကောင်းသွားတတ်သောကြောင့်ဖြစ်သည်။ တစ်ချက်ပဲရိုက်ရသေး၏။ ကျွန်မနှာခေါင်းယားကျိကျိဖြစ်လာပြီး ဟပ်ချိုးတစ်ချက်ချေမိသည်။

ကျွန်မမှာ ပြင်းထန်သည့်နှာခေါင်းအလာဂျီရောဂါရှိသည်။ အမြဲဟပ်ချိုးချေပြီး နှာခေါင်း အလွယ်တကူ ရောင်ရမ်းတတ်သည်။ တစ်လောက စပိန်ဆရာဝန်တစ်ယောက်နှင့်ကုတော့ ပျောက်သွားသည်။ ရောဂါမဖြစ်တာ ကြာနေခဲ့ပြီ။ ဒီနေ့ ဟပ်ချိုးစချေပြန်သည်။ "အင်း... ဖြစ်ပြန်ပြီ" ဟု ပါးစပ်က ပြောရင်း ကျွန်မ တစ်ရှူးထယူသည်။ ဟပ်ချိုးချေပြီးသည်နှင့် နှာရည်ယို တော့မည်ကို ကျွန်မသိသောကြောင့် ဖြစ်သည်။

ခြေလှမ်း လေး၊ ငါးလှမ်းသာ လှမ်းရသည့် ရေချိုးခန်းသို့အသွား ကျွန်မ အကြိမ်ကြိမ်ဟပ်ချိုးချေနေမိသည်။ တစ်ပြိုင်နက်တည်းမှာပင် ညာမျက်စိကြည့်၍မကောင်းဖြစ်မိသည်။ မှန်ကြည့်တော့ မျက်ထောင့်အနည်းငယ်နီနေသည်ကိုတွေ့သည်။ နှာရည်ယိုလာသောကြောင့် မျက်စိကို ကျွန်မ ထပ်ဂရုမစိုက်မိတော့ပေ။

ဟပ်ချိုးအကြိမ် ၂၀ လောက် ကျွန်မချေပြီးချိန်တွင် တစ်ခုခုမှားနေပြီဖြစ်ကြောင်း ကျွန်မရိပ်မိလိုက်သည်။ ဟပ်ချိုးကို ကျွန်မ ဒီလို အဆက်မပြတ်ချေခဲသည်။ သိပ်တော့ ကျွန်မ ဂရုမစိုက်မိ။ မီးဖိုခန်းထဲဝင်ပြီး ဆေးတစ်လုံးရှာသောက်လိုက်၏။ အကြိမ် ၂၀ လောက်ချေပြီး ၁၀ စက္ကန့်အကြာတွင် ဆက်တိုက်ချေလာပြန်သည်။

ဟိုဆေးက တစ်ဖက်မှာရပ်ရင်း နားမလည်စွာနှင့် "ဆရာဝန် ကုလို့ မပျောက်ခဲ့ဘူးပဲ" ဟု ပြောသည်။

ကျွန်မခေါင်းညိတ်ပြလိုက်သည်။ တစ်ဖက်ကလည်း စကားတောင် မပြောနိုင်လောက်အောင် နှာချေနေခဲ့သည်။ အကြိမ် ၁၀၀ လောက် ချေပြီး ချိန်တွင် ကျွန်မ မျက်ရည်လည်ရွဲ နှာရည်တွဲလဲဖြစ်နေခဲ့သည်။ မိနစ်အနည်းငယ်ရပ်ချိန်တွင် ပြတင်းပေါက်နား ကျွန်မပြေးသွားပြီး လတ်ဆတ်သည့်လေကို တစ်ဝရှူလိုက်သည်။ ဟိုဆေးက မီးဖိုကနေ ရေနွေးတစ်ခွက်ထဲ လက်ဖက်ခြောက်အနည်းငယ်ထည့်ကာ ယူလာပေးသည်။

ကုလားထိုင်ပေါ်ထိုင်ပြီး ကျွန်မသောက်လိုက်သည်။ တစ်ဖက်က နှာရည်သုတ်ရင်း တစ်ဖက်က နီနေသည့် ညာမျက်လုံးက ပူလာသည်ကို ခံစားရသည်။ မှန်အမြန်ပြေးကြည့်တော့ မျက်လုံးက ဖူးရောင်နေပါပြီ။ မိနစ် ၂၀ မကြာသည့် အချိန်တိုတိုအတွင်းမှာ ဒီလောက်မြန်လိုက်တာ... ကျွန်မ အလွန်အံ့ဩမိသော်လည်း သိပ်တော့ အလေးမထားမိ။ ၁၀ စက္ကန့်အတွင်း တစ်ခါချေနေသည့်နှာကို မချေမိအောင်သာ ကျွန်မထိန်းနေရသည်။ လက်ထဲတွင် တစ်ရှူးတစ်လိပ်ကို ကိုင်ထားပြီး နှာရည်သုတ်လိုက်၊ ပစ်လိုက် ကျွန်မ လုပ်နေသည်။ မှန်တိုင်းအလျင်လို အားပါသည့် ဟပ်ချိုးတစ်ချက် ကျွန်မ ချေလိုက်မိချိန်တွင် နှာခေါင်းမှ သွေးပါထွက်လာတော့သည်။

"မရတော့ဘူး... သွေးပါ ထွက်လာပြီ" ဟိုဆေးဘက်လှည့်ပြီး ကျွန်မပြောလိုက်သည်။ ဟိုဆေးကို ကျွန်မထပ်ကြည့်လိုက်တော့ သူက ကျွန်မမျက်စိထဲတွင် ယိုင်တိုင်တိုင်ဖြစ်နေသည်။ ရုပ်ရှင်ကားကို အလျားလိုက် ပြနေသလို ပတ်ပတ်လည်အိမ်နံရံများ၊ မျက်နှာကြက်များက ပတ်ချာလည်

နေ၏။ သူ့ကို ကျွန်မဖမ်းဆွဲပြီး "ငလျင်လှုပ်တာလား... ကျွန်မမူးလိုက်တာ" ဟု အော်ပြောလိုက်သည်။

"ငလျင်မလှုပ်ပါဘူး။ မြန်မြန်လှဲချလိုက်" သူက ကျွန်မကိုပွေ့ဖက်ပြီး ပြောလိုက်သည်။ အဲဒီတုန်းက ကြောက်ရမှန်းမသိ... နာရီဝက်အတွင်း ထူးထူးဆန်းဆန်းတွေ ဖြစ်ပွားနေသည်ဟုသာ ထင်ခဲ့သည်။ ကျွန်မ ဘာကြောင့် ရုတ်တရက် ဒီလိုဖြစ်သွားရတာပါလိမ့်...။

ဟိုဆေးက ကျွန်မကို အိပ်ခန်းထဲ ဆွဲသွင်းသည်။ ကျွန်မ မြင်မြင်သမျှအရာအားလုံး ချာလပတ်လည်နေသည်။ မျက်စိကို ကျွန်မမှိတ်ထားလိုက်လည်း လူကမူးနေ၏။ အိပ်ရာထက် မိနစ်ပိုင်းလောက်သာ လှဲချရသေးသည်။ အစာအိမ်က တစ်မျိုးဖြစ်လာခဲ့သည်။ အားယူထရပ်ပြီး အိပ်သာထဲ ကျွန်မပြေးပြန်သည်။ အသံကျယ်ကျယ်ဖြင့် ကျွန်မထိုးအန်တော့သည်။

အရင်တုန်းက ကျွန်မ မကြာခဏအန်တတ်သော်လည်း ဒီတစ်ကြိမ် အန်ပုံမျိုးမဟုတ်။ အစာအိမ်ပင် ပြောင်းဆန်နေတာမဟုတ်ဘဲ တစ်ကိုယ်လုံးရှိ ကလီစာများပါ အန်ထွက်မတတ် ခံရခက်နေခဲ့သည်။ နေ့လယ် စားထားသမျှ အန်ထုတ်ပြီးနောက် ရေကြည်များအန်လာသည်။ ရေကြည်များ ကုန်ပြီးနောက် အဝါရောင်ခါးသည့်အရည်များ အန်လာသည်။ ခါးသည့်အရည် ကုန်သွားသောအခါ အန်စရာထပ်မကျန်တော့ပေမည့် ကျွန်မထိန်းချုပ်၍ မရအောင် လေများပါ အန်လေတော့သည်။

ဟိုဆေးက နောက်ဘက်မှနေပြီး ကျွန်မအား ဖက်ထားသည်။ ကျွန်မက အန်လိုက်၊ နာချေလိုက်၊ နာခေါင်းသွေးယိုလိုက်နှင့် ခန္ဓာကိုယ်အင်အား ကုန်ဆုံးသွားပြီး မြေပြင်ပေါ်ထိုင်ချလိုက်သည်အထိ ဖြစ်နေခဲ့သည်။

ဟိုဆေးက ကျွန်မကို ခုတင်ပေါ်ဆွဲတင်ပြီး ပဝါဖြင့် မျက်နှာကိုသုတ်ပေးရင်း စိုးရိမ်စွာ မေးသည်။

"ဘာမသန့်ရှင်းတဲ့အစာ စားလိုက်တာလဲ... အစာအဆိပ်တက်တာလား"

"ဝမ်းမှမသွားတာ။ အစားမှားတာ မဟုတ်ဘူး" အသံယဲ့ယဲ့ဖြင့် ကျွန်မပြန်ဖြေကာ မျက်လုံးမှိတ်ပြီး ခေတ္တနားလိုက်၏။ ထူးဆန်းသည်မှာ စောစောက ခံစားရသည့်ဝေဒနာများ ပျောက်သွားပြန်သည်။ ခန္ဓာကိုယ်ထဲ လှိုင်းသဖွယ် လှုးလွန့်နေသည့်အရာများ ပျောက်ဆုံးသွားသည်။ တစ်ကိုယ်လုံးအားပြတ်ပြီး ချွေးထွက်နေသော်လည်း ခေါင်းမမူးတော့၊ နာလည်းမချေတော့၊ အစာအိမ်လည်း သက်သာသွားသည်။ ရေနွေးကြမ်းသောက်မည်ဟု ဟိုဆေးအား ကျွန်မပြောလိုက်သည်။

ဟိုဆေးက ရေနွေးကြမ်းကို အမြန်ထယူသည်။ ကျွန်မသုံး၊ လေးငုံ လောက်သောက်ပြီး မိနစ်အနည်းငယ်အကြာတွင် လုံးဝကောင်းသွားတော့သည်။ ကျွန်မ ထထိုင်ပြီး နံရံကိုမှီကာ မျက်လုံးအဝိုင်းသားနှင့် ထိုင်နေမိ၏။ ဟိုဆေးက ကျွန်မအကြောကို စမ်းကြည့်သည်။ အားနှင့် ကျွန်မဗိုက်အား စမ်းကြည့်သည်။

"နာလား... နာသေးလား..."

"မနာတော့ဘူး... ကောင်းသွားပြီ... ထူးဆန်းလိုက်တာ" ပြောပြောဆိုဆို ကျွန်မက ခုတင်အောက်ဆင်းဖို့ ပြင်သည်။

"ဆက်လှဲနေလိုက်ဦး... ရေနွေးအိတ်သွားလုပ်ပေးမယ်" ဟိုဆေးက ကျွန်မကောင်းသွားသည်ကို တစ်ချက်ငေးကြောင်ကြည့်ပြီး ပြောသည်။

"တကယ်ကောင်းသွားပြီ… မလုပ်နဲ့တော့"

"ဟင်… နင့်မျက်လုံးက ဘာလို့ ဒီလောက်ဖူးရောင်နေတာလဲ"

ရုတ်တရက် ဟိုဆေးက ကျွန်မမျက်နှာကိုမ,ပြီး ပြောသည်။ လက်ဖြင့် ကျွန်မ စမ်းကြည့်တော့ ညာမျက်လုံးက ဖောင်းထနေသည်။

"ကျွန်မ မှန်သွားကြည့်ကြည့်မယ်" ခုတင်ပေါ်ကဆင်းပြီး ခြေလှမ်း အနည်းငယ်သာ လှမ်းရသေးသည်။ တစ်ယောက်ယောက်က ကိုင်ရိုက်လိုက် သည့်နှယ် ကျွန်မအစာအိမ် အောင့်ခနဲ တစ်ချက်နာသွားသည်။ "အား…" ဟု အော်ပြီး ကျွန်မထိုင်ချလိုက်သည်။ အစာအိမ်က ထူးဆန်းစွာ နာလာပြန် သည်။ ခုတင်ပေါ် ကျွန်မအမြန်ပြန်ပြေး၏။ ထိုအနာက လျှပ်ပြက်သလို ကျွန်မ အား ဖမ်းဆုပ်ထားသည်။ အစာအိမ်အားတစ်ယောက်ယောက်က ဆွဲဆိတ်နေသလို ခံရခက်လှ၏။ ခန္ဓာကိုယ်ကိုကျုံ့ပြီး ကျွန်မကြိုးစားအာခံနေမိသော်လည်း မအောင့်အည်းနိုင်ဘဲ အသံထွက်အောင် ညည်းမိသည်။ နာကျင်မှုက ပိုပြင်းထန်လာခဲ့သည်။ ထိန်းချုပ်၍မရတော့ဘဲ ခုတင်ပေါ် ကျွန်မလူးလိမ့်နေ မိပြီး ပါးစပ်ကလည်း အော်ညည်းနေသည်။ နောက်ဆုံး မျက်စိများပြာဝေလာပြီး တိရစ္ဆာန်ရိုင်းတစ်ကောင်လို ကိုယ့်အော်သံကို ကျွန်မ ပြန်ကြားနေခဲ့သည်။ ဟိုဆေးက ကျွန်မဗိုက်ကိုပွတ်ပေးဖို့ လက်လှမ်းလာသည်။ သူ့အား ကျွန်မ တွန်းထုတ်ပြီး အော်ဟစ်လိုက်သည်။

"ငါ့ကို မထိနဲ့…" ကျွန်မ ထထိုင်လိုက်၊ ပြန်လှဲချလိုက်နှင့် နာကျင်မှု က သက်သာသွားသည်မရှိ။ အော်လွန်း၍ အသံပင် ပြာနေခဲ့ပြီ။ အစာအိမ်မှ တစ်ဆင့် ရင်ဘတ်အဆုတ်အထိ နာကျင်လာပြန်သည်။ အသက်တစ်ခါ ရှူတိုင်း အဆုတ်က နာကျင်နေသည်။ စုတ်ပြတ်နေသည့် အရုပ်တစ်ရုပ်လို

မမြင်ရသည့်အရာတစ်ခုက ကျွန်မအား တစ်စချင်းဆွဲစုတ်နေသလို ခံစားရပြီး မျက်စိရှေ့က ဘာကိုမှမမြင်ရတော့ဘဲ မည်းမှောင်နေသည်။ အသိစိတ်က နိုးကြားနေသော်လည်း ခန္ဓာကိုယ်က နာကျင်လွန်း၍ အကျိုးမရှိစွာ ရုန်းကန်နေမိသည်။ အော်လည်းမအော်နိုင်တော့။ ခေါင်းအုံးကို ကျွန်မစကိုက်သည်။ အိပ်ရာခင်းကို ဆွဲသည်။ တစ်ကိုယ်လုံး ချွေးများစိုရွှဲနေခဲ့သည်။

ဟိုဆေးက ခုတင်ဘေးတွင် ဒူးထောက်ပြီး ပျာယာခတ်နေသည်။ စိုးရိမ်စိတ်ဖြင့် မျက်ရည်များပင် စီးကျနေသည်။ "မိန်မိန်း... မိန်မိန်း..." ငယ်ငယ်တုန်းက ကျွန်မ၏မိဘနှင့် ကျွန်မ၏အစ်မသာခေါ်သည့်အခေါ် ဖြင့် ကျွန်မအား တရစ်လို သူအဆက်မပြတ်ခေါ်နေသည်။

ထိုခေါ်သံကိုကြားတော့ ကျွန်မတစ်ချက်ငြိမ်သွားသည်။ မျက်စိရှေ့၌ မည်းမှောင်ပြီး နားထဲတွင် လေးလံသည့်အသံများ ပေါက်ကွဲနေသလို ခံစား ရသည်။ မိုးကြိုးပစ်သလို တဝုန်းဝုန်းလိုမ့်ဝင်လာပြီး နာကျင်လှသည်။ "အမေရေ... အဖေရေ... ငါသေတော့မယ်... နာလိုက်တာ" ဟု တရစ်လို အော်ဟစ်နေသည့် ကိုယ့်အသံကို ကျွန်မကြားနေခဲ့သည်။

အဲဒီတုန်းက ကျွန်မ ဘာမှုစဉ်းစားမရ၊ ပါးစပ်က အော်ဟစ်နေပြီး တစ်ယောက်ယောက်က ကိုယ်တွင်းကလီစာများကို ရိုက်ဆွဲနေသလို အရှုး အမူး နာကျင်နေခဲ့သည်။ ဟိုဆေးက ကျွန်မကို အပြင်ဘက် ပွေ့ချီသွားသည်။ တံခါးဖွင့်ပြီး ကျွန်မအား တံခါးဘေးတွင်မှီစေပြီး ကားသွားထုတ်သည်။ ကျွန်မအား ကားထဲပွေ့ထည့်ချိန် အပြင်ရောက်နေပြီဆိုသည်ကို ကျွန်မကိုယ် ကျွန်မသိ၍ မအော်မိအောင် နှုတ်ခမ်းကို ကျွန်မကိုက်ထားလိုက်သည်။ ပြင်းထန်သည့်နေရောင်ခြည်ကြောင့် ကျွန်မမျက်စိမှိတ်ထားလိုက်သည်။

အလင်းကို ကျွန်မအကြောက်ကြီးကြောက်နေမိ၍ မျက်စိအား လက်ဝါးဖြင့် ကာရင်း ဟိုဆေးကိုဆွဲပြီး "အလင်း... အလင်း... ကျွန်မအလင်းမယူဘူး... ကာထားပေးပါ" ဟု အော်သည်။ ဟိုဆေးက ကျွန်မကို ဂရုမစိုက်အား။ "ဟိုဆေး... အလင်းပြင်းလွန်းတယ်" ကျွန်မထအော်တော့ နောက်ခုံမှနေပြီး တဘက်တစ်ထည်ကို သူဆွဲယူလိုက်သည်။ ဘာကြောင့်မှန်းမသိ ကြောက်လွန်းပြီး တဘက်ဖြင့် ခေါင်းကိုအုပ်ကာ ဒူးပေါ် ကျွန်မမှောက်ချလိုက်သည်။ တနင်္ဂနွေနေ့တွင် သဲကန္တာရဆေးရုံ၌ ဆရာဝန်မရှိလောက်ပါ။ ဆရာဝန်ရှာမရတာကြောင့် ဟိုဆေးက ဘာမျှပြောမနေဘဲ ကားခေါင်းကိုလှည့်ကာ သဲကန္တာရစစ်တပ်ဘက် အပြင်းမောင်းသွားတော့သည်။ စစ်တပ်ဘက် ရောက်သည်နှင့် ကင်းစောင့်စစ်သားက ကျွန်မပုံစံကိုကြည့်ပြီး အမြန်လာ ရောက်ကူညီသည်။ နှစ်ယောက်သား ကျွန်မကို ဆွဲပွေ့ပြီး ကုသခန်းသို့ပို့၏။ ထို့နောက် တစ်ယောက်ယောက်ကိုခေါ်ပြီး ဆရာဝန်ကို အမြန်သွားရှာစေသည်။ လူနာခုတင်ပေါ် ကျွန်မလှဲနေရင်းက တဖြည်းဖြည်းကောင်းမွန်လာသလို ခံစားရသည်။ နား မအုံတော့၊ မျက်စိ မပြာဝေတော့၊ အစာအိမ်လည်း ကောင်းသွားသည်။ မိနစ် ၂၀ ခန့် အကြာတွင် ဆရာဝန်က ခြေလှမ်းကျဲဖြင့် ရောက်လာချိန် ကျွန်မထထိုင်နေခဲ့ပြီ။ အားပြတ်သည်ကလွဲ၍ အရာအားလုံး ကောင်းမွန်နေသည်။

ဟိုဆေးက နေ့လယ်က ဖြစ်ပျက်ခဲ့သည်များကို ဆရာဝန်အား ပြောပြနေသည်။ ဆရာဝန်က နားကြပ်ဖြင့် ကျွန်မရင်ဘတ်ကိုစမ်းသည်၊ သွေးကြောစမ်းသည်။ လျှာကိုကြည့်သည်။ အစာအိမ်ကို ခေါက်ကြည့်သည်။ နလုံးခုန်ချက်မြန်သည်ကလွဲပြီး ကျွန်မ မည်သည့်နာကျင်မှုမျှရှိမနေတော့။

"သူ့အားလုံးကောင်းနေပါတယ်။ ဘာမှဖြစ်တဲ့လက္ခဏာ မတွေ့မိပါဘူး" ဆရာဝန်က ဟိုဆေးအား တအံ့တသြပြောသည်။ ဟိုဆေးကြည့်ရသည်က စိတ်ပျက်နေသလိုပင်။ ဆရာဝန်ကို သူလိမ်လိုက်မိသလို အားနာနေသည်။

"သူ့မျက်လုံးကို ကြည့်ပါဦး ဆရာ"

"ပြည်တည်နေပြီ... ယောင်တာကြာနေပြီလား" ဆရာဝန်က ကျွန်မဘက်လှည့်ပြီး မျက်လုံးကိုကြည့်သည်။

လွန်ခဲ့သည့်တစ်နာရီခန့်ကမှ ယောင်လာခဲ့သည်ဆိုသည်ကို ကျွန်မတို့ ယုံအောင်ပြောရသည်။ ဆရာဝန်က တစ်ချက်စစ်ဆေးပြီး အယောင်ပျောက်ဆေးထိုးပေးသည်။ ကျွန်မတို့၏ပုံစံက သူ့အား လိမ်နေသည့်ပုံ မပေါက်သဖြင့် "အစာအဆိပ်သင့်တာ ထင်တယ်" ဟု ပြောသည်။

"မဟုတ်ဘူးဆရာ... ကျွန်မဝမ်းမသွားဘူး"

"အစာမှားလို့ အလာဂျီဖြစ်တာလည်း ဖြစ်နိုင်တယ်"

"အရေပြားမယားဘူးဆရာ... အစာမှားလို့ အလာဂျီဖြစ်တာ မဟုတ်လောက်ဘူး"

"ဒါဆို လုံ့နေလိုက်... တကယ်လို့ ထပ်အန်တယ်၊ ထပ်နာတယ်ဆိုရင် ဆရာ့ကိုချက်ချင်းခေါ်လိုက်" ဆရာဝန်က ကျွန်မအား စိတ်ရှည်စွာ တစ်ချက်ကြည့်ပြီး ပြောရင်းက ထွက်သွားတော့သည်။

ပြောရမှာထူးဆန်းလှသည်။ ရှေ့တစ်နာရီခန့်က သရဲပူးသလို ကျွန်မတစ်ကိုယ်လုံးနာကျင်နေခဲ့ပြီး ဆေးခန်းရောက်တော့ ရောဂါလုံးလုံး ပျောက်သွားခဲ့သည်။ နာရီဝက်ကျော်လွန်သွားခဲ့ပြီ။ ကင်းစောင့်စစ်သားနှင့် ဟိုဆေးက

ကျွန်မကို တွဲထူသည်။ ကင်းသမားက ဖော်ရွေစွာ "ရောဂါထပ်ဖောက်လာရင် ချက်ချင်းပြန်လာခဲ့နော်" ဟုဆို၏။ ကားပေါ်တွင်ထိုင်နေရင်း မောပန်းသည်ဟု ကျွန်မထင်နေမိသည်။ ဟိုဆေးက "ကိုယ့်ကိုယ်ပေါ်မှောက်နေလိုက်" ဟုဆိုသောကြောင့် သူ့ပခုံးထက်မှီပြီး မျက်စိမှိတ်ထားလိုက်၏။ ကျွန်မလည်ပင်းပေါ်ဆွဲထားသည့် ကြေးဆွဲပြားက သူ့ပေါင်ပေါ် တစောင်းကျနေခဲ့သည်။

စစ်တပ်မှ အိမ်အပြန်လမ်းမှာ မတ်စောက်သည့် ကုန်းဆင်းလမ်းဖြစ်သည်။ ဟိုဆေး ကားစက်နှိုးပြီး ဖြည်းဖြည်းချင်းမောင်းဆင်း၏။ မီတာအနည်းငယ်အရောက်တွင် ကားက အလွန်ပေါ့နေသည်ဟု ကျွန်မခံစားမိသည်။ ဂီယာကို ဟိုဆေးမနင်းထားသော်လည်း ကားက အနောက်ကနေတစ်ယောက်ယောက်တွန်းလွှတ်နေသလို ကုန်းဆင်းကို အရှိန်ဖြင့်ဆင်းနေသည်။ ဘရိတ်ကို ဟိုဆေးအားဖြင့်နင်းသော်လည်း ဘရိတ်က မရ။ လက်ဆွဲဘရိတ်ကို သူအမြန်ဆွဲပြီး ဂီယာပြောင်းလိုက်သည်ကို ကျွန်မမြင်သည်။ တစ်ပြိုင်နက်တည်းမှာပင် "ဆမ်မောက်... ကိုယ့်ကို တင်းတင်းဖက်ထား" ဟု သူ စိုးရိမ်တကြီးအော်သည်။ ကားက အရှိန်ဖြင့် အောက်ကိုထိုးဆင်းနေခဲ့သည်။ ဘရိတ်ကို သူထပ်နင်းပြန်သည်။ ဘရိတ်က နင်းချ၍မရ။ မာတာတာဖြစ်နေသည်။ ကုန်းဆင်းက သိပ်မမြင့်သော်လည်း ကားက ဒီလောက် အရှိန်မမြန်နိုင်။ တစ်ခဏမှာပင် ကျွန်မတို့လေထဲလွင့်ဝဲနေသလို အောက်သို့ထိုးကျနေခဲ့သည်။ "မြဲမြဲဖက်ထား... မကြောက်နဲ့" ဟိုဆေး ထပ်အော်ပြန်၏။ ကျွန်မမျက်လုံးဖွင့်ကြည့်တော့ လမ်းက ကျွန်မတို့ဘက်ပျံသန်းလာသလို တိုးလာသည်။ ကျွန်မအော်ချင်သော်လည်း လည်ပင်းတွင် တစ်ခုခုခံထား

သလိုမို့ အသံမထွက်ခဲ့။ ရှေ့မျက်နှာချင်းဆိုင်တွင် ၁၀ ဘီး စစ်ကားတစ်စီး မောင်းတက်လာသည်။ ကြည့်ရသည်က စစ်ကားကို သွားတိုက်တော့မှာမို့ ကျွန်မ အားကုန်အော်ဟစ်မိသည်။ "အား... " ဆိုသည့် အသံတစ်ခုသာ ကမူးရှူး ထိုးထွက်လာသည်။ ဟိုဆေးက စတီယာတိုင်ကို အားဖြင့်လှည့်လိုက်သည်။ ကားက လမ်းဘေးသို့ထိုးကျသွားသော်လည်း ရပ်မသွား။ ရှေ့တွင် သဲပုံတစ်ပုံတွေ့မိ၍ ဟိုဆေးက ကားကို သဲပုံပေါ်တိုက်ချလိုက်မှ ကားရပ်သွားတော့သည်။ ဖုန်အလိပ်လိပ်ထသွားသော သဲပုံပေါ်တွင် ကျွန်မတို့နှစ်ယောက်သား ခြေလက်များအေးစက်သည့်တိုင် ကြောက်လန့်နေခဲ့သည်။ လူတစ်ကိုယ်လုံးလည်း ပျော့ခွေနေခဲ့ပြီ ဖြစ်သည်။

စစ်ကားပေါ်ကလူများ အမြန်ပြေးဆင်းလာပြီး ကျွန်မတို့ဘက် ပြေးလာကြသည်။ တစ်ဖက်ကလည်း "ဘာဖြစ်သွားသေးလဲ... ရလား" ဟု မေး၏။ ကျွန်မတို့ စကားမပြောနိုင်ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

ကော်ပြားယူပြီး သူတို့ သဲလာကော်ထုတ်သည်အထိ ကျွန်မတို့ နေရာမှာတင် ပျော့ခွေနေသေးသည်။ လူလည်း အိပ်မွေ့ချထားသလို ဖြစ်နေခဲ့သည်။ တစ်အောင့်ကြာမှ ဟိုဆေးဆီက "ဘရိတ်ကြောင့်" ဟူသည့် အသံတစ်သံထွက်လာခဲ့သည်။

ကားမောင်းစစ်သားက ဟိုဆေးကို ကားပေါ်မှဆင်းစေပြီး သူစမ်းကြည့်ဖို့ ပြောသည်။ ကားစက်နှိုးပြီးနောက် အကြိမ်ကြိမ် သူစမ်းကြည့်သည်။ ကားဘရိတ်က ဘာမျှမဖြစ်။ ဟိုဆေးမယုံ၍ ကိုယ်တိုင်စမ်းသပ်ကြည့်သည့် အခါမှာလည်း ဘရိတ်က ကောင်းနေ၏။ စက္ကန့်ပိုင်းအတွင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်က အိပ်မက်ဆိုးတစ်ခုလို နှိုးလာသည့်အခါ အရိပ်အယောင်

ပျောက်နေခဲ့သည်။ မျက်စိရှေ့က ဖြစ်ပျက်ခဲ့သည့်အရာကို မယုံနိုင်အောင် ကျွန်မတို့ ပါးစပ်အဟောင်းသားဖြစ်နေခဲ့သည်။

ကားပေါ် ကျွန်မတို့ ဘယ်လိုတက်ပြီး ဘယ်လိုဖြည်းဖြည်းမောင်း ပြန်ခဲ့သည်ဆိုတာကိုတော့ နောက်ပိုင်းမှာ ကျွန်မ ဘယ်လိုမှ စဉ်းစားမရခဲ့တော့ပေ။ ထိုအဖြစ်အပျက်က အိပ်မွေ့ချရာက နိုးလာသလို မှတ်ဉာဏ်ထဲ လုံးဝပျောက်သွားခဲ့သည်။

"ဘယ်လို နေသေးလဲ" အိမ်တံခါးဝရောက်သောအခါ ဟိုဆေးက ကျွန်မအား ကားပေါ်မှပွေ့ချပြီး မေးသည်။

"အရမ်းမောနေတယ်... နာတော့ မနာတော့ဘူး"

ဟိုဆေးက ကျွန်မ၏ ကိုယ်အောက်ပိုင်းကို ပွေ့ချီလိုက်သည်။ ကျွန်မ၏ ကျန်လက်တစ်ဖက်က ကားတံခါးကိုကိုင်ပြီး ကိုယ်အပေါ်ပိုင်းက ဟိုဆေးကိုမှီထားလိုက်သည်။ ထိုကြေးပြားလေးလည်း ဟိုဆေးကိုထိနေသည်။ အဲဒါက နောက်ပိုင်း ကျွန်မ ပြန်စဉ်းစားချိန် မှတ်မိသည့်အရာဖြစ်သည်။ အဲဒီတုန်းကတော့ ဒီအရာလေးကို သတိမထားမိခဲ့ပေ။

ဟိုဆေးက ကျွန်မကို မြဲမြဲပွေ့ချီထားနိုင်ရန် ကားတံခါးကို သူ့ ခြေထောက်ဖြင့် ဆောင့်ပိတ်လိုက်သည်။ ကားတံခါးပိတ်သွားသည်နှင့် မိုးမြေပြောင်းဆန်သွားအောင် ကျွန်မနာကျင်သွားသည်။ ကျွန်မလက်ချောင်းလေးချောင်းစလုံး တံခါးညှပ်သွားခဲ့ပြီ။ ဒါကို ဟိုဆေးမမြင်... ကျွန်မကို အိမ်ထဲသို့သာ ခေါ်သွင်းနေသည်။

"လက်... လက်... ဟိုဆေး... အား..." သူ့နောက်လှည့်ကြည့်ပြီး တစ်ချက်လန့်အော်လိုက်သည်။ ကျွန်မကိုအမြန်ချကာ သူ ကားတံခါးဆွဲဖွင့်

လိုက်ပြီး လက်ကိုဆွဲထုတ်ချိန် လက်ညှိုး၊ လက်ခလယ်က ပြားချပ်နေခဲ့သည်။ ၂ စက္ကန့်၊ ၃ စက္ကန့်အကြာတွင် သွေးများ ပူနွေးရှိန်းထလာပြီး ယိုစီးကျလာသည်။

"ဘုရားရေ… ငါတို့ ဘာများလုပ်မိခဲ့လဲ"

အသံတုန်တုန်ဖြင့် ဟိုဆေးပြောသည်။ ကျွန်မလက်ကိုကိုင်နေရင်းက သူတုန်ယင်လာ၏။ ဘာကြောင့်မှန်းမသိ ခန္ဓာကိုယ်တွင်းက အင်အားများ လုံးဝကုန်ဆုံးသွားပြီဟု ကျွန်မထင်သည်။ လက်နာ၍မဟုတ်။ နွမ်းလျလွန်းသဖြင့် အမြန်အိပ်လိုက်ချင်တော့သည်။

"လက်က အရေးမကြီးဘူး။ ကျွန်မလှဲချလိုက်ချင်တယ်။ မြန်မြန်…"

ထိုအချိန်၌ ဘေးအိမ်က ဆာဟာရဝီအမျိုးသမီးက ကျွန်မကိုတစ်ချက်အော်ပြီး အမြန်ပြေးလာကာ ကျွန်မခါးကိုပွေ့လိုက်သည်။ ဟိုဆေးက ညှပ်မိသည့် ကျွန်မလက်ကို ကြည့်နေသေးသည်။ သူက ဟိုဆေးကို စိုးရိမ်တကြီး အော်ပြောသည်။

"သူ… ကလေးလေး… ပြုတ်ကျတော့မယ်" ကျွန်မ ဝေးသွားသလို ခံစားမိသည်။ သူ့ပြောသည့်အသံက အဝေးကလွင့်လာသလို ထင်မိသည်။ အင်အားမဲ့စွာ ဟိုဆေးအား ကျွန်မခေါင်းထောင်ကြည့်သည်။ သူ့မျက်နာက ရေပေါ်ပေါ်သည့်အရိပ်လို ဟိုဟိုဒီဒီလှုပ်ရှားနေသည်။ ဟိုဆေးက ထိုင်ချပြီး ကျွန်မအား ပွေ့ချီလိုက်သည်။ တစ်ဖက်ကလည်း ထိုအမျိုးသမီးကို လူသွားခေါ်ဖို့ ခိုင်းစေနေသည်။

"ဘာဖြစ်တာလဲ… ကျွန်မ ဘာဖြစ်တာလဲ…" အင်အားကုန်သုံးမှ စကားတချို့ခုန်ထွက်လာသည်။

"မကြောက်နဲ့... နင်သွေးတွေထွက်နေတယ်" ဟိုဆေး၏ နူးညံ့သောအသံက လွင့်လာသည်။

ကျွန်မခေါင်းငုံ့ကြည့်တော့ သွေးများက ကျွန်မပေါင်နှစ်ဖက်မှ စီးဆင်းပြီး မြေပြင်ပေါ်တွင် ရေအိုင်ငယ်လေးလိုရှိနေသည်။ ဂါဝန်တစ်ခြမ်းလုံး နီရဲနေခဲ့ပြီ။ သွေးများက ခါးအောက်ပိုင်းကနေ ဖြည်းဖြည်းချင်း စီးဆင်းနေ၏။ "ချက်ချင်း ဆေးရုံပြန်သွားမှဖြစ်မယ်" ဟိုဆေး အလွန်အမင်းတုန်ယင်နေသည်။ ကျွန်မအသိများနိုးကြားနေသော်လည်း လူက လွင့်ထွက်သွားမတတ် ပေါ့ပါးနေသည်။

"ငါတို့ကား သုံးလို့မရဘူး။ တခြားကားရှာ" ဟိုဆေးကို ပြောလိုက်သည့် ထိုစကားကို ကျွန်မမှတ်မိနေ၏။ ဟိုဆေးက ကျွန်မကို အိမ်ထဲပွေ့ခေါ်သွားပြီး ခုတင်ပေါ်တင်လိုက်သည်။ ကျွန်မလှဲချလိုက်သည်နှင့် ခန္ဓာကိုယ်က တစ်ခုခုနှင့်တိုက်လိုက်သလို သွေးများ ဒလဟောစီးကျလာခဲ့တော့သည်။ နာကျင်ရကောင်းမှန်း ကျွန်မမသိ... လူက ငှက်မွေးလေးတစ်ခုလို လွင့်ပျံဝဲသွားချင်မိသည်။ ဂန္ဒီ၏မိန်းမက အခန်းထဲပြေးဝင်လာသည်။ ဘောင်းဘီပွကြီး တစ်ထည် ဝတ်ထားသည့် ဂန္ဒီက နောက်မှလိုက်ပါလာသည်။

"မလန့်နဲ့... မလန့်နဲ့... ကိုယ်ဝန်ပျက်ကျတာ... ငါ့မိန်းမ အတွေ့အကြုံရှိတယ်" ဂန္ဒီက ဟိုဆေးအား ပြောသည်။

"ကိုယ်ဝန်ပျက်ကျတာ မဖြစ်နိုင်ဘူး။ ကျွန်တော့်မိန်းမ ကိုယ်ဝန်မရှိဘူးဗျ"

"မင်း မသိလို့နေမှာပေါ့... သူက မင်းကို မပြောပြလို့ဖြစ်မှာပေါ့" ဂန္ဒီက ဒေါသတကြီး ဟိုဆေးအား အပြစ်ဆိုသည်။

"ခင်ဗျားကြိုက်သလိုပြောပါ... ခင်ဗျားကားနဲ့ သူ့ကို ဆေးရုံပို့ရပါမယ်။ သူ ကိုယ်ဝန်မရှိတာ လုံးဝသေချာပါတယ်" သူတို့ ငြင်းခုံနေသည့် အသံက တစ်လှိုင်းပြီးတစ်လှိုင်း လွင့်လာသည်။ ကြီးမားသည့်သံကြိုးများ လှုပ်ခတ်နေသည့်အလား ကျွန်မ၏ပျော့ညံ့နေသောစိတ်အစဉ်ကို လာရောက်ထိခတ်နေသည်။ ထိုအချိန်၌ ကျွန်မ၏အသက်က ကျွန်မအတွက် မည်သည့် အဓိပ္ပာယ်မျှမရှိတော့။ သူတို့စကားရပ်ပြီး ထာဝရဆိတ်ငြိမ်သွားဖို့သာ ကျွန်မ မျှော်လင့်မိသည်။ ထိုအသံက ကျွန်မခန္ဓာကိုယ်အား ပိုနာကျင်ထိခိုက်မှာ ထက် သေသွားရမှာကို ကျွန်မကြောက်မနေခဲ့တော့။

ဂန္ဒီမိန်းမ၏ စကားပြောသံ ကျယ်ကျယ်လောင်လောင်ကို ကျွန်မ ကြားလိုက်ပြန်သည်။ ထိုအသံလှိုင်းက သဲ့သဲ့လေးသာကျန်သည့် ဂီတကြိုးကို အပြန်အလှန်တီးခတ်နေသလို နာကျင်ခံစားရခက်လှသည်။ လက်နစ်ဖက်ကို မြှောက်ပြီး နားကိုပိတ်လိုက်ဖို့ ကျွန်မကြိုးစားလိုက်သည်။

ကျွန်မ၏လက်က ရှုပ်ထွေးနေသည့် ဆံရှည်ကိုသွားထိလိုက်သည်။ ဂန္ဒီ၏မိန်းမက ကြောက်လန့်တကြားတစ်ချက်အော်ပြီး အမြန်နောက်ဆုတ် သွား၏။ ကျွန်မကို လက်ညှိုးထိုးပြီး ဂန္ဒီအား သူတို့ဘာသာစကားဖြင့် ပြောနေ သည်။ ဂန္ဒီလည်း နောက်သို့ ခြေလှမ်းအနည်းငယ်ဆုတ်သွားသည်။

"သူ့လည်ပင်းပေါ်က အပြားက ဘယ်သူဆွဲပေးထားတာလဲ" ဟု လေးပင်သောအသံဖြင့် ဟိုဆေးအား မေးသည်။

"သူ့ကို ဆေးရုံအမြန်ပို့ပါ။ ဒီအပြားအကြောင်း နောက်မှပြောမယ်"

"အဲဒီအပြားကို ချွတ်ပစ်... ချက်ချင်းချွတ်ပစ်" အသံကျယ်ဖြင့် ဂန္ဒီအော်သည်။ ဟိုဆေးတွေဝေနေခိုက် ဂန္ဒီစိတ်လှုပ်ရှားကြီးစွာ အော်ပြန်သည်။

"မြန်မြန်... မြန်မြန်ယူလိုက်... သူသေတော့မယ်။ ဘာမသိညာမသိတဲ့ မင်းတို့တုံးတွေ" ဂန္ဒီက ဟိုဆေးအား တစ်ချက်တွန်းလိုက်သည်။ ဟိုဆေးရှေ့တက်လာပြီး ကြေးဆွဲပြားကို အားနှင့်ဆွဲလိုက်၏။ ကြိုးပြတ်သွားပြီး ကြေးပြားက သူ့လက်ထဲရောက်သွားသည်။

ဂန္ဒီက ဖိနပ်ချွတ်ပြီး ဟိုဆေးလက်အား ရိုက်ချလိုက်သည်။ ကျွန်မလဲနေသည့်ခုတင်ပေါ် ကြေးပြားပြုတ်ကျလာသည်။ ဂန္ဒီ၏ မိန်းမက စကားများပြောပြန်သည်။ ဂန္ဒီက ဟိုဆေးအား ပြတ်ပြတ်သားသားမေးပြန်သည်။

"မင်း မြန်မြန်စဉ်းစားစမ်း... ဒီဆွဲပြား ဘယ်သူတွေ၊ ဘာတွေကို ထိခဲ့သေးလဲ။ မြန်မြန်စဉ်းစား... ငါတို့ အချိန်မရှိတော့ဘူး" ဂန္ဒီနှင့် သူ့မိန်းမတို့၏ ကြောက်လန့်ခြင်းက ဟိုဆေးအား ကူးစက်သွားသည်။ သူက ထစ်ထစ်ငေါ့ငေါ့ဖြေသည်။

"ကျွန်တော့်ကို ထိတယ်၊ ကက်ဆက်ကို ထိတယ်... တခြား... တခြား... ထပ်ထိတာ မရှိလောက်တော့ဘူး"

"ထပ်စဉ်းစား... မြန်မြန်..."

"တကယ်... တခြား ထပ်ထိတာ မရှိတော့ဘူး"

"ဘုရားသခင်... ကျွန်ုပ်တို့အား ကယ်တင်စောင်မတော်မူပါ" ဂန္ဒီက အာရဗီဘာသာဖြင့် ရေရွတ်ပြီး ဟိုဆေးအား ထပ်ပြောလိုက်သည်။

"ရပြီ... လာ ငါတို့အပြင်မှာ စကားသွားပြောမယ်"

"သူ သွေးထွက်နေတယ်" ဟိုဆေးက စိတ်မချစွာပြောသော်လည်း ဂန္ဒီ၏နောက်သို့ လိုက်သွားသည်။

အိပ်ခန်းတံခါးကိုပိတ်ပြီး ဧည့်ခန်းထဲ သူတို့သွားလိုက်သည်ကို

ကျွန်မကြားနေရသည်။ ထူးထူးဆန်းဆန်း ကျွန်မ၏စိတ်အစဉ်က နဂိုအတိုင်း ပြန်ဖြစ်လာသည်။ ချွေးများ အဆက်မပြတ်ထွက်နေပြီး အသက်ကို ကျွန်မ ပြင်းပြင်းရှူနေမိသည်။ မျက်စိက လေးလံပြီး ဖွင့်မရသော်လည်း ခန္ဓာကိုယ် လွင့်ဝဲတာမျိုး မခံစားရတော့။ ထိုအချိန်တွင် ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ပြီး ကြည်လင်နေသည်။ အသံစိုးစဉ်းမျှမရှိ။ ပင်ပန်းနွမ်းနယ်မှုက ကျွန်မအား တဖြည်းဖြည်း ဝါးမျိုနေသည်ဟုသာ ကျွန်မခံစားမိသည်။

အိပ်မက်ထဲ ကျွန်မနစ်ဝင်ကျုံလွှန်နေသည်။ မိနစ်ပိုင်းအတွင်း၌ ကျွန်မ၏ထိရှလွယ်သော စိတ်အစဉ်တွင် အရာတစ်ခုကပ်ငြိနေသည်ဟု ခံစားမိသည်။ မမြင်ရသောအင်အားတစ်မျိုးက ဒီအိမ်ငယ်လေးထဲသို့ စီးဝင် နေသည်။ သူ့အသံမျှင်မျှင်လေးကိုပါ ကျွန်မကြားနေမိ၏။ မျက်လုံးကို ကျွန်မ အားယူဖွင့်လိုက်သည်။ မျက်နှာကြက်နှင့် ဗီရိုဘေးက ခန်းဆီးကိုသာ မြင်၏။ မျက်လုံးကို ကျွန်မပြန်မှိတ်လိုက်သည်။ သို့သော် ကျွန်မ၏ဆဋ္ဌမအာရုံက အိမ်လေးထဲသို့မြစ်တစ်စင်း၊ မြွေတစ်ကောင် ဒါမှမဟုတ် အကောင်တစ်ကောင် ကောင်က စီးဝင်နေသည်ဟု ခံစားမိသည်။ မြေပြင်ပေါ်က ကြေးပြားထဲသို့ သူတို့အဆက်မပြတ်စီးဝင်နေသည်။ ညင်ညင်သာသာဝင်လာပြီး ဖြည်းဖြည်း ချင်းမြင့်တက်လာသည်။ အခန်းတစ်ခုလုံး ပြည့်သွား၏။ ကျွန်မချမ်းလာလို့ပဲ လား၊ ကြောက်လာလို့ပဲလားမသိ၊ မျက်လုံးကို ဖွင့်ကြည့်မိပြန်သည်။ သို့သော် ထိုအရာများကို တစ်ခုမျှ ကျွန်မမမြင်မိ။

၁၀ မိနစ်ခန့်အကြာတွင် ကျွန်မ၏မှတ်ဉာဏ်က မီးရှူးမီးပန်းသဖွယ် ဦးနှောက်ထဲ လက်ခနဲဖြစ်သွားသည်။ ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားမည် ကို စိုးသောကြောင့် ကျွန်မ သွေးရှူးသွေးတန်းအော်ဟစ်မိသည်။

"ဟိုဆေး... ဟိုဆေး... အား... ကယ်ပါဦး..." အိပ်ခန်းတံခါးက ပိတ်မြဲပိတ်လျက်။ အော်ဟစ်လိုက်သည်ဟု ကျွန်မထင်သည်။ တကယ်တမ်းမှာ အက်ရှရှအသံသာဖြစ်၏။ ကျွန်မထပ်၍ထပ်၍ အော်သည်။ ခန္ဓာကိုယ်ကို ရွေ့လျားချင်ပေမည့် ကျွန်မအင်အားမဲ့နေသည်။ ခုတင်ခေါင်းရင်း ရေနွေးကြမ်းခွက်ကို ကျွန်မမြင်လိုက်သည်။ အားကုန်သုံးပြီး ခွက်ကို ကျွန်မ ကြိုးစားယူလိုက်သည်။ ပြီးတော့ လက်မြှောက်ပြီး မြေပြင်ပေါ်ပေါက်ချလိုက်သည်။ ခွက်က ကွဲပြီး အသံထွက်လာသည်။ တံခါးဖွင့်သံကို ကျွန်မကြားလိုက်၏။ ဟိုဆေး ပြေးဝင်လာသည်။

"ကော်ဖီအိုး... ကော်ဖီအိုး... ဟိုကြေးပြားကို ကျွန်မဆေးတော့ အဲဒီဆေးတဲ့အစနဲ့ပဲ ကော်ဖီအိုးကို တိုက်လိုက်သေးတယ်" ဟိုဆေးကိုဆွဲပြီး ကျွန်မက အရှုးအမူးပြောလိုက်သည်။

ဟိုဆေး တစ်ချက် ကြောင်သွားသည်။ ကျွန်မကို သူလှဲချလိုက်၏။ ထိုအချိန်၌ ဂန္ဒီက အနံ့ခံသလို နှာခေါင်းရှုံ့တွတွနှင့် ဝင်လာသည်။ ဟိုဆေးလည်း အနံ့ခံမိသည်။ "ဂက်စ်..." သူတို့ တစ်ပြိုက်နက်တည်း ပြောမိသည်။

ဟိုဆေးက ကျွန်မကို ခုတင်အောက် ဆွဲချပြီး အိမ်အပြင်ဘက် တရွတ်တိုက်ခေါ်သွားသည်။ အိမ်ထဲသို့ ဟိုဆေးပြန်ပြေးဝင်ကာ ဂက်စ်ပိုက်ကို ပိတ်ပြီး ပြန်ထွက်ပြေးလာသည်။

ဂန္ဒီက လမ်းဘက်အမြန်ပြေးသွားပြီး ကျောက်ခဲတချို့ကောက်လာသည်။ ဟိုဆေးအားလည်း တွန်းထိုးပြီး "မြန်မြန်... ဒီကျောက်ခဲတွေနဲ့ ဟိုကြေးပြားကို ဝိုင်းလိုက်... အဝိုင်းတစ်ခုဖြစ်အောင် ဝိုင်းလိုက်" ဟု ပြော၏။

ဟိုဆေးက ကြောင်တောင်တောင်ဖြစ်နေသည်။ ဂန္ဒီက သူ့အား

အတင်းတွန်း၍ကျောက်ခဲယူပြီး အိမ်ထဲပြေးဝင်သွားသည်။ ထိုညက မိတ်ဆွေအိမ်တွင် ကျွန်မတို့အိပ်ကြသည်။ ဂက်စ်ငွေ့များ လွင့်သွားအောင် အိမ်ပြတင်းတံခါးများ ဖွင့်ကာထားခဲ့၏။ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ စကားတစ်ခွန်းမျှ ပြောမထွက်ခဲ့။ ကျွန်မတို့၏ စိတ်ဝိညာဉ်နှင့် အသိစိတ်ကို စိုးမိုးသိမ်းပိုက်ခံသွားရမည်ကို စိုးရိမ်နေကြသည်။

မနေ့ညနေက ညှော်ခန်းကုလားထိုင်ရှည်ပေါ် ကျွန်မလဲလျောင်းပြီး ကားကြီး၊ ကားငယ်ဖြတ်သန်းသွားသည့်အသံကို အသေးစိတ် နားထောင်နေခဲ့သည်။ အလုပ်မှ ဟိုဆေးစောစောပြန်လာဖို့ မျှော်လင့်ခဲ့သည်။ အိမ်နီးချင်းကလေးများပင် ခါတိုင်းလို သူတို့လုပ်နေကျ ပြတင်းပေါက်မှာရပ်ပြီး လာမငေးကြတော့။ ကျွန်မ စည်းခြားခံလိုက်ရသည်။ ဟိုဆေး အလုပ်ကပြန်လာမှ သူ့မိတ်ဆွေဆာဟာရဝီသုံးယောက်က သူနှင့်အတူ အိမ်ထဲဝင်လာသည်။

"ဒါက အရမ်းကြမ်းတဲ့ အရမ်းထိရောက်တဲ့ လက်ဖွဲ့တစ်ခုပေါ့။ တိုက်တိုက်ဆိုင်ဆိုင် မင်းတို့က ကောက်ပြီး အိမ်ကောက်ပြန်ခဲ့တာကိုး" ဟု ဟိုဆေး၏ မိတ်ဆွေတစ်ယောက်က ရှင်းပြသည်။

"အစ္စလာမ်ဟာလား..." ကျွန်မက မေးလိုက်သည်။

"ငါတို့အစ္စလာမ်က ဒီလိုဟာမျိုးမလုပ်ဘူး။ ဒါက တောင်အရပ် Mauritania ဘက်က အောက်လမ်းပညာပေါ့"

"မင်းတို့ ဆာဟာရဝီတစ်ယောက်တိုင်းမှာ ဒီလိုကြေးပြား ဆွဲထားတာပဲ မဟုတ်လား" ဟိုဆေးက မေးလိုက်သည်။

"ငါတို့ဆွဲထားတာက ဒါနဲ့မတူဘူး... တူရင် အစောကြီးကတည်းက အကုန်သေကုန်ပြီပေါ့" ဟု ဟိုဆေး၏မိတ်ဆွေက ခပ်ဆတ်ဆတ်ပြောသည်။

"ဘယ်လို ခွဲခြားတာလဲ" ကျွန်မက မေးလိုက်သည်။

"မင်းရဲ့အဲဒီကြေးပြားမှာ သစ်စေ့တစ်ခု၊ အဝတ်ထုပ်လေးတစ်ခု ပါတယ် မဟုတ်လား။ ကြေးပြားဘေးမှာ သံဖြူနဲ့ကွပ်ထားသေးတယ်လေ။ ကံကောင်းလို့။ ကျွန်တဲ့ဟာ နစ်ခုကို မင်းပစ်ထုတ်လိုက်လို့... မဟုတ်ရင် ခဏ လေးနဲ့သေမှာ"

"ဒါ တိုက်ဆိုင်တာပဲနေမှာ... ဒီလို အယူတွေကို ကျွန်မမယုံဘူး" ကျွန်မ ခေါင်းမာစွာနှင့် ပြော၏။ ကျွန်မ ဤသို့ပြောလိုက်သည်ကို ထိုဒေသခံ သုံးယောက်စလုံး လန့်သွားပြီး သုံးယောက်သား စကားတစ်ခွန်းကို တစ်ပြိုက် နက်တည်း ပြောလိုက်သည်။

"စကားလျှောက်မပြောနဲ့..."

"သိပ္ပံခေတ်မှာ ဒီလိုထူးဆန်းတာကို ဘယ်လိုယုံနိုင်မှာလဲ" ကျွန်မ ထပ်ပြောတော့ သူတို့သုံးယောက်သား ကျွန်မအား ဒေါသတကြီး ကြည့်နေ လေသည်။

"မင်းမှာ ဟိုနေ့ကလိုဖြစ်တတ်တဲ့ ရောဂါတွေရှိလား" ကျွန်မ တစ်ချက်သေချာစဉ်းစားလိုက်သည်။ ထိုရောဂါသေးလေးများ ကျွန်မတွင် ရှိသည်။ ကျွန်မနာခေါင်း အလာဂျီဖြစ်တတ်သည်။ မျက်စိ မကြာခဏ စွံတတ် သည်။ အန်တတ်၊ မူးတတ်၊ အစာအိမ်နာတတ်သည်။ ပြင်းထန်သည့်အားကစား ပြုလုပ်ပြီးနောက် အောက်ပိုင်းသွေးအနည်းငယ်ထွက်တတ်သည်။ ဟင်းလျှာ ချိန် မကြာခဏ လက်လှီးမိတတ်သည်။

"ရှိတယ်... ရောဂါကြီးကြီးမားမား မဟုတ်ပေမယ့် ဒီလိုရောဂါ သေးသေးမွှားမွှားက ရှိတယ်" ဟု ကျွန်မဝန်ခံလိုက်သည်။

"ဒီလက်ဖွဲ့အဆောင်ရဲ့သဘောက လူမှာ နဂိုရှိတဲ့ ကျန်းမာရေး ချို့ယွင်းချက်ကို တိုက်ခိုက်ထိုးနှက်တာပဲ။ ဒီလိုရောဂါသေးကနေ သရဲတစ္ဆေက ကိုယ့်အသက်ကို လာယူနေသလိုဖြစ်အောင် ဒီအဆောင်ကလုပ်နိုင်တယ်" ဆာဟာရဝီမိတ်ဆွေက ကျွန်မအား ရှင်းပြသည်။

"ကော်ဖီအိုးထဲကနေ ရေလျှံထွက်လာပြီး ဂက်စ်မီးကို ငြိမ်းလိုက်တာဟာလည်း တိုက်ဆိုင်မှုလို့ မင်းရှင်းချင်သေးသလား" ဆာဟာရဝီမိတ်ဆွေ အပြောကို ကျွန်မနူတ်ဆိတ်နေလိုက်မိပြီး ဘယ်လက်ကိုမြှောက်ကာ ကားတံခါးညှပ်မိသည့်ဒဏ်ရာကို ကြည့်နေလိုက်၏။ ဒီနှစ်ရက်အတွင်း ကျွန်မ ခေါင်းထဲ တွေးတောနေမိသည်။ တွေးပြီးရင်း ထပ်တွေးသော်လည်း ကိစ္စရပ်တစ်ခုကို ကျွန်မမောင်းထုတ်မပစ်နိုင်ခဲ့။

"ကျွန်မရဲ့မသိစိတ်က ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ဖို့ မကြာခဏ တွေးတောကောင်း တွေးတောနေလို့ ရောဂါထတယ် ထင်တာပဲ" ကျွန်မ အေးအေးသက်သာ ပြောသည်။ ကျွန်မ ဤသို့ပြောလိုက်သည်ကို ဟိုဆေးထရန်မတတ် လန့်သွားသည်။

"ကျွန်မပြောတာက... ကျွန်မပြောတာက... သဲကန္တာရနေ့ရက်တွေကို ကျွန်မ ဘယ်လိုပဲကြိုးစားပြီး ကျင့်သားရအောင်နေထိုင်လည်း ဒီလို ဘဝနေထိုင်နည်းနဲ့ ပတ်ဝန်းကျင်က ကျွန်မရဲ့သည်းခံနိုင်မှုကို ကျော်လွန်သွားခဲ့တယ်"

"ဆမ်မောက်... နင်..."

"သဲကန္တာရကို ကျွန်မ မချစ်မြတ်နိုးတော့တာ မဟုတ်ဘူး။ ကျွန်မလည်း လူပဲလေ... ပျော့ညံ့တဲ့အခါလည်း ရှိမှာပေါ့"

"နင် ကော်ဖီအိုးဆေးတာကိုလည်း ငါမသိဘူး။ ငါရေသွားကြို တော့ ကော်ဖီကြောင့် ဂက်စ်မီးငြိမ်းသွားတာလည်း မမြင်မိဘူး။ ဒါဟာ လည်း ငါ့ရဲ့မသိစိတ်က ငါတို့ကိုသတ်ဖို့လုပ်နေတယ်လို့ မင်းပြောချင်တာ လား"

"ဒီကိစ္စကို စိတ်ပညာမိတ်ဆွေနဲ့သွားဆွေးနွေးမှ ရမယ်။ ကျွန်မတို့ က ကျွန်မတို့ရဲ့စိတ်ကမ္ဘာကို အနည်းအကျဉ်းလောက်သာ သိထားတယ်"

ဘာကြောင့်မှန်းမသိ... ဒီလိုစကားမျိုးက အားလုံးကိုမပျော်ရွှင် စေခဲ့။ လူဆိုသည်မှာ ကိုယ့်ကိုယ်ကိုယ်သိဖို့ ကြောက်တတ်သည့် သတ္တဝါ ဖြစ်သည်။ ကျွန်မ သက်ပြင်း တစ်ချက်ချလိုက်သည်။ ထိုကိစ္စကို ထပ် မစဉ်းစားဘဲ နေလိုက်သည်။

ကျွန်မ၏ ခုတင်ဘေးက ကြေးပြားကို "စမ်တုန်" ဟု ဒေသခံများ ခေါ်ကြပြီး အစ္စလာမ်ဆရာတစ်ဦးက လာယူသည်။ သူက ကြေးပြားကို ကွပ် ထားသည့်သံကို ဓားဖြင့် ခွာလိုက်သည်။ ကြေးပြားထဲတွင် လက်ဖွဲ့ပုံ ဖော် ထားသည့် ပုံတစ်ပုံထွက်လာ၏။ ထိုမြင်ကွင်းကို ကျွန်မမျက်စိဖြင့် တပ်အပ် မြင်လိုက်ချိန်၌ တစ်ကိုယ်လုံး ရေခဲရေထဲ ထည့်စိမ်လိုက်သလို အေးစက် သွားခဲ့သည်။

အိပ်မက်ဆိုး ကျော်လွန်သွားခဲ့ပြီ။ ကျွန်မ၏ကျန်းမာရေး အခြေ အနေက နည်းနည်းလိုနေသေး၏။ မိတ်ဆွေများက ကျွန်မကို တစ်ကိုယ်လုံး စစ်ဆေးကြည့်ဖို့ ပြောသည်။ ဒီအတွက် ကျွန်မမှာ ရှင်းလင်းချက်များ ရှိနေခဲ့ပြီမို့ ဆရာဝန်ကို ထပ်ပြီး ဒုက္ခမပေးလိုတော့ဟု ကျွန်မ တွေးလိုက် သည်။

ထိုနေ့က အစ္စလာမ်တို့၏ ဥပုသ်ကုန်ဆုံးရက်ဖြစ်သည်။ ပြတင်းပေါက်အပြင်ဘက်ရှိကောင်းကင်က ကြည်လင်နေ၏။ အေးမြသောလေများ တဖြူးဖြူး ဝင်ရောက်လာသည်။ နွေရာသီ ကုန်ဆုံးသွားခဲ့ပြီ။ လှပသော သဲကန္တာရ၏ ဆောင်းဦးက စတင်နေပြီဖြစ်သည်။

* * *

## မိုးထိအောင် လှေကားထောင်

ကားမောင်းသည်နှင့်ပတ်သက်၍ ကျွန်မ မည်ကဲ့သို့အမောင်းသင်ခဲ့သည်ဆိုသည်ကို ပြန်စဉ်းစား၍မရတော့။ နှစ်တော်တော်များများမှာ တခြားလူမောင်းသည်ကို ဘေးကနေ ကျွန်မစိတ်ပါလက်ပါထိုင်ကြည့်ရင်းက နောက်ပိုင်းမောင်းဖို့အခွင့်အရေးရလာသည့်အခါ စတီယာရင်ကို ကျွန်မကိုင်ကြည့်ရင်း အလိုလိုမောင်းတတ်သွားခဲ့တာ ဖြစ်သည်။ ကျွန်မက သတ္တိရှိသည်။ သူများကားစီးလျှင် ကားပိုင်ရှင်ထံမှ တောင်း၍ ကားမောင်းတတ်သည်။

"ကျွန်မကိုပေးမောင်းလေ... ကျွန်မ ဂရုတစိုက်မောင်းမှာပါ" လူအများက ကျွန်မ၏တိုးလျှိုးတောင်းဆိုသံကို ကြားသည်နှင့် ကားကို ကျွန်မလက်ထဲအပ်တတ်သည်။ ကားကြီး၊ ကားငယ်၊ ကားသစ်၊ ကားဟောင်းမကျန်

Synergy Publications

ဘေးလူကို ဂရုမစိုက်ဘဲ ကျွန်မသေသေချာချာမောင်းခဲ့သည်။ မည်သည့်ပြဿနာမျှ မရှိခဲ့ချေ။

ကျွန်မလက်ထဲ ကားအပ်သူအများစုက အရေးကြီးသည့်အရာတစ်ခု ကျွန်မကို မေးဖို့ အမြဲမေ့နေခဲ့၏။ သူတို့ မမေးတော့ ကျွန်မလည်း ပါးစပ်ဟ၍မကောင်း။ ထို့ကြောင့် ကားကိုသာ ကျွန်မ တိတ်တိတ်ဆိတ်ဆိတ်မောင်းနေခဲ့သည်။

ဟိုဆေး ကားဝယ်လိုက်သည့်အခါ ထို "မြင်းဖြူ" ကို ကျွန်မနှစ်သက်သွားခဲ့မိသည်။ မြို့ထဲ မကြာခဏ မောင်းသွားတတ်သည်။ တစ်ခါတလေ မြင်းဖြူကိုမောင်းပြီး ကျွန်မ၏ "မင်းသား" ကို သွားကြိုတတ်သေးသည်။ ကားမောင်းတာ အဆင်ပြေချောမွတ်သောကြောင့် မည်သူမျှ ကျွန်မကိုယာဉ်မောင်းလိုင်စင်ကိစ္စမမေးခဲ့။ ကျွန်မလည်း မသိမသာ ကိုယ့်စိတ်ကိုယ်လိမ်နေသည့် စည်းဝိုင်းထဲရောက်သွားခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် ယာဉ်မောင်းလိုင်စင်ရှိသည်ဟုသာ ခေါင်းမာမာတွေးတောခဲ့သည်။ အိမ်တွင် ဟိုဆေး၏မိတ်ဆွေတို့ အကြိမ်ကြိမ် ဆွေးနွေးပြောဆိုခဲ့ဖူးသည်။

"ဒီမှာ ကားမောင်းလိုင်စင်ဖြေတာ မိုးပေါ်တက်ထားထက် ခက်တယ်။ ဘယ်သူ့မှယားလဲ မသိဘူး။ ဖြေတာ ၁၄ ခေါက်လောက် ရှိနေပြီ။ ရေးဖြေတောင်မအောင်ဘူး။ နောက် ဆာဟာရဇီတစ်ယောက် မောင်းဖြေဖြေတာ နှစ်နှစ်ရှိနေပြီ"

ကြောက်စရာကောင်းသည့် သူတို့အပြောကို ကျွန်မ အသံမထွက်ဘဲ ငြိမ်ငြိမ်လေး နားထောင်နေလိုက်သည်။ ခေါင်းပင် မဖော်ရဲ။ သို့သော်ကားကိုတော့ ကျွန်မ နေ့တိုင်းလိုလို ဟိုဟိုဒီဒီ ခိုးမောင်းနေခဲ့၏။ မိုးပေါ်

တက်ဖို့ ယာဉ်မောင်းလိုင်စင်ရုံရှိ လှေကားများကို ကျွန်မ သွားရောက် မတက်ချင်သေးခဲ့။

တစ်နေ့တွင် ဖခင်ဆီက စာရ၏။ ဖခင်က ကျွန်မကို "သဲကန္တာရမှာ အားနေတုန်းလေး ယာဉ်မောင်းလိုင်စင်သွားဖြေနော်။ အချိန်မဆွဲနဲ့... ခပ်မြန်မြန်သွားဖြေလိုက်" ဟု မှာသည်။

အိမ်ကစာလာတိုင်း ဟိုဆေးက "အဖေတို့ ဘာပြောလဲ... အမေတို့ ဘာပြောလဲ" ဟု လိုက်မေးတတ်သည်။ ထိုနေ့က ကျွန်မသတိမထားဘဲ လွှတ်ခနဲပြောလိုက်မိသည်။

"ဖေဖေက ပြောတယ်... ယာဉ်မောင်းလိုင်စင်ကိစ္စ ပျင်းနေလို့ မဖြစ်တော့ဘူးတဲ့" ဟိုဆေးက တဟေ့ဟေ့နှင့် ခနဲ့ရယ် ရယ်လေသည်။

"အေးလေ... အဖေ့ရဲ့အမိန့်ဆိုတော့ နင့်ကိုငါ အစမ္မမပြောတော့ပါဘူး။ ဒီတစ်ခေါက် နင်ပြေးမလွတ်တော့ဘူး" ကိုယ့်ကိုယ်ကိုယ်လိမ်တာက စိတ်လိုလက်ရရှိလို့လိမ်တာ။ တခြားသူကိုမှ မထိခိုက်ဘဲဟု ကျွန်မ တွေး၏။ သို့သော် လိုင်စင်မရှိဘဲ ကားမောင်းနေပြီး ဖခင်ကို ထပ်လိမ်ညာနေတာမျိုး ကတော့ ကျွန်မမလုပ်သင့်။ အရင်တုန်းက ကျွန်မကားမောင်း၊ မမောင်းကို ဖခင်က မမေးခဲ့ဖူးသည်မို့ သူ့ကိုလိမ်ညာခဲ့တာလည်းမဟုတ်။ စပိန်တွင် ယာဉ်မောင်းလိုင်စင်ဖြေဖို့ "ယာဉ်မောင်း သင်တန်းကျောင်း" ကို မတက်မနေ တက်ရသည်။ ကျောင်းက စာရင်းပေးမှ ဖြေခွင့်ရှိသည်။ ထို့ကြောင့် မောင်း တတ်နေသော်လည်း သင်တန်းကြေးတော့ သွားပေးရသည်။

ကျွန်မတို့က စပိန်နှင့်ဝေးကွာသည့် အာဖရိကတွင်နေထိုင်သည်။ သို့သော် ဒီဒေသက သူတို့ပိုင်နက်ဖြစ်သောကြောင့် စပိန်ဥပဒေကို လိုက်နာ

ရသည်။ ယာဉ်မောင်းသင်တန်းကျောင်းကိုတက်ဖို့ ကျွန်မပြောဆိုပြီး ဒုတိယ မြောက်နေ့တွင် ဟိုဆေးက သူ့လုပ်ဖော်ကိုင်ဘက်တွေဆီကနေ မတူသည့် သင်တန်းကျောင်းကထုတ်သော အစမ်းမေးခွန်းများကို ငှားလာခဲ့သည်။ ယာဉ်စည်းကမ်းများကို ကျွန်မ ဦးစွာဖတ်ထားဖို့ဖြစ်သည်။ ကျွန်မ သိပ် မကျေနပ်။

"ကျွန်မ စာဖတ်ရပျင်းတယ်"

"နင်က တောင်ဆိတ်လို တစ်နေကုန်စက္ကူတွေဝါးနေတာ မဟုတ် လား... ဘယ်လိုလုပ်ပြီး စာဖတ်ရပျင်းတယ် ဖြစ်သွားရတာလဲ" ဟိုဆေးက တအံ့တသြ မေးသည်။

"ကြည့်ဦး... နင့်ရဲ့ဒီစာအုပ်တွေထဲမှာ နက္ခတ္တ၊ ပထဝီဝင်၊ တစ္ဆေသူရဲ၊ စုံထောက်၊ တီရစ္ဆာန်၊ ဒဿန၊ ဥယျာဉ်အနုပညာ၊ ဘာသာစကား၊ အစား အသောက်၊ ကာတွန်း၊ ရုပ်ရှင်၊ အပ်ချုပ်နည်း၊ ဒွါအပြင် တရုတ်တိုင်းရင်းဆေး၊ ကစားနည်း၊ အိပ်မွေ့ချနည်း၊ အဝတ်ဆေးဆိုးနည်း... ဟိုဟာ ဒီဟာ တရော တနှောနဲ့ ယာဉ်စည်းကမ်း နည်းနည်းလေးက နင့်ကို ခက်ခဲစေမလား" ဟိုဆေးက စာအုပ်စင်ဘက် လက်ညှိုးထိုးပြီးပြော၏။ ကျွန်မသက်ပြင်း တစ်ချက်ချပြီး ဟိုဆေးလက်ထဲက စာအုပ်ပါးလေးကို လှမ်းယူလိုက်သည်။ ဒါက မတူပါ... တခြားသူ သတ်မှတ်ထားသောအရာကို ကျွန်မဖတ်ရတာ မနှစ်သက်။

ရက်အနည်းငယ်အကြာတွင် ကျွန်မပိုက်ဆံတချို့ယူပြီး ကားမောင်း ကာ သင်တန်းကျောင်းသို့ စာရင်းပေး ကျောင်းသွားတက်လေ၏။ ဒီ "ဆာဟာရ ယာဉ်မောင်းသင်တန်း" ကျောင်းက သူဌေးက ကိုယ့်ပြင်ပန်းသဏ္ဌာန်ကို

သိပ်နှစ်သက်ပုံရသည်။ ဝတ်စုံအမျိုးမျိုးဖြင့် ရောင်စုံဓာတ်ပုံ ၁၀ ပုံကျော် လောက်ရိုက်ပြီး သူ့ရုံးခန်းနံရံတွင် အရောင်တလက်လက်ချိတ်ထားသည်။ ကြည့်ရသည်မှာ ရုပ်ရှင်ရုံထဲရောက်နေသည်နှင့် တူ၏။

ကောင်တာဘေးတွင် ဆာဟာရဝီအမျိုးသားတစ်အုပ် ဟိုတိုး ဒီတွေ့ရှိနေသည်။ ထိုသင်တန်းကျောင်းက စီးပွားရေးကောင်းလှ၏။ ဆာဟာရ တွင် ကားမောင်းသင်ခြင်းက ခေတ်စားသည်။ ဖာရာဗရပွဲ ရွှက်ဖျင်တဲများ ရှေ့တွင် ကားတစ်စီးကတော့ ရှိတတ်သည်။ ဖခင်တော်တော်များများက သူတို့၏ လုပသည့်သမီးကို ရောင်းပြီး ကားဝယ်စီးကြသည်။ ဆာဟာရဝီ အများအတွက် ခေတ်မီတိုးတက်သည့်တစ်ခုသောပြယုဂ်က ကိုယ်ပိုင်ကား မောင်းနှင်နိုင်ခြင်းပင်ဖြစ်သည်။ လူက ညစ်ပတ်နံစော်နေပါစေ၊ အရေးမပါ တော့။

ကောင်တာဘေးသို့ ကျွန်မခက်ခက်ခဲခဲရောက်သွားသည်။ စာရင်း လာသွင်းသည်ဟု ပြောပြီးခါမှ ကျွန်မညာဘက် လူတစ်ယောက်အကျော်တွင် စပိန်ရဲသား နှစ်ဦးရပ်နေသည်ကို တွေ့လိုက်မိသည်။ ကျွန်မလန့်ပြီး အပြင်သို့ တိုးဝှေ့ထွက်လာခဲ့သည်။ အဝေးကြီးရှောင်ထွက်ခဲ့ပြီး ကျောင်းအုပ်သူဌေး၏ အလှဓာတ်ပုံများကို ပြန်သွားကြည့်မိသည်။ မှန်ပြတင်းပေါက်အရိပ်ကနေ ရဲသားတစ်ဦး ကျွန်မဆီသို့ လျှောက်လာသည်ကို တွေ့လိုက်သည်။

ကျွန်မငြိမ်နေလိုက်သည်။ လှုပ်ပင်မလှုပ်ရဲ။ ကျောင်းအုပ်ဓာတ်ပုံ ပေါ်က ရုပ်ကြွယ်သီးများကို စိတ်ဝင်တစားရေတွက်နေလိုက်သည်။ ရဲသားက ဘေးမှာရပ်ပြီး ကျွန်မအား သေချာကြည့်သည်။ ပြီးမှ "မိန်းကလေး... ခင်ဗျား ကို သိသလိုပဲ" ဟု ဆို၏။ ကျွန်မကိုယ်ကိုလှည့်လိုက်ရပြီ။

"ဆောရီးနော်... ရှင့်ကို ကျွန်မ မသိသလိုပဲ"

"မင်း ကားမောင်းသင်ဖို့ စာရင်းလာသွင်းတယ်လို့ ငါကြားလိုက်သလိုပဲ။ ထူးဆန်းလိုက်တာ... မင်း မြို့ထဲမှာ ကားမောင်းနေတာကို ငါ အကြိမ်ကြိမ် တွေ့ခဲ့ဖူးပါတယ်။ မင်း ကားမောင်းလိုင်စင်မရှိဘူးပေါ့"

အခြေအနေကြည့်ရသည်မှာ သိပ်မဟန်မှန်းသိတော့ ကျွန်မ အင်္ဂလိပ်လို ပြောင်းပြောလိုက်သည်။

"ဆောရီး... ကျွန်မ စပိန်စကားနားမလည်ပါဘူး။ ရှင် ဘာပြောနေတာလဲ" ကျွန်မပြောသည်ကိုကြားတော့ သူကြောင်သွားသည်။

"လိုင်စင်... လိုင်စင်..." စပိန်လို သူက အော်ပြောသည်။

"နားမလည်ဘူး" သူ့အား စိတ်ပျက်သည့်ပုံစံဖြင့် ကျွန်မပြောလိုက်သည်။ ရဲသားက သူ့အဖော်ကိုသွားခေါ်ပြီး ကျွန်မကို လက်ညှိုးထိုးပြောသည်။

"မနက်တုန်းက စာတိုက်ဘက် သူကားမောင်းလာတာကို ငါမျက်စိနဲ့ တပ်အပ်တွေ့လိုက်တယ်။ သူပဲ... မမှားဘူး။ သူက အခုမှ ကားမောင်းလာသင်တာကိုး... သူ့ကို ငါတို့ဘယ်လိုအပြစ်ပေးရမလဲပြော"

"အခု သူက ကားပေါ်မှာမှရှိမနေတာ... စောစောတုန်းက နင် သူ့ကို ဘာလို့မဖမ်းလဲ" ဟု အခြားတစ်ယောက်က ပြောသည်။

"သူ့ကို ကားပေါ်မှာ တစ်ချိန်လုံး ငါတွေ့တယ်။ သူ့မှာ လိုင်စင်ရှိတယ်လို့ပဲ ထင်ထားတော့ ကားရပ်စစ်ဆေးဖို့ ဘယ်တွေးမိမလဲ" သူတို့နှစ်ယောက် ပြောရင်းပြောရင်း ကျွန်မအား မေ့သွားဟန်ပေါ်သည်။ ကိုယ်ကို အမြန်လှည့်ပြီး ဆာဟာရဝီအုပ်စုထဲ ကျွန်မတိုးဝင်သွား၏။ ကျွန်မ စာရင်းသွင်းပြီး သင်တန်းကြေးပေးကာ အဲဒီက ဝန်ထမ်းကိုလည်း တစ်ခါတည်း

စာမေးပွဲဝင်ကတ်လုပ်ပေးဖို့ ပြောလိုက်သည်။ နောက်နှစ်ပတ်အကြာ ကျွန်မ လာဖြေမည်။ အားလုံးလုပ်ပြီး လက်ထဲမှာ သူတို့ပေးသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စာအုပ်တစ်ထပ်ကိုကိုင်ပြီး အပြင်ဘက် ကျွန်မစိတ်ချလက်ချ ထွက်လာခဲ့သည်။

ကားပေါ်တက်စက်နှိုးပြီး ကားမောင်းထွက်ခါနီးမှာ နောက်ကြည့် မှန်ကို ကြည့်လိုက်တော့ ထိုရဲသားနှစ်ယောက်က ကျွန်မကိုဖမ်းဖို့ နံရံထောင့် တစ်ခုတွင် ရပ်စောင့်နေသည်ကို မြင်လိုက်၏။ ကျွန်မလန့်ပြီး ကားပေါ်က ခုန်ဆင်းလိုက်သည်။ ကားနားကနေ ခြေလှမ်းကျဲဖြင့် လှမ်းထွက်ခဲ့၏။ ဟိုဆေး အလုပ်ဆင်းမှ လာကြိုနိုင်းတော့သည်။ ကျွန်မကားမောင်းသင်သည့်အချိန်ကို မွန်းတည့် ၁၂ နာရီတွင် သတ်မှတ်ပေးထားသည်။ ယာဉ်မောင်းသင်တန်း ကျောင်း၏အပြင်အဆင်က မြို့ပြင်ခေါင်ခေါင်ရှိ သဲပုံများကြားတွင် လမ်းတချို့ လုပ်ထားခြင်းပင်ဖြစ်သည်။ ကျွန်မနှင့်ကျွန်မသင်တန်းဆရာက ကားထဲတွင် လှောင်ပိတ်နေပြီး ကြွက်ဖြူလေးလို တစ်ပတ်ပြီးတစ်ပတ် လှည့်ပတ်နေ သည်။

နေ့လယ်မွန်းတည့်ချိန် သဲကန္တာရ၏အပူချိန်က ၅၀ ဒီဂရီ အထက် တွင် ရှိသည်။ ကျွန်မတစ်ကိုယ်လုံး ချွေးများဖြင့် စိုရွှဲနေပြီး မျက်ဝန်းထဲသို့ စီးဝင်နေသည်။ တစ်ယောက်ယောက်က ကိုယ့်ပါးကိုရိုက်သလို သဲများက လာရိုက်သည်။ ၁၅ မိနစ်လောက်သာ သင်တန်းစတက်ရသေးသည်။ ရေငတ် ခြင်းနှင့် ပူလောင်ခြင်းက ခွေးရူးတစ်ကောင်လို ကျွန်မအား ကိုက်ခဲထား၏။ သင်တန်းဆရာက ပူလွန်းသောကြောင့် ကျွန်မအား ဘာမျှမမေးဘဲ အပေါ် အင်္ကျီကိုချွတ်ကာ အဝတ်ဗလာဖြင့် ကျွန်မဘေးတွင် ထိုင်နေသည်။ သုံးရက်

လောက် တက်ပြီးနောက် အပူဒဏ်ကိုမခံနိုင်သောကြောင့် သင်တန်းဆရာအား အချိန်ပြောင်းပေးဖို့ ကျွန်မပြောသည်။

"မင်းက ကံကောင်းနေပြီ... တခြားတစ်ယောက်က ညသန်းခေါင် ၁၂ နာရီမှာ သင်ရတယ်။ ချမ်းကချမ်း၊ မှောင်ကမှောင်နဲ့ ဘာမှမတတ်ဘူး။ ဘာတုန်း မင်းက အချိန်ပြောင်းချင်နေသေးတယ်ပေါ့" သူက ပြောပြောဆိုဆို ပူလောင်နေသော ကားအဖုံးကို အားနှင့် တစ်ချက်ပုတ်ထည့်လိုက်သည်။ ကားဖုံးက အောက်သို့ အနည်းငယ်ကျုံ့ဝင်သွားသည်။

ထိုသင်တန်းဆရာက မဆိုးပါ။ သို့သော် ကျွန်မ၏နောက်ပိုင်း သင်တန်းချိန် ၁၅ ချိန်ကို ဧင်းဒယ်အိုးထဲတွင် ထိုင်နေရတော့မည်။ အပေါ် အဝတ်မဝတ်ထားသည့် လူနှင့်အတူထိုင်ရမည်ကို ကျွန်မ မကြိုက်။ ထို့ပြင် သူ့စကားတိုင်းတွင် ဖရုသဝါစာများပါ၏။ ကျွန်မ နားမထောင်ချင်။ ကျွန်မ တစ်ချက်စဉ်းစားပြီး သူ့အား ပြောသည်။

"ဒီလိုလုပ်လေ... ကျွန်မတက်ရမယ့် သင်တန်းချိန်အားလုံးကို ဆရာလက်မှတ်ထိုးပေးလိုက်၊ ကျွန်မ မသင်တော့ဘူး။ စာမေးပွဲကို ကျွန်မဘာသာ ကျွန်မတာဝန်ယူမယ်"

"အေးလေ... မင်းကို အနားပေးလိုက်မယ်... ငါတို့ သင်တန်းပြီးပြီ။ စာမေးပွဲမှာ တွေ့ကြတာပေါ့" သူက နားထောင်ပြီး စိတ်လိုလက်ရဆိုသည်။

အိမ်ပြန်ခါနီးတွင် သင်တန်းဆင်းအထိမ်းအမှတ်အနေဖြင့် သူက ကျွန်မကို ဘီလပ်ရည်တစ်ပုလင်းတိုက်သည်။ သင်တန်းကြေး အလကားသွင်းပြီး ကားမောင်းလည်း သွားမသင်တော့သည့်အကြောင်း ကြားတော့ ဟိုဆေးစိတ်တိုသည်။ ကျွန်မကို ညပိုင်းသင်တန်းတက်ဖို့ တိုက်တွန်းပြန်၏။

သင်တန်းကြေးဈေးကြီးသည်မို့ ယာဉ်စည်းကမ်းသင်ခန်းစာကို သွားသင်ဟု ဆိုသည်။

ညပိုင်းသင်တန်းကို ကျွန်မ တစ်ကြိမ်သွားတက်ခဲ့သည်။ ဘေးအခန်းက ဆာဟာရဝီတို့အတန်းက ထူးဆန်းအံ့ဩဖို့ကောင်း၏။ သူတို့အားလုံး ယာဉ်စည်းကမ်းကို အလွတ်ရွတ်ဆို ကျက်မှတ်နေကြသည်။ စည်းကမ်းချက် တစ်ချက်ပြီးတစ်ချက် စိတ်ဝင်တစားကျက်မှတ်ကြသည်။ ဒီလိုအလေးအနက်ဖြစ်နေသော ဆာဟာရဝီများကို ကျွန်မတစ်ခါမျှမမြင်ဖူးခဲ့။ ကျွန်မတို့ စပိန်ဘာသာအတန်းက လူသုံး၊ လေးယောက်မျှသာ။ သင်တန်းသားတော်တော်များများက သင်ခန်းစာကို လာမနားမထောင်ကြချေ။

ကျွန်မ၏ဆရာက စာပေပညာအနံ့အသက်ပြည့်ဝသော ပိန်ရှည်ရှည်မုတ်ဆိတ်နှင့် လူရွယ်တစ်ဦးဖြစ်သည်။ သူက ဖရုသဝါစာမပြော။ ယခင်သင်တန်းဆရာနှင့် အကွာကြီး ကွာလှသည်။ ကျွန်မနေရာ၌ ထိုင်ပြီးသည့်နောက် ဆရာက ကျွန်မဆီလာပြီး တရုတ်စာပေယဉ်ကျေးမှုကို တရိုတသေလာရောက်မေးမြန်းသည်။ သူ့ကို တရုတ်စာအရေးအသားတချို့ရေးပြပြီး အချိန်တစ်ချိန်စာ ကျွန်မရှင်းလင်းပြလိုက်သည်။ နောက်တစ်နေ့ ကျွန်မအတန်းထဲသို့ဝင်ချိန် ဆရာက ဗလာစာအုပ်တစ်အုပ် အမြန်ထုတ်၍ ပြ၏။ စာအုပ်ထဲတွင် တရုတ်စာများ အပြည့်ရေးထားသည်ကို တွေ့လိုက်သည်။

"ကျွန်တော်ရေးထားတာ ရလား… တူလား" ဟု ရိုရိုကျိုးကျိုးနှင့် သူက မေးသည်။

"ကျွန်မရေးထားတာထက်တောင် လှတယ်" ဆရာပျော်သွားပြီး ကျွန်မကို ဟိုစစ်၊ ဒီမေးလုပ်တော့သည်။ ကွန်ဖြူးရှပ်အကြောင်း၊ လောက်ကျိ

အကြောင်း မေးတော့သည်။ အဲဒါက ကျွန်မ၏ကျွမ်းကျင်မှုဖြစ်သည်မို့ သူ့အား ပိုင်ပိုင်နိုင်နိုင်ပြောပြလိုက်သည်။ "ကျွမ်ကျိုကိုရော သိသလား"ဟု သူ့အား ကျွန်မမေးတော့ သူက "ကျွမ်ကျိုဆိုတာ လိပ်ပြာငယ်တစ်ကောင်မဟုတ်လား" ဟု ပြောသည်။

(ကျွမ်ကျို Zhuangzi သည် ရှေးခေတ် တရုတ်ဒဿနပညာရှင် တစ်ဦးဖြစ်၏။ ဘာသာပြန်သူ)

တစ်နာရီက ခဏလေးကုန်ဆုံးသွားခဲ့သည်။ မီးနီ၊ မီးဝါ၊ မီးစိမ်း အကြောင်း ဆရာပြောသည်ကို ကျွန်မနားထောင်ချင်မိသည်။ သူက "မင်းက အရောင်ကန်းသူလား" ဟု တအံ့တသြမေးသည်။

ကျွန်မအား အနှစ် ၅၀၀၀ "အချိန်ဥမင်လိုဏ်ခေါင်း" ကနေ သူလွှတ်လိုက်ချိန်၌ အပြင်တွင် မိုးစုံးစုံးချုပ်ပြီး အေးနေခဲ့ပြီ။ အိမ်ရောက်တော့ အဆာလွန်နေသည့် ဟိုဆေးအတွက် အမြန်ချက်ပြုတ်လိုက်သည်။

"ဆမ်မောက်… ကုန်ကားနောက်က မတူတဲ့မီးရောင်အကြောင်း တွေ သေချာနားလည်ပြီးလား"

"သေချာသိပါပြီ… ဒီဆရာသင်တာ အရမ်းကောင်းတယ်"

နေ့ခင်းဘက် ဟိုဆေးအလုပ်သွားချိန် ကျွန်မက အိမ်မှာနေပြီး အဝတ်လျှော်၊ မီးပူတိုက်၊ အိပ်ရာခင်း၊ တံမြက်စည်းလှဲ၊ ထမင်းဟင်းချက်၊ သိုးမွေးထိုးဖြင့် မအားမလပ်။ ကိုယ်နံဘေးက ယာဉ်စည်းကမ်းစာအုပ်ကို လည်း လက်က မချရဲ။ ငယ်ငယ်တုန်းက ဘုရားကျောင်း၌ "ကျမ်းစာ" များ ရွတ်ဖတ်နေသလို စွဲစွဲမြဲမြဲမှတ်မိအောင် ပါးစပ်ကနေ စည်းကမ်းချက်တစ်ချက် တိုင်းကို တတွတ်တွတ် ရွတ်နေခဲ့သည်။ ထိုအချိန်က ကျွန်မ စာမေးပွဲ

ဖြေမည်ဆိုသည်ကို အိမ်နီးချင်းများက သိကြသည်။ တံခါးကို ကျွန်မ ကျပ်ကျပ် ပိတ်ထား၏။ မည်သူလာလာ ဖွင့်မပေးခဲ့။

အိမ်နီးချင်းအမျိုးသမီးများက ကျွန်မကို မုန်းကြသည်။ နေ့တိုင်း "နင် ဘယ်တော့ စာမေးပွဲဖြေပြီးမှာလဲ... နင် တံခါးမဖွင့်တော့ ငါတို့ အဆင်မပြေဘူး" ဟု ဆဲဆိုကြသည်။ ကျွန်မ ဂရုမစိုက်။ ဒီတစ်ကြိမ်မှာတော့ ကျွန်မ စိတ်ဒုန်းဒုန်း ချထားခဲ့သည်။ စာမေးပွဲနေ့က မျက်စိတစ်မှိတ်အတွင်း ရောက်လာခဲ့ပြီ။ မောင်းဖြေရမည်ကို ကျွန်မ မကြောက်၊ ရေးဖြေရသည်ကိုတော့ နည်းနည်း စိတ်မချရ။ ထိုယာဉ်စည်းကမ်းများကို မုန်ညင်း၊ ကြက်ဥ၊ သိုးမွေးချည်၊ ကွန်ဖြူးရှပ်၊ ကျွမ်းကျင်တို့နှင့်အတူ ကျက်မှတ်ရသောကြောင့် နည်းနည်း အရောအနှော ရှိသည်။

သောကြာနေ့ညက ယာဉ်စည်းကမ်းစာအုပ်ကိုယူပြီး ဟိုဆေးက "တနင်္လာနေ့မှာ နင်ရေးဖြေဖြေရမယ်။ တကယ်လို့ မဖြေနိုင်ရင် ကားမောင်းရဖို့ စိတ်မကူးနဲ့။ အခု နင့်ကိုငါမေးမယ်" ဟု ပြောသည်။

ဟိုဆေးက ကျွန်မကို ပါရမီရှိသောငတုံးဟု သတ်မှတ်ထားသူဖြစ်သည်။ သူ ဟိုမေး၊ ဒီမေး မေးတော့၏။ လေသံမာသလို မျက်နှာကြောကလည်း ခပ်တင်းတင်းမို့ သူ့ကိုကြည့်ပြီး ကျွန်မ တစ်ခုမျှ သေချာမကြားခဲ့။

"ရှင်နည်းနည်းနေးလို့မရဘူးလား။ ရှင် ဘာတွေပြောနေမှန်း ကျွန်မ နားကိုမလည်ဘူး"

မေးခွန်းအများအပြား သူမေးသော်လည်း ကျွန်မတစ်ခုမျှမဖြေနိုင်ခဲ့။ စာအုပ်ကို သူလွှင့်ပစ်လိုက်ပြီး ကျွန်မအား ဒေါသတကြီး စိုက်ကြည့်လေသည်။

"သင်တန်းတွေသွားတက်ပြီး ဒါတောင်မတတ်ဘူး... နင်သိပ်အတယ်... သိပ်အတယ်"

ကျွန်မလည်း စိတ်တိုပြီး မီးဖိုချောင်ထဲပြေးဝင်ကာ ဦးနှောက်ရှင်းသွားအောင် ဟင်းချက်ဝိုင်ကို တစ်ငုံကြီးသောက်လိုက်သည်။ ထို့နောက် ယာဉ်စည်းကမ်းစာအုပ်ကို ဟိုဆေးဆီ ပစ်ပေးလိုက်သည်။ တစ်ဆက်တည်းမှာပင် စကားလုံးတစ်လုံးချင်း၊ တစ်လုံးချင်း ကျွန်မ အလွတ် ရွတ်ဆိုတော့သည်။ စာအုပ်က စာမျက်နှာ ၁၀၀ လောက်ရှိသည်။ ထိုစာမျက်နှာ ၁၀၀ ကို ကျွန်မ အကုန်ရွတ်ဆိုပြလိုက်၏။ ဟိုဆေး ငေးကြောင်သွားသည်။

"ဘယ်လိုလဲ... ကျွန်မ ဒီလို အသေကျက်တာက မူလတန်းဆရာတွေ ကျင့်ပေးခဲ့တာ" ကျွန်မ ကျေနပ်အားရစွာပြောသည်။

"တနင်္လာနေ့ကျရင် နင်စိတ်သိပ်လှုပ်ရှားပြီး စပိန်ဘာသာကို သေချာမဖတ်တတ်ရင် ဘယ်လိုလုပ်မလဲ" ဟိုဆေးက စိတ်မချသေးဘဲ မေး၏။ သူ ထိုသို့မေးလိုက်မှ ကျွန်မမှာ ညအိပ်မပျော်ဘဲ ဟိုလှည့်၊ ဒီလှည့်ရှိနေခဲ့သည်။ ကျွန်မတွင် ဒီလိုရောဂါရှိသည်။ စိတ်လှုပ်ရှားပြီး အဖြေစာရွက်ဗလာ တင်ခဲ့တတ်၏။ နောက်မှ အသိဝင်လာတတ်သည်။ ဦးနှောက်က တစ်နေရာရာတွင် ကန့်လန့်ခံပြီး လှည့်မရတာဖြစ်သည်။

တစ်ညတာ အိပ်ရေးပျက်ပြီး မနက်မိုးစင်စင်လင်းလာခဲ့သည်။ ဟိုဆေးက အိပ်ကောင်းနေဆဲ။ တစ်ပတ်လောက် သူပင်ပန်းခဲ့ပြီမို့ သူ့အား မနှိုးရက်ခဲ့။ အဝတ်အစားလဲပြီး တံခါးကို ညင်ညင်သာသာဖွင့်ကာ ကျွန်မ ထွက်လာခဲ့သည်။ ကားကိုအသာနှိုးပြီး မြို့နှင့်အတန်လှမ်းသော ယာဉ်ဦးစီးဌာနဆီ မောင်းခဲ့တော့သည်။ လိုင်စင်မရှိဘဲ ယာဉ်ဦးစီးဌာနဆီ မောင်းသွား

သည်က ပိုက်လိုက်တိုးသည့် ယုန်သူငယ်နှင့် တူ၏။ အကယ်၍ ကျွန်မသာ လမ်းလျှောက်သွားလျှင် ဆံပင်ဖားလျားနှင့် တခြားသူ၏ထင်မြင်ချက်ကို ဖျက်ဆီးမိနိုင်သည်။ ဤသို့ဆိုလျှင် ကျွန်မလုပ်ချင်တာလည်း အရာရောက်မည်မဟုတ်။ ကားကို ဌာနရုံးခန်းနားအထိ ကျွန်မမောင်းသွားသည်။ မည်သူကမျှ ကျွန်မကို လိုင်စင်လာမစစ်။ လောကမှာ ဒီလောက်သတ္တိရှိသည့် တော်း ရှိနိုင်ပါဦးမလား။ ရုံးခန်းဝတွင် ကားရပ်ပြီး အထဲသို့ ကျွန်မလျှောက်ဝင်သွားသည်။

"ဆမ်မောက်..." ဝင်ဝင်ချင်း ကျွန်မနာမည်ခေါ်သံကို ကြားလိုက်ရသည်။

"ရှင် ကျွန်မကို သိတယ်လား..." ခေါ်သည့်လူကို ကျွန်မ မေးလိုက်သည်။

"မင်း စာရင်းသွင်းထားတဲ့ ဓာတ်ပုံရှိတယ်လေ... ဒီမှာကြည့်... တနင်္လာနေ့ဆို စာမေးပွဲဖြေတော့မှာ"

"အဲဒီကိစ္စအတွက် ကျွန်မရောက်လာခဲ့တာပဲ။ ကျွန်မ ရေးဖြေစစ်ဆေးသူတာဝန်ခံနဲ့ တွေ့ချင်ပါတယ်"

"ဘာကိစ္စလဲ... တာဝန်ခံက ငါတို့အဖွဲ့အကြီးအကဲပဲ"

"သူနဲ့ တွေ့ခွင့်ရနိုင်မလား"

ကျွန်မ၏ လျှို့လျှို့ဝှက်ဝှက်ပုံစံကို သူကြည့်ပြီး အထဲသို့ချက်ချင်း ဝင်သွားသည်။ တစ်အောင့်ကြာတော့ သူ ထွက်လာသည်။

"ဒီဘက်ကနေ ဝင်သွားပါ"

ရုံးခန်းထဲမှ တာဝန်ခံက အရပ်မြင့်မြင့်၊ ခန့်ခန့်နှင့် ဆံပင်ဖြူနေပြီ

ဖြစ်သော ရဲအရာရှိတစ်ဦးဖြစ်သည်။ သဲကန္တာရတွင် ထိုသို့ တည်တံ့သော လူတစ်ဦးကို တွေ့သောအခါ ရုတ်တရက် ကျွန်မ၏ဖခင်ကို ကျွန်မသွားသတိရ လိုက်မိပြီး တစ်ချက်တွေဝေသွား၏။ အရာရှိက စားပွဲခုံက ခွာပြီး ကျွန်မကို လက်ကမ်းနှုတ်ဆက်သည်။ ပြီးမှ ကုလားထိုင်ပေါ်ထိုင်ချပြီး ကော်ဖီလာချဖို့ ပြောလိုက်သည်။

"ဘာကိစ္စရှိပါသလဲ... မင်းက..."

"ကျွန်မ ဆမ်မောက်ပါ..." တစ်ညတာ ကျွန်မအိပ်မပျော်ခဲ့သော ပြဿနာကို သူ့အားဖြေရှင်းပေးပါရန် ကျွန်မတောင်းဆိုလိုက်သည်။

"ကောင်းပြီ... ဒါကြောင့် မင်းက ယာဉ်စည်းကမ်းကို နှုတ်ဖြေ ဖြေချင်လို့... နှုတ်နဲ့ဖြေချင်လို့ ... ဒီလိုလား..."

"ဟုတ်ပါတယ်... ဒီလိုပါ..."

"မင်းရဲ့စိတ်ကူးက ကောင်းတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ဒီလို ဖြေတာမရှိပါဘူး။ ပြီးတော့ မင်းရဲ့စပိန်ဘာသာကလည်း အရမ်းကောင်းတာပဲ။ အခက်အခဲမရှိလောက်ပါဘူး"

"ကျွန်မ မရဘူး... အခက်အခဲရှိတယ်။ ကျွန်မအတွက်နဲ့ ရှင်လုပ် လိုက်ပါလား..." ကျွန်မကို သူနှုတ်ဆိတ်စွာ ကြည့်နေလိုက်သည်။

"ဆာဟာရဝီတွေ နှုတ်ဖြေဖြေလို့ရတယ် ကြားတယ်။ ဘာဖြစ်လို့ ကျွန်မနှုတ်ဖြေဖြေလို့မရလဲ"

"တကယ်လို့ မင်းက ဆာဟာရသဲကန္တာရမှာပဲ မောင်းမယ့်လိုင်စင် ဆိုရင် နှုတ်ဖြေဖြေနိုင်ပါတယ်"

"ကျွန်မက ဘယ်နေရာမှာဖြစ်ဖြစ် မောင်းလို့ရတဲ့ လိုင်စင်လိုတာ"

"ဒါဆို ရေးဖြေ ဖြေကိုဖြေရပါမယ်။ စာမေးပွဲက ရွေးချယ်တဲ့ပုစ္ဆာပါ။ အမှတ်အသားလုပ်ရုံပါပဲ။ ချရေးစရာမလိုပါဘူး"

"ရွေးချယ်တဲ့ပုစ္ဆာက နှစ်မျိုးဖြစ်နိုင်ခြေကို မေးတတ်တယ်။ ကျွန်မက စိတ်လှုပ်ရှားရင် မှားတတ်တယ်။ ကျွန်မက နိုင်ငံခြားသားလေ"

အရာရှိက တစ်ချက်လောက်စဉ်းစားပြီး "မဖြစ်ဘူး... အဖြေစာရွက်ကို မှတ်တမ်းလုပ်ရမှာ။ နှုတ်ဖြေမှာ အဖြေလွှာမရှိတော့ ကျွန်တော်တို့ သက်သေပြဖို့ရာ မရှိဘူး... မတတ်နိုင်ပါဘူး"

"ဘာလို့ မတတ်နိုင်ရမှာလဲ... ကျွန်မတို့ အသံသွင်းသိမ်းထားလို့ ရတယ်လေ... အရာရှိကြီးကလဲ။ ဦးနှောက်လေး နည်းနည်းလှည့်ပတ်စမ်းပါ" ကျွန်မ၏ စကားအချေအတင်စရိုက်က ထလာခဲ့ပြီ။

"တနင်္လာနေ့မှာ မင်းစိတ်ချလက်ချ လာဖြေစမ်းပါ... အောင်ကို အောင်ပါတယ်။ စိတ်မပူပါနဲ့" အရာရှိက ကျွန်မအား ကြင်ကြင်နာနာကြည့်ပြီး ပြော၏။ သူမလိုက်လျောသည်ကိုတွေ့တော့ ကျွန်မလည်း အတင်းအဓမ္မ မပြောချင်တော့။ သူ့အား ကျေးဇူးတင်စကားပြောပြီး နှုတ်ဆက်ကာ ကျွန်မ တည်တည်ငြိမ်ငြိမ် ထွက်လာခဲ့သည်။

တံခါးဝအရောက်တွင် သူက ကျွန်မအား "ခဏနေဦး... ကလေး နှစ်ယောက်နဲ့ လိုက်ပို့နိုင်းလိုက်မယ်။ ဒီနေရာက မြို့နဲ့အဝေးကြီး" ဟု ပြော၏။ သူက သူ့လက်အောက်ငယ်သားကို ကလေးဟု တင်စားခေါ်ဝေါ်သည်။

သူ့ကို ကျေးဇူးတင်ကြောင်း ထပ်ပြောပြီး ကျွန်မထွက်လာသည်။ တောင့်တောင့်ဖြောင့်ဖြောင့် "ကလေး" နှစ်ယောက် ကားဘေးတွင် ရပ်နေသည်ကို တွေ့လိုက်၏။ မြင်မြင်ချင်း ကျွန်မတို့ အချင်းချင်းလန့်သွားကြသည်။

ထိုကလေးနှစ်ယောက်က အရင်နေ့က ကျွန်မကို လိုင်စင်မရှိဘဲ ကားမောင်းသဖြင့် ဖမ်းမည်ဟုဆိုသည့် ရဲသားနှစ်ယောက် ဖြစ်သောကြောင့်ဖြစ်သည်။

"ဟို... အားနာစရာကြီး... လိုက်မပို့ပါနဲ့ ရပါတယ်။ ရှင်တို့ သဘောထားကြီးတယ်ဆိုရင် ကျွန်မကို ဒီတစ်ကြိမ်တော့ခွင့်လွှတ်ပါ။ ကျွန်မကိုယ်တိုင်ပြန်ပို့မယ်" ဟု သူတို့ကို ကျွန်မ ယဉ်ယဉ်ကျေးကျေးပြောလိုက်သည်။

ထိုအချိန်၌ ကျွန်မကို သူတို့မဖမ်းနိုင်ဟု ကျွန်မ ယတိပြတ်သိထားသောကြောင့် ကိုယ်တိုင်ကားမောင်းပြီး ပြန်ခဲ့လေတော့၏။ အိမ်ရောက်တော့ ဟိုဆေးအိပ်နေဆဲ။ တနင်္ဂနွေနေ့က ယာဉ်မောင်းလက်ဆွဲကို ကျွန်မအလွတ်ကျက်မှတ်နေခဲ့သည်။ နှစ်ယောက်သား ပေါင်မုန့်နှင့် သကြားသာ စားလိုက်ကြ၏။ တနင်္လာနေ့မနက်တွင် ဟိုဆေးက အလုပ်မသွား။ ခွင့်တိုင်ထားပြီ နောက်တစ်ပတ်စနေနေ့၌ အစားပြန်ထိုးမည်ဟုဆိုသည်။ ကျွန်မကို အဖော်လုပ်ပြီး စာမေးပွဲသွားဖြေမည်ဟုဆိုသည်။ ကျွန်မက သူ့အား မသွားစေချင်။ စာမေးပွဲဖြေသည့်နေရာသို့ရောက်သောအခါ လူ ၂၀၀၊ ၃၀၀ လောက်ရှိမည့် လူအုပ်မည်းမည်းကို တွေ့လိုက်၏။ ဆာဟာရဝီလည်း တော်တော်များသည်။ ရေးဖြေ၊ မောင်းဖြေက တစ်နေရာတည်းမှာဖြစ်သည်။ ဖြေသည့်နေရာနှင့် မျက်နှာချင်းဆိုင်က သဲကန္တာရအကျဉ်းထောင်ဖြစ်၏။ ထိုအကျဉ်းထောင်ရှိ အကျဉ်းသားများက ပြစ်မှုကြီးသူများ မဟုတ်ကြ။ ပြစ်မှုကြီးသူများကို ရဲစခန်းထဲတွင် ချုပ်ထားသည်။

ထိုအကျဉ်းသားများက များသောအားဖြင့် အရက်ဘားတွင် ရန်ဖြစ်ကြသူ၊ ဒါမှမဟုတ် အရက်မူးကြသူ၊ ဆာဟာရဝီနှင့် အုပ်စုဖွဲ့ရန်ဖြစ်ကြသည့် Canaria ကျွန်းစုမှ လာသည့် အလုပ်သမားများဖြစ်ကြသည်။ တကယ့်

ရာဇဝတ်ပြစ်မှုကြီးသည့်၊ လမ်းသရဲဓားပြများ သဲကန္တာရတွင်မရှိ။ ထိုနေရာက ကျတ်တီးမြေဖြစ်သောကြောင့် တကယ့်လူဆိုးများလည်း လာရောက်နေနိုင်ကြပုံမပေါ်ပါ။ စာမေးပွဲခန်းထဲဝင်ဖို့ ကျွန်မတို့စောင့်နေကြသည်။ မျက်နှာချင်းဆိုင် အကျဉ်းထောင်က အကျဉ်းသားများ ခေါင်မိုးပေါ်တက်ပြီး ကြည့်နေကြ၏။ စာမေးပွဲဖြေဖို့ စပိန်အမျိုးသမီးတစ်ယောက် ရောက်လာတိုင်း ထိုကြမ်းတမ်းသည့် အကျဉ်းသားများက လက်ခုပ်လက်ဝါးတီးပြီး အော်ကြသည်။

"ဟေ့... ဘေဘီ... အလှလေး... သေချာဖြေနော်.. မကြောက်နဲ့နော်... ကိုကိုတို့ရှိတယ်... ကိုကိုတို့အားပေးနေတယ်... ဝါး... တကယ့်ဆက်ဆီလေးပဲကွာ" ကြမ်းကြမ်းတမ်းတမ်း အားရပါးရ အော်ဟစ်နေသောသူတို့အသံကိုကြားတော့ ကျွန်မလိုက်ရယ်မိသည်။

"ဒါတောင် နင်က တစ်ယောက်တည်းလာမယ် လုပ်နေသေးတယ်။ ငါသာမပါရင် နင်လည်း သူတို့ရဲ့ဘေဘီဖြစ်သွားမှာပဲ" ဟု ဟိုဆေးက ပြော၏။

တကယ်တမ်းမှာ ခေါင်မိုးပေါ်က ထိုအရူးများကို ကျွန်မတော့ သဘောကျသည်။ ဤသို့ ဝမ်းသာပျော်ရွှင်နေသော အကျဉ်းသားများကို ကျွန်မမမြင်ဖူးခဲ့။ တကယ့်ထူးဆန်းတဲ့ မြင်ကွင်းပါ။ ထိုနေ့က စာမေးပွဲဖြေသူ အယောက် ၁၀၀ ရှိခဲ့သည်။ အသစ်လာဖြေသော၊ ထပ်၍လာဖြေသောသူများ ပါဝင်၏။ အရာရှိက အခြားတစ်ဦးနှင့်အတူ စာမေးပွဲခန်းတံခါးဖွင့်ချိန် ကျွန်မ၏ နှလုံးက စည်းလွတ်ဝါးလွတ်ခုန်နေတော့သည်။ ခေါင်းလည်းမူးပြီး အန်ချင်လာသည်။ လက်ဖျားများ အေးစက်ပြီး ကွေးကောက်၍ပင် မရတော့။

ဟိုဆေးက ကျွန်မလွတ်ထွက်သွားမည့်အလား ကျွန်မလက်ကို တင်းတင်းဆုပ်ကိုင်ထား၏။ နာမည်အခေါ်ခံရသူများက သတ်ဖြတ်ခံရ

တော့မည့် ဆိတ်သူငယ်လို ကြောက်စရာကောင်းသော တွင်းမည်းအခန်းထဲသို့ လိမ်လိမ်မာမာဝင်သွားတော့သည်။ ကျွန်မနာမည်အခေါ်ခံရချိန် ဟိုဆေးက ကျွန်မအား သာသာလေးတွန်းလိုက်၍ ကျွန်မရှေ့သို့ ထွက်ရပ်လျက်သား ဖြစ်သွားသည်။

"ဝွတ်မောနင်း..." အရာရှိအား ငိုမဲ့မဲ့ဖြင့် ကျွန်မနှုတ်ဆက်လိုက် သည်။

"ရှေ့ဆုံးတန်း ညာဘက်မှာ နေရာယူပါ" ကျွန်မအား သူက စူးစူး စိုက်စိုက် တစ်ချက်ကြည့်ပြီး အထူးစီမံတော့သည်။

တခြားသူများအား သူနေရာမသတ်မှတ်ပေးဘဲ ကျွန်မကိုကျမှ ဘာကြောင့် လက်ဝါးကပ်တိုင်ကပ်ရသလဲ၊ ကျွန်မအား မယုံကြည်၍လားဟု ကျွန်မတွေးမိသည်။ စာမေးပွဲခန်းက အသေကောင်လို တိတ်ဆိတ်ငြိမ်သက် နေသည်။ လူတိုင်းအတွက်မေးခွန်းကို ကုလားထိုင်အောက်တွင် ခွဲဝေထားပြီး ဖြစ်သည်။ မေးခွန်းတိုင်းက မတူချေ။ ထို့ကြောင့် ဘေးဘီကိုခိုးကြည့်၍လည်း အကျိုးမထူး။

"ကောင်းပြီ... အခု စဖြေမယ်။ ၁၅ မိနစ်မှာ အဖြေလွှာတင်ရမယ်" ထိုင်ခုံအောက်က မေးခွန်းလွှာကို ကျွန်မအမြန်ဆွဲထုတ်လိုက်သည်။ စာရွက် ပေါ်တွင် နိုင်ငံခြားပုရွက်ဆိတ်များအပြည့်ဖြစ်၏။ ကျွန်မ တစ်လုံးမျှမသိ။ ကိုယ့်ကိုယ်ကိုယ်ငြိမ်ကျလာဖို့ ကျွန်မကြိုးစားသည်။ ငြိမ်ကျလာသော်လည်း ဘာမျှမထူး... ပုရွက်ဆိတ်များက နိုင်ငံခြားစကားပဲ ပြောနေ၏။ မထူးပြီမို့ စာရွက်၊ ဘောလ်ပင်များချပြီး လက်နှစ်ဖက်ကိုယှက်ကာ ကျွန်မထိုင်နေ လိုက်တော့သည်။

Synergy Publications

ကျွန်မ "တရား" ထိုင်နေသည်ကို ပြတင်းပေါက်အပြင်ဘက်မှ ဟိုဆေးမြင်သည်။ အခန်းထဲ သူပြေးဝင်ပြီး ကျွန်မအား လှုပ်နိုးမတတ် သူစိတ်ပူနေလေ၏။ ငြိမ်ငြိမ်ဆိတ်ဆိတ် ခဏသာ ထိုင်ပြီး မေးခွန်းပြန်ကြည့်တော့ နားလည်သွားသည်။

ဘာကြောင့် သတ်မှတ်ထားသောနေရာတွင် ကျွန်မအထူးထိုင်ခွင့်ရသည်ဆိုသည့်အဖြေကို သိသွားပါပြီ။ ထိုမေးခွန်း၏ပုစ္ဆာများက အောက်ပါအတိုင်းဖြစ်သည်။ သင်ကားမောင်းနေစဉ် မီးနီမိလျှင် (၁) ဖြတ်မောင်းသင့်၏။ (၂) ရပ်သင့်၏။ (၃) ဟွန်းမပြတ်တီးသင့်၏။ မျဉ်းကျားပေါ်တွင် လမ်းဖြတ်ကူးနေသူအား (၁) လက်ပြပြီး မြန်မြန်ကူးခိုင်းသင့်သည်။ (၂) လူအုပ်ကိုတက်ကြိတ်သင့်သည်။ (၃) ရပ်သင့်သည်။ စာရွက်ကြီး နှစ်ရွက်ဖြင့် ထိုသို့ ရယ်စရာကောင်းသော မေးခွန်းများမေးထား၏။ မေးခွန်းကြည့်ပြီး အသံထွက်မတတ် ကျွန်မကျိတ်ရယ်မိသည်။ လျှပ်ပြက်သလို ခဏလေးနှင့်ဖြေပြီးသွား၏။ နောက်ဆုံးတစ်ပုဒ်က ထိုသို့မေးထားသည်။ သင်ကားမောင်းနေတုန်း ဘုရားကျောင်းမှ မယ်တော်မေရီလမ်းပေါ်ထွက်လာသည်နှင့်ကြုံလျှင် (၁) လက်ခုပ်တီးသင့်၏။ (၂) ရပ်သင့်၏။ (၃) ဒူးထောက်သင့်၏။ "ရပ်သင့်၏" ဟု ကျွန်မဖြေသည်။ မေးခွန်းလွှာက ကက်သလစ် နိုင်ငံကထွက်သည်မို့ အကယ်၍ ကျွန်မသာ "ဒူးထောက်သင့်၏" ဟုဖြေလျှင် သူတို့ဝမ်းအသာကြီး သာလိမ့်မည်။

ဒီလိုနှင့် ကျွန်မအဖြေလွှာတင်တော့သည်။ ရှစ်မိနစ်သာကြာခဲ့၏။ အဖြေလွှာတင်ချိန် အရာရှိက ကျွန်မအား နက်နက်နဲနဲတစ်ချက်ပြုံးပြသည်။ သူ့အား ကျွန်မ "ကျေးဇူးတင်ပါတယ်... ကောင်းသောနေ့လေးပါ" ဟု တိုးတိုးဆိုလိုက်သည်။

ခေါင်းငုံ့ပြီး ကျိတ်ဖြေနေသော လူအုပ်ကြီးကိုဖြတ်ချိန် တချို့က ခဲတံကိုက်နေသည်။ တချို့က ဖျက်နေသည်၊ တချို့က တုန်ယင်နေသည်၊ တချို့က မျက်မှောင်ကြုတ်နေလေ၏။ တံခါးအား အသာအယာတွန်းပြီး ကျွန်မထွက်လာခဲ့သည်။ နှုတ်ဖြေအလှည့်ရောက်သော ဆာဟာရဝီတချို့ ဝင်သွားချိန်တွင် ဟိုဆေးက ကျွန်မအား နှစ်သိမ့်နေလေသည်။

"ကိစ္စမရှိပါဘူး။ ဒါက ဘာကြီးကြီးကျယ်ကျယ်အရာမှလည်း မဟုတ်ဘူး။ ဖြေလို့မရရင် နောက်တစ်ပတ်ထပ်ဖြေလို့ရသေးတယ်။ စိတ်ထဲ ထည့်မထားနဲ့" သူ့အား ကျွန်မ မည်သည့်စကားတစ်ခွန်းမျှ ပြန်မပြောဘဲ အကြည့်တစ်ချက်သာ ဝေ့လိုက်၏။ ၁၀ နာရီတိတိတွင် လူတစ်ဦးက နာမည် စာရင်းများ ထုတ်လာပြီး အောင်သူများ၏နာမည်ကို ရွတ်ဖတ်နေတော့သည်။ ထိုသို့ရွတ်သွားသော်လည်း ကျွန်မနာမည်က ပါမလာချေ။ ဟိုဆေးက လက်ကို ကျွန်မပခုံးပေါ် မသိမသာတင်လိုက်သည်။ ကျွန်မ မည်သို့မျှမဖြစ်။

"ဆမ်မောက်" ဟု အသံကျယ်ဖြင့်အော်လိုက်ချိန်တွင် ဟိုဆေးအား မျက်နှာပြောင်ဖြင့် ကျွန်မ တစ်ချက်ကြည့်လိုက်သည်။ ဟန်ဆောင်မှုက သိပ်မကောင်းသော်လည်း ဟိုဆေး၏အံ့ဩဝမ်းသာမှုက အထွတ်အထိပ် ရောက်ပြီး ကျွန်မအား ဗွေ့ခနဲပွေ့ချီလိုက်တော့၏။ အားဖြင့် ပွေ့လိုက်တာ ကြောင့် ကျွန်မ၏နံရိုးများ ကျိုးမတတ်ဖြစ်သွားတော့သည်။

ထိုအဖြစ်ကိုတွေ့လိုက်သော ခေါင်မိုးပေါ်မှ အကျဉ်းသားများက ကျွန်မတို့အား ကျယ်လောင်သော ဩဘာသံများပြုလေသည်။ သူတို့အား V သင်္ကေတန်လက်ညှိုးနှစ်ချောင်း ကျွန်မထောင်ပြလိုက်သည်။ ကျွန်မပုံစံက ထိုအချိန်ကာလက အုပ်စိုးနေသော သမ္မတ Nixon လို ... မေးခွန်းလွှာက

"လုပ်ယူ" မထားသည့် အမှန်စစ်စစ်လိုဖြစ်နေ၏။ ထို့နောက် "ဝင်းတွင်းမောင်းဖြေ" ဖြေရသည်။ သင်တန်းကျောင်းမှ ကားကြီး၊ ကားငယ်များအသွယ်သွယ်ရောက်လာပြီး စီတန်းနေလိုက်၏။ အကျဉ်းသားများ၏အော်သံက မြင်းပြိုင်ပွဲတွင်လောင်းထားသည့် လူများထက် အားပါလှသည်။ ဆူဆူညံညံနှင့် ပွဲကကောင်းနေခဲ့ပြီ။ ရေးဖြေသည့်လူ ၂၀၀ ထဲတွင် လူ ၈၀ ကျော်လောက်သာ ကျန်ခဲ့တော့သည်။ ပွဲကြည့်မည့်သူများ တစ်အုပ်လုံးကျန်နေခဲ့သေး၏။ ကျွန်မ၏ပထမသင်တန်းဆရာက ဒီတစ်ကြိမ်မှာတော့ အဝတ်ဗလာဖြစ်နေခဲ့။ သူသပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ ဆရာက ကျွန်မအား "ရှေ့က ဟိုကားသုံးစီးပေါ် နင်မတက်နဲ့။ တခြားသူ မောင်းပြီး အင်ဂျင်ပူလာမှ နင်တက်။ ဒါမှ စက်ရပ်မသွားမှာ" ဟု မှာသည်။ ဒါက ကျွန်မပိုင်သည့်ကိစ္စမို့ စိတ်မပူပါ။ ကျွန်မခေါင်းညိတ်လိုက်သည်။ ဒုတိယတစ်ယောက်ဖြေပြီးချိန်တွင် ကျွန်မက "ကျွန်မမစောင့်တော့ဘူး။ အခုပဲဖြေမယ်" ဟု ပြောလိုက်သည်။

စဖြေသည့်မီးစိမ်းသည်နှင့် ကျွန်မ၏ကားက မြင်းရိုင်းတစ်ကောင်လို တစ်ဟုန်ထိုးထွက်သွား၏။ ဂီယာချိန်း၊ ထပ်ချိန်း၊ ကားရပ်၊ ပြန်ထွက်၊ ကားကွေ့၊ ကားနောက်ဆုတ်များက သင်္ကေတ A လိုပတ်လိုက်၊ W လိုကွေ့လိုက်နှင့် တောင်တက်၊ ဘရိတ်အုပ်၊ ကုန်းဆင်း၊ ဂီယာချိန်းစသည်တို့ကို ကျွန်မသပ်သပ်ရပ်ရပ် အမှားအယွင်းတစ်ခုမျှမရှိ လုပ်နိုင်၏။ သတ်မှတ်ချိန်ပြီးခါနီးတွင် ပွဲကြည့်ပရိသတ်ဆီက လက်ခုပ်လက်ဝါးတီးသံကို ကျွန်မကြားလိုက်သည်။ ဆာဟာရဝီများကပင် "တရုတ်မ... မိုက်တယ်ဟေ့" ဟု အော်ကြသည်။

သူတို့အော်သံကြောင့် ကျွန်မပျော်သွားပြီး မည်သို့အရှုံးထသွားသည်မသိ။ စာမေးပွဲစစ်အရာရှိထိုင်နေသည့်စင်ပေါ် ရုတ်တရက် နောက်ပြန်

လှည့်ကြည့်လိုက်မိ၏။ ထိုသို့အလှည့်တွင် ကားက လမ်းပေါ်မှချော်ပြီး သဲပုံရှိရာဆီ ထိုးဝင်သွားတော့သည်။ ကျွန်မလန့်သွား၏။ ကားလည်း အင်ဂျင်ရပ်သွားပြီး နေရာမှာတင် တန့်နေတော့၏။ ဩဘာသံများက အံ့ဩသံအသွင်ပြောင်းသွားတော့သည်။ တစ်ဆက်တည်းမှာပင် ရယ်သံများထွက်ပေါ်လာသည်။ ရယ်သံအကျယ်ဆုံးက ဟိုဆေး၏အသံဖြစ်သည်။ ကျွန်မလည်း ရောယောင်လိုက်ရယ်ရင်း ကားပေါ်က ဆင်းလိုက်သည်။ ဂရိနတ်ဘုရား၏ သေပုံလို ကိုယ့်ကိုယ်ကိုယ်အရယ်လွန်ပြီး နေရာမှာတင် သေသွားချင်စိတ်ပေါက်မိသည်။ ထိုတစ်ပတ်တာကာလအတွင်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်နိုင်ရန် ကျွန်မတွေးတောရင်း တွေးတောနေမိခဲ့သည်။ ကျေနပ်ပီတိဖြစ်မှုက ကိုယ့်အား ချောက်ထဲထိုးချနိုင်သည်မို့ နောက်တစ်ကြိမ်တွင် သတိကပ်နေရတော့မည်။

ဒုတိယမြောက်တနင်္လာနေ့တွင် ကျွန်မတစ်ယောက်တည်း ထပ်သွားဖြေခဲ့သည်။ ထိုတစ်ကြိမ်မှာတော့ ကျွန်မ မလောတော့။ ကျွန်မရှေ့တွင် လူလေးငါးဆယ်ယောက်ဖြေပြီးမှ ကျွန်မဖြေသည်။ အချိန် လေးမိနစ်အတွင်း လုပ်ရမည့် လုပ်ရပ်များကို ကျွန်မ နှစ်မိနစ် ၃၅ စက္ကန့်နှင့် ပြီးမြောက်ခဲ့၏။ အမှားအယွင်းတစ်စုံတစ်ရာမျှ မရှိခဲ့။ နာမည်စာရင်းခေါ်ချိန်တွင် အောင်မြင်သူ ၁၆ ယောက်သာရှိခဲ့သည်။ ထိုအထဲတွင် ကျွန်မက စာမေးပွဲအောင်သော တစ်ဦးတည်းသော အမျိုးသမီးဖြစ်သည်။

"ဆမ်မောက် ကားမောင်းတာ ဒုံးကျည်လွှတ်တာထက်တောင် မြန်သေးတယ်။ နောက်ဆိုရင် မင်းကို ယာဉ်ထိန်းရဲလုပ်ခိုင်းရင် အားကိုးရလောက်တယ်" ဟု အရာရှိက ကျွန်မကို နောက်ပြီး ပြောသည်။

အိမ်သို့ လမ်းလျှောက်ပြန်ဖို့ ကျွန်မပြင်ဆင်ချိန်တွင် ပြုံးရွှင်သော မျက်နှာနှင့် ဟိုဆေးလာကြိုသည်ကို တွေ့၏။ သူ့အလုပ်က ကီလိုမီတာ အဝေးတွင် ရှိသည်။ နေ့လယ်နားချိန် အပြေးလာခဲ့ခြင်းဖြစ်သည်။

"ကွန်ဂရက်ကျူးလေးရှင်းစ်... ကွန်ဂရက်ကျူးလေးရှင်းစ်..." တွေ့သည်နှင့် ကျွန်မအား သူက ချီးကျူးစကားဆိုသည်။

"ဟင်း... ရှင် အဝေးကြီးကနေ မြင်ရလို့လား"

"ခုနကပဲ ဟိုခေါင်မိုးပေါ်က အကျဉ်းသားတွေ ကိုယ့်ကိုပြောပြတာ"

အကျဉ်းကျနေသူများက အပြင်၌နေသည့် လူများလောက် ဆိုးချင်မှ ဆိုးမည်ဟု ကျွန်မတွေးမိသည်။ ဤလောကတွင် တကယ့်ဆိုးသွမ်းသည့် လူများက ကျွန်မတို့ တရုတ်လူမျိုးများပြောသလို "နဂါး" နှင့် တူလှသည်။ ကြီးနိုင်၊ ငယ်နိုင်သလို၊ ပုန်းဝှက်နိုင်၊ ကိုယ်ထင်ပြနိုင်သည်။ သူတို့အား ဖမ်းရခက်သလို အကျဉ်းချထားဖို့ရာလည်း မလွယ်ချေ။

ဟိုဆေးအတွက် ကျွန်မနေ့လယ်စာလုပ်ပေးနေချိန်တွင်း ဘိလပ်ရည်နှစ်သေတ္တာ၊ ဆေးလိပ်နှစ်တောင့်နှင့် သူ့အား အကျဉ်းထောင်သို့ တစ်ခေါက် ပြေးစေလိုက်သည်။ ကျွန်မစာမေးပွဲဖြေနေချိန်တွင် ပန်းဖွားကသည့်အဖွဲ့လိုကျွန်မအား သူတို့အားပေးခဲ့သောကြောင့်ဖြစ်သည်။ သူတို့အား ကျွန်မအထင်မသေး။ အကျဉ်းသားများထက် အမြင့်တွင်ရှိသည်ဟုလည်း ကျွန်မက ကိုယ့်ကိုယ်ကိုယ် မထင်ပေ။

ထမင်းစားပြီး ဟိုဆေးအား အလုပ်အထိ ကျွန်မကားမောင်းပို့လိုက်သည်။ ထို့နောက် မြို့ထဲပြန်မောင်းလာခဲ့ပြီး ကားအား တစ်နေရာတွင် ဖွက်ထားကာ နောက်ဆုံးအဆင့်ဖြစ်သည့် "လမ်းဖြေ" စာမေးပွဲကိုဖြေဖို့

လမ်းလျှောက်သွားလိုက်၏။ ထို "လှေကား" က တက်လေ အမိုက်ယဉ်ရှိလာ လေဖြစ်ပြီး ထိုသို့စာမေးပွဲဖြေနည်းကို ကျွန်မစတင်နှစ်သက်လာခဲ့မိတော့ သည်။ အပူချိန် ၅၀ ဒီဂရီအောက် နေမွန်းတည့်ချိန်တွင် ပူပြင်းသောနေကြောင့် အဆောက်အအုံတန်းက အရိပ်တိုတိုဖြင့် ခြောက်သွေ့တိတ်ဆိတ်သော လမ်းမထက်တွင် အရိပ်ကျနေ၏။ မြို့တစ်မြို့လုံးက သေနေသလို အချိန်လည်း ခဲနေခဲ့၏။ ကျွန်မမျက်စိရှေ့က မြင်ရသောရှုခင်းမြင်ကွင်းမှာ လက်တွေ့ကျ သောပန်းချီကားတစ်ချပ်နယ် လူကိုခံစားသက်ဝင်စေနေခဲ့သည်။ ထိုမြင်ကွင်း ထဲ သံဘီးလှိမ့်ကလေးတစ်ယောက်သာပါခဲ့လျှင် ပိုသဘာဝဆန်တော့မည်။

"လမ်းဖြေ" စာမေးပွဲက ထိုကားအသွားအလာနည်းသောနေရာမှ စတင်ခြင်းဖြစ်သည်။ ထိုသို့အချိန်မျိုး၌ မြို့ပေါ်က ခွေးတစ်ကောင်တလေကိုမျှ တိုက်မိနိုင်မှာ မဟုတ်ကြောင်း၊ မြို့ပြင်က သစ်ပင်တစ်ပင်တလေကိုမျှ တိုးမိ နိုင်မှာ မဟုတ်ကြောင်း ကျွန်မသိသည်။ သို့သော် ကျွန်မ ဘဝင်မမြင့်ရဲ။

ကားစမောင်းထွက်ချိန် အချက်ပြမီးပေးရသည်။ ရှေ့နောက် လှည့် ကြည့်ရသည်။ စမောင်းထွက်လျှင် ညာဘက်ကပ်မောင်းရသည်။ မျဉ်းဝါကို တက်မနင်းမိရ။ လမ်းဆုံတွင် ကားရပ်ရသည်။ မျဉ်းကျားဖြတ်ချိန် အရှိန် နေးရသည်။ မြို့ပေါ်တွင် မီးနီ၊ မီးဝါမရှိသောကြောင့် ထိုအကွက်ကိုတော့ ချန်ထားလိုက်သည်။ လူ ၁၆ ယောက်က ခဏချင်းမှာပင် ဖြေပြီးသွား၏။ အရာရှိက ကျွန်မတို့အားလုံးကိုခေါ်ပြီး သက်သာဆိုင်တွင် ဘီလပ်ရည် သောက်ကြသည်။

ကျွန်မတို့ထဲတွင် စပိန်လူမျိုးက ရှစ်ယောက်၊ ဆာဟာရဝီလူမျိုးက ခုနစ်ယောက်၊ ကျွန်မတစ်ယောက်။ အရာရှိက စာမေးပွဲအောင်သူများအား

ယာယီ ယာဉ်မောင်းလိုင်စင် ချက်ချင်းထုတ်ပေးလိုက်သည်။ တရားဝင်လိုင်စင်ရဖို့ စပိန်ဘက်က ပေးပို့လာချိန်ကို စောင့်ရမည်ဖြစ်သည်။

"စပိန်ပိုင်နက်ဆာဟာရ" ဆီ မော်ရိုကိုဘုရင် Hassan လက်ဖက်ရည်လာမသောက်ခင် ထိုလှေကားကို အဆုံးစွန်အထိ မိုးထိအောင်တက်မည်ဟု ရှေ့အပတ်တွေထဲက ကျွန်မကိုယ်ကျွန်မ သတိပေးခဲ့သည်။ ယခု ကျွန်မ မိုးထိအောင် တက်နိုင်ခဲ့ပြီ။ မော်ရိုကိုဘုရင်က မရောက်လာသေး။

အရာရှိက ယာယီယာဉ်မောင်းလိုင်စင် ခုနစ်ခုဝေလိုက်၏။ ကျွန်မ တစ်ခုရခဲ့သည်။ လိုင်စင်ရပြီးနောက် ကားမောင်းချိန်တွင် စိတ်ခံစားချက်အရရော၊ ရုပ်သွင်သဏ္ဌာန်ကပါ အရင်ကနှင့် လုံးဝမတူမှန်း နှိုင်းယှဉ်ကြည့်မှ သိတော့သည်။ တစ်နေ့တွင် ကားရပ်ပြီး မောင်းထွက်လုဆဲဆဲ၌ ယာဉ်ထိန်းရဲနှစ်ယောက် ရုတ်တရက် မိုးပေါ်က ကျလာခဲ့သည်။

"ဟော့... ဒီတစ်ကြိမ်တော့ မင်းပြေးမလွတ်တော့ဘူး" ဟု သူတို့အော်၏။ ကျွန်မ မတုန်မလှုပ်၊ ယာဉ်မောင်းလိုင်စင်ကို ထုတ်ပြလိုက်သည်။ သူတို့ကြည့်ပင် မကြည့်ဘဲ ပြစ်ဒဏ်စာရွက်ကို ရေးနေလေ၏။

"ဒဏ်ကြေး၂၅၀"

"ဘာ..." ကျွန်မ ကိုယ့်မျက်စိ ကိုယ်မယုံဖြစ်နေသည်။

"အများသုံးဘတ်စ်ကားမှတ်တိုင်ရှေ့ရပ်တဲ့အတွက် ပြစ်ဒဏ်"

"ဒီမြို့ပေါ်မှာ အများသုံးဘတ်စ်ကားမှမရှိတာ... လုံးဝမှမရှိတာ"

"နောင်ဆိုရှိလာလိမ့်မယ်... မှတ်တိုင်တောင် လုပ်ပြီးပြီ"

"ရှင်တို့ ဒီလိုနည်းနဲ့ ကျွန်မကိုအပြစ်ပေးလို့မရဘူး... မယူဘူး။ ကျွန်မ မဆောင်ဘူး"

"မှတ်တိုင်ရှိရင် ကားရပ်ခွင့်မရှိဘူး။ ဘတ်စ်ကားရှိချင်ရှိမရှိချင်နေ" ကျွန်မဒေါသထွက်လျှင် ဦးနှောက်ကလည်း အထူးစေ့စပ်သည်။ ကျွန်မ ဦးနှောက်ထဲတွင် ယာဉ်စည်းကမ်းများက တဖျပ်ဖျပ်ဖြင့် တစ်မျက်နှာပြီး တစ်မျက်နှာ ပေါ်ထွက်လာတော့၏။ ရဲနှစ်ယောက်ကိုတွန်းဖယ်ပြီး ကားပေါ် ကျွန်မအမြန်ခုန်တက်ပြီး မှတ်တိုင်ရှေ့တစ်ပြလောက် အမြန်မောင်းထွက် လိုက်သည်။ ပြီးမှ ကားရပ်ပြီး ကားပေါ်မှဆင်းကာ ပြစ်ဒဏ်စာရွက်ကို သူတို့ လက်ထဲ ထိုးထည့်ပေးလိုက်၏။

"ယာဉ်စည်းကမ်းစာအုပ်မှာ ပြောထားတာက တစ်နေရာရာမှာ ကားရပ်ပြီး နှစ်မိနစ်အတွင်းမောင်းထွက်ရင် ကားရပ်တယ်လို့ မသတ်မှတ်ဘူး တဲ့။ ကျွန်မရပ်တာ နှစ်မိနစ်တောင်မကြာဘဲ မောင်းထွက်ခဲ့တာမို့ ဒါဟာ အပြစ်ကျူးလွန်ရာမရောက်ပါဘူး"

"ရဲ သူခိုးဖမ်းနည်း" မှာ သူတို့နှစ်ယောက် ရှုံးသွားပြန်သည်။ ပြစ်ဒဏ်စာရွက်ကို ဆိတ်စာကျွေးလိုက်တော့... ကျွန်မ တဟားဟားရယ်ရင်း ဈေးခြင်းကိုဆွဲကာ ကန္တာရစစ်တပ်သက်သာဆိုင်သို့ ထွက်လာလိုက်၏။ ကံကောင်းထောက်မစွာ ဒီနေ့ ဟင်းသီးဟင်းရွက်လတ်လတ်ဆတ်ဆတ် ရမရ ကြည့်ရမည်။ ဒီလိုနှင့် တစ်နေ့ပြီးတစ်နေ့ သဲကန္တာရတွင် မွေးဖွားခဲ့တာမဟုတ် သော ကျွန်မ "သိုးမည်း" တစ်ကောင်က ပျင်းရိခြောက်သွေ့ငြီးငွေ့ဖွယ် ကောင်းသော ကန္တာရနေ့ရက်ရှည်ကို အရောင်အသွေးစုံအောင် ကြိုးစား နေထိုင်နေတော့၏။ နေ့ရက်အေးမြပါမှ ဆောင်းဦးအေးမြမည် မဟုတ်ပါလား...

* * *

## သုညမှ စခဲ့သော ဘဝ

တကယ်တမ်း ဆာဟာရသဲကန္တာရသို့ မဖြစ်မနေသွားမည်ဟု ဆုံးဖြတ်ခဲ့သူမှာ ကျွန်မဖြစ်သည်။ ဟိုဆေး မဟုတ်။ နောက်ပိုင်း ရေရှည်နေဖြစ်သွားသည်မှာက ဟိုဆေးကြောင့်ဖြစ်သည်။ ကျွန်မကြောင့် မဟုတ်။ နိုင်ငံပေါင်းစုံသို့ ကျွန်မအသက်တစ်ဝက်ခန့် လှည့်လည်နေခဲ့ဖူးသည်။ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံတွင် နေထိုင်ဖူး၊ မြင်ဖူး၊ မြည်းစမ်းဖူးလို့ဝခဲ့ပြီ။ ကျွန်မမပျော်ဝင် မခံစားခဲ့ဖူးတာတော့မဟုတ်။ ထိုခေတ်မီတိုးတက်သော မြို့ပြကြီးများက ကျွန်မ၏ဘဝနေထိုင်မှုပုံစံကို အနည်းနှင့်အများတော့ အကျိုးသက်ရောက်စေခဲ့သော်လည်း ကျွန်မမှာ တစ်သမတ်တည်း နေထိုင်ရန် သတ်မှတ်ထားသည့်နေရာမရှိခဲ့။ ကျွန်မ၏စိတ်နှလုံးကပါ နေရာအတည်တကျနေထိုင်ရန်မြို့မရှိခဲ့။

Synergy Publications

မည်သည့်နှစ်ကမှန်း မသိ၊ အမေရိကန်ထုတ် "National Geographic" မဂ္ဂဇင်းတွင် ဆာဟာရသဲကန္တာရအကြောင်းမိတ်ဆက်ရေးသားဖော်ပြထားသည်ကို ကျွန်မအမှတ်မထင်ဖတ်မိခဲ့သည်။ တစ်မျက်နှာလောက်သာဖတ်ပြီး ကျွန်မပြောမပြတတ်သည့် ရှေးဘဝက အတိတ်ကို တမ်းတသလိုမျိုး အမျိုးအမည်မသိ လွမ်းဆွတ်မှုတစ်မျိုး ထိုသူစိမ်းလွင်ပြင်ကြီးအား အထိန်းအကွပ်မဲ့ ကျွန်မပေးခဲ့မိသည်။

****

စပိန်သို့ ကျွန်မပြန်ရောက်နေထိုင်ချိန်တွင် ဆာဟာရသဲကန္တာရ၏ စတုရန်းကီလိုမီတာ ၂၈၀၀၀၀ ခန့်ဧရိယာအကျယ်အဝန်းက စပိန်ပိုင်နက်ဖြစ်နေသေး၏။ လွမ်းဆွတ်တမ်းတမှုနှင့်အတူ သဲကန္တာရသို့ သွားလိုသည့်ဆန္ဒက ကျွန်မအား တစ်ဖန် နာကျင်စေခဲ့ပြန်သည်။ ကျွန်မ၏ ထိုသို့စိတ်ခံစားချက်က ကျွန်မနှင့် ရင်းနှီးသူများကြားတွင် ရယ်စရာတစ်ခုဖြစ်ခဲ့သည်။ သဲကန္တာရသို့ တစ်ခေါက်သွားမည်ဟု အမြဲပြောသည့်ကျွန်မစကားကို ယုံသူမရှိခဲ့။

ကျွန်မကိုနားလည်သည့် သူငယ်ချင်းများကပင် ကျွန်မ သဲကန္တာရသို့သွားသည်ကို လူ့ဘဝတွင် ငြီးငွေ့၍ ကိုယ့်ကိုယ်ကိုယ်ပြည်နှင်ဒဏ်ပေးသည်။ သွားပြီးပြန်လာတော့မည်မဟုတ်ဟု မြင်ကြ၏။ အဲဒါတွေက မှန်ကန်သည့်အမြင်များ မဟုတ်ပေ။ တစ်ခုကောင်းသည်မှာ အခြားသူ မည်သို့ဝေဖန်ပိုင်းခြားပါစေ၊ ကျွန်မနည်းနည်းမျှ ဂရုမစိုက်တတ်ခြင်းပင်။ အချိန်တစ်ခုသတ်မှတ်ပြီး သဲကန္တာရတွင် တစ်နှစ်သွားနေဖို့ပြင်ဆင်ချိန်၌ ကျွန်မ၏ဖခင်နှင့်

ကျွန်သူငယ်ချင်းတစ်ယောက်ကသာ ကျွန်မကို အားပေးခဲ့သည်။ ထို သူငယ်ချင်းက ကျွန်မကိုမလျောင်၊ မတား၊ စိတ်လည်းမဆင်းရဲစေခဲ့ပါ။ သူက အဝတ်အစားများ ငြိမ်ငြိမ်ဆိတ်ဆိတ်သိမ်းဆည်းပြီး သဲကန္တာရရှိ ဖော့စဖိတ် စက်ရုံတစ်ရုံတွင် အလုပ်ရှာထားနှင့်ပြီး အာဖရိကသို့ ကျွန်မရောက်ရှိချိန် ကျွန်မအား ကူညီစောင့်ရှောက်ရန် အတည်တကျနေထိုင်နေပြီဖြစ်သည်။ ကျွန်မက တစ်ကိုယ်တည်းခရီးသွားလာတတ်သော၊ ဆုံးဖြတ်ချက်ကို မပြင် တတ်သော ခေါင်းမာသည့် မိန်းမဆိုသည်ကို သူသိထားသောကြောင့်ဖြစ် သည်။ ထိုသူက အချစ်အတွက်နှင့် သဲကန္တာရသို့လိုက်ပြီး အပင်ပန်း ဆင်းရဲခံ ချိန်တွင် ကျွန်မရင်ထဲမှာလည်း ထိုသူနှင့် တစ်သက်တာ ရှက်လွှင့်၊ လေလွှင့် သွားတော့မည်ဟု ဆုံးဖြတ်ချက်ခဲ့ပြီဖြစ်သည်။ ထိုသူမှာ ကျွန်မ၏ယခုလက်ရှိ ခင်ပွန်း ဟိုဆေးဖြစ်၏။ အဲဒါက လွန်ခဲ့သော နှစ်နှစ်ခန့်က ကိစ္စဟောင်း ဖြစ်သည်။

****

သဲကန္တာရသို့ ဟိုဆေးသွားလိုက်ပြီးနောက် ကျွန်မက ကိစ္စဝိစ္စ များကို လက်စသတ်ပြီး မည်သူ့ကိုမျှလည်း နှုတ်ဆက်မနေတော့ဘဲ လေယာဉ် ပေါ်မတက်ခင် အတူငှားနေသည့် စပိန်သူငယ်ချင်း သုံးယောက်အား စာတစ် စောင်နှင့် အိမ်ငှားခများထားပေးခဲ့သည်။ ခွဲခွာဖို့ အိမ်တံခါးပိတ်လိုက်ချိန်မှာ ကျွန်မနှင့်အကျွမ်းဝင်သည့် ဘဝနေထိုင်နည်းတစ်ခုကိုပါ ပိတ်ပစ်ခဲ့ကာ ကြိုတင် သိမြင်မထားသည့် သဲကန္တာရဆီသို့ ကျွန်မတိုးဝင်ခရီးနှင်ခဲ့လေတော့သည်။

****

ရွှေ့လျားအိမ်ပါသည့် Laayoune လေဆိပ်တွင် လေယာဉ်ဆိုက်ကပ်ချိန် သုံးလတာမတွေ့ခဲ့ရသော ဟိုဆေးကို ကျွန်မတွေ့လိုက်၏။ ထိုနေ့က စစ်ဝတ်စုံနှင့်တူသည့် ကာကီရောင်ရှပ်အင်္ကျီနှင့် ဂျင်းဘောင်းဘီရှည်ကို သူဝတ်ဆင်ထားသည်။ ကျွန်မကို ပွေ့ဖက်လိုက်သည့် သူ့လက်မောင်းက အားသန်လှသော်လည်း လက်နှစ်ဖက်က ကြမ်းတမ်းနေသည်။ ဆံပင်၊ မုတ်ဆိတ်တို့တွင် အဝါရောင်သဲမှုန့်များ အပြည့်ကပ်နေသည်။ လေကြောင့် သူ့မျက်နှာရဲတွတ်ပြီး နှုတ်ခမ်းသားများ ကွဲအက်နေသည်။ သူ့မျက်ဝန်းထဲတွင် စိတ်ဓာတ်ပျက်ပြားမှုများ ပုန်းခိုနေသလိုပင်။

အချိန်တိုအတွင်းမှာ သူ့အပြင်ပန်းသဏ္ဌာန်ရော မျက်နှာအသွင်အပြင်ပါ ပြင်းပြင်းထန်ထန်ပြောင်းလဲခဲ့သည်ကို ကျွန်မတွေ့မြင်တော့ ရင်ထဲဆစ်ခနဲ နာကျင်သွားမိ၏။ ထိုအချိန်ကျမှ ကျွန်မရင်ဆိုင်ရတော့မည့် ဘဝက ကျွန်မ၏စိတ်ကူးထဲက ရိုမန်တစ်ဆန်ဆန် ကလေးအတွေးများ မဟုတ်တော့ဘဲ လက်တွေ့ကျသော ကြီးမားသည့်အတွေ့အကြုံတစ်ခုဆိုသည်ကို သိလိုက်ရသည်။ လေယာဉ်ကွင်းက ထွက်လာတော့ ကျွန်မနလုံးခုန်ချက်မြန်နေ၏။ ရင်တွင်းကလှုပ်ရှားမှုကို ကျွန်မထိန်းချုပ်ရခက်လှသည်။ နှစ်ပေါင်းများစွာ တမ်းတလွမ်းဆွတ်ခဲ့သော ဒီနေရာသို့ ကျွန်မရောက်လာခဲ့ပြီ။

ဆာဟာရသဲကန္တာရ… နှစ်ကာလကြာရှည်စွာ တပ်မက်ခဲ့ရတဲ့ ကျွန်မရင်ထဲ အသည်းထဲက ချစ်သူရေ… အဝေးသို့ ကျွန်မမျှော်ကြည့်လိုက်သည်။ အဆုံးအစမဲ့သဲဝါဝါပေါ်တွင် အထီးကျန်သည့်လေကဖြတ်တိုက်သွား၏။ မိုးက မြင့်မား၏။ မြေပြင်က ခမ်းနားထည်ဝါပြီး ဆိတ်ငြိမ်၏။ နေဝင်ရီတရော အချိန်ဖြစ်သောကြောင့် သဲကန္တာရတစ်ခုလုံးတွင် သွေးရောင်သန်းနေပြီး

ကြောက်စရာကောင်းလောက်အောင် စွဲမက်ဖို့ကောင်းနေသည်။ ဆောင်းဦးရာသီနှင့် နီးကပ်လာပြီမို့ ပူပြင်းမည်ဟုမျှော်မှန်းထားသောစိတ်ခံစားချက်က ကဗျာဆန်ဆန် အဖော်မဲ့အထီးကျန်သည့်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ဟိုဆေးက ကျွန်မအား တိတ်တဆိတ်စောင့်နေသည်။ သူ့အား ကျွန်မ တစ်ချက်ကြည့်လိုက်သည်။

"နင့်ရဲ့သဲကန္တာရ... အခု နင်ပွေ့ဖက်လို့ရခဲ့ပြီ" ကျွန်မခေါင်းညိတ်ပြလိုက်သည်။ လည်ခေါင်းတွင် တစ်ဆို့နေသည်။

"တစ်ပြည်သူရေ... သွားစို့" နှစ်ပေါင်းများစွာကတည်းက ကျွန်မကို ဟိုဆေးက ထိုသို့ခေါ်သည်။ ဒါက အဲဒီအချိန်တုန်းက Camus ၏ ဝတ္ထုနာမည်ကြီးနေ၍မဟုတ်... တစ်ပြည်သူဆိုသည့်အခေါ်က ကျွန်မအတွက် အမှန်တကယ်တင်စားနိုင်သည့်အခေါ်ဖြစ်သောကြောင့်ဖြစ်သည်။ ဒီလောကတွင် ကျွန်မနေထိုင်နေခြင်းက အခြားသူများလို ဖြစ်ရိုးဖြစ်စဉ်ဘဝတစ်ခုကို ဖြတ်သန်းနေတာမဟုတ်ဘဲ သာမန်လူ့နေမှုဘဝကနေ အမြဲလိုလို လမ်းကြောင်းချော်ထွက်ပြီး ရှင်းပြ၍မတတ်သည့်အလုပ်များကို လုပ်နေမိတတ်သောကြောင့်ဖြစ်သည်။

လေယာဉ်ကွင်းတွင် လူသူကင်းမဲ့နေခဲ့ပြီ။ လေယာဉ်ပေါ်က ဆင်းလာသည့်လူနည်းစုများ လေယာဉ်ကွင်းကနေ ထွက်ခွာကုန်ကြပြီ။ ကျွန်မ၏ အဝတ်သေတ္တာကို ဟိုဆေး ကောက်ဆွဲလိုက်သည်။ ကျောပိုးအိတ်ကို လွယ်ထားသည့်ကျွန်မ လက်တစ်ဖက်ကလည်း ခေါင်းအုံးစွပ်ကိုဆွဲထားရင်း ဟိုဆေးနောက် လိုက်ခဲ့တော့သည်။

****

လေယာဉ်ကွင်းကနေ လဝက်ခန့်ကတည်းက ဟိုဆေးငှားထားသည့်နေအိမ်သို့ရောက်ရန် တော်တော်လှမ်းသေးသည်။ ကျွန်မ၏ သေတ္တာနှင့် စာအုပ်များက လေးလံသောကြောင့် ကျွန်မတို့ဖြည်းဖြည်းချင်းသာ လျှောက်သွားလိုက်၏။ လမ်းတွင်ဖြတ်မောင်းသွားသော ကားများကို ကျွန်မတို့ တားသော်လည်း ရပ်ပေးမည့်သူတစ်ယောက်မျှမရှိ။ မိနစ် ၄၀ ခန့်လျှောက်ပြီး ကုန်းလျှောတစ်ခုနား ကွေ့ဝင်လိုက်မှ မီးခိုးတန်းနှင့် လူနေအိမ်ကိုတွေ့သည်။

"ကြည့်... အဲဒါ Laayoune မြို့ပြင်ဘဲ။ ငါတို့အိမ်က အဲဒီအနားမှာ ရှိတယ်" ဟိုဆေးက လေထဲမှနေပြီး ကျွန်မကိုပြောသည်။

ကျွန်မတို့လျှောက်သည့်လမ်းနှင့် အနည်းငယ်ဝေးသောနေရာတွင် အပေါက်ရာ ဗရပွနှင့် ရွက်ဖျင်တဲများကို တွေ့သလို သွပ်ကာ အိမ်ငယ်လေးများလည်းရှိသည်။ သဲမြေပြင်ပေါ်တွင် ဘို့တစ်ဘို့တည်းပါသော ကုလားအုတ်တချို့နှင့် တောင်ဆိတ်အုပ်တချို့ရှိနေလေ၏။ အပြာရင့်ရင့်အဝတ်အစားအမြဲဝတ်သောလူမျိုးကို ကျွန်မ ပထမဆုံးအကြိမ် တွေ့လိုက်မိသည်။ အဲဒါက ကျွန်မအတွက် အခြားကမ္ဘာအခြားပတ်ဝန်းကျင်တစ်ခုထဲသို့ လျှောက်လှမ်းဝင်ရောက်ခြင်းပင်ဖြစ်သည်။

ကလေးငယ်တို့၏ ကစားချိန်တွင် ရယ်မောသည့်အသံများက လေနှင့်အတူ လွင့်ဝဲလာသည်။ လူရှိသည့်အရပ်တွင် ပြောမပြတတ်သည့် အသက်အငွေ့နှင့် စိတ်ဝင်စားစရာတို့က ရှိစမြဲဖြစ်သည်။ ထိုသို့လူသူကင်းမဲ့ မဖွံ့ဖြိုးသော ဆင်းရဲသည့်နေရာတွင်လည်း ဘဝက သာယာဝပြောစွာ ရှင်သန်ကြီးပြင်းနေသည်။ ရှန်းကန်လှုပ်ရှား ရှင်သန်နေရတာမျိုး မဟုတ်။ သဲကန္တာရနေသူများအတွက် သူတို့၏မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းက ထိုဒေသ

တွင် သဘာဝဆန်လွန်းနေခဲ့သည်။ တရိပ်ရိပ်တက်နေသည့် မီးခိုငွေ့များကို ကြည့်ရင်း သူတို့၏ချမ်းမြေ့မှုက ခမ်းနားထည်ဝါလိုက်တာဟု ကျွန်မခံစားမိသည်။

ဘဝကို လွတ်လွတ်လပ်လပ် ရှင်သန်နေရခြင်းက စိတ်ဓာတ်ယဉ်ကျေးမှုတစ်ရပ်ဟု ကျွန်မက ရှင်းလင်းချက်ထုတ်၏။ လမ်းရှည်ကြီးတစ်ခုထဲသို့ ကျွန်မတို့ရောက်လာခဲ့သည်။ လမ်းဘေးတစ်လျှောက်၌ ခေါင်းပွအုတ်ခဲဖြင့် ဆောက်လုပ်ထားသော လေးထောင့်အိမ်များက ဆည်းဆာနေရောင်အောက်တွင် ပြန့်ကျဲနေ၏။ တစ်ဆက်တည်းဖြစ်နေသော နေအိမ်တန်း၏ နောက်ဆုံးက အသေးဆုံး၊ အခုံးသဏ္ဍာန်တံခါးပေါက်နှင့်အိမ်က ကျွန်မနေရမည့်အိမ်ဟု သိစိတ်ဖြင့် ကျွန်မသိလိုက်သည်။ ဟိုဆေးကလည်း ထိုအိမ်ငယ်လေးထဲသို့ တန်းဝင်သွား၏။ ချွေးများရွှဲနစ်နေသည့် နောက်ကျောပေါ်က သေတ္တာကို တံခါးဝတွင်ပစ်ချပြီး သူက ပြောသည်။

"ရောက်ပြီ... ဒါငါတို့အိမ်ပဲ" အိမ်၏ရှေ့တည့်တည့်က အမှိုက်ပုံကြီးတစ်ပုံဖြစ်သည်။ ၎င်း၏ရှေ့တွင် လှိုင်းတွန့်ပုံထနေသည့် သဲပြင်များရှိ၏။ ထို့ထက်အဝေးမှာတော့ ကျယ်ပြန့်သည့် မိုးကုပ်စက်ဝိုင်းဖြစ်သည်။

အိမ်နောက်တွင် တောင်စောင်းတစ်ခုရှိသည်။ သဲမရှိ။ ကျောက်မာနှင့်မြေမာ တစ်ပြင်ကြီးရှိသည်။ ဘေးပတ်လည်ကအိမ်ထဲတွင် လူတစ်ယောက်မျှမတွေ့မိ။ လေပြင်းကသာ ကျွန်မ၏ဆံပင်ရှည်နှင့် ဂါဝန်ကို တိုးဝှေ့တိုက်ခတ်နေခဲ့သည်။ ဟိုဆေးတံခါးဖွင့်ချိန် ပခုံးကနေ လေးလံသောကျောပိုးအိတ်ကို ကျွန်မချွတ်လိုက်သည်။ မှိန်မှောင်သော စကြီတိုတစ်ခုက မျက်စိရှေ့တွင် ပေါ်လာ၏။ ဟိုဆေးက ကျွန်မကိုနောက်မှနေပြီး ပွေ့မလိုက်သည်။

"ဒါ ငါတို့ရဲ့ ပထမဆုံးအိမ်ပဲ။ နင့်ကို ငါပွေ့ဝင်မယ်။ ဒီကနေ့မှာ နင်ဟာ ငါ့ရဲ့ဇနီးမယားဖြစ်သွားပြီ" ထိုဟာက အေးချမ်းနက်နဲသည့် ပေါင်းစပ်မှုတစ်ခုဖြစ်သည်။ သူ့အား ကျွန်မ ရူးရူးမူးမူး မချစ်ခဲ့မိသော်လည်း ချမ်းမြေ့ပျော်ရွှင်ပြီး သက်သောင့်သက်သာရှိလှသည်ဟု ကျွန်မထင်မိသည်။

ဟိုဆေး ခြေလှမ်းလေးလှမ်းသာ လှမ်းလိုက်သည်နှင့် စကြိုက ဆုံးသွားသည်။ ကျွန်မခေါင်းမော့ကြည့်တော့ အိမ်အလယ်တည့်တည့်တွင် လေးထောင့်သဏ္ဍာန်အပေါက်ကြီးတစ်ပေါက်ကိုမြင်လိုက်၏။ အပေါက်အပြင်ဘက်တွင် ခိုပြာရောင်ကောင်းကင်ကြီးဖြစ်သည်။ ပွေ့ထားရာမှ ကျွန်မရုန်းပြီး ဆင်းလိုက်သည်။ လက်ထဲက ခေါင်းအုံးစွပ်ကိုချပြီး အိပ်ခန်းထဲ အမြန်ပြေးဝင်ကြည့်၏။ ထိုအိမ်က လမ်းလျှောက်ပြီးလှည့်ပတ်ကြည့်စရာပင်မလို။ အိမ်ခေါင်မိုးအပေါက်မှနေပြီး ကြည့်လိုက်ရုံနှင့် အလုံးစုံကိုမြင်ရသည်။ အိပ်ခန်းက လမ်းဘက်သို့ မျက်နှာမူထားသည်။ ကျွန်မလျှောက်ကြည့်တော့ အလျားလေးလှမ်း၊ အနံ ငါးလှမ်း။ နောက်အခန်းငယ်တစ်လုံးက ခုတင်တစ်လုံးစာလောက်သာကြီးသည်။ အိမ်အဝင်တံခါးပေါက်တွင် လက်တံတောင်လောက်မျှသာ ကျယ်သော နေရာကျဉ်းလေးတစ်ခုရှိ၏။ မီးဖိုချောင်က သတင်းစာစက္ကူလေးရွက် ခင်းကျင်းထားနိုင်သလောက်သာ ကျယ်သည်။ ကွဲအက်နေသော ဝါညစ်ညစ်ဘောစင်တစ်ခုနှင့် အင်္ဂတေစင်တစ်ခုလည်း ရှိသေးသည်။

ရေချိုးခန်းထဲတွင် ရေလောင်းအိမ်သာတစ်လုံးရှိသည်။ ရေလှောင်ကန်မရှိ။ မျက်နှာသစ်ဘေစင်ရှိသည်။ ကြည့်လိုက်သည်နှင့် အံ့သြသွားနိုင်လောက်သော အဖြူရောင်ရေချိုးကန် တစ်လုံးရှိသည်။ ၎င်းက အလှပြ

ထားသည့် အနုပညာထည်လို အသုံးမပြုလျှင် ပန်းပုတစ်ခုသာဖြစ်သည်။ မီးဖို၊ ရေချိုးခန်းအပြင်ဘက် ကျောက်လှေကားက ဘယ်အထိများပေါက်သလဲဆိုပြီး ကျွန်မ တက်ကြည့်ဖို့လုပ်တော့ ဟိုဆေးက "တက်ကြည့်မနေနဲ့တော့... အပေါ်မှာက အများသုံးခေါင်မိုးပါ။ မနက်ဖြန်မှ တက်ကြည့်လိုက်။ ရှေ့ရက်က ငါလည်း ဆိတ်မတစ်ကောင်ဝယ်ပြီး အိမ်ရှင်တို့ရဲ့ဆိတ်အုပ်နဲ့ ရောမွေးထား တယ်။ နောက်ကျရင် ငါတို့ နေ့တိုင်း ဆိတ်နို့သောက်လို့ရပြီ" ဟု ပြောသည်။ ဆိတ်တစ်ကောင်ရှိသည်ဟု ကြားသည်နှင့် ကျွန်မ အထူးအဆန်းဖြစ်ပြီး ဝမ်းသာသွားသည်။ ဟိုဆေးက အိမ်နှင့်ပတ်သက်ပြီး ကျွန်မ၏ပထမဆုံး ထင်မြင်ချက်ကို အလျင်စလိုမေးသည်။

"ကောင်းတယ်... ကျွန်မကြိုက်တယ်... တကယ်ပြောတာ။ နောက်မှ ဖြည်းဖြည်းချင်း ခင်းကျင်းရမယ်" လုပ်ယူပြီးပြောသည့် စိတ်လှုပ်ရှားမှု အသံ မျိုးဖြင့် ကျွန်မပြန်ဖြေမိသည်။

ထိုစကားကိုပြောနေချိန်မှာပင် အိမ်ကို ကျွန်မ မပြတ်အကဲခတ်နေ သေး၏။ အခင်းက အင်္ဂတေဖြစ်ပြီး ခင်းထားသည်က မညီမညာ၊ နံရံက အခေါင်းပွ၊ ခဲရောင်အုတ်ဖြင့် စီထားသည်။ အပေါ်တွင် ဆေးထပ်မတင်ထား တော့ အုတ်ကို ပိုင်းဖြတ်ထားသည့်နေရာတချို့က အရောင်အဆင်းမဲ့စွာ နံရံပေါ်ချိတ်နေခဲ့သည်။ ခေါင်းမော့ကြည့်တော့ ပြောင်ပြောင်ရှင်းရှင်း မီးသီး သေး တစ်လုံး ချိတ်ထားသည်။ မီးကြိုးပေါ်တွင် သိပ်သိပ်သည်းသည်းနားနေ သော ယင်ကောင်များဖြင့် ပြည့်နေသည်။ နံရံဘယ်ဘက်ထောင့်အပေါ်တွင် အပေါက်တစ်ခုရှိပြီး လေက အဆက်မပြတ်တိုးဝင်နေသည်။ ရေစက်ခေါင်းကို ဖွင့်ကြည့်တော့ စိမ်းပုပ်ပုပ်အရည်သာ အစက်အနည်းငယ် စီးကျလာသည်။

ရေတစ်စက်မျှမရှိ။ ပြိုကျတော့မည့်ပုံပေါက်နေသော ခေါင်မိုးကိုကြည့်ပြီး ဟိုဆေးအား ကျွန်မမေးမိ၏။

"အိမ်ငှားခ တစ်လ ဘယ်လောက်ပေးရလဲ"

"တစ်သောင်း… ရေ၊ မီး မပါဘူး"

(ယနေ့ငွေဈေးနှင့် တွက်လျှင် ဒေါ်လာ ၂၅၀ လောက် ကျ၏။ ဘာသာပြန်သူ)

"ရေ ဈေးကြီးလား"

"ဓာတ်ဆီပုံးတစ်ပုံးအပြည့်ဆို ၉၀ ပေးရတယ်။ မနက်ဖြန် မြို့နယ် အစိုးရဆီမှာ ရေပို့ပေးဖို့ လျှောက်လွှာသွားတင်ရမယ်"

သေတ္တာပေါ်ထိုင်ပြီး ကျွန်မအသံတိတ်နေမိသည်။

"အခုပဲ မြို့ထဲသွားပြီး ရေခဲသေတ္တာတစ်လုံးသွားဝယ်ရအောင်။ ဟင်းချက်ဖို့ဝယ်မယ်၊ စားဝတ်နေထိုင်ရေး မြန်မြန်ဖြေရှင်းရမယ်"

ခေါင်းအုံးစွပ်ကို အမြန်ဆွဲကိုင်ပြီး ဟိုဆေးနောက် ကျွန်မလိုက်ထွက်ခဲ့၏။ လမ်းတစ်လျှောက် တွင် လူနေအိမ်ရှိ၏၊ သဲပြင်ရှိ၏၊ သင်္ချိုင်းကုန်းရှိ၏၊ ဓာတ်ဆီဆိုင်ရှိ၏၊ နေဝင် သွားသည့်အချိန်အထိ လမ်းလျှောက်မှ မြို့ပေါ်က မီးရောင်ကိုမြင်ရသည်။

"ဒါက ဘဏ်၊ ဒါက မြို့နယ်ရုံး၊ တရားရုံးက ညာဘက်မှာ၊ စာတိုက်က တရားရုံးအောက်မှာ၊ ကုန်စုံဆိုင်က သုံးလေးဆိုင်ရှိတယ်။ ငါတို့ရဲ့ကုမ္ပဏီ ရုံးချုပ်က ဟိုရှေ့က တစ်တန်းပဲ။ အစိမ်းရောင်မီးရောင်နဲ့က အရက်ဆိုင်၊ ဆေးညိုဝါရောင်သုတ်ထားတာက ရုပ်ရှင်ရုံ"

"ဟိုအဆောက်အအုံတန်းက သပ်ရပ်နေတာပဲ။ ဘယ်သူနေတာလဲ။

ကြည့်… ဟိုအိမ်ဖြူမှာ သစ်ပင်ရှိတယ်။ ရေကူးကန်ရှိတယ်။ ပြတင်းပေါက် လိုက်ကာအဖြူကနေ လွင့်လာတဲ့ သီချင်းသံကို ကျွန်မကြားနေရတယ်။ အဲဒီအဆောက်အအုံကြီးက ဟိုတယ်လား"

"အဆောက်အအုံတန်းက ရာထူးမြင့်ဝန်ထမ်းတွေရဲ့အိမ်ပေါ့။ အိမ်ဖြူက ဘုရင်ခံရဲ့အိမ်ပေါ့။ ပန်းဥယျာဉ်ရှိတာပေါ့။ နင်ကြားတဲ့သီချင်းသံက စစ်တပ်ကလပ်က လာတာ"

"အိုး… ဟိုးမှာ အစ္စလာမ်နန်းတော်ရဲ့တိုက်လား… ဟိုဆေး… ရှင် ကြည့်…"

"အဲဒါကတော့ နိုင်ငံတော်ဟိုတယ်… ကြယ်လေးပွင့်ဟိုတယ်… အစိုးရဝန်ထမ်းတွေ တည်းဖို့ပေါ့။ နန်းတော်မဟုတ်ဘူး"

"ဆာဟာရဝီတွေ ဘယ်မှာနေတာလဲ… ကျွန်မအများကြီး တွေ့ လိုက်တယ်"

"သူတို့က မြို့ထဲမှာ၊ မြို့ပေါ်မှာ နေကြတယ်။ ငါတို့နေတဲ့အရပ်ကို သင်္ချိုင်းမြေလို့ခေါ်တယ်။ နောက်ပိုင်း နင်တက္ကစီငှားရင် အဲဒီလိုညွှန်းလိုက် လို့ရတယ်"

"ဒီမှာ တက္ကစီရှိတယ်…"

"ရှိတာပေါ့… မာစီးဒီးနဲ့တောင်ရှိတယ်။ ခဏနေ ငါတို့ပစ္စည်း ဝယ် ပြီးရင် တစ်စီးငှားပြန်မယ်လေ"

ကုန်စုံဆိုင်တစ်ခုမှာပင် ရေခဲသေတ္တာငယ် တစ်လုံးကို ကျွန်မတို့ ဝယ်လိုက်၏။ ရေခဲရိုက်ကြက်တစ်ကောင်၊ ဂက်စ်မီးဖိုတစ်လုံးနှင့် ကော်ဖော တစ်ထည်ကိုလည်း ဝယ်လိုက်သည်။

"ဒီကိစ္စတွေက ငါအရင်မလုပ်ထားချင်လို့ မဟုတ်ဘူး။ ငါ ဝယ်ထားပြီး နင်မကြိုက်မှာစိုးလို့။ နင်ကိုယ်တိုင်လာရွေးခိုင်းတာ" ဟိုဆေးက အသံနိမ့်နှင့် ရှင်းပြသည်။ ကျွန်မ ဘယ်လိုရွေးရမလဲ။ ဒီဆိုင်မှာ ရေခဲသေတ္တာ ငယ်တစ်လုံးသာရှိသည်။ ဂက်စ်မီးဖိုကလည်း အားလုံးအတူတူ။ ငှားထားသော မှောင်မိုက်မိုက်အိမ်ငယ်လေးကို သတိထားလိုက်မိသည်နှင့် ကျွန်မ မည်သည်ကိုမျှ တက်ကြွမှုမရှိတော့။ ငွေရှင်းချိန်တွင် ခေါင်းအုံးစွပ်ကို ကျွန်မထုတ်ပြီး "ကျွန်မတို့ မင်္ဂလာမဆောင်ရသေးဘူး။ ကျွန်မလည်း တချို့ရှင်းမယ်" ဟု ပြောဖြစ်၏။

အဲဒါက ဟိုးအရင် ဟိုဆေးနှင့် မိတ်ဆွေဖြစ်ချိန်က ရှိခဲ့သော သူတစ်ဝက်၊ ကိုယ်တစ်ဝက်ရှင်းသည့် အကျင့်ဟောင်းဖြစ်သည်။ ကျွန်မ လက်ထဲ အမြဲဆွဲထားသောအရာက ဘာလဲဆိုသည်ကို ဟိုဆေးမသိ။ သူ ခေါင်းလှည့်ကြည့်ပြီးမှ တစ်ချက်လန့်သွားတော့သည်။ ကျွန်မက ခေါင်းအုံး စွပ်ကို ရင်ဝမှာပိုက်ပြီး လက်ကို အထဲနှိုက်ကာ ကျသင့်ငွေကို ထုတ်ပေး လိုက်သည်။ ဆိုင်အပြင်ရောက်မှ ဟိုဆေးက အသံတိုးဖြင့်မေးလိုက်သည်။

"နင် ဒီလောက်ငွေအများကြီး ဘယ်ကရလာတာလဲ။ ဘာဖြစ်လို့ ဘာမပြော ညာမပြောနဲ့ ခေါင်းအုံးစွပ်ထဲထည့်ထားရတာလဲ..."

"ဖေဖေပေးထားတဲ့ ပိုက်ဆံ... ကျွန်မအကုန်ယူလာလိုက်တယ်" မျက်နှာသုန်သုန်မှုန်မှုန်နှင့် ဟိုဆေးက ဘာမျှမပြော။ လေထဲကနေပြီး သူ့အား ကျွန်မစိုက်ကြည့်နေလိုက်သည်။ "ငါ... ငါစဉ်းစားတာ... ငါစဉ်းစားတာ... ဒီသဲကန္တာရမှာ နင်ကြာကြာမနေနိုင်ဘူး။ နင်ခရီးတွေလျှောက်ပတ်သွားပြီးတာနဲ့ ငါအလုပ်ကထွက်မယ်။ အတူတူ သွားကြရအောင်..."

"ဘာဖြစ်လို့လဲ... ကျွန်မ ဘာမကျေမနပ်ညည်းနေလို့လဲ။ ရှင်က ဘာလို့အလုပ်ထွက်ရမှာလဲ" ဟိုဆေးက ခေါင်းအုံးစွပ်ကိုပုတ်ပြီး ကျွန်မကို မချိတင်ကဲပြုံးပြသည်။

"နင် ဆာဟာရကိုလာတာဟာ ကြည့်ရတာ မဖြစ်မနေလုပ်တဲ့ ရိုမန်တစ်ဆန်တဲ့ကိစ္စတစ်ရပ်ပေါ့။ ခဏလေးနဲ့ သူ့အပေါ် နင်ငြီးငွေ့သွား လိမ့်မယ်။ နင့်မှာ ဒီလောက်ပိုက်ဆံများတာ။ ဒီကလူတွေရဲ့နေ့ရက်တွေလို နင်မဖြတ်သန်းနိုင်ပါဘူး"

"ပိုက်ဆံက ကျွန်မဟာမဟုတ်ပါဘူး... ဖေဖေ့ဟာပါ။ ကျွန်မ မသုံး ပါဘူး"

"ဒါဆိုကောင်းပြီ။ မနက်ဖြန်မနက် ငါတို့ဘဏ်မှာ သွားအပ်ထား လိုက်မယ်။ ဒီကနေ့ကစ ငါရှာတဲ့ပိုက်ဆံကိုပဲ နင်သုံးရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဘဝကို ငါတို့ဖြတ်သန်းရမယ်" ဟိုဆေးစကားကို ကျွန်မဒေါသဖြစ်မိသည်။ သူနှင့် နှစ်တွေအကြာကြီး ရင်းနှီးခဲ့ပြီး နိုင်ငံတော်တော်များများ တစ်ယောက် တည်း လှည့်လည်ခဲ့သည့် ကျွန်မကို ထိုမျှလောက် ငွေကြေးလေးနှင့် သူ့ အကြည့်ထဲမှာ ကျွန်မက ဘာမျှအသုံးမကျသော မာနခိုက်နေသည့် မိန်းမ ဖြစ်နေခဲ့ပြီ။ သူ့အား ပြန်ပြောဖို့ စဉ်းစားမိပေမည့် ကျွန်မပါးစပ် မဟခဲ့မိချေ။ ကျွန်မ၏လုပ်ကိုင်နိုင်စွမ်းကို နောက်ပိုင်းတွင် ကျွန်မတဖြည်းဖြည်း သက်သေ ပြမည်။ ယခုနေပြောနေလျှင်လည်း အပိုဖြစ်သည်။ အဲဒီ သောကြာနေ့ညမှာ တကယ်ပင် ကျွန်မမာစီးဒီးကားစီးပြီး သချိုင်းမြေက နေအိမ်ကိုပြန်ခဲ့ကြ၏။

သဲကန္တာရ၏ပထမဆုံးညမှာ အိပ်ရာလိပ်ထဲ ကျွန်မကွေးနေခဲ့၏။ ဟိုဆေးလည်း စောင်ပါးတစ်ထည်သာခြုံထားသည်။ သုညရောက်လုလု

အပူချိန်အောက်တွင် အင်္ဂတေခင်းထားသော မြေပြင်ပေါ်၌ ရွက်ဖျင်တဲစ တစ်စသာခင်းပြီး ကျွန်မတို့ မိုးလင်းခဲ့၏။ စနေနေ့မနက်၌ မြို့နယ်တရားရုံးတွင် လက်ထပ်ဖို့အတွက် ကျွန်မတို့လျှောက်လွှာသွားတင်ခဲ့ကြသည်။ ထို့နောက် အဆမတန်ဈေးပေးရသော အိပ်ရာခင်းတစ်ခုကို ဝယ်ခဲ့၏။ ခုတင် ဝယ်ဖို့ကို တော့ စိတ်မကူးရဲခဲ့ပေ။

ရေယူဖို့ ဟိုဆေးလျှောက်လွှာတင်နေချိန် ဆာဟာရဝီတို့ အသုံး ပြုသော ဖျာကြမ်းငါးချပ်ကို ကျွန်မသွားဝယ်၏။ အိုးတစ်လုံး၊ ပန်းကန်လေးချပ်၊ ဇွန်း၊ ခက်ရင်း နှစ်စုံစီ ဝယ်လိုက်သည်။ ကျွန်မတို့နှစ်ယောက်၏ ဇွန်း၊ ခက်ရင်း ဓားပေါင်းလိုက်လျှင် ၁၁ ချောင်းရှိသောကြောင့် ဟင်းလှီးဖို့ ဓားသတ်သတ် မဝယ်တော့။ ရေပုံး၊ ကြမ်းတိုက်တံ၊ ဘရပ်ချ်၊ အဝတ်ညှပ်၊ ဆပ်ပြာ၊ ဆန်၊ ဆီ၊ ဆားတို့ကို ဝယ်လိုက်သည်။ ပစ္စည်းများက ဈေးကြီးလွန်း၍ ရင်နာရသည်။ ဟိုဆေးပေးတော့ ပိုက်ဆံပါးပါးတစ်ထပ်ကိုကိုင်ပြီး ကျွန်မဆက်၍မဝယ်ရဲ တော့။ ဖခင်ပေးသည့်ငွေများ ဗဟိုဘဏ်ထဲဝင်သွားခဲ့ပြီ။ နှစ်ဝက်လောက် ကြာမှ ထုတ်နိုင်မည်ဖြစ်သည်။ အတိုးက ၀.၄၆ ဖြစ်သည်။

နေ့လယ်အိမ်ပြန်ရောက်မှ အိမ်ရှင်တို့မိသားစုကို သွားရောက် နှုတ်ဆက်ဖြစ်သည်။ အိမ်ရှင်က စိတ်သဘောထားကြီးပြီး ဖော်ရွေသော ဆာဟာရဝီလူမျိုးဖြစ်သည်။

ပထမဆုံးအကြိမ်တွေ့သည်နှင့် အချင်းချင်း ခင်မင်ရင်းနှီးမိကြ၏။ သူ့ဆီက ရေပုံးတစ်ဝက်ငှားလိုက်ပြီး ခေါင်မိုးပေါ်က ရေလှောင်အိမ်ကို ဟိုဆေးက ဆေးသည်။ ကျွန်မက ထမင်းချက်သည်။ ထမင်းကျက်တော့ ထမင်းကို ပန်းကန်တစ်လုံးထဲထည့်ပြီး ထိုအိုးဖြင့် ကြက်တစ်ပိုင်းချက်၏။

ဖျာကြမ်းပေါ်ထိုင်ပြီး ထမင်းစားတော့ ဟိုဆေးက "ထမင်းထဲ နင်ဆားဖြူး ထားလား" ဟု မေးသည်။

"မဟုတ်ဘူး... အိမ်ရှင်ဆီကရတဲ့ ရေနဲ့ချက်ထားတာ" ထိုအချိန် ကျမှ ကျွန်မတို့ သတိရမိသည်။ Laayoune ရှိတွင်းရေများက ရေငန်ပဲရသည်။ ရေချိုမရှိ။ ခါတိုင်းအချိန်မှာ ဟိုဆေးက အလုပ်မှာပင် ထမင်းစားသည်မို့ အဲဒါတွေကို သတိမထားခဲ့မိတာဖြစ်သည်။ အိမ်အတွက် ပစ္စည်းတချို့ ဝယ် ဖြစ်ခဲ့လည်း မြင်ရသည့်အရာဟူ၍ ကြမ်းပေါ်ခင်းထားသည့် ဖျာ ငါးချပ်သာ ရှိသည်။

ရုံးပိတ်ရက်များ၌ နေအိမ်ကို ကျွန်မတို့ သန့်ရှင်းရေးလုပ်ခဲ့ကြသည်။ ခေါင်မိုးပေါ်က အပေါက်မှနေပြီး ဆာဟာရဝီကလေးများ စပ်စပ်စုစု ချောင်း မြောင်းကြည့်နေကြပြီဖြစ်သည်။

****

တနင်္ဂနွေနေ့ ညက အလုပ်ရုံသို့ ဟိုဆေး သွားလိုက်သည်။ မနက်ဖြန်ညလာမလာ သူ့ကိုမေးတော့ သူက လာမည်ဟုဆို၏။ သူ့အလုပ် လုပ်သောနေရာနှင့် အိမ်မှာ ကီလိုမီတာ ၅၀ ခန့် ဝေးသည်။ ထိုအိမ်တွင် ရုံးပိတ်ရက်လောက်မှသာ အိမ်ရှင်ယောက်ျားရှိသည်။ ခါတိုင်းရုံးဆင်းလျှင် အိမ်သို့ဟိုဆေးအလျင်စလို ပြန်လာပြီး ညသန်းခေါင်အရောက်တွင် ကားငှား ပြီး အဆောင်ပြန်သည်။ ကျွန်မက နေ့လယ်ချိန်တွင် မြို့ထဲသို့သွားတတ်ပြီး ညနေစောင်း နေမပူသည့်အချိန် ဆာဟာရဝီအိမ်နီးချင်းများ အိမ်သို့လာ လည်တတ်သည်။

လက်ထပ်ဖို့ စာရွက်စာတမ်းလုပ်ရသည်မှာ နှေးကွေးလွန်းသည်။ စစ်တပ်အငြိမ်းစားအရာရှိတစ်ဦး၏ မိတ်ဆက်ပေးမှုအရ ရေရောင်းသည့် ထရပ်ကားဖြင့် ကီလိုမီတာပေါင်းများစွာဝေးသော ဆာဟာရသဲကန္တာရသို့ ကျွန်မ မကြာခဏလိုက်သွားတတ်သည်။ ညအချိန်ရောက်လျှင် ရွက်ဖျင်တဲနေ လူမျိုးတို့၏အနီးအနားတွင် ကျွန်မတို့ရွက်ဖျင်တဲထိုး၍ အိပ်ကြ၏။ စစ်တပ် အရာရှိ၏ ကူညီစောင့်ရှောက်မှုကြောင့် ကျွန်မကို မည်သူမျှမထိမတို့ရဲခဲ့ပေ။ ကျွန်မလည်း သကြား၊ နိုင်လွန်မီးကြိုး၊ ဆေးဝါး၊ ဆေးလိပ် စသည့်အရာများ ယူပြီး ဘာမျှမရှိတတ်သည့်ဒေသခံများကို ခွဲဝေပေးတတ်သည်။

သဲကန္တာရနက်ထဲဝင်ရောက်ပြီး နေထွက်၊ နေဝင်ချိန်နှင့် အုပ်စုလိုက် ပြေးလွှားနေသောသိုးရိုင်းတွေကို တွေ့မြင်ရချိန်ကျမှ လက်တွေ့ဘဝတွင် ရင်ဆိုင်နေရသည့် အခက်အခဲ၊ ဆင်းရဲဒုက္ခများကို ကျွန်မမေ့၏။ ထိုသို့ မြို့ပြင် မကြာခဏထွက်လည်သည့် နေ့ရက်များကို ကျွန်မတစ်ယောက်တည်း နှစ်လကြာမျှ ဖြတ်သန်းခဲ့သည်။ လက်ထပ်ဖို့ကိစ္စကို ကျွန်မတို့အိမ်ထောင်စု ရှိသည့် Madrid တရားရုံးက ကြေညာလိုက်ချိန်၌ ကျွန်မ ထိုအိမ်တွင် တကယ့် အခြေတကျနေရတော့မည်ဆိုသည်ကို သိလိုက်၏။ အိမ်သည် မည်သို့မျှ ခွဲထွက်သွား၍ မရတော့သည့် နေရာတစ်ခု ရုတ်တရက်ဖြစ်သွားခဲ့သည်။

ကျွန်မတို့မွေးထားသော တောင်ဆိတ်မကို ကျွန်မနို့သွားညှစ်တိုင်း ကျွန်မကို သူက ချိုဖြင့်ခတ်၏။ သူ့အတွက် မြက်နှင့်ဂျုံများ ကျွန်မနေ့တိုင်း ဝယ်ကျွေးရသည်။

သူတို့၏ ဆိတ်လှောင်အိမ်ထဲ ထည့်လှောင်ထားသဖြင့် အိမ်ရှင်က သိပ်မကျေနပ်။ တစ်ခါတလေ ဆိတ်နို့ညှစ်ဖို့ ကျွန်မ နောက်ကျလျှင်

အိမ်ရှင်မိန်းမက အကုန်ညှစ်သွားတတ်သည်။ ထိုဆိတ်ကို ကျွန်မ ကာကွယ်စောင့်ရှောက်ချင်သော်လည်း သူက ကျွန်မကိုလည်း မရင်းနှီးသလို ဟိုဆေးနှင့်လည်း မရင်းနှီးပေ။ နောက်ဆုံး သွား၍ မကြည့်တော့ဘဲ အိမ်ရှင်အား ပေးလိုက်တော့သည်။

****

လက်ထပ်ခါနီးတွင် ဟိုဆေးက ပိုက်ဆံပိုဝင်အောင်ဟုဆိုကာ ညပိုင်းပါအလုပ်ဆင်းတော့သည်။ သူ နေ့ရောညပါ အလုပ်ဆင်းတာကြောင့် ကျွန်မတို့ သိပ်မတွေ့ဖြစ်ကြ။ အိမ်သို့ သူ မလာသောကြောင့် ကြမ်းတမ်းလေးလံသောအလုပ်များကို ကျွန်မကိုယ်တိုင် လုပ်တော့သည်။ အိမ်အနီးအနားတွင် ဆာဟာရဝီများရှိသလို စပိန်လူမျိုးမိသားတစ်စုလည်းရှိသည်။ ထိုစပိန်အမျိုးသမီးက သန့်စွမ်းသော Canary ကျွန်းမှ လာသူဖြစ်သည်။ ရေချိုသွားဝယ်တိုင်း ကျွန်မကို သူအဖော်ညှိတတ်၏။ ရေသွားဝယ်ချိန်တွင် ရေပုံးက အလွတ်ဖြစ်သောကြောင့် သူ့ခြေလှမ်းကို ကျွန်မမီသည်။ ရေချို ၁၀ လီတာလောက် ဝယ်ပြီးသွားချိန်မှာတော့ သူ့အား ကျွန်မအရင်ပြန်နှင့်စေသည်။

"နင်ကလည်း အသုံးမကျလိုက်တာဟယ်… နင့် ဒီတစ်သက် ရေမဆွဲခဲ့ဖူးဘူးလား" ဟု သူက အသံကျယ်ဖြင့် ကျွန်မကိုလှောင်သည်။

"ငါ… အရမ်းလေးတယ်… နင်အရင်သွားပါ။ ငါ့ကို မစောင့်ပါနဲ့"

နေပြင်းပြင်းအောက်တွင် လက်အစုံဖြင့် ရေပုံးကိုချီမပြီး ခြေလှမ်းလေး၊ ငါးလှမ်း လှမ်းလိုက် တစ်အောင့်နားလိုက်၊ အသက်ပြင်းပြင်းရှူလိုက်၊ နောက်ထပ် ၁၀ လှမ်းလှမ်းလိုက်၊ နားလိုက်၊ သွားလိုက်နှင့် ချွေးက မိုးလို

စီးကျသည်။ ကျောရိုးက နာလွန်း၍ ဆတ်ဆတ်တုန်ပြီး နားရွက်၊ မျက်နှာမှာ နီးမြန်းကာ ခြေလှမ်းလည်း ယိုင်တိုင်တိုင်ဖြစ်လာ၏။ အိမ်ကား ခပ်ဝေးဝေးတွင် အမည်းစက်အဖြစ်ရှိနေပြီး မည်သို့ပင်လျှောက်လျှောက် မရောက်နိုင်ခဲ့ပေ။ အိမ်ရောက်သည်နှင့် ဖျာပေါ် ကျွန်မ ချက်ချင်းလှဲချလိုက်သည်။ သို့မှသာ ကျောရိုးနာတာ သက်သာတော့သည်။

ဂက်စ်သုံးကုန်သွားလျှင်လည်း ဂက်စ်အိုးအသစ်လဲဖို့ မြို့ထဲအထိ ကျွန်မ မသယ်သွားနိုင်။ တက္ကစီကို မြို့ထဲအထိ သွားခေါ် ဖို့လည်း ကျွန်မ ပျင်း၏။ ထို့ကြောင့် အိမ်နီးချင်းများဆီက သံပြားမီးဖိုကို မကြာခဏငှားပြီး အိမ်ရှေ့တွင် ဆောင့်ကြောင့်ထိုင်ကာ ယပ်တောင်တစ်ချပ်ဖြင့် မီးမွှေးလေ၏။ မျက်ရည်များမရပ်စတမ်း မီးခိုးမွှန်တော့သည်။ ထိုအချိန်မျိုး၌ ကျွန်မ၏ မိခင်တွင် အဝေးမြင်မျက်စိမရှိသည်ကို ကျွန်မဝမ်းသာမိသည်။ မဟုတ်လျှင် သူ့လှပသောမျက်နှာပြင်က သူ့အချစ်ရဆုံးသမီးလေးအတွက် မျက်ရည်များဖြင့် ပြည့်တော့မည်။ ကျွန်မက ကျွန်မသမီးလေးကို လက်ခုပ်ထဲထည့်ပြီး ပုလဲမွေးသလိုမွေးခဲ့တာပါဟု သူ့ပျော့ပျော့ညံ့ညံ့ ငိုကြွေးတော့မည်။

ကျွန်မကတော့ စိတ်မပျက်... လူဖြစ်မှတော့ ဘဝအတွေ့အကြုံ မျိုးစုံကို တွေ့ကြုံသည်ကလည်း အဖိုးမဖြတ်နိုင်သည့်အရာတစ်ခုဖြစ်သည်။

****

လက်မထပ်မီတွင် ဟိုဆေး အချိန်ပိုအလုပ်ဆင်းတိုင်း ကျွန်မက ဖျာပေါ်မှာထိုင်ပြီး ပြတင်းပေါက်အပြင်ဘက်က ငိုသံလိုလို၊ ရင်ဖွင့်သံလိုလို တိုက်ခိုက်သွားသောလေသံကို နားထောင်သည်။ အိမ်တွင် စာအုပ်၊ သတင်းစာ မရှိ၊ တီဗွီမရှိ၊ ကက်ဆက်မရှိ။ ထမင်းကို ကြမ်းပြင်ပေါ်တွင်စားရသည်။ အိပ်လျှင်

ကြမ်းပြင်ပေါ်က အိပ်ရာခင်းပေါ်အိပ်ရသည်။ နံရံက နေ့လယ်နေ့ခင်းတွင် ပူလောင်နေတတ်ပြီး ညအချိန်တွင် အေးခဲနေတတ်သည်။ လျှပ်စစ်မီးကလည်း ကံကောင်းမှလာ၏။ များသောအားဖြင့် မီးမရတတ်။ ညနေဆည်းဆာရောက်လျှင် ခေါင်မိုးပေါ်က လေးထောင့်အပေါက်ကို ကျွန်မငေးကြည့်နေတတ်သည်။ သဲမှုန်များက အမှုန်သဖွယ် ဖြာကျလာတတ်သည်။ ညရောက်လျှင် ဖယောင်းတိုင်ထွန်းပြီး ဖယောင်းရည်များက မည်သည့်အရာများ စီးကျပုံသွင်းလာလေမလဲဟု ကျွန်မ ကြည့်နေတတ်သည်။

ထိုအိမ်တွင် အဝတ်ဗီရိုမရှိ၊ အံဆွဲမရှိ။ ကျွန်မတို့၏ အဝတ်အစားများက သေတ္တာထဲတွင် ဒီအတိုင်းရှိနေသည်။ ဖိနပ်နှင့် အခြားတိုလီမုတ်စ အရာများက စက္ကူဗူတာတစ်ခုထဲတွင် ရှိနေသည်။ စာရေးလျှင် ပျဉ်တစ်ချပ်ရှာပြီး ဒူးခေါင်းထက်တွင်တင်ကာ ရေးရ၏။ ညအချိန်တွင် အေးခဲနေသော ခဲရောင်အိမ်နံရံက လူကို ပိုချမ်းအေးစေသည်။ တစ်ခါတလေ ညအလုပ်သို့ ဟိုဆေး ကားဖြင့် အလျင်စလိုပြန်သည့်အခါ အိမ်တံခါးကို သူ ဂျိမ်းခနဲ ပိတ်ချိန် ကျွန်မမျက်ရည်များ အကြောင်းမဲ့စီးကျလာတတ်သည်။ ခေါင်မိုးပေါ် ကျွန်မ အမြန်ပြေးတက်ကြည့်မိတတ်သည်။ သူ့အရိပ်အယောင်ကို မြင်မိသေးလျှင် သူ့နောက် ကျွန်မအမြန်ပြေးလိုက်သွားတတ်သည်။ အမောဆို့မတတ် အပြေးလိုက်ပြီး သူ့အား မီလာလျှင် တစ်ဖက်မှာ မောဟိုက်ရင်း တစ်ဖက်မှာ ခေါင်းငုံ့ကာ သူနှင့်အတူ လျှောက်မိသည်။

"ရှင်နေခဲ့လို့ မရဘူးလား... တောင်းပန်ပါတယ်... ဒီနေ့ မီးမလာပြန်ဘူး။ ကျွန်မတစ်ယောက်တည်း" လက်နှစ်ဖက်ကို အိတ်ကပ်ထဲ ထိုးထည့်ရင်း လေဆန်ကို အန်တုကာ သူ့အား ကျွန်မတောင်းဆိုမိသည်။ ထို

အချိန်တိုင်း ဟိုဆေး စိတ်မကောင်းဖြစ်ရသည်။ သူ့နောက် ကျွန်မပြေးလိုက်လျှင် သူ့မျက်ထောင့် နီမြန်းသွားတတ်သည်။

"ဆမ်မောက်… တခြားလူကိုယ်စား အလုပ်လုပ်ဖို့ ငါပြောထားတယ်။ မနက် ၆ နာရီဆို တက်ရမှာ။ နေခဲ့ရင် မနက်အစောကြီး အလုပ်မီမှာမဟုတ်ဘူး။ မနက်ပိုင်းဆိုရင် ကားလည်းမရှိဘူး"

"ပိုက်ဆံတွေ ဒီလောက်ရှာမနေနဲ့တော့။ ဘဏ်မှာ ကျွန်မတို့ပိုက်ဆံရှိတယ်။ ဒီလောက် ကြိုးစားမလုပ်နဲ့တော့"

"ဘဏ်ထဲက ပိုက်ဆံက နောင်ခါမှာ အိမ်လေးတစ်လုံးဝယ်ဖို့ ဖေဖေက ငါတို့ကို ချေးတာ။ စားဝတ်နေရေးအတွက်တော့ ငါကရှာရမယ်။ ခဏလောက် သည်းခံပါနော်။ လက်ထပ်ပြီးရင် ငါအချိန်ပိုမဆင်းတော့ဘူး"

"ရှင် မနက်ဖြန်လာမှာလား…"

"ညနေကျရင် လာမှာပေါ့။ မနက်ဖြန်မနက်မှာ နင် အိမ်ဆောက်ပစ္စည်းဆိုင်သွားပြီး သစ်သားဈေးသွားမေးထား။ ငါအလုပ်ကပြန်လာတာနဲ့ နင့်အတွက် စားပွဲခုံလုပ်ပေးမယ်" ကျွန်မကို အားဖြင့် သူတစ်ချက်ပွေ့လိုက်ပြီး အိမ်ရှိရာဘက် ကျွန်မကိုတွန်းပို့လိုက်သည်။ ဖြည်းဖြည်းချင်း ကျွန်မ လမ်းလျှောက်ရင်း နောက်ပြန်လှည့်ကြည့်မိသည်။ ဟိုဆေးကတော့ ဟိုးဝေးဝေးကောင်းကင်အောက်ကနေပြီး ကျွန်မကို လက်ဝှေ့ယမ်းပြနေခဲ့၏။ တစ်ခါတလေ အိမ်ရှိသည့် ဟိုဆေးလုပ်ဖော်ကိုင်ဘက်တချို့က ညအချိန် ကားမောင်းပြီး ကျွန်မကို လာခေါ်တတ်သည်။

"ဆမ်မောက်… ငါတို့အိမ်မှာ ညစာလာစားလေ၊ တီဗွီလာကြည့်လေ… ငါတို့ ပြန်ပို့ပေးမယ်။ တစ်ယောက်တည်း ထိုင်မနေနဲ့" သူတို့၏

စေတနာထဲတွင် ကျွန်မကို ကရုဏာသက်မှုပါသည်ကို ကျွန်မနားလည်သည်။ ထို့ကြောင့် ကျွန်မ ရဲရဲဝံ့ဝံ့ငြင်းဆန်၏။ ထိုအချိန်တုန်းက ကျွန်မသည် ဒဏ်ရာရထားသည့် သားရိုင်းတိရစ္ဆာန်လို ကိစ္စသေးသေးမွှားမွှားနှင့်လည်း စိတ်တိုဒေါသထွက်တတ်သည်။ ပျော့ညံ့ပြီး ဝိုမိတာတွေပင် ရှိခဲ့၏။ ဆာဟာရ သဲကန္တာရက သိပ်လှပသော်လည်း ထိုဒေသမှာ အသားကျရှင်သန်နေထိုင်ဖို့ရဲစွမ်းသတ္တိ ကြံ့ခိုင်ခြင်းတို့ အစွမ်းကုန်ထုတ်ရသည်။ ကန္တာရကို ကျွန်မမငြီးငွေ့။ သူ့အပေါ်ကျင့်သားရအောင် ကျွန်မကျင့်နေချိန်အတွင်းမှာ အခက်အခဲအနည်းငယ်ကို ကျွန်မကြုံတွေ့နေရခြင်းသာဖြစ်သည်။

နောက်တစ်နေ့တွင် ဟိုဆေးရေးထားပေးသည့်စာရွက်ကိုယူပြီးမြို့ပေါ်က အကြီးဆုံးအိမ်ဆောက်ပစ္စည်းဆိုင်သို့ ကျွန်မရောက်လာခဲ့၏။ အကြာကြီးစောင့်ပြီးမှ ကျွန်မအလှည့်ရောက်သည်။ ဝန်ထမ်းက အကြိမ်ကြိမ်တွက်ချက်ပြီးမှ ငွေ ၅၀၀၀ လောက်ကုန်ကျမည့်အကြောင်း၊ သို့သော် ယခုပစ္စည်းပြတ်နေသည့်အကြောင်း ကျွန်မအားပြောပြသည်။ သူတို့ကို ကျွန်မကျေးဇူးစကားဆိုပြီး စာတိုက်မှာ စာရောက်မရောက် သွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ အိမ်ထောင်ပရိဘောဂအတွက် ပျဉ်ချပ်ဝယ်ဖို့ ပိုက်ဆံကတော့လောက်မည်မဟုတ်မှန်း တွက်ချက်မိ၏။ ဆိုင်ကနေ အပြင်ထွက်လာတော့သူတို့ပစ်ထားသော ကုန်ထည့်သေတ္တာများ စုပြုံထားသည်ကို တွေ့လိုက်သည်။ ပျဉ်ချပ်ကိုသံချွေဖြင့် ပတ်ထားသည်။ ကြည့်ရသည်မှာ ယူမည့်သူရှိပုံမပေါ်။ ဆိုင်ထဲသို့ ကျွန်မပြန်ဝင်ပြီး သူတို့ကို မေးလိုက်သည်။

"အပြင်က ကုန်သေတ္တာအလွတ်တွေ ကျွန်မကိုပေးလို့ရလား"

ထိုစကားပြောနေချိန်မှာ ကျွန်မမျက်နှာနီမြန်းနေသည်။ ဤတစ်သက်

ငှင်းပျဉ်ချပ်လေးဖြင့် မည်သူ့ဆီကမျှ ကျွန်မ မခယဖူးခဲ့။ ဆိုင်ရှင်သူဌေးက ဖော်ရွေစွာဖြင့် "ရတယ်... ရတယ်... ဘယ်လောက်လိုလို ယူသွားလို့ရတယ်"

"ကျွန်မ ငါးလုံးလောက်ယူမယ်... များသွားမလား"

"နင်တို့အိမ်မှာ လူဘယ်နယောက်ရှိလဲ" အမေးနှင့်အဖြေ ဘာမျှ မဆိုင်ပေမည့် သူ့အမေးကို ကျွန်မပြန်ဖြေလိုက်သည်။ သူဌေးထံမှ ခွင့်ပြုချက်ရသည်နှင့် ဆာဟာရဝီတို့ဝိုင်းစုနေသည့်နေရာမှ လားလှည်းနှစ်စီး ကျွန်မခေါ်လိုက်ပြီး သေတ္တာ ငါးလုံးကို တင်လိုက်သည်။ တစ်ပြိုက်နက်တည်းမှာပင် လိုအပ်မည့်ကိရိယာတန်ဆာပလာများကို သတိရလိုက်သည်။ သို့နှင့် လွှ၊ တူ၊ ပေကြိုး၊ သံအကြီး၊ အသေး နှစ်ပိဿာလောက်၊ စက်သီး၊ ဂုန်နီကြိုး၊ သဲနှင့် စက္ကူများပါ ဝယ်လိုက်သည်။

တစ်လမ်းလုံး လားလှည်းနောက်လိုက်ပြီး ကျွန်မလေချွန်နေမိသည်။ ကျွန်မပြောင်းလဲသွားပါပြီ။ သုံးလတာသဲကန္တာရနေဘဝက ကျွန်မကို ဟိုဆေးလို ပြောင်းလဲသွားစေခဲ့ပြီ။ ကျွန်မရှိခဲ့ဖူးသည့် ယခင်ပုံစံက မသိမသာပျောက်ကွယ်နေခဲ့ပြီ။ သစ်သားသေတ္တာအလွတ် လေး၊ ငါးလုံးလေးနှင့်တင် ကျွန်မပျော်ရွှင်လာတတ်ခဲ့ပါပြီ။ အိမ်ရောက်တော့ သေတ္တာက အိမ်ထဲသွင်း၍မရ။ အပြင်တွင် ထားခဲ့ဖို့ကလည်း အိမ်နီးချင်းများ ယူမည်စိုးသောကြောင့် ကျွန်မစိတ်မချ။ ထိုနေ့က တစ်နေ့လုံး ငါးမိနစ်တစ်ခါရောက်တိုင်း သေတ္တာကို ကျွန်မထွက်ထွက်ကြည့်မိသည်။ ညနေဆည်းဆာရောက်မှ မိုးကုပ်စက်ဝိုင်းအောက်တွင် ဟိုဆေး၏အရိပ်အယောင်က ပေါ်လာသည်။ ခေါင်မိုးပေါ်ကျွန်မအပြေးတက်ပြီး ဟိုဆေးအား ကျွန်မတို့ မူပိုင် လက်ဟန်ကို ပြသည်။ သူ နားလည်သွားသဖြင့် အမြန်ပြေးပြန်လာတော့သည်။ အိမ်ပေါက်ဝ

ရောက်သည်နှင့် ပြတင်းပေါက်အထိ ထောင်ကာထားသည့် သေတ္တာများ ကိုတွေ့တော့ သူ့မျက်လုံးပြူးသွားသည်။ သေတ္တာကို ဟိုလှည့်၊ ဒီလှည့် သူ အမြန်ကြည့်လိုက်သည်။

"ဘယ်က ရလာတဲ့ သစ်သားကောင်းတွေလဲ" ခေါင်မိုးပေါ်က တံတိုင်းနိမ့်လေးပေါ် ကျွန်မ ခွထိုင်ရင်း "ကျွန်မတောင်းလာတာ... အခု မိုးမချုပ်သေးတော့ ကျွန်မတို့စက်သီးလေးလုပ်ပြီး အပေါ်ကိုတင်လိုက် ရအောင်"

ထိုနေ့ညက ကျွန်မတို့ ကြက်ဥပြုတ် လေးလုံး စားလိုက်ကြပြီး အရိုးကွဲမတတ် အအေးဒဏ်ကို အန်တုကာ သေတ္တာများကို ခေါင်မိုးပေါ် တင်ကြ၏။ ပတ်ချည်ထားသော သံကြိုးကိုဖြတ်ပြီး သေတ္တာကိုဖြုတ်သည်။ ဟိုဆေး၏လက်က သံချောင်းစူးပြီး သွေးများထွက်လာသည်။ ကျွန်မလည်း သေတ္တာကိုပွေ့ပြီး ခြေထောက်ကိုနံရံပေါ်ထောက်ကန်ပြီး တစ်ချပ်ချင်း ဆွဲကူ ဖြုတ်ခဲ့သည်။

"ငါတွေးနေတာ... ငါတို့ ဘာဖြစ်လို့ အိမ်ထောင်ပရိဘောဂလို သလဲ။ ဘာဖြစ်လို့ ဆာဟာရစီတွေလို တစ်သက်လုံး ဖျာပေါ်မှာပဲထိုင်တာမျိုး မလုပ်နိုင်ရတာလဲ"

"ကျွန်မတို့က သူတို့လို မဟုတ်လို့ပေါ့"

"ငါ ဘာဖြစ်လို့ လက်မခံရတာလဲ... နင့်ကို ငါမေးမယ်"

ပျဉ်ချပ် သုံးချပ်ကို ကျွန်မပွေ့ရင်း ထိုအမေးကို တွေးနေမိသည်။

"သူတို့ဘာဖြစ်လို့ ဝက်သားမစားလဲ"

ဟိုဆေးက ရယ်တော့သည်။

"အဲဒါက ဘာသာရေးနဲ့ဆိုင်တယ်။ နေထိုင်မှုသဘောထားနဲ့ မဆိုင်ဘူး"

"ရှင်ဘာဖြစ်လို့ ကုလားအုတ်သား မကြိုက်တာလဲ။ ခရစ်ယာန်တွေ ကုလားအုတ်သား စားလို့မရဘူးလား"

"ငါ့ရဲ့ဘာသာတရားမှာ ကုလားအုတ်က ကုလားအုတ်ပဲ။ တခြားအသုံးပြုဖို့အတွက် မဟုတ်ဘူး"

"ဒါကြောင့် ကျွန်မတို့မှာ ပရိဘောဂရှိမှ ဝမ်းနည်းကြေကွဲစွာ မရှင်သန်ရမှာ" အဲဒါက ဆိုးဝါးလှသည့်ဖြေရှင်းချက်ဖြစ်သည်။ သို့သော် ကျွန်မကတော့ ပရိဘောဂလိုကိုလို၏။ ဒီအတွက် ကျွန်မအားနာမိသည်။

ဒုတိယနေ့တွင် ဟိုဆေး အိမ်ပြန်မလာနိုင်။ တစ်လောက သူ့ လခအသုံးပြုတ်သွားပြီမို့ သူကြိုးစားပြီးအချိန်ပို ပိုဆင်းဖြစ်ခဲ့သည်။ တတိယနေ့မှာလည်း ဟိုဆေး အိမ်ပြန်မလာနိုင်ကြောင်း ကျွန်မဆီ သူ့လုပ်ဖော်ကိုင်ဘက်က စကားပါးလာခဲ့သည်။ ခေါင်မိုးပေါ်တွင် လူနှစ်ရပ်စာ သစ်သားများပုံနေခဲ့ပြီ။ မနက်ပိုင်း ကျွန်မမြို့ထဲခဏသွားပြီးပြန်လာတော့ သစ်သားပုံက လူတစ်ရပ်စာသာကျန်သည်။ အိမ်နီးချင်းများ ဆိတ်ခြံခတ်ဖို့ ယူသွားကြခြင်းဖြစ်သည်။ ခေါင်မိုးပေါ် တစ်နေကုန်ထိုင်ပြီး ကျွန်မစောင့်မကြည့်နိုင်တော့ အမှိုက်ပုံတွင် သံဘူးခွံများကောက်ပြီး အပေါက်ဖောက်ကာ သစ်သားပုံဘေးပတ်လည် ချိတ်ထားလိုက်၏။ တစ်ယောက်ယောက် လာခိုးသည့်အခါ အသံမြည်ပြီး ကျွန်မတက်ဖမ်းနိုင်အောင်ဖြစ်သည်။ သို့သော် လေက ကျွန်မကို ၁၀ ကြိမ်လောက် ကျီစယ်သွားခဲ့၏။ လေတိုက်သည့်အခါ ဘူးခွံတွေလည်း အသံမြည်ပါသည်။

****

တစ်နေ့ညနေမှာ ရေကြောင်းဖြင့် ရောက်ရှိလာသော စာအုပ်သေတ္တာကို ကျွန်မနေရာချနေသည်။ မထင်မှတ်ဘဲ ကျွန်မဓာတ်ပုံဟောင်းတချို့ကို တွေ့လိုက်မိသည်။ ဓာတ်ပုံတစ်ပုံက ညနေခင်းဂါဝန်ရှည်ကို ကျွန်မဝတ်ဆင်ထားပြီး အပေါ်တွင် အမွေးပွအကျီကို တင်ထားသည်။ ဆံပင်ကိုအပေါ်ဖြီးတင်ထားပြီး နားကပ်ရှည်ကို ပန်ဆင်ထားသည်။ ပဲရစ်ပြဇာတ်ရုံတွင် "Rigoletto" ကိုကြည့်ပြီး ထွက်လာချိန်ဖြစ်သည်။ နောက်တစ်ပုံက Mardid ဆောင်းညတစ်ညတွင် ရိုက်ထားသည့်ပုံဖြစ်သည်။ မိန်းမပျိုအဖော်တစ်အုပ်နှင့် မြို့ဟောင်းက ဘားဆိုင်တွင် ဝိုင်သောက်ပြီး ဆိုကြ၊ ကကြသည့်ပုံဖြစ်သည်။ ဓာတ်ပုံထဲတွင် ကျွန်မအလွန်လှပြီး ဆံရှည်က ပခုံးပေါ်ဝဲနေ၏။ မျက်နှာကလည်း ပြုံးရွှင်၍နေသည်။

တစ်ပုံပြီးတစ်ပုံကြည့်နေရင်းက ဓာတ်ပုံတွေကိုပစ်ချကာ ကြမ်းပြင်ပေါ် ကျွန်မလှဲချလိုက်သည်။ စိတ်ထဲတွင်လည်း သေဆုံးသွားသည့်ခန္ဓာကိုယ်ကို ဝိညာဉ်က ဟိုးအဝေးဆီ ပြန်ခေါ်သွားပြီး ဆွေမျိုးသားချင်းများကို ပြန်လိုက်ကြည့်ရသလိုမျိုး ဝမ်းနည်းကြေကွဲနေမိသည်။ ကျွန်မလှည့်ပြန်၍မဖြစ်... ခေါင်မိုးပေါ်က သံဘူးခွံများ ကျွန်မကိုအသံပေးနေပြန်ပြီ။ ထိုသစ်သားပျဉ်ချပ်များကို ကျွန်မစောင့်ကြည့်ရမည်။ ထိုအချိန်၌ သစ်သားပျဉ်ချပ်များလောက် အရေးပါသည့်အရာ ကျွန်မတွင် မရှိတော့။

****

ဘဝဖြတ်သန်းရာတစ်လျှောက်တွင် နေပဲပူပူ၊ နှင်းပဲကျကျ၊ မုန်တိုင်းတိုက်ပါစေ ကျွန်မခြည်းစမ်းရမည်။ အဲဒါမှ

လူ့ဘဝထဲ အလဟသသရောက်မလာမှာဖြစ်သည်။ (တကယ်တော့ မုန့်ညင်းတိုဟူးပင် မစားရ) သို့သော် ကိစ္စမရှိ။ ဒီလောကတွင် ဒီလိုရှုခင်း၊ ဒီလိုမြင်ကွင်းကို ခံစားရနိုင်သည်ကလည်း ကံကောင်းခြင်းတစ်မျိုးဖြစ်၏။ သောကြာနေ့က ကျွန်မအမျှော်လင့်ဆုံးနေ့ဖြစ်သည်။ ဟိုဆေးအိမ်ပြန်လာပြီး တနင်္ဂနွေနေ့ညမှ အလုပ်ပြန်သည့်အတွက်ကြောင့်ဖြစ်သည်။

ဟိုဆေးက ရိုမန့်တစ်ဆန့်သူတစ်ယောက်မဟုတ်။ ကျွန်မကလည်း သဲကန္တာရတွင် ရိုမန့်တစ်ဆန့်မနေနိုင်တော့။ ကျွန်မတို့စဉ်းစားမိသည်တစ်ခုက နေထိုင်ရာပတ်ဝန်းကျင်ကို ဘယ်လိုပြောင်းလဲရမလဲ၊ ဥစ္စာပစ္စည်းတပ်မက်မှုကို ဘယ်လိုကျော်လွှားရမလဲဆိုသည်ပင် ဖြစ်သည်။ ယခင်က ကျွန်မ တုံးလွန်းသည်။ ထမင်းဟင်းကို ရှိသည့်အိုးတစ်လုံးဖြင့် နှစ်ခါ၊ သုံးခါ လဲလှယ်ချက်ခဲ့သည်။ ယခုတော့ အထာသိသွားခဲ့ပြီ။ ဆန်၊ အသားနှင့်ဟင်းရွက်တို့ကို တစ်အိုးတည်း အတူထည့်ပြီး ရောချက်၏။ အဲဒါက ပိုလွယ်ကူလှသည်။

သောကြာနေ့ညက ဖယောင်းတိုင်မီးမှိန်မှိန်အောက်တွင် ဟိုဆေးက အိမ်ထောင်ပရိဘောဂပုံကြမ်းများ ဆွဲပြီး ကျွန်မအား ရွေးခိုင်းသည်။ အရိုးရှင်းဆုံးပုံကို ကျွန်မရွေးလိုက်သည်။ စနေနေ့မနက်တွင် အကျီုထူထူဝတ်ပြီး ကျွန်မတို့ အလုပ်စတော့သည်။

"လိုချင်တဲ့အရွယ်အစားတွေ တိုင်းပြီးဖြတ်ပြီးရင် နင်က ပျဉ်ပေါ်တက်ထိုင် ငါ သံရိုက်မယ်"

ဟိုဆေးရော ကျွန်မပါ မနားမနေလုပ်ခဲ့သည်။ လွှဖြင့်ဖြတ်ထားသော ပျဉ်ပြားများပေါ် ကျွန်မ နံပါတ်စဉ်လိုက်တပ်သည်။

အချိန်များတစ်နာရီပြီးတစ်နာရီ ကုန်လွန်သွားခဲ့ပြီ။ နေမွန်းတည့်ချိန်

ရောက်လာခဲ့သည်။ တဘက်စိုတစ်ခုကို ဟိုဆေး၏ခေါင်းပေါ် ကျွန်မ တင်ပေးလိုက်သည်။ ခြေဖလာပေါ်တွင် ဆီများကို လိမ်းပေးလိုက်သည်။ ဟိုဆေး၏လက်က အရည်ကြည်ဖုပင်ပေါက်နေခဲ့ပြီ။ ကျွန်မက ပျဉ်ကို ဖိပေးသည်ကလွဲပြီး ဘာမျှမကူလုပ်ပေးတတ်။ မကြာခဏ ရေခဲရေကမ်းလိုက်၊ လာဝိုင်းအုံကြည့်နေသော ဆိတ်အုပ်နှင့် ကလေးအုပ်များကို နှင်ထုတ်လိုက်သာ လုပ်နေခဲ့သည်။

နေမင်းက အရည်ပျော်နေသည့်သံရည်လို ထိုးဆင်းကျလာသည်။ ပူလွန်း၍ ကမ္ဘာကြီးတစ်ခုလုံး လည်နေသည်ဟု ကျွန်မထင်၏။ ဟိုဆေးက စကားတစ်ခွန်းမျှမပြော။ ဂရိဒဏ္ဍာရီထဲက နတ်ဘုရားလို သူ၏ကြီးမားသောကျောက်တုံးကို တွန်းနေခဲ့သည်။ ဤလို ခင်ပွန်းတစ်ယောက်ကို ကျွန်မ ဂုဏ်ယူမိသည်။

အရင်တုန်းက သူ သပ်သပ်ရပ်ရပ်ရေးသားထားသည့်စာနှင့် ရည်းစားစာသာ ကျွန်မမြင်ဖူးခဲ့သည်။ ဒီကနေ့ကျမှ သူ၏သစ်လွင်သော အခြားတစ်ဖက်ကို ကျွန်မမြင်မိသည်။

ထမင်းစားပြီးနောက် ဟိုဆေးက ကြမ်းပြင်ပေါ်တွင် လှဲနေသည်။ မီးဖိုခန်းမှ ကျွန်မထွက်လာတော့ သူက အိပ်ပျော်နေခဲ့ပြီ။ သူ့ကို မနှိုးရက်သောကြောင့် ကျွန်မတစ်ယောက်တည်း အိမ်ခေါင်မိုးပေါ်တက်ပြီး စားပွဲ၊ စာအုပ်စင်၊ အဝတ်စင်နှင့် မီးဖိုချောင်စင်များအတွက် ပိုင်းဖြတ်ထားသော ပျဉ်ချပ်များကို အမျိုးအစားခွဲပြီး တစ်ပုံချင်းပုံထားလိုက်သည်။ ဟိုဆေး နိုးလာချိန်တွင် ညနေဆည်းဆာပင်ရောက်နေခဲ့ပြီ။ သူက သူ့ကိုမနှိုးရကောင်းလားဆိုပြီး ကျွန်မကို စိတ်တိုအပြစ်ဆို၏။ ကျွန်မ ဘာမျှမပြောဘဲ

ခေါင်းငုံ့၍သာနေသည်။ နှုတ်ဆိတ်ခြင်းက အမျိုးသမီးများ၏ အကြီးမားဆုံး သူတော်ကောင်းတရားပဲလေ။ သူ အားမရှိမည်စိုး၍၊ သူ့ကို အနားယူစေချင်၍ စသည်တို့ကို ရှင်းပြနေစရာမလို။ ဟိုဆေး၏ဦးနှောက်က အဆင့်မြင့် ဘီလပ်မြေလို မာတာတာဖြစ်သည်။ ည ၁၁ နာရီထိုးချိန်တွင် ကျွန်မတို့ စားပွဲ တစ်လုံးပြီးသွားလေပြီ။ တနင်္ဂနွေနေ့က အနားယူသင့်သည့်နေ့ဖြစ်သည်။ သို့သော် အလုပ်မလုပ်ရလျှင် ဟိုဆေးဂဏှာမငြိမ်။ ထို့ကြောင့် အနားမယူဘဲ ခေါင်မိုးပေါ်တွင် တဒုန်းဒုန်းထုနေတော့သည်။

"ရှင့်ကို ထမင်းပို့ထည့်ပေးမယ်။ ညကျရင် ထပ်စားစရာမလို အောင်။ အဝတ်စင်က နံရံထဲမြှုပ်မှာဆိုတော့ လက်ဝင်တယ်။ အချိန်တော် တော်ယူရမယ်"

ထမင်းစားချိန်တွင် ဟိုဆေးက တစ်ခုခုကို အမှတ်ရသွားသလို ရုတ်တရက်ခေါင်းထောင်ပြီး ကျွန်မအား ရယ်ပြသည်။

"ဒီသေတ္တာတွေက ဘာတွေထည့်လာတဲ့ သေတ္တာလဲဆိုတာ နင်သိလား။ ဟိုနေ့ကမှ ငါတို့ထရပ်ကားဆရာ ငါ့ကိုပြောပြတယ်"

"ဒီလောက်ကြီးတဲ့သေတ္တာ... ရေခဲသေတ္တာထည့်လာတယ် ထင် တာပဲ"

ဟိုဆေး မနားတမ်းရယ်တော့သည်။

"နင့်ကို ပြောပြမယ်နော်..."

"စက်ပစ္စည်းထည့်လာတာလား..."

"အခေါင်းထည့်လာတာ... အိမ်ဆောက်ပစ္စည်းရောင်းတဲ့ဆိုင်က စပိန်ကနေ အခေါင်း ၁၅ ခေါင်းဝယ်ခဲ့တယ်"

အဲဒီခါကျမှ ကျွန်မ ချက်ချင်း သတိရသွားသည်။ ထို့ကြောင့် ဆိုင်ရှင်က ဖော်ဖော်ရွေရွေဖြင့် ကျွန်မတို့အိမ်မှာ လူဘယ်နယောက်ရှိလဲဟု မေးခြင်းဖြစ်သည်။

"ငါတို့ အသက်ရှင်နေတဲ့လူနှစ်ယောက် သင်္ချိုင်းမြေမှာနေပြီး အခေါင်းထည့်လာတဲ့သေတ္တာနဲ့ ပရိဘောဂလုပ်တယ်"

"ရှင် ဘယ်လိုထင်လဲ"

"အတူတူပဲလို့ထင်တယ်" ဟိုဆေးက ပါးစပ်သုတ်ရင်း ထရပ်လိုက်ပြီး ခေါင်းမိုးပေါ်တက်ကာ အလုပ်ဆက်လုပ်လေတော့သည်။ မထင်မှတ်ဘဲ သိလိုက်ရသောအကြောင်းကြောင့် ကျွန်မ ပိုဝမ်းသာနေမိသည်။ ထူးခြားချက်ကြောင့် စားပွဲခုံအသစ်ကို ကျွန်မ ပိုသဘောကျမိသည်။

သိပ်မကြာချေ။ တရားရုံးက ကျွန်မတို့လက်ထပ်နိုင်ပြီဖြစ်ကြောင်း အကြောင်းပြန်၏။ ကျွန်မတို့ လက်ထပ်ပြီးနောက် ဟိုဆေး အလုပ်လုပ်သော ကုမ္ပဏီရုံးချုပ်တွင် ဟိုဆေးအတွက် ဖယ်ရီစီးခွင့်ကတ်၊ လက်ထပ် ထောက်ပံ့ကြေး၊ အိမ်ငှားထောက်ပံ့ကြေး၊ အခွန်လျှော့ဖို့၊ ကျွန်မအတွက် ကျန်းမာရေး အာမခံကတ်များကို အမြန်သွားရောက်လျှောက်ခဲ့သည်။

****

ကျွန်မတို့ တရားဝင်လက်ထပ်ပြီးချိန်တွင် ထိုအိမ်၌ စာအုပ်စင် တစ်ခု၊ စားပွဲခုံတစ်ခု၊ အိပ်ခန်းထဲတွင် အဝတ်ချိတ်ရသော အဝတ်စင်တစ်ခု၊ မီးဖိုချောင်ထဲတွင် ဆီ၊ ဆား၊ သကြားထည့်၍ရသည့် စင်တစ်ခုရှိနေပြီဖြစ် သည်။ ထို့ပြင် သဲကန္တာရ ရောင်စုံပိတ်ကြမ်းဖြင့်လုပ်ထားသော ပြတင်း

ပေါက်ခန်းဆီးတစ်ခုလည်း ရှိနေပြီဖြစ်သည်။ ညည့်သည်လာလျှင်တော့ ကြမ်းခင်းပေါ်က ဖျာမှာပင် ထိုင်ရသေးသည်။ စပရိန်ခုတင်ကိုလည်း ကျွန်မတို့ မဝယ်ဖြစ်သေး၊ နံရံကလည်း အခေါင်းပွအုတ်ဖြင့်သာ ရှိနေသေးသည်။ မည်သည့်ဆေးမျှလည်း မသုတ်ရသေး။

လက်ထပ်ပြီးနောက် ကုမ္ပဏီက အိမ်ထောင်ပရိဘောဂဝယ်ဖို့ အတွက် ငွေ ၂၀၀၀၀ ထောက်ပံ့၏။ လခလည်း ၇၀၀၀ ကျော် တိုးသွားသည်။ အခွန်လည်း လျော့သွားသလို အိမ်ငှားခထောက်ပံ့ကြေးကို တစ်လ ၆၅၀၀ ပေးသည်။ ကျွန်မတို့ကိုလည်း မင်္ဂလာခွင့် လဝက်ပေးသေးသည်။ လက်ထပ်စာချုပ်တွင် ကျွန်မတို့ လက်မှတ်ထိုးပြီးနောက် ငွေရေးကြေးရေး တော်တော်တန်တန်ပြောင်းလဲခဲ့သည်။ ကျွန်မလည်း ထုံးထမ်းစဉ်လာအတိုင်း လိုက်နာတော့သည်။ မင်္ဂလာဆောင်သည်ကလည်း တစ်မျိုးကောင်း၏။

ဟိုဆေး၏အလုပ်ကို သူ၏မိတ်ဆွေတစ်ယောက်က ကိုယ်စားလုပ်ပေးနိုင်သောကြောင့် ကျွန်မတို့တွင် တစ်လတာ ကိုယ်ပိုင်အားလပ်ရက် ရရှိခဲ့လေသည်။

"ပထမဆုံးလုပ်ရမှာက နင့်ကို ငါတို့အလုပ်ရုံခေါ်ပြဖို့ပဲ"

ကုမ္ပဏီ၏ ဂျစ်ကားပေါ်တွင် လိုက်ပါပြီး မိုင်းခွဲသည်ကအစ ထုပ်ပိုးသည်အထိ ကီလိုမီတာ ၅၀ ကျော် မောင်းနှင်ကာ ကုန်တင်သင်္ဘောပေါ် ရောက်သည့်တိုင် ကျွန်မတို့ လိုက်ကြည့်ခဲ့သည်။ ထိုနေရာက ဟိုဆေး အလုပ်လုပ်သည့်နေရာဖြစ်သည်။

"အိုး... ဒါက ဂျိမ်းစ်ဘွန်းရုပ်ရှင်ပဲ။ ရှင်က ၀၀၇ ပေါ့။ ကျွန်မက ရုပ်ရှင်ထဲက ဟိုအာရှလူဆိုးမလေ"

"ခမ်းနားတယ် မဟုတ်လား" ဟိုဆေးက ကားပေါ်မှနေပြီးပြော သည်။

"ဒီစီမံကိန်းကြီးကို ဘယ်သူဆောက်ထားတာလဲ"

"ဂျာမနီ Kurpp ကုမ္ပဏီက" ဟိုဆေးအသံပြတ်လာပါသည်။

"ဒီလောက်ကြီးကျယ်တဲ့အရာကို စပိန်တွေ မလုပ်နိုင်သေးပါဘူး"

"ဆမ်မောက်... နင့်ပါးစပ်ပိတ်ထားရင် ကောင်းမယ်"

****

မင်္ဂလာဟန်းနီးမွန်းအတွက် ကျွန်မတို့ လမ်းပြတစ်ယောက်ကို ခေါ်ပြီး ဂျစ်ကားတစ်စီးငှားလိုက်သည်။ အနောက်အရပ်မှ Marrakesh ကို ဖြတ်ကာ အယ်လ်ကျီးရီးယားသို့ဝင်ရောက်သည်။ ထိုမှ စပိန်ပိုင်နက် ဆာဟာရ သို့ လှည့်ခဲ့သည်။ Smara မှတစ်ဆင့် Mauritania ကို ကန့်လန့်ဖြတ်ကာ နိုင်ငံနယ်စပ်အထိ ကျွန်မတို့လှမ်းခဲ့သည်။ ထို့နောက် အခြားလမ်းတစ်လမ်း ဖြင့် အထက်အရပ်သို့တက်ကာ စပိန်ပိုင်နက်သဲကန္တာရ အောက်ဘက်အရပ်ရှိ ViaSinalo အထိသွားခဲ့သည်။ ထိုမှတစ်ဆင့် Laayoune သို့ပြန်ခဲ့သည်။

ဒီတစ်ခေါက် ဆာဟာရနေရာအနှံ့ရောက်ခဲ့မှ သူ၏ သံယောဇဉ် ကွန်ရက်ထဲသို့ ကျွန်မတို့နှစ်ယောက်စလုံး နက်နက်ကျရောက်ခဲ့ကာ ပန်းပွင့် မရှိသည့် ထိုလွင်တီးခေါင်ခေါင်ဒေသကို ကျွန်မတို့ ပိုမခွဲနိုင်၊ မခွာရက် ဖြစ်ခဲ့ ကြသည်။ အေးချမ်းသောနေအိမ်သို့ပြန်ရောက်ချိန်တွင် ဟိုဆေးတွင် ခွင့်တစ်ပတ်သာ ကျန်တော့သည်။ ထိုအိမ်ငယ်လေးကို ကျွန်မတို့အမြန် ခင်းကျင်းစီမံရတော့သည်။ တစ်ညလုံး ဟိုဆေးတွက်ချက်ပြီးနောက် နောက်

တစ်နေ့တွင် မြို့ပေါ်တက်ကာ ထုံး၊ ဘိလပ်မြေများ ဝယ်လာခဲ့သည်။ လှေကားနှင့် ကိရိယာတန်ဆာပလာများငှားပြီး ကိုယ်တိုင်လှုပ်ရှားတော့သည်။

ကျွန်မတို့ နေ့နေ့ညညမနားတမ်း အလုပ်လုပ်ကြသည်။ ပေါင်မုန့်၊ နွားနို့နှင့် ဗီတာမင်မျိုးစုံစားပြီး ခွန်အားကို ထိန်းကြသည်။ သို့သော် ပင်ပန်းခက်ခဲသောခရီးဝေးက ပြန်လာခဲ့ပြီး အနားယူချိန်မလုံလောက်သောကြောင့် ကျွန်မတို့ ရုတ်တရက်ပိန်ကျသွားပြီး မျက်လုံးဝေါထွက်လာခဲ့သည်။ ခြေလှမ်းများလည်း မမြဲတော့။

"ဟိုဆေး... ကျွန်မက နောက်ပိုင်းအနားဆက်ယူလို့ရတယ်။ ရှင်က နောက်တစ်ပတ် အလုပ်စဆင်းရတော့မယ်။ တစ်ရက်၊ နှစ်ရက်လောက် နားပြီးမှ လုပ်ပါလား"

ဟိုဆေးက လှေကားထက်မှနေပြီး ကျွန်မကို လှည့်ပင်မကြည့်ခဲ့။

"ကျွန်မတို့ဘာလို့ ဒီလောက်ချွေတာနေစရာလိုလဲ... ကျွန်မ... ကျွန်မ... ဘဏ်ထဲမှာ ပိုက်ဆံရှိသေးတာပဲ"

"ဒီက ပန်းရန်သမားတွေက နာရီစားဆိုတာ နင်မသိဘူးလား။ ငါလုပ်တာလည်း သူတို့နီးနီးကောင်းတာပဲ"

"ရှင်ကလေ... ဘာလဲ ပိုက်ဆံကို အိုတဲ့အထိ စုထားပြီး ရှင့်ကလေးတွေကို လျှောက်ပေးသုံးမလို့လား"

"တကယ်လို့ ငါတို့ကလေးရှိလာခဲ့ရင် ၁၂ နှစ်ရောက်တာနဲ့ သူ့အပြင်ထွက်အလုပ်လုပ်ပြီး ကျောင်းတက်ရတယ်။ သူ့ကို ပိုက်ဆံမပေးပါဘူး"

"ဒါဆို ဘယ်သူသုံးဖို့လဲ" လှေကားအောက်မှနေပြီး ကျွန်မညင်ညင်သာသာမေးသည်။

"မိဘတွေအတွက် အိုစာမင်းစာပေါ့။ သဲကန္တာရကနေ ငါတို့ခွဲပြီး နေရာအတည်တကျရှိတဲ့အခါ နင့်မိဘတွေကိုလည်း ခေါ်လာရမယ်" ဟိုး အဝေးက မိဘနှစ်ပါးကို သူ အစဖော်တော့ ကျွန်မမျက်ရည်ဝဲမိသည်။

"ဖေဖေနဲ့မေမေက ကျွန်မတို့ကို ခွင့်လွှတ်နားလည်ပေးပေမယ့် ရင်ထဲမှာတော့ မာနရှိတယ်။ အထူးသဖြင့် ဖေဖေက နိုင်ငံရပ်ခြားမှာ နေမှာ မဟုတ်ဘူး"

"သူ နေနေ မနေနေလေ… နင်ပြန်တဲ့အခါ အပါခေါ်ခဲ့… သူတို့ ထိုင်ဝမ်ပြန်ပြေးချင်တယ်ဆိုရင်တောင် နှစ်တော်တော်စောင့်ရမှာ" ကာယ ရော ဉာဏပါ ပြည့်စုံသော ထိုသားမက်၏ စိတ်ကူးအိပ်မက်အတွက် ထုံး၊ ဘိလပ်မြေများ ကျွန်မကြိုးစားထပ်ဖျော်လိုက်သည်။ လေ့ကားပေါ်ကနေ ထုံးစက်များ ကျွန်မနဖူးပေါ်နှင့် နှာခေါင်းပေါ်သို့ တဖျပ်ဖျပ်ကျလာသည်။

"ဟိုဆေး… ရှင် တရုတ်စကားမြန်မြန်သင်တော့"

"မသင်ဘူး… ဒါကိုတော့ ကိုယ်ငြင်းတယ်"

ဟိုဆေးက ဘာမဆိုရသော်လည်း ဘာသာစကားမှာ ပါရမီမရှိ ရှာပါ။ ပြင်သစ်စာကို သူ ၁၀ နှစ်လောက် သင်ရလိုက်သည်။ ကျွန်မလောက် တောင် သူမပြောတတ်။ တရုတ်စာတော့ ပိုဝေးလွန်းသည်။ ဒီအတွက် သူ့ကို ကျွန်မအတင်းအကျပ်မလုပ်ပါ။ နောက်ဆုံးနေ့မှာ အိမ်ကလေးက အိမ်တွင်း အိမ်ပြင် ဖြူဖွေးနေပြီး သဲချိုင်းနယ်မြေတွင် ထင်းထင်းပေါ်နေခဲ့ပြီ။ အစိုးရထံ တွင် အိမ်နံပါတ်ပင် သွားလျှောက်စရာမလိုတော့။

****

ဇူလိုင်လမှာ လခတစ်လစာ ကျွန်မတို့ပိုထုတ်လိုက်သည်။ (ကျွန်မတို့က တစ်နှစ်မှာ ၁၁ လသာ အလုပ်လုပ်ပြီး ၁၄ လစာ လခရရှိသည်။) မင်္ဂလာဆောင်ထောက်ပံ့ကြေး၊ အိမ်ငှားထောက်ပံ့ကြေးများလည်း ရရှိခဲ့သည်။ ဟိုဆေးအလုပ်ဆင်းတော့ ဖြတ်လမ်းကနေ အိမ်အပြေးပြန်လာသည်။ အိမ်ထဲရောက်သည်နှင့် အိတ်ကပ်ထဲက ပိုက်ဆံများထုတ်ပြီး ကြမ်းပြင်ပေါ်ပစ်ချလိုက်သည်။ ပိုက်ဆံများက အစိမ်းရောင်အပုံကြီးအဖြစ် ပုံနေ၏။ ကျွန်မအတွက်တော့ ထူးခြားအံ့ဩလောက်စရာမရှိပေမည့် ပထမဆုံး တဲထိုးနေသည့် ဟိုဆေးအတွက်တော့ ဘဝတွင် ဤမျှလောက်များပြားသည့် ငွေကို ပထမဆုံးအကြိမ်ရလိုက်ခြင်းဖြစ်သည်။

"ကြည့်စမ်း... ကြည့်စမ်း... ငါတို့မွေ့ရာဝယ်လို့ရပြီ။ အမွေးပွစောင်တစ်ထည် ဝယ်လို့ရပြီ။ အိပ်ရာခင်း၊ ခေါင်းအုံးတွေလည်း ဝယ်လို့ရပြီ။ အပြင်လည်း ထမင်းထွက်စားလို့ရပြီ။ ရေလှောင်အိမ်တစ်လုံး ဝယ်လို့ရပြီ။ အိုးခွက်အသစ်၊ ရွက်ဖျင်အသစ်လည်း ဝယ်လို့ရပြီ"

လူနှစ်ယောက် ဒူးထောက်ပြီး ကြမ်းပြင်ပေါ်က ပိုက်ဆံများကို ရှိခိုးဦးကျိုးမတတ် လုပ်နေသည်။ ပိုက်ဆံများကို ရေတွက်ပြီးနောက် ကျွန်မက ရယ်ကျဲကျဲနှင့် ငွေ ၈၀၀၀ ကို သတ်သတ်ဖယ်ထားလိုက်သည်။

"ဘာလုပ်ဖို့လဲ..."

"ရှင့်ကို အဝတ်အစား ဝယ်ပေးမလို့လေ။ ရှင့်ဘောင်းဘီပွန်းလွန်းလို့ ပြောင်လက်နေပြီ။ ရှပ်အင်္ကျီကော်လာတောင် ပြဲနေပြီ။ ခြေအိတ်ကလည်း အပေါက်တွေနဲ့။ ဖိနပ်လည်း လူလိုသူလိုတစ်ရံလောက်ရှိသင့်ပြီ"

"ငါမလိုဘူး။ အိမ်အတွက်အရင်လုပ်ပြီးမှ ငါ့ကိုဆင်... သဲကန္တာရမှာ အဝတ်အစားတွေမလိုဘူး"

အောက်ခံပေါက်နေသည့် ဖိနပ်ကိုသာစီးပြီး သူ အလုပ်တက်ခဲ့သည်။

****

ခေါင်းပွအုတ်ဖြင့် အခန်း၏ညာဘက်တန်းကို ကျွန်မကာလိုက်ပြီး အပေါ်တွင် အခေါင်းပျဉ်ဖြင့်ခင်းလိုက်သည်။ ရေမြှုပ်ထူထူနှစ်ခုဝယ်ပြီး တစ်ခုကို ဒေါင်လိုက် နံရံဘက်ကပ်ကာ နောက်တစ်ခုကို ပျဉ်ပေါ်ထပ်လိုက်၏။ အပေါ်တွင်ပြတင်းခန်းဆီးနှင့် အရောင်တူ၊ ပန်းတူသည့် အဝတ်စကို ထပ်ခင်းလိုက်ပြီး ချည်ကျဲကျဲဖြင့် ချုပ်လိုက်သည်။ ဆိုဖာထိုင်ခုံစစ်စစ် တစ်လုံးဖြစ်သွားသည်။ အဖြူရောင်နံရံနှင့် အရောင်ရင့်ရင့်ဆိုဖာက မျက်စိထင်းလောက်အောင် လိုက်ဖက်လွန်းနေ၏။ စားပွဲခုံကို အဝတ်စဖြူဖြင့် ကျွန်မ ခင်းလိုက်ပြီး အပေါ်တွင် မိခင် ပေးပို့လာသည့် ဝါးကပ်ခင်းလေးတင်လိုက်သည်။ ကျွန်မကို ချစ်သောမိခင်က တရုတ်ဖြစ် မီးအုပ်ဆောင်းကိုပင် ပေးပို့ခဲ့သည်။

ကြွေဖြင့်လုပ်ထားသော ရေနွေးကြမ်းအိုးတစ်စုံလည်း ကျွန်မ ရခဲ့သည်။ မိတ်ဆွေသူငယ်ချင်းများက ပေးပို့လာသော စာအုပ်များ၊ ဖခင် ဝယ်ထည့်ပေးလိုက်သော ထူးထူးဆန်းဆန်းပိုစတာများကို ကျွန်မရခဲ့သေးသည်။ အစ်မက ကျွန်မအား အဝတ်အစားပုံ့ပိုး၏။ မောင်လေးတွေက ပိုစိတ်ဝင်စားဖို့ကောင်းသည်။ သူတို့က ဟိုဆေးအတွက် ကီမိုနိုပုံစံလို ရေချိုးအင်္ကျီတစ်စုံထည့်ပေးသည်။ ဟိုဆေးဝတ်တော့ ကျွန်မကြိုက်သည့်

ဂျပန်မင်းသားများထဲက တစ်ယောက်ဖြစ်သော Toshiro Mifune နှင့် တူနေသည်။

မိခင်၏မီးအုပ်ဆောင်းကို ခပ်နိမ့်နိမ့်ချိတ်ဆွဲထားပြီး မိတ်ဆွေပေးပို့လာသည့် တရုတ်မင်စာလုံးပိုစတာကို နံရံပေါ်ကပ်ထားလိုက်ချိန်တွင် ထိုအိမ်သည် ပြောမပြတတ်သည့် ခံစားချက်နှင့် ဝန်းကျင်တစ်ခုဖြစ်လာခဲ့သည်။ အိမ်က ဒီလိုမှ နေချင်စဖွယ်ဖြစ်လေတော့သည်။

****

ဟိုဆေးအလုပ်သွားချိန် အိမ်က စာအုပ်စင်ကို ကျွန်မ အညိုရင့်ရောင်သုတ်လိုက်သည်။ သုတ်ဆေးမဟုတ်သည့် တခြားအညိုရောင်အရာ တစ်မျိုးဖြစ်သည်။ ကျွန်မ မခေါ်တတ်။ စာအုပ်စင်က ပိုထည်ဝါသွား၏။ လူဆိုတာ မွေးဖွားလာပြီးနောက် ဘယ်နေရာ၊ ဘယ်အဆင့်အတန်းမှာ နေရမည်ဆိုတာ ပြောရခက်သည်ဟု ကျွန်မကိုယ်ကျွန်မ မကြာခဏ သုံးသပ်မိသည်။ ကျွန်မ၏အိမ်က ဆာဟာရဝီတို့အတွက် မည်သည့်အရာမျှ အသုံးဝင်သည် မရှိ။ သို့သော် ကျွန်မအတွက်တော့ ထိုအချုပ်အနှောင်က ကင်းလွတ်၍မရ။ ဘေးပတ်လည်ဝန်းကျင်အပြင်အဆင်ကို ယခင်ကလိုပင် ရှုပ်ယှက်ခတ်အောင် ကျွန်မ ပြင်ဆင်မိသည်။

တဖြည်းဖြည်း ကျွန်မသည် အရင်တုန်းကကျွန်မ ဖြစ်လာခဲ့သည်။ တစ်နည်းဆိုရလျှင် အရင်လို ကျွန်မလန်းဆန်းတက်ကြွလာခဲ့၏။ ဟိုဆေးအလုပ်သွားသည်နှင့် ကျွန်မက အိမ်မျက်နှာချင်းဆိုင်က အမှိုက်ပုံတွင် ပြန်လည်သုံးစွဲ၍ ရနိုင်သည့်အရာများ သွားကောက်လေ၏။ ကားတာယာ

အပေါင်းကို ကောက်ယူခဲ့ပြီး ကျွန်မ သေချာဆေးကြောသန့်စင်ကာ ကြမ်းခင်းဖျာပေါ်တင်လိုက်သည်။ အနီရောင်အဝတ်စတစ်ခုကို ကားတာယာ ပေါ်အုပ်လိုက်တော့ ငှက်သိုက်တစ်ခုနှင့် တူသွား၏။ မည်သူလာလာ ထို နေရာကို လုထိုင်ကြသည်။

အစိမ်းရင့်ရောင် ရေပုလင်းကြီးများကို ကျွန်မကောက်ယူခဲ့သည်။ ပုလင်းထဲတွင် ဆူးရိုင်းပင်တချို့ထိုးစိုက်ထားလိုက်၏။ ကြည့်ရတာ နာကျင် ပြင်းထန်သော ကဗျာတစ်ပုဒ်လို ခံစားရသည်။ ဘီလပ်ရည်ပုလင်း အမျိုးမျိုး ကို ကောက်ခဲ့ပြီး ထိုပုလင်းများပေါ်တွင် သုတ်ဆေးတစ်ပုလင်းဝယ်ကာ အင်ဒီးယားနားစတိုင်လ်ပုံများ၊ အရောင်များ ကျွန်မခြယ်သလိုက်သည်။

ကုလားအုတ်အရိုးခေါင်းက စာအုပ်စင်ပေါ်တွင် ရှိနှင့်နေခဲ့ပြီ ဖြစ်သည်။ သံပြား၊ ဖန်ပုလင်းဖြင့် မီးအိမ်တစ်လုံးလုပ်ပေးဖို့ ဟိုဆေးကို ကျွန်မပူဆာသည်။ ပုပ်လုဆဲဆဲ ဆိတ်သားရေကို ကောက်ပြန်ခဲ့ပြီး ဆာဟာရဝီ တွေလို ဆားဖြင့်ဆေးကာ Potassium alum ဖြင့် ပွတ်တိုက်လိုက်သော် လှပသည့်အခင်းတစ်ခုဖြစ်သွားသည်။

****

ခရစ္စမတ်ရောက်တော့ သဲကန္တာရကနေ ကျွန်မတို့ခဏခွာပြီး Madrid က ယောက္ခမအိမ်ကိုသွားခဲ့၏။ ပြန်လာသည့်အခါ ဟိုဆေးက သူ မူလတန်းမှ တက္ကသိုလ်အထိတက်ခဲ့သောစာအုပ်များကို ယူလာခဲ့သည်။ ထိုအခါ သဲကန္တာရက အိမ်ငယ်လေးက စာအုပ်နံ့ဖြင့် သင်းပျံ့နေတော့၏။ ကန္တာရကို ကျွန်မကြည့်သောအခါ သူသည် အလွန်ဆွဲဆောင်မှုရှိသည်။

ကန္တာရက ကျွန်မကိုပြန်ကြည့်သောအခါ ကျွန်မက ဘာမျှမဟုတ်။ သနားစရာ ယဉ်ကျေးမှုထွန်းကားခေတ်မီသူကြီးရေ... ဘာမျှမသုံးမဝင်တဲ့ ဒီအရာတွေ ထဲကနေ ရုန်းထွက်လို့မရခဲ့ပါလား...

"ဒီအိမ်မှာ သစ်ပင်ပန်းမာလိုနေတယ်။ အစိမ်းရောင်တွေ နည်းနေ တယ်" တစ်ညနေတွင် ဟိုဆေးအား ကျွန်မပြောဖြစ်သည်။

"လိုနေတဲ့အရာတွေက အများကြီးပဲ... ဘယ်တော့မှ ပြည့်စုံနိုင်မှာ မဟုတ်ဘူး"

"ဒါကြောင့် နေရာအနှံ့လိုက်ကောက်ရမယ်"

ထိုညက ဘုရင်ခံ၏ ခြံစည်းရိုးပုပေါ် ကျွန်မတို့ ကုပ်တက်ပြီး သူ့ပန်းပင်များကို လက်ဖြင့် တူးဆွခဲ့ကြသည်။

"မြန်မြန်... ပလတ်စတစ်အိတ်ထဲ မြန်မြန်ထည့်... မြန်မြန်... ဟိုနွယ်ပင်လည်း ယူဦးမယ်"

"အလို... ဒီအမြစ်စုတ်က ဘာလို့ ဒီလောက်နက်နေရတာလဲ"

"မြေကြီးလည်း ယူမယ်... မြန်မြန်ထည့်... မြန်မြန်"

"လောက်ပါပြီ... သုံးပင်တောင် ရနေပြီ" ဟု ဟိုဆေးက အသံတိုး တိုးဖြင့် ပြောသည်။

"ဒီတစ်ပင်ယူဦးမယ်။ ဒီတစ်ပင်ရရင် တော်ပြီ" ကျွန်မ ဆွဲနုတ် နေသေးသည်။

ရုတ်တရက် တံခါးစောင့်တစ်ယောက်က ကျွန်မတို့ဘက်ဆီ ဖြည်းဖြည်းချင်းလျှောက်လာသည်ကို ကျွန်မတွေ့လိုက်သည်။ ကျွန်မလန့်ပြီး အထုပ်ကို ဟိုဆေးရင်ဘတ်ထဲ ထိုးထည့်လိုက်ပြီး သူ့အား အမြန်ပြောသည်။

"ကျွန်မကိုဖက်လိုက်... တင်းတင်းဖက်လိုက်.. နမ်းလိုက်... မြန်မြန်... ဝံပုလွေလာပြီ" ဟိုဆေး ကျွန်မကို ဖျတ်ခနဲ ဆွဲပွေ့လိုက်သည်။ သနားစရာ ပန်းပင်က ကျွန်မတို့ကြားတွင် ညှပ်နေလေ၏။ တံခါးစောင့်က ခပ်သွက်သွက် လှမ်းလာသည်။ သေနတ်ကို ပခုံးထက်တွင် တင်ထားသည်။

"ဘာလုပ်နေတာလဲ... မင်းတို့ ခိုးကြောင်ခိုးဝှက်နဲ့ ဒီနေရာမှာ ဘာလုပ်နေတာလဲ"

"ကျွန်မ... ကျွန်မတို့..."

"မြန်မြန်ထွက်သွား... ဒီနေရာက မင်းတို့ချိန်းတွေ့ဖို့ နေရာ မဟုတ်ဘူး..."

တစ်ယောက်ကိုတစ်ယောက် ကျွန်မတို့ တင်းတင်းဖက်ရင်း စည်းရိုးပုဘက်သွားလိုက်သည်။ စည်းရိုးကျော်ချိန်တွင် ပန်းပင်ထုပ် ထွက် မကျလာပါစေနှင့်။

"ဟေ့... တံခါးပေါက်ဘက်ကနေသွား... မြန်မြန်..." တံခါးစောင့်က အော်ပြောသည်။

ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် မလွတ်စတမ်း တံခါး ပေါက်ဘက်သို့ အပြေးတစ်ပိုင်းသွားလိုက်သည်။ တံခါးစောင့်ကိုလည်း ၁၅ ဒီဂရီတစ်ချက်ဦးညွတ်လိုက်ကြသည်။ နောက်ပိုင်း၌ ထိုကိစ္စကို နယ်ခြား စောင့်တပ်အရာရှိတစ်ဦးအား ပြောပြရာ သူက အချိန်အကြာကြီးအော်ရယ် ခဲ့သည်။

****

ထိုအိမ်အတွက် ကျွန်မ တော်တော်နှင့် မတင်းတိမ်နိုင်ခဲ့။ ဂီတ မရှိသောနေရာက တောတောင်ရေမြေပိုစတာတစ်ခုကပ်ထားသော်လည်း ရေတံခွန်မဲ့နေသည်နှင့်တူ၏။ ကက်ဆက်တစ်လုံးဝယ်ဖို့ပိုက်ဆံချွေတာသည့် အနေဖြင့် နယ်ခြားစောင့်တပ်သက်သာဆိုင်အထိ လမ်းလျှောက်ပြီး ကျွန်မ ဈေးဝယ်သွား၏။ ပထမအကြိမ်သွားတုန်းက ကျွန်မ နေမထိထိုင်မသာ ဖြစ်ခဲ့သည်။ အခြားအမျိုးသမီးများလို တိုးဝှေ့လုယုက်တာမျိုး ကျွန်မ မလုပ်တတ်တော့ စည်းကမ်းတကျ တန်းစီမိ၏။ အချိန် လေးနာရီကြာမှ ဟင်းတစ်ခြင်း ရသည်။ ဈေးနှုန်းက အခြားကုန်စုံဆိုင်ထက် သုံးပုံတစ်ပုံဈေးချိုသည်။

နောက်တော့ ကျွန်မ မကြာခဏသွားဝယ်ခဲ့သည်။ ကျွန်မ စည်းကမ်းတကျရှိသည်ကို စစ်သားတချို့က သတိထားခဲ့မိပုံရပြီး ဘက်လိုက်တော့သည်။ ကျွန်မကောင်တာရှေ့ရောက်သည်နှင့် အထဲကို တိုးတောင်မဝင်ရသေး၊ သူတို့က ကြမ်းတမ်းဝဖြိုးသောအမျိုးသမီးတစ်သိုက်ကို ကျော်လွှန်ပြီး ကျွန်မကို "ဒီနေ့ဘာယူမလဲ" ဟု အသံမြှင့်ပြီး အော်မေးတတ်သည်။ စာရင်းစာရွက်ကို ကျွန်မပေးလိုက်ပြီး တစ်အောင့်အကြာတွင် နောက်ဖေးတံခါးပေါက်ကနေ သေချာထုပ်ပိုးထားသော ပစ္စည်းထုပ်ထွက်လာတတ်သည်။ ကျွန်မက ငွေချေပြီး တက္ကစီငှားလိုက်သည်။ တက္ကစီတောင်မရပ်သေး၊ ပစ္စည်းထုပ်ကို ထမ်းပြီး ကားထဲလာထည့်ပေးတတ်သော စစ်သားလည်းရှိခဲ့သည်။ အိမ်က ထွက်ပြီး နာရီဝက်ပင်မကြာ၊ ကျွန်မအိမ်ပြန်ရောက်လာတတ်သည်။ ထိုဒေသတွင် အခြေစိုက်နေသော စစ်တပ်များစွာရှိသည်။ ကျွန်မက နယ်ခြားစောင့်တပ်ကိုပဲ ချစ်သည်။ (သူတို့က ကျွန်မပြောခဲ့ဖူးသည့် သဲကန္တာရစောင့်တပ် ဖြစ်သည်။)

သူတို့က ယောက်ျားပီသသည်။ အပင်ပန်းခံနိုင်သည်။ လေးစား ထိုက်သော အမျိုးသမီးအချို့ကို တလေးတစားဆက်ဆံသည်။ သူတို့က စစ်တိုက်နိုင်သလို ရည်မွန်ခံ့ညားသည်။ တနင်္ဂနွေနေ့ညနေတိုင်း သူတို့ စစ်တပ်ဂီတအဖွဲ့က မြို့နယ်အစိုးရရုံးရှေ့တွင် ဖြေဖျော်တတ်သည်။ ရှေး ဟောင်းဂီတမျိုးစုံကို တီးမှုတ်ကြသည်။ ကာက်ဆက်၊ ကာက်ဆက်ခွေအတွက် စစ်တပ်ချောင်ချိရေးသက်သာဆိုင်တွင် ဈေးသွားဝယ်ရင်း ကျွန်မစုခဲ့သည်။ တီဗွီ၊ အဝတ်လျှော်စက်ကတော့ ကျွန်မကို မဆွဲဆောင်နိုင်ခဲ့။

ကျွန်မတို့ ပိုက်ဆံစုကြပြန်သည်။ နောက်စီမံကိန်းတစ်ခုက မြင်းဖြူတစ်ကောင်(ကားတစ်စီး)ဖြစ်၏။ ယနေ့ခေတ်တွင် မြင်းကို ခွဲတမ်း စနစ်ဖြင့်ဝယ်၍ရနိုင်သည်။ သို့သော် ဟိုဆေးက ခေတ်မီသူမလုပ်ချင်။ တစ် ကြိမ်တည်း ငွေချေသည်ကိုပဲ သူလိုလားသည်။ ထို့ကြောင့် ကျွန်မတို့ လမ်း လျှောက်မြဲ လျှောက်နေရသေးသည်။ လေးငါးလလောက် စောင့်ရဦးမည်။

****

ကျွန်မ၏ မြို့ထဲအမြန်သွားနည်းက ဆာဟာရဝီသချိုင်းနှစ်ခုကို ဖြတ်သွားသည့်နည်းဖြစ်သည်။ သူတို့၏မြှုပ်နှံပုံက အလောင်းကို အဝတ် ပတ်ကာ သဲတွင်းထဲထည့်ပြီး အပေါ်တွင် ကျောက်တုံးများ လျှောက်ပုံလိုက် ခြင်းဖြစ်သည်။ တစ်နေ့တွင် ထုံးစံအတိုင်း ကျောက်ပုံးများကြားထဲ ကျွန်မ ကွေ့ပတ်သွားနေခဲ့သည်။ ထာဝရအိပ်စက်အနားယူသွားသော သူတို့ ခန္ဓာကိုယ်ကိုနင်းပြီး မနှောင့်ယှက်မိအောင်ဖြစ်သည်။ ထိုအချိန်၌ ဆာဟာရဝီ အဘိုးအိုတစ်ယောက် မြေပုံတစ်ခုဘေးတွင် ထိုင်နေသည်ကို ကျွန်မ တွေ့

လိုက်သည်။ ကျွန်မ စိတ်ဝင်တစား အနီးကပ်သွားကြည့်တော့ သူ ကျောက်ထွင်း နေသည်ကို တွေ့လိုက်သည်။

သူ့ခြေရင်းတွင် ထွင်းပြီးသား အရုပ်တချို့ပုံနေသည်။ လူမျက်နှာပုံ၊ ငှက်၊ ကလေးရပ်နေပုံ၊ အဝတ်ဗလာနှင့် လှဲလျက် ပေါင်နှစ်ဖက်ကားနေသည့် အမျိုးသမီး... သူ့ပေါင်ရင်းတွင် တစ်ဝက်တစ်ပျက်မွေးထွက်စ ရင်သွေးငယ်၏ ပုံ၊ အခြားအခြားမတူသည့် တိရစ္ဆာန်ပုံ... တောင်ဆိတ်၊ ကုလားအုတ်များ လည်းပါသည်။ ကျွန်မ မူးမေ့မတတ် အံ့ဩတုန်လှုပ်မိသည်။ သူ့အနားထိုင် ချပြီး မေးလိုက်သည်။

"ကြီးမြတ်လှတဲ့ အနုပညာရှင်ကြီးရေ... ဒီဟာတွေက ရောင်း သလား"

လူမျက်နှာပုံတစ်ခုကို ကျွန်မကောက်ယူကြည့်လိုက်သည်။ ကိုယ့် မျက်စိတောင် ကိုယ်မယုံမိ။ ဒီလောက်သဘာဝဆန်ဆန် ကြမ်းကြမ်းတမ်းတမ်း ထွင်းထုထားသည့် ဖန်တီးမှုကို ကျွန်မအရယူမည်။ အဘိုးအိုက ကျွန်မအား ရုတ်တရက်ခေါင်းထောင်ကြည့်သည်။ သူ့ပုံစံက အရူးတစ်ယောက်နှင့်တူ၏။ ထွင်းထားသည့်အရုပ် သုံးခုကို ကျွန်မ ယူပြီး သူ့အား ငွေ ၁၀၀၀ ထိုးထည့် ပေးလိုက်သည်။ မြို့ထဲသွားဖို့ ကိစ္စပင် ကျွန်မမေ့သွားပြီး အိမ်ဘက်ပြန်ခဲ့ တော့သည်။

ထိုအချိန်ကျမှ အဘိုးအိုက အသံတအ.အ အော်ရင်း ကျွန်မနောက် ပြေးလိုက်လာ၏။ အရုပ် သုံးခုကို မလွှတ်စတမ်း ကျွန်မ တင်းတင်းပွေ့ထား လိုက်သည်။ ကျွန်မအား သူဆွဲထားသည်။ ကျွန်မလည်း ရှန်းရင်း သူ့ကို ပြန်မေးသည်။

"ပိုက်ဆံမလောက်လို့လား… အခု ကျွန်မ ဒီလောက်ပဲပါလို့… နောက်ရက်ထပ်ပေးမယ်… ထပ်ပေးမယ်…"

အဘိုးအိုက စကားမပြောဘဲ ခါးကုန်းပြီး ငှက်ပုံထွင်းထားသည့် ကျောက်ပြားနှစ်ခုကို ကျွန်မရင်ဘတ်ထဲ ထိုးထည့်ပြီးမှ ကျွန်မကိုလွှတ်ပေးသည်။ ထိုနေ့က ကျွန်မ ထမင်းပင်မစားနိုင်။ ကြမ်းပြင်ပေါ်လှဲပြီး အမည်မသိ ထိုအနုပညာရှင်၏ ပန်းပုကို သက်ဝင်ခံစားနေခဲ့မိသည်။ ကျွန်မရင်ထဲက ခံစားချက်ကို စကားလုံးဖြင့်ဖော်ပြဖို့ရာ ခက်၏။ အိမ်နီးချင်းဆာဟာရဝီများက ကျွန်မ ငွေ ၁၀၀၀ ပေးပြီး ဝယ်ခဲ့သည့် အရာများကိုတွေ့သော် သေလုမတတ် ရယ်မောကြသည်။ ကျွန်မကို ငတုံးဟု သူတို့က ထင်ကြ၏။ အဲဒါက ယဉ်ကျေးမှု အဆင့်အတန်းမတူခြင်းကြောင့် အမြင်မတူခြင်း ဖြစ်သည်ဟု ကျွန်မ တွေးမိသည်။

ဧင်းတို့က ကျွန်မအတွက်တော့ အဖိုးဖြတ်မရသည့် အရာဖြစ်သည်။ နောက်တစ်နေ့တွင် ဟိုဆေးက ကျွန်မကို ငွေ ၂၀၀၀ ပေးပြန်သည်။ သချိုင်းဘက် ကျွန်မထပ်သွားတော့ ထိုအဘိုးအိုကို မတွေ့ရတော့ချေ။ နေပြင်းပြင်းက သချိုင်းမြေပေါ်ထိုးကျနေ၏။ မြေဝါကျောက်ပုံများကလွဲ၍ ဝန်းကျင်တစ်ခုလုံး လူသူကင်းမဲ့နေသည်။ ကျွန်မ၏ ထိုရုပ်တု ငါးခုက တစ္ဆေသရဲလက်ဆောင် ပေးလိုက်သလို… ကျွန်မ အလွန်ကျေးဇူးတင်မိသည်။

****

ခေါင်မိုးက လေးထောင့်အပေါက်ကို မကြာခင်ကပင် ဟိုဆေး ကာလိုက်သည်။ ကျွန်မတို့အိမ်တွင် ဆိတ်သားရေပုံ၊ ဆိတ်သားရေ ရေဘူး၊

ဖားဖိုတစ်ခု၊ တမာကူဆေးတံများ ပိုလာခဲ့သည်။ သဲကန္တာရနေ လူမျိုးများ ရက်လုပ်သော ရောင်စုံအိပ်ရာခင်း၊ ပုံသဏ္ဍာန်ထူးဆန်းသည့် သဲကျောက်ပွင့်များ... ဒီဒေသကလူတို့က ထိုကျောက်ပွင့်ကို ကန္တာရနှင်းဆီဟုခေါ်သည်။ ကျွန်မမှာထားသည့် မဂ္ဂဇင်းများ ရှေ့ဆင့်နောက်ဆင့်ရောက်ရှိခဲ့ကြပြီ။ စပိန်၊ တရုတ်မဂ္ဂဇင်းများအပြင် အမေရိကန်က "National Geographic" မဂ္ဂဇင်းက မပါမဖြစ်ဖြစ်သည်။ တစ်နှစ်ခန့်ကြာသောအခါ ကျွန်မ၏ အိမ်သည် တကယ့်အနုပညာပြတိုက်တစ်ခု ဖြစ်လာခဲ့သည်။

****

တစ်ကိုယ်ရေသမား လုပ်ဖော်ကိုင်ဖက်များက အဝေးကြီးကနေ ကျွန်မတို့အိမ်ကိုလာပြီး တစ်နေကုန်နေတတ်သည်။ မိသားစုမရှိသောသူများ လာလည်လျှင် သူတို့အတွက် လတ်ဆတ်သောအသီးအနှံ၊ ဟင်းသီးဟင်းရွက်များ ကျွန်မဉာဏ်ကုန်သုံးပြီး ချက်ပြုတ်ကျွေးမွေးဖို့ စီစဉ်သည်။ ဝက်နံ့ရိုးချိုချဉ်ကျော်တောင် ပါသေးသည်။

ဒီလိုနှင့် ကျွန်မတို့အပေါ် သစ္စာရှိရိုးသားသော မိတ်ဆွေကောင်းတချို့ကို ဟိုဆေးရခဲ့သည်။ ထိုမိတ်ဆွေများက စားပြီး ပြီးသွားကြသူများ မဟုတ်... မိုင်ထောင်ပေါင်းဝေးသည့်စပိန်ကနေ သူတို့အိမ်ကပေးပို့လာသော ဝက်အူချောင်း၊ ဝက်ပေါင်ခြောက်များကို ဟိုဆေးအလုပ်ပြန်ချိန် ကျွန်မအတွက် ထည့်ပေးလာတတ်ခဲ့သည်။ ကိုယ်ချင်းစာတရားနှင့် ကြင်နာတတ်သူများဖြစ်၏။ သောကြာနေ့ညနေတစ်ခုတွင် ဟိုဆေးက နာမည်ကြီးပြီး တန်ဖိုးရှိသည့် "ကောင်းကင်ငှက် (Strelitzia Reginae)" ဟုခေါ်သည့် ပန်းတစ်ပွေ့ပွေ့ ပြန်လာခဲ့သည်။ ဟိုဆေးဆီကနေ ကျွန်မအသာအယာ လက်ကမ်းပြီး

ယူ၏။ နည်းနည်းကြမ်းတမ်းသွားလျှင် နီစွေးစွေးငှက်က ကောင်းကင်ယံသို့ ပျံသွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

"မာရီလင်က နင့်အတွက်ပေးလိုက်တာ"

ရွှေထက်တန်ဖိုးရှိသော လက်ဆောင်ကို ကျွန်မရလိုက်သည်။ နောက်ပိုင်း သောကြာနေ့ညနေ ရောက်တိုင်း ကောင်းကင်ငှက်တစ်ပွေ့က ကျွန်မတို့အိမ်၏ နံရံထောင့်တွင် ပွင့်ကားစွင့်အာပြီး သူ့ကိုယ်သူ အစွမ်းကုန် ဖူးပွင့်ဝေဆာနေတတ်ခဲ့သည်။ ထိုပန်းတို့က ဟိုဆေးကနေတစ်ဆင့် ကျွန်မ ရခဲ့ခြင်းဖြစ်သည်။ ဟိုဆေး၏စာအုပ်အများစုက မြေရိုင်းလွင်ပြင်အကြောင်း၊ ပင်လယ်နက်အကြောင်း၊ နက္ခတ်တာရာများအကြောင်း ရေးထားသည့်စာအုပ် ဖြစ်သည်။ သူက သူတစ်ပါး၏စိတ်ကို ခန့်မှန်းရတာမကြိုက်။ စာအုပ်များ သူဖတ်သော်လည်း လူတို့၏မျက်နှာရိပ်မျက်နှာကဲ မျက်နှာပုံသဏ္ဍာန်ကို ကြည့်မှုအထိ ခွဲခြမ်းစိတ်ဖြာဖို့ မသင့်ဟု သူအမြဲပြောသည်။

ထို့ကြောင့် ကောင်းကင်ငှက်ကို ချစ်ခင်နှစ်သက်စွာ သူ ရေချိုလဲ ပေးလိုက်၊ Aspirin ဆေးပြားထည့်ပေးလိုက်၊ ပုပ်ရိသွားသောအပိုင်းကို ဖြတ်ညှပ်ထုတ်လိုက်နှင့် မာရီလင်၏စိတ်စေတနာကို သွားရောက်မခန့်မှန်းဘဲ ရှိနေခဲ့သည်။ ကောင်းကင်ငှက်အိမ်ထဲရောက်လာပြီးသည့်နောက် မာရီလင် သည် ကျွန်မတို့အိမ်သို့မလာတော့ပေ။ တစ်နေ့၌ ဟိုဆေးအလုပ်သွားသည်နှင့် ကျွန်မလည်း ကုမ္ပဏီလိုက်သွားပြီး မာရီလင်ဆီ ဖုန်းဆက်လိုက်သည်။ ကျွန်မတို့နှစ်ယောက်သား တွေ့ဆုံဖို့ချိန်းလိုက်သည်။ အိမ်ကို သူလာတော့ သူ့အား ရေခဲရေတစ်ခွက်ပေးပြီး စူးစူးနစ်နစ်ကြည့်နေလိုက်သည်။

"ပြောလိုက်ပါ... ရှင့်ရင်ထဲ ပေါ့သွားတာပေါ့"

"ငါ... ငါ... နင် သဘောမပေါက်ဘူးလားကွာ" သူက ခေါင်းကို လက်ဖြင့်အုပ်ရင်း နာကျင်ပုံပြသည်။

"အရင်က ကျွန်မထင်တော့ထင်ခဲ့တယ်။ အခုမှ သဘောပေါက်တော့တယ်။ ဒီမှာ သူငယ်ချင်း မာရီလင် ရှင်ခေါင်းမော့လိုက်စမ်းပါ"

"ငါ့မှာ ဘာအကြံအစည်မှမရှိပါဘူး။ ငါ ဘာမျှော်လင့်ချက်မှ မထားပါဘူး။ ငါ့ကို နင် အပြစ်မတင်ပါနဲ့"

"ပန်းတွေထပ်မပေးနဲ့တော့... ကျွန်မ မခံစားနိုင်ဘူး"

"ကောင်းပြီ... ငါသွားတော့မယ်... ငါ့ကို ခွင့်လွှတ်ပါ... နင့်ကို ဆောရီးပါ။ ပြီးတော့ ဟိုဆေးကိုရောပဲ... ငါ..."

"မာရီလင်... ရှင် ဘာအပြစ်မှမလုပ်ပါဘူး။ မိန်းမတစ်ယောက်ကို ချီးကျူးအားပေးမှုတွေ ရှင်ပေးလိုက်တာပါ။ ရှင့်ကို ကျွန်မခွင့်လွှတ်ဖို့ ရှင် တောင်းပန်စရာမလိုပါဘူး"

"နင့်ကိုငါ မနှောင့်ယှက်တော့ပါဘူး။ ဝွတ်ဘိုင်..." သူ့အသံက တိုးသွားသည်မှာ အသံတိတ်ငိုသည်နှင့် တူနေသည်။ မာရီလင်တစ်ယောက် တည်းလာသွားသည်ကို ဟိုဆေးမသိပေ။ တစ်ပတ်အကြာတွင် သူ့အလုပ်က ပြန်လာတော့ စက္ကူအိတ်ကြီးတစ်အိတ်ဖြင့် စာအုပ်များသယ်လာခဲ့သည်။

"မာရီလင်ထူးဆန်းလိုက်တာ... ရုတ်တရက် အလုပ်ထွက်သွားတယ်။ ကုမ္ပဏီက လကုန်မှထွက်လို့ပြောတာတောင် မရဘူး။ ဒီစာအုပ်တွေက ငါတို့အတွက် သူပေးလိုက်တာ" စာအုပ်တစ်အုပ်ကို ကျွန်မကောက်ယူကြည့်လိုက်သည်။ "အာရှကောင်းကင်ယံအောက်မှာ" ဆိုသည့် စာအုပ်ဖြစ်နေသည်။ ကျွန်မရင်ထဲ အေးခနဲတစ်ချက်ဖြစ်သွားသည်။ နောက်ပိုင်း အိမ်ထောင်

မရှိသည့် မိတ်ဆွေများလာတိုင်း ကျွန်မ၏ အပြုအမူ၊ အပြောအဆိုကို ကျွန်မ အထူးသတိထားခဲ့သည်။ သူတို့ကြားတွင် ဝင်ရောက်ပြီး စကားစမြည်များ ပြောဆိုခြင်းထက် မီးဖိုချောင်ထဲတွင်သာ ကျွန်မ အိမ်ရှင်မ လုပ်နေလိုက်တော့သည်။

****

အိမ်က သပ်ရပ်သန့်ရှင်းလှပပြီး နေချင့်စဖွယ်ဖြစ်အောင် ခင်းကျင်းဖန်တီးထားပြီးပြီ။ ကျွန်မဖွင့်ထားသည့် အခမဲ့အမျိုးသမီးစာသင်ကျောင်းလည်း ရက်ရှည်ပိတ်လိုက်ပြီ။ အိမ်နီးချင်းအမျိုးသမီးများကို တစ်နှစ်တာမျှ ကျွန်မစာသင်ပေးခဲ့သည်။ သို့သော် သူတို့က ကိန်းကဏန်းရေတွက်သည်ကို မလေးမထားသေး၊ သန့်ရှင်းရေးကို ဦးစားမပေးသေး၊ ငွေကြေးများ မှတ်သားသည်ကိုလည်း အရေးမစိုက်ခဲ့ပေ။ ကျွန်မဆီ သူတို့စာလာသင်တိုင်း အိမ်ထဲပြေးဝင်ပြီး ကျွန်မအဝတ်အစားကို ငှားဝတ်တာ၊ ဖိနပ်၊ နှုတ်ခမ်းနီတောင်းတာ၊ မျက်ခုံး၊ လက်သည်းဆိုးသည်တို့ကိုသာ လုပ်ခဲ့သည်။ ဒါမှမဟုတ် တစ်ဖွဲ့လုံး ကျွန်မအိပ်ရာပေါ် လဲလျောင်းကြသည်။ ကျွန်မ ခုတင်ဝယ်လိုက်ပြီဖြစ်သောကြောင့် ကြမ်းပြင်က ဖျာပေါ်တွင်သာ အိပ်ခဲ့ရသောသူတို့အဖို့ လတ်ဆတ်ထူးဆန်းနေခဲ့၍ဖြစ်သည်။

သူတို့ရောက်လာလျှင် သပ်ရပ်သောအိမ်က ရှုပ်ပွသွားတော့သည်။ သူတို့သည် စာမဖတ်တတ်သော်လည်း Jacqueline Kennedy, Aristotle Onassis ကိုတော့ ကျွန်မထက် သိသည်။ ဘရုစလီကိုလည်းသိ၏။ စပိန်မင်းသား၊ မင်းသမီးများကို သူတို့က ပိုသိသည်။ မဂ္ဂဇင်းထဲတွင် ပါသော

သူတို့ကြိုက်သည့်ပုံကိုတွေ့လျှင် ဖြဲယူသွားတတ်သည်။ အင်္ကျီကိုလည်း သူတို့၏ ဝတ်ရုံရှည်အောက်ဝတ်ဆင်ပြီး တိတ်တဆိတ်ယူသွားတတ်သည်။ ရက်အနည်းငယ်ကြာတွင် ပြန်လာထားသည့်အခါ အင်္ကျီက ညစ်ပတ်ပြီး ကြယ်သီးများလည်း အညှပ်ခံထားရသည်။

ထိုအိမ်ထဲ သူတို့ရောက်လာခဲ့လျှင် မည်သည့်ဇာင်လမ်းမျှ ထွင်နေစရာမလိုဘဲ သင်ထူးဆန်းအံ့ဩသွားအောင် သူတို့ဘာသာသူတို့ ဖျက်ဆီးရိုက်ကူး သရုပ်ဆောင်သွားပါလိမ့်မည်။ ဟိုဆေးက တီဗွီဝယ်ပြီးသည့်နောက် အိမ်တံခါးကို သူတို့၏အားဖြင့် မည်သို့ပင်ခေါက်ခေါက် ကျွန်မ လုံးဝဖွင့်မပေးတော့။ တီဗွီက မီးလာချိန် အပြင်လောကနှင့် ကျွန်မတို့ ဆက်သွယ်နိုင်သည့် တစ်ခုတည်းသောအရာဖြစ်သော်လည်း ကျွန်မက သိပ်မကြိုက်ခဲ့။ မရေတွက်နိုင်သည့် အိပ်ရာခင်းပေါင်းများစွာကို ကျွန်မလက်ဖြင့် လျှော်ခဲ့ပြီးသည့်နောက် အဝတ်လျှော်စက်သေးလေးတစ်လုံးကို ဟိုဆေး ထမ်းပြန်လာခဲ့သည်။ ဤမျှနှင့် ကျွန်မက မတင်းတိမ်နိုင်သေး။ ရောင်စုံကြော်ငြာထဲက မြင်းဖြူလေးတစ်ကောင်ကို ကျွန်မလိုချင်နေသေးသည်။

****

ထိုစဉ်က မြို့ထဲတွင်နေသော ဥရောပအမျိုးသမီးတချို့နှင့် ကျွန်မ ရင်းနှီးခဲ့သည်။ အိမ်တကာလည်သည့်အကျင့် ကျွန်မ၌ မရှိသော်လည်း ဟိုဆေး၏ အထက်အရာရှိကတော်တစ်ဦးက ဖော်ရွေသည့် လူလတ်ပိုင်း အမျိုးသမီးတစ်ဦးဖြစ်သည်။ ကျွန်မကို အင်္ကျီချုပ်သင်ပေးမည်ဟု သူ့ဘက်က စ၍ပြောသည်။ သူ့စေတနာကို စော်ကားမိမည်လည်း စိုးရိမ်သောကြောင့်

သူတို့၏အထက်တန်းဝန်ထမ်းနေသည့်နေအိမ်သို့ တစ်ခါတလေ ကျွန်မ ရောက်သွားတတ်သည်။

တစ်နေ့တွင် လက်မောင်းဆက်ရခက်သော ဘိုဝတ်စုံတစ်စုံကို သူ့အား ကျွန်မသွားပြသည်။ တိုက်တိုက်ဆိုင်ဆိုင် သူ့အိမ်တွင် အမျိုးသမီး တစ်စု ထိုင်နေကြ၏။ စစချင်းမှာ သူတို့က ကျွန်မအပေါ် လိုက်လိုက်လျော လျောရှိသည်။ ကျွန်မက သူတို့ထက် အတန်းပညာမြင့်သောကြောင့်ဖြစ်သည်။ (တကယ့်လူတွေပါ... အတန်းပညာက လူတစ်ယောက်ကို ဘယ်လိုတိုင်းတာ နိုင်မလဲ... အတန်းပညာက ဘာအသုံးဝင်လဲ။) နောက်ပိုင်းတွင် မည်သည့် ငတုံးတစ်ယောက်လည်းမသိ၊ ကျွန်မကို ထ၍မေးသည်။

"နင် ဘယ်အဆောင်မှာနေတာလဲ... နောက်တစ်ခေါက် နင့်ဆီ ငါတို့ လာလည်မယ်လေ"

"ဟိုဆေးက သာမန်ဝန်ထမ်းပါ။ အရာရှိမဟုတ်တော့ ကျွန်မတို့ အဆောင်မယူပါဘူး"

ကျွန်မ ရိုးသားပွင့်လင်းစွာ ဖြေလိုက်သည်။

"နင့်ကို ငါတို့သွားရှာလို့ရတာပဲ။ ငါတို့ကို နင် အင်္ဂလိပ်စာ သင် ပေးလေ။ နင်နေတဲ့လမ်းက ဘာလမ်းလဲ"

"ကျွန်မ မြို့ပြင်က သချိုင်းမြေမှာနေပါတယ်" ကျွန်မအဖြေကြောင့် အခန်းထဲတွင် အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်သွားခဲ့သည်။ စိတ်ကောင်းရှိသည့် အရာရှိကတော်က ကျွန်မဘက်မှ အမြန်ဖာထေးပြီးဝင်၍ ပြောသည်။

"သူ့ရဲ့အိမ်က ပြင်ထားဆင်ထားလိုက်တာ အရမ်းမိုက်တယ်...

ဆာဟာရဝီတို့ငှားပေးလိုက်တဲ့အိမ်ကို ပိုစတာထဲက လှပတဲ့ အိမ်တစ်လုံး ဖြစ်အောင် လုပ်နိုင်လိမ့်မယ်လို့ ကျွန်မတစ်ခါမှ မတွေးခဲ့မိဘူး"

"အဲဒီနေရာကို ကျွန်မတစ်ခါမှ မရောက်ဖူးဘူး။ ဟား...ဟား... ရောဂါကူးမှာစိုးလို့" အခြားအမျိုးသမီးက ပြောသည်။ ကျွန်မက သိမ်ငယ်တတ်သူတစ်ယောက်မဟုတ်ပေမည့် သူတို့၏စကားက ကျွန်မကိုစူးနင့်စေခဲ့သည်။

"သဲကန္တာရကိုရောက်လာမှတော့ ဒီလိုခက်ခဲကြမ်းတမ်းတဲ့ဘဝမျိုး မဖြတ်သန်းဖူးရင် လူတိုင်းအတွက် အတွေ့အကြုံအနည်းအများတော့ ဆုံးရှုံးကြရမှာပဲလို့ ကျွန်မထင်တယ်" ကျွန်မက ဖြည်းဖြည်းချင်းပြောသည်။

"ဘာ သဲကန္တာရလဲ... နေပါ... ငါတို့က ဒီလိုအိမ်မျိုးမှာနေရတော့ သဲကန္တာရမှာနေတယ်လို့တောင် မထင်ရဘူး။ နင်ကလေ... သိပ်နမြောဖို့ကောင်းတယ်။ မြို့ထဲမှာလာနေပါလား။ ဘာလို့ ဆာဟာရဝီတွေနဲ့ သွားရောနေရတာလဲ... အီး..." နှုတ်ဆက်ပြီး ထွက်ခွာလာချိန် အရာရှိကတော်က အပြေးလိုက်လာပြီး... "နင် လာခဲ့ဦးနော်... ဆက်ဆက်လာခဲ့ဦးနော်" ဟု ဆိုသည်။ ကျွန်မ ပြုံးပြုံးလေးခေါင်းညိတ်ပြပြီး ကိုယ့်ငြိမ်းချမ်းရာ အိမ်ဖြူတော်ဆီ အပြေးနင်ခဲ့တော့သည်။ မြို့ထဲသို့ မည်သည့်အခါမျှ ပြောင်းမနေဟုလည်း စိတ်ဆုံးဖြတ်ချက် ချလိုက်သည်။

****

စပိန်ပိုက်နက်ဆာဟာရကို မော်ရိုကိုနှင့် Mauritania ခွဲဝေမည်ဟု ပြုလုပ်ချိန်တွင် ထိုဒေသက လူများ၏ အသိအာရုံထဲရောက်သွားခဲ့သည်။ အနယ်နယ်က သတင်းထောက်များသည် ကင်မရာအပြင်အဆင်များနှင့် တဖွဲဖွဲရောက်လာခဲ့ကြသည်။ သူတို့က နိုင်ငံတော်ဟိုတယ်တွင် တည်းခိုကြ

သည်။ ထိုနေရာက ကျွန်မအမြဲသွားသည့်နေရာတော့မဟုတ်။ ထိုအချိန်တုန်းက ကျွန်မတို့ကားတစ်စီး (ကျွန်မ၏မြင်းဖြူ) ဝယ်ထားပြီးဖြစ်သည်။ ထို့ကြောင့် ရုံးပိတ်ရက်များတွင် မြို့ထဲရောက်ဖို့ရာ လမ်းမရှိတော့။

တစ်နေ့တွင် တိုက်တိုက်ဆိုင်ဆိုင် မြို့ထဲ ကျွန်မတို့ကားမောင်းလာချိန် မြို့ပြင်ကီလိုမီတာ ၂၅ အကွာနေရာ၌ လူတစ်ယောက်က ကားတားသည်ကို မြင်လိုက်၏။ ကားရပ်ပြီး ဘာများဖြစ်သလဲဟု ကျွန်မတို့ အမြန်ဆင်းကြည့်လိုက်သည်။ ထိုလက်ပြ၍တားသူ၏ကားမှာ သဲထဲကျွံဝင်နေပြီး အကူအညီလိုအပ်နေသည်ကို မြင်လိုက်၏။ ဒါမျိုးက ကျွန်မတို့တွင် အတွေ့အကြုံရှိသည်။ ကော်ဇောအဟောင်းတစ်ချပ်ကို ကျွန်မတို့အမြန်ထုတ်လိုက်၏။ ထိုနိုင်ငံခြားသား၏ သဲထဲကျွံဝင်နေသော ကားဘီးကို လက်ဖြင့် ကျွန်မတို့အရင်ဖော်လိုက်သည်။ ပြီးမှ ရှေ့ဘီးတွင် ကော်ဇောခံပြီး သူ့အားမောင်းခိုင်းသည်။ ကျွန်မတို့က နောက်ကနေတွန်းသည်။

မည်မျှပင် ပျော့သည့်သဲပြင်ဖြစ်ပါစေ... ကော်ဇောခင်းလိုက်လျှင် ဘီးက ထပ်၍မကျွံနိုင်တော့။ တစ်နာရီကြာသည့်နောက် သူ့ကားကို မြေမာပေါ်သို့ မောင်းတက်နိုင်ခဲ့သည်။ ထိုနိုင်ငံခြားသားက သတင်းအချက်အလက်စုဆောင်းရေးဌာနက သတင်းထောက်ဖြစ်သည်။ သူက ကျွန်မတို့ကို နိုင်ငံတော်ဟိုတယ်တွင် ညစာ့ခံကျွေးမွေးလို၏။ ထိုအချိန်က ကျွန်မတို့မှာ ပင်ပန်းနေပြီဖြစ်တာကြောင့် သူ့ဖိတ်ခေါ်မှုကို ငြင်းဆန်ပြီး အိမ်ပြန်လာခဲ့ကြသည်။ နောက်တစ်နေ့၌ ထိုကိစ္စကို ကျွန်မတို့မေ့သွားတော့၏။ အချိန် လဝက်လောက်ကျော်လွန်သွားခဲ့ပြီ။ ၎င်းနေ့က ကျွန်မတစ်ယောက်တည်း အိမ်၌ရှိနေခိုက် ပြတင်းပေါက်အပြင်ဘက်မှ အသံတစ်သံကို ကြားလိုက်မိသည်။

"မမှားနိုင်ပါဘူး... ဒီအိမ်ပါပဲ။ ငါတို့ စမ်းကြည့်ရအောင်" ကျွန်မ အိမ်တံခါးဖွင့်လိုက်တော့ မျက်ရှိရှေ့တွင်ရပ်နေသူမှာ တစ်ယောက ကျွန်မတို့ ကားကူတွန်းလိုက်သောသူဖြစ်နေလေသည်။ သူ့လက်ထဲတွင် ပလတ်စတစ် ပတ်ထားသော "ကောင်းကင်ငှက်" တစ်ပွေ့ကို ပိုက်ထားသည်။ အခြား တစ်ယောက်က သူ၏ လုပ်ဖော်ကိုင်ဖက်ဟု ၎င်းက မိတ်ဆက်ပေးသည်။ "ကျွန်တော်တို့ ဝင်လာလို့ရမလား" သူတို့က ယဉ်ယဉ်ကျေးကျေးမေးသည်။

"ဟုတ်ကဲ့... ဝင်လာပါ... ကြွပါ..." သူပေးသောပန်းကို မီးဖိုထဲ ကျွန်မအရင်သွားထားလိုက်ပြီး ဘီလပ်ရည်တချို့ထည့်လိုက်သည်။ လင်ဗန်း ကိုကိုင်ပြီး ကျွန်မဖြည်းဖြည်းချင်းထွက်လာသည်။ ထိုအချိန်၌ သူ့လုပ်ဖော် ကိုင်ဖက်က အင်္ဂလိပ်လို သူ့အားပြောနေသည့်အသံကို ကျွန်မကြားလိုက် သည်။ "ဘုရားရေ... ငါတို့ ဆာဟာရရောက်နေတာရော ဟုတ်ရဲ့လား... မယုံနိုင်စရာပဲ..."

အခန်းထဲ ကျွန်မဝင်လာချိန်၌ ဆိုဖာပေါ်ကနေ သူတို့အမြန်ထပြီး လင်ဗန်းကို လှမ်းယူသည်။

"အလုပ်ရှုပ်မခံပါနဲ့... ထိုင်ပါ..." သူတို့ ဟိုဟိုဒီဒီလှည့်ကြည့်ပြန် သည်။ သချိုင်းကနေ ကျွန်မဝယ်ပြီး ပြန်ခဲ့သည့် ကျောက်ထွင်းရုပ်တုကို မအောင့်နိုင်ဘဲ သူတို့ကိုင်ကြည့်ကြသည်။ ကျွန်မကိုပင် မကြည့်တော့ဘဲ အချင်းချင်းချီးမွမ်းစကားဆိုနေကြ၏။ တစ်ယောက်က နံရံထောင့်၌ ကျွန်မ တွဲလဲချိတ်ထားသည့် စက်ဘီးဘရိတ်ကြိုးကွင်းလေးအား သာသာလေး လှုပ်ကြည့်နေသည်။ ထိုကြိုးကွင်းလေးက လေးကိုင်းသဏ္ဍာန် လွှဲယမ်းသွား သည်။ "သဲကန္တာရနေဘဝမှာ ကျွန်မအနုပညာ နည်းနည်းမြောက်ကြည့်တာပါ"

ကြိုးကွင်းကို ကျွန်မကိုင်ပြီး သူ့အား ရယ်ကျဲကျဲပြောမိသည်။ "ဘုရားရေ... ဒါဟာ ကျွန်တော်တွေ့ခဲ့ဖူးတဲ့ သဲကန္တာရက အလှဆုံးအိမ်ပဲ"

"ပစ္စည်းဟောင်းတွေကို ကျွန်မ ပြန်အသုံးပြုထားတာ" ကျွန်မ ဂုဏ်ယူစွာပြောမိသည်။ ဆိုဖာပေါ် သူထိုင်ချလိုက်သည်။ "သတိထားနော်... ရှင်တို့ထိုင်နေတာက အခေါင်းပျဉ်တွေ" သူတို့ လန့်ပြီး ထရပ်လိုက်သည်။ အဝတ်စကို ဖယ်ပြီးကြည့်သည်။ "အထဲမှာ မာမီမရှိပါဘူး... မကြောက်ပါနဲ့" အကြာကြီး ပွတ်သပ်ကြည့်ပြီးနောက် နောက်ဆုံးတွင် ကျောက်ထွင်းရုပ်တု တစ်ခုကို ကျွန်မဆီကနေ သူတို့ဝယ်ချင်နေခဲ့သည်။ ကျွန်မပြင်းသက်တစ်ချက်ရှိုက်ပြီး သူတို့အား ငှက်ရုပ်တုတစ်ခုပေးလိုက်၏။ ထိုငှက်ကိုယ်တွင် သဘာဝကျောက်ရောင် အနီဖျော့ဖျော့ဖြစ်သည်။ "ဘယ်လောက်ပေးရမလဲ..."

"မလိုပါဘူး... ဒီအနုပညာအကြောင်းနားလည်သူအတွက်က ဒါဟာ တန်ဖိုးဖြတ်မရတဲ့အရာပါ။ နားမလည်သူတွေအတွက်ကတော့ တစ်ပြားမှမတန်ပါဘူး"

"ကျွန်တော်တို့... ငွေချေပေးမှာပါ"

"ကျွန်မကို ရှင်တို့ ပန်းစည်းလက်ဆောင်ပေးလိုက်ပြီလေ... ဒါ ကျွန်မတို့ရဲ့အလဲအလှယ်ပေါ့"

ကျေးဇူးတင်စကားပြောပြီး သူတို့ထွက်ခွာသွားတော့သည်။

****

ရက်သတ္တပတ်အနည်းငယ်အကြာတွင် မြို့ထဲ ကျွန်မရုပ်ရှင်သွား ကြည့်တော့ နိုင်ငံခြားသားတစ်ဦးက ကျွန်မဘက်လျှောက်လာပြီး ရုတ်တရက်

လက်ကမ်းပေးသည်။ ကျွန်မလည်း ကြောင်တောင်တောင်နှင့် သူ့အားလက်ဆွဲနှုတ်ဆက်လိုက်မိသည်။ “သတင်းစုဆောင်းရေးက သတင်းထောက်က ပြောတယ်။ ခင်ဗျားတို့အိမ်က သဲကန္တာရမှာ အလှဆုံးအိမ်တဲ့... ကျွန်တော် လူမမှားပါဘူးနော်”

“မမှားပါဘူး... ဒီနေရာမှာ ကျွန်မက တစ်ဦးတည်းသော တရုတ်လူမျိုးလေ”

“တကယ်လို့... ဖြစ်နိုင်ရင် ခင်ဗျားတို့အိမ်ကို ကျွန်တော် လိုက်ကြည့်ချင်တယ်။ ကျွန်တော်လိုက်လေ့လာလို့ ရနိုင်မလား...”

“ခင်ဗျား ဘယ်သူလဲဆိုတာ သိခွင့်ရှိလား” ဟုဆေးက မေးသည်။

“ကျွန်တော်က ဟော်လန်ကပါ... စပိန်အစိုးရရဲ့ခန့်အပ်ချက်နဲ့ ဒီဒေသက ဆာဟာရဝီလူမျိုးတွေအတွက် နေအိမ်ဆောက်ပေးဖို့ စီမံထားပါတယ်။ လိုက်ကြည့်ခွင့် ရှိမရှိ...”

“ရပါတယ်... ဘယ်အချိန်လာလာ ကျွန်တော်တို့ကြိုဆိုပါတယ်”

“ဓာတ်ပုံရိုက်ခွင့်ရှိလား...”

“ရပါတယ်... ဒီအတွက် မပူပါနဲ့...”

“ခင်ဗျားမိန်းမကိုရော ကျွန်တော်ဓာတ်ပုံရိုက်လို့ရလား...”

“ကျွန်မတို့က သာမန်အရပ်သားတွေပါ။ ကိစ္စမရှိပါဘူး...”

နောက်နေ့တွင် အိမ်သို့ ထိုသူလာရောက်ပြီး ဓာတ်ပုံအများအပြားရိုက်သွားခဲ့သည်။ “ဒီအိမ်ကိုငှားတုန်းက ဘယ်လိုအပြင်အဆင် ရှိခဲ့သလဲ” ဟုလည်း မေးသည်။ ကျွန်မတို့စပြောင်းလာပြီး တစ်လအကြာတွင် ရိုက်ထားသော ဓာတ်ပုံများကို သူ့အား ထုတ်ပြလိုက်သည်။ သူ မပြန်ခင်

စကားတစ်ခွန်းပြောခဲ့သည်။ "ခင်ဗျားအမျိုးသားကို ပြောလိုက်ပါ။ လှပတဲ့ ရောမကို ခင်ဗျားတို့ ဖန်တီး လိုက်တယ်လို့"

"ရောမက တစ်ရက်တည်းနဲ့တည်ဆောက်ထားတာတော့ မဟုတ်ပါဘူး" သူ့စကားကို ကျွန်မပြန်ပြောလိုက်သည်။

****

လူဆိုသည်ကလည်း ထူးဆန်းသည်။ တစ်ယောက်ယောက်က ကိုယ့်ကို အတည်မပြုလျှင် ကိုယ့်တန်ဖိုးကို ကိုယ်မမြင်ဖြစ်တတ်သည်။ တစ်လောက သဲကန္တာရကအိမ်ဖြူတော်ထဲ ကျွန်မနစ်မွန်းပျော်ဝင်နေခဲ့သည်။ တစ်နေ့၌ အိမ်ရှင်ရောက်လာခဲ့သည်။ သူက အိမ်ထဲဝင်ထိုင်ခဲ့သူဖြစ်သည်။ ထိုနေ့က အိမ်ထဲ သူဝင်လာပြီး ထိုင်သည်။ ထို့နောက် ထရပ်ပြီး နေရာအနှံ့ လိုက်ကြည့်ပြန်သည်။ "အစောကြီးကတည်းက နင့်ကို ငါပြောတယ်။ နင်တို့ငှားလိုက်တာက ဆာဟာရမှာ အကောင်းဆုံးအိမ်လို့... အခု နင်တို့နားလည်ပြီမဟုတ်လား"

"ဒါနဲ့... ဘာကိစ္စရှိလို့လဲ" သူ့အား ကျွန်မတိုက်ရိုက်မေးလိုက်၏။

"ဒီလို အဆင့်အတန်းရှိတဲ့အိမ်ကို အရင်က အိမ်ငှားခနဲ့ ငှားလို့ မရနိုင်တော့ဘူး။ ငါ အိမ်လခတိုးချင်တယ်"

"ရှင်... ငတုံးပဲ" ဟု သူ့အား ကျွန်မပြောချင်သည်။ သို့သော် ကျွန်မနှုတ်က စကားတစ်ခွန်းမျှ ထွက်မလာခဲ့။ အိမ်ရှင်၊ အိမ်ငှားစာချုပ်ကို ကျွန်မထုတ်ပြီး သူ့ရှေ့သို့ ပစ်ချပေးလိုက်သည်။ "ရှင်က အိမ်လခတိုးချင်တယ်ဟုတ်လား... မနက်ဖြန် ရှင့်ကို ကျွန်မ သွားတိုင်မယ်"

"နင်... နင်... နင်တို့စပိန်လူမျိုးတွေ ငါတို့ဆာဟာရဝီကို အနိုင်ကျင့်တယ်" သူက ကျွန်မထက်ပင် ဒေါသထွက်နေသည်။ "ရှင်က အစ္စလာမ်ဝင်ကောင်းတစ်ယောက်မဟုတ်ဘူး... နေ့တိုင်း ဝတ်ပြုဆုတောင်း နေလည်း အလ္လာက ရှင့်ကို မစောင့်ရှောက်နိုင်ဘူး... ရှင် အခုချက်ချင်း ထွက်သွားပါ"

"အိမ်လခလေးတိုးတာနဲ့... နင်က ဘာလို့ ငါ့ဘာသာကို စော်ကားရသလဲ" သူ အော်ပြောလေ၏။

"ရှင်ကိုယ်တိုင် ရှင့်ဘာသာကိုစော်ကားနေတာ... ရှင်ထွက်သွား..."

"မင်း... မင်း... သောက်ကောင်မ..."

အိမ်ဖြူတော်တံခါးကို ကျွန်မ ပိတ်ချလိုက်ပြီး ခံတပ်တံတားကို သိမ်းလိုက်၏။ သူဆဲရေးတိုင်းထွာသည်ကို နားမထောင်ချင်။ ကက်ဆက်ခွေ တစ်ချပ်ကို ကျွန်မထည့်လိုက်တော့ Antonín Dvořák ၏ "လောကသစ်" တေးသံက နေအိမ်တစ်ခုလုံး လွင့်ပျံ့သွားသည်။ ကားတာယာဖြင့် ပြုလုပ်ထားသော ပလ္လင်ထက်ပေါ်ကျွန်မ ညင်ညင် သာသာထိုင်ချလိုက်၏။ ဘုရင်မ တစ်ပါးလိုပေါ့။

**ချစ်ခင်လေးစားစွာဖြင့်**
**နိုင်းနိုင်းစနေ**



ဆာဟာရတွင် နေထိုင်စဉ်က ဆမ်မောက်





ဆမ်မောက်၏ပုံ – (အပေါ်ပုံ) / ဆမ်မောက်ချစ်ရသော ဟိုဆေး (အောက်ပုံ)



ဟိုဆေးနှင့် မင်္ဂလာလက်မှတ်ရေးထိုးစဉ်



ဆမ်မောက်ချစ်ရသော ဟိုဆေး





ဆာဟာရ၌ ဆမ်မောက်နေခဲ့သောအိမ် (အပေါ်ပုံ) /
စာအသွားအပြန်အမြဲရှိခဲ့သည့် Laayoune မြို့ရှိ ဆမ်မောက်အသုံးပြုခဲ့သော
စာတိုက်ပုံး (အောက်ပုံ)






Laayoune မြို့မြင်ကွင်း (အပေါ်ပုံ) / တစ်ခေတ်တစ်ခါက
အင်မတန်ဈေးကြီးသည့် နိုင်ငံတော်ဟိုတယ် (အောက်ပုံ)

## နိုင်းနိုင်းစနေ ရေးသားထုတ်ဝေပြီးသော စာအုပ်များ

၁။ အမေ့လက်ရေးစာစုများ
၂။ ပျော်ရွှင်ခြင်းရဲ့လျှို့ဝှက်အမှတ် အောင်မြင်သူရဲ့လမ်း
၃။ လင်းလက်တဲ့ချစ်မီးအိမ်
၄။ ဟိုတုန်းက အမှတ်တရနှင့် အခြားဝတ္ထုတိုများ
၅။ စမ်းချောင်းလေးရဲ့ခရီးစဉ် (စိတ်ခွန်အားဖြည့်စာစုများ)
၆။ ဥယျာဉ်ထဲက ပန်းတစ်ပွင့် (ဝတ္ထုတိုများ)
၇။ မေတ္တာတို့ပေါင်းစုရာ
၈။ ရတနာများနှင့် ဆက်သွယ်ခြင်း
၉။ သတ္တိရှိတဲ့ ပထမခြေလှမ်း
၁၀။ ကျွန်မဖတ်ဖို့
၁၁။ နှလုံးသားဝန်ဆောင်မှု
၁၂။ ၉၀ – ၁၀ နိယာမ
၁၃။ ကျွန်မဖတ်ဖို့ (၂)
၁၄။ လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး
၁၅။ ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ
၁၆။ နေရာ
၁၇။ ကျွန်မဖတ်ဖို့ (၃)
၁၈။ ထင်ရှားသူတို့ဘဝပုံပြင်

၁၉။ မျှော်လင့်သွားတဲ့ရိုးသားဖြောင့်မတ်ခြင်းနှင့်အရှုံးကိုဝန်ခံတဲ့အရည်အချင်း
၂၀။ ကိုယ်ဟန်အမူအရာပြောင်းလဲခြင်းမှသည် အောင်မြင်ခြင်းဆီသို့
၂၁။ ရှင်ဘုရင်တစ်ပါးရဲ့ချစ်ပုံပြင်
၂၂။ ကျွန်မဖတ်ဖို့ (၄)
၂၃။ အကျီဆယ်ထည်သာ လိုသည်နှင့် မေမေနဲ့ သမီးရဲ့ကစားပွဲ
၂၄။ နှင်းဆီမြစ်နှင့် အခြားဝတ္ထုတိုများ
၂၅။ ကံကောင်းခြင်းတံခါးလာခေါက်တဲ့အခါ
၂၆။ ကျွန်မဖတ်ဖို့ (၅)
၂၇။ နေကြာပန်းလေးတစ်ပွင့်လိုပြုံးပါ
၂၈။ အမှတ်တရရက်စွဲလေးများ
၂၉။ ဒေါက်တာလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန်မှုခင်းများ
၃၀။ မူရာကာမိ ရေဒီယို
၃၁။ ကျွန်မဖတ်ဖို့ (၆)
၃၂။ ဆာဟာရရဲ့ပုံပြင်